www.burmeseclassic.com

ပင်လယ်ကြယ်စာပေ



BURMESE CLASSIC .com

# ဝေမှုံးသွင်

## အပြာရောင်မှတ်ဉာဏ် အပိုင်းအစများ

(လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

**ရန်ကုန်ဖြန့်ချိရေး**

ငွေခင်ဦး စာပေတိုက်

အမှတ် (၁၄၆)၊ နှင်းဆီလမ်း (၃) ရပ်ကွက်၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။
ဖုန်း- ၉၁၀၀၄၀၅ ၂၂၄၄၂၉

**နယ်ဖြန့်ချိရေး**

မန္တလေး "ထွန်းဦး" စာပေ

ပြည် "သုခ" စာပေ

တောင်ကြီး "မီလျှံနှာ" စာပေ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၂၀၃/၂၀၀၁ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၈၄၄/၂၀၀၂ (၁၀)

●

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ

●

အတွင်းဖလင်
ကိုစော (မေယဝတီ)

●

စာအုပ်ချုပ်
"ပုံရိပ်" ၂၁၀၊ လမ်း (၃၀) အထက်

●

မျက်နှာဖုံးပုံနှိပ်သူ
ကိုကျော်မိုးစိန် (အောင်သာအော့ဖ်ဆက်) (၀၃၁၃၇)
အမှတ် (၁၇၂)၊ (၃၁) လမ်း၊ ရန်ကုန်မြို့။

●

အတွင်းပုံနှိပ်သူ
ဒေါ်ခင်မြတင် (ဝင်းမြန်မာ အော့ဖ်ဆက်) (၀၅၃၀၅)
အမှတ် (၁၀၆)၊ တာမွေလမ်း၊ ရန်ကုန်မြို့။

●

ထုတ်ဝေသူ
ဦးကျော်ဆန်း (ရဲအောင် စာပေတိုက်) (၀၉၃၂)
အမှတ် (၂)၊ ချွန်း (၁) လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့

●

မျက်နှာဖုံးပန်းချီ - မောင်နိုး
ကွန်ပျူတာစ -
တန်ဖိုး -
အုပ်ရေ -၅၀၀

## ဝေမှုးသျှင်၏ ထုတ်ဝေပြီးစာအုပ်များ

**ထွက်ပြီးသောစာအုပ်များ**

၁။ လဆွဲအားနဲ့မိန်းမ (ဝတ္ထုလတ်စုစည်းမှု)
၂။ အဆင့်မြင့်ချည်တိုင် (လုံးချင်းဝတ္ထုရှည်)
၃။ အနေးသွားလွန်းပျံယာဉ် (လုံးချင်းဝတ္ထုရှည်)
၄။ စိတ်ကောက်နတ်သမီး (လုံးချင်းဝတ္ထုရှည်)
၅။ လေလုံဓေကာ (ကဗျာရှည်သုံးပုဒ်စုစည်းမှု)

**ယခု**

အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ (လုံးချင်းဝတ္ထုရှည်)

**ဆက်လက်၍**

၁။ ကျူးပစ်ကိုယ်တိုင်မသိခဲ့တဲ့မြားအကြောင်း (လုံးချင်းဝတ္ထုရှည်)
၂။ ဗလာကောင်ရေးတဲ့ဗလာအကြောင်းများ (ဝတ္ထုတိုများ)
၃။ ဝတ်မှုန်ကူးတဲ့ကြယ် (လုံးချင်းဝတ္ထုရှည်)
၄။ သစ်ရွက်တို့၏ ပေါ့ဆခြင်းများ (ကဗျာရှည်)
၅။ နေရောင်ခြည်၏အရိုးစု (ကဗျာစုစည်းမှု)
၆။ စတ္တုပန်းတွေရဲ့သီချင်း (လုံးချင်းဝတ္ထုရှည်)

www.burmeseclassic.com

www.burmeseclassic.com

# ဝေမှူးသွင်

အ ပြာ ရောင် မှတ် ဉာဏ် အ ပိုင်း အ စ များ

(လုံးချင်းဝတ္ထုရှည်)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော့်ဒိုင်ယာရီ၏ ပထမဆုံးစာမျက်နှာ

လူတစ်ယောက်ရဲ့ ခံစားမှုဟာ ဘာမှပြောစရာမကျန်တော့အောင် လုပ်ခတ်ပြီးချိန်မှာ ကျွန်တော်ဒီဝတ္ထုကို စရေးဖြစ်ခဲ့ပါတယ်။ ဘာမှ မထူးခြားပါဘူး။ ဒါပေမယ့် အံ့သြစရာကောင်းတာက ကျွန်တော်ဟာ သေသေချာချာ ချိန်ရွယ်ပြီး လွဲမှားခဲ့တာပါပဲ။

အဲဒီလွဲမှားမှုကိုလည်း ကျွန်တော့်ကိုယ် ကျွန်တော် စိတ်ဘိုင်းကျ ကျေနပ်ခဲ့ပါတယ်။ ကမ္ဘာမြေပေါ်က ပန်းပွင့်၊ တယောသံ၊ လက်ဖက်ရည်ခွက်၊ ပဲကြီးဝါ၊ ဂျိန်းဖောင်ဒါ၊ ညော်နံ့၊ လိပ်ပြာ၊ စစ်ပွဲ၊ ခမ္မတေသံ၊ လမ်းညွှန်မြေပုံ၊ စိတ်ကူးယဉ်အိပ်မက်၊ ဒေါသ၊ အာဟာရ၊ (စသဖြင့်) အားလုံးကို ကျွန်တော် သဘောတူလိုက်ပါရဲ့။ ကျွန်တော့်ကိုယ်တိုင် ပါဝင်ခဲ့ရခြင်းကတော့ နားထောင်လို့မကောင်းတဲ့ လက်ခုပ်သံတွေကြောင့်ပါ။

ခင်ဗျားတို့အနေနဲ့လည်း လာပြန်ပြီလားဆိုပြီး ရယ်ချင်ရယ်နေကြမှာပေါ့လေ။ ကျွန်တော်အနေနဲ့လည်း လုပ်ကြံပြောဆိုမှုတစ်ခု ဖြစ်ချင်ဖြစ်နေမှာပေါ့။

သေချာတာကတော့ အမှန်တရားဆိုတိုင်း ရမ်းမယုံမိကြဖို့ပါပဲ။

ဝေမှုံသွင်

www.burmeseclassic.com

www.burmeseclassic.com

# ပြယ်လွင့်ခဲ့သောအမှတ်ရ

တကယ်တော့ ကျွန်တော့်အတွက် အေးစက်ပြာရီနေတဲ့ ရက်စွဲများကို အသေးစိပ်မှတ်တမ်းတင်ထားဖို့ မတတ်နိုင်ခြင်း သက်သက်သာဖြစ်ပါသည်။ အဝေးကို ငေးကြည့်လိုက်တော့ အလင်းတို့သည် ကြေကွဲစွာ မှိန်သီနေကြ၏။ ကျွန်တော့်ဘဝ၏ အရေးပါသည့် အပြောင်းအလဲများကို ကောင်မလေးတစ်ယောက်က ဦးဆောင်နေသောအခါ နှကိုယ်သည် ထိုခဏ၌ ဆတ်ခနဲတုန်ခါသွားပြီး ကျွန်တော်သည်း ညည်းလိုက်လိုက်ပင် ရယ်မောမိသွားတော့သည်။

နည်းသော ဝတ်မှုန် ဝတ်ဆံလေးများက ကျွန်တော့် အနီး၌ ပွာရစ်ဝဲနေကြသည်။ ရွှေရောင်လက်ပြာနေသော လိပ်ပြာတောင်ပံ သီးများအကြောင်း တွေးမိသည့်အခါများတွင် ကျွန်တော်က လှိုင်ချိ သော ကောင်မလေးကို သတိရနေမိတတ်သည်။ ထိုအချိန်များတွင်

www.burmeseclassic.com

www.burmeseclassic.com

ရဲရင့်ဖို့လိုသော နတ်သမီးအိပ်မက်များကို နောင်တနှင့်အတူ ကျွန်တော်က လွမ်းဆွတ်နေမိလေသည်။

အေးမြသော လေပြေထဲတွင် ခတ္တာတို့ပွင့်နေကြပြီ။ ချစ်ခြင်း မေတ္တာတရား၏ တည်ငြိမ်စွာ ခွန်အားကြီးမှုကို လှိုင် ယုံကြည်လာချိန်တွင် ကျွန်တော်တို့၏ အနာဂတ်သည် အမှတ်မထင် လွတ်ကျသွားခဲ့သည်။ မြေပြင်သည် မျက်ရည်စများဖြင့် စိုစွတ်သွားပြီ အနက် ရောင်ငှက်များက အနောက်ဘက် ဆည်းဆာထဲသို့ တဟုန်ထိုး ပျံသန်းသွားကြ၏။

လှိုင်ရယ်...

အခုတော့ ငါ ဘာများတတ်နိုင်ဦးမှာလဲ။

လှိုင်ကို နားလည်စွာ အဖြစ်အပျက်များ အားလုံးကို မျက်နှာလွှဲလိုက်နိုင်သော်လည်း ခံစားရသည်ကတော့ အမှန်ပဲ ဖြစ်သည်။ ကျွန်တော့်အသိတရားတို့သည် လှိုင်ကို ပြင်းပြစွာ သတိရခြင်း၌ ပျံ့ခဲ လျက်ရှိကြ၏။ နောက်တော့ အရာရာမှာ မှောင်မိုက်မှုထဲတွင် သိမ်မွေ့ခြင်းနှင့် ငြိမ်သက်နေတော့သည်။

ကျွန်တော် အခုချိန်ထိ သတိထားမိသလောက်မှာ နားလည်မှုတစ်ခုနဲ့ လှိုင်ကို မျှော်လင့်နေမိဆဲဖြစ်သည်။ မသေချာခြင်းသည် ကျွန်တော့် အနာဂတ်တစ်ခုလုံးကို အကြီးအကျယ် ခြိမ်းခြောက် စိုးမိုးနေခဲ့၏။

လေစီးကြောင်းထဲက ရနံ့စိမ်းစိမ်းများ၊ မောဟိုက်နေသော

လမင်း၊

အဝေးက စိန်ပန်းပွင့်အချို့၊ အဓိပတိလမ်းထောင့်က မိုးတိမ်၊ ရဲရင့်သူတို့သီဆိုရန် သီချင်း၊ အမှောင်ထဲမှာ ခုန်ပေါက်နေသော ကြယ်ပွင့် နှစ်ပွင့်၊ သုံးပွင့်၊ ပြီးတော့...လမ်းလျှောက်ထွက်သွားကြသော မီးခိုးတန်း အနည်းငယ်။

ကျွန်တော့်တစ်ကိုယ်လုံး သိမ်ငယ်စွာ ကျုံ့ဝင်သွား၏။ ပုံသဏ္ဌာန်အားဖြင့် ရှည်လျားလွန်းလှသော ဖတ်ရှုရန် စာမျက်နှာများသည် လှိုင်ဆိုသည့် နာမည်လေးပေါ်၌ ပူလောင်စွာ စီးဆင်းနေကြသည်။ ကျွန်တော် ပြုံးမိသွားလေသည်။ ရင့်ရော်လာသောအချိန်ကာလ၌ သစ်ရွက်ကြွေများကို ကျွန်တော် ရင်ခုန်နေမိ၏။ ဘာတစ်ခုမှ မသိတတ်သော လှိုင်သည် ကျွန်တော့်ခံစားမှုများကို အလွယ်တကူ ပြက်ရယ်ပြုနိုင်ပါသေးသည်။ အမှန်တော့ ကျွန်တော့်ခံစားမှုတွေကို လှိုင်အနေဖြင့်ကုန်စင်အောင် ခံစားမိနိုင်ဖို့ဆိုသည်မှာ ခက်ခဲလွန်းလှ၏။

ကံတရား၏ အလျားအနံကိုတိုင်းထွာရန် ကြိုးပမ်းသူများကို အရူးဟုခေါ်လျှင် ကျွန်တော်သည် အရူးတစ်ယောက် ဖြစ်ပါသည်။ (ထိုကာလများအတွင်း လှိုင်သည် အရူးထိန်းဖြစ်ခဲ့သည်။) ကောင်းကင်ရှိ ကြယ်တန်းလျားများကို ကျွန်တော်တို့အတူတကွ ရေတွက်ကြမည်ဟု တိုင်ပင်ခဲ့ကြဖူးသည်။ တိတ်ဆိတ်ညင်သာသော သစ်ရွက်ကြွေသံများ အကြောင်း လှိုင့်ကို ကျွန်တော် ရှင်းပြခဲ့ဖူးသည်။ တစ်ယောက်သော်လိုက်

www.burmeseclassic.com

www.burmeseclassic.com



နားရမည့် ဥပဒေကို တစ်ယောက်က အပြန်အလှန် ပြဋ္ဌာန်းခဲ့ကြဖူးသည်။ လှိုင် လက်ဖဝါးနုနုလေးများကို အသိမ်မွေ့ဆုံးဖြစ်အောင် ကျွန်တော် နှိပ်နယ်ပေးခဲ့ဖူးသည်။ အဝေးကြီးရှိ စိတ်ကူးထည်များကို ဖမ်းဆုပ်ကြဖို့ မျှော်လင့်တကြီး ရှာသွပ်ခဲ့ကြဖူးသည်။ လုပ်ယူထားတဲ့ ကွန်ကရစ်ကမ်းရိုး တန်းမှာ သဘာဝမှတ်ကျောက်များ မရှိနိုင်ကြောင်း လှိုင့်ကို ကျွန်တော် ပြောပြခဲ့ဖူးသည်။

လေထုထဲတွင် တွဲခိုနေသော လှိုင်ကိုယ်သင်းနံ့လေးများ သည် လှိုင်ကို မလွမ်းဘဲမနေနိုင်အောင် ကျွန်တော့်အား ဖျားယောင်း လျက်ရှိ၏။ တစ်ခါသော အချိန်တုန်းက လွှတ်ခနဲ ကျွန်တော့်ပါးပြင်ပေါ် ရောက်လာသော လှိုင့်အနမ်းတစ်ပွင့်သည် ယခုတိုင် ပူနွေးနေဆဲဖြစ် သည်။

ဒီအဖြစ်အပျက်များနှင့်သာ ပန်းပွင့်ခဲ့သည်ဆိုလျှင် ကျွန်တော့် အဖို့ ဘာကြောင့်မတင်းတိမ်နိုင်ရပါမည်နည်း။ လှိုင်သာ ဖြူစင်စွာ ရင်ခုန်နေမြဲ ဖြစ်ပါစေ။ တစ်ယောက်ကို တစ်ယောက် စေ့စေ့ကြည့်ပြီး အမှန်တရားအကြောင်း ဘာကြောင့် မပြောနိုင်ရပါနည်း။

ကျွန်တော်တို့၏ နှစ်ဦးသဘောတူနေ့စွဲများသည် အားကိုး တစ်စုံတစ်ရာ မရှိဘဲ လျင်မြန်စွာ ပျောက်ဆုံးသွားခဲ့သည်။ ရုတ်တရက် ဝန်းကျင်တစ်ခုလုံး ငြိမ်သက်သွားပြီး အရာအားလုံးသည် ပေါ့ပါးနေ သလို ကျွန်တော် ခံစားရ၏။ ဘာပဲဖြစ်ဖြစ် အကုန်လုံးကို သဘာဝ တရား၏ အပြောင်းအလဲများဟုသာ ကျွန်တော် တွေးဖြစ်ပါသည်။

သဲမြေပေါ်တွင် ထင်ကျန်ရစ်သော ကျွန်တော်တို့၏ ခြေရာ လေးများကို နောက်ပြန်လှည့်ကြည့်ရသလိုမျိုး လှိုင်သည် ကျွန်တော့် အတွက် မသေချာသည့် အမှတ်တရ တစ်ခုပင်ဖြစ်ခဲ့သည်။ တရွေ့ ရွေ့ မျောနေသော မိုးခိုးတန်းများကို ငေးကြည့်မိတိုင်း ကျွန်တော်တို့ နှစ်ယောက်၏ အနာဂတ်ကို နားကျင်စွာ မြင်တွေ့ရ၏။ ကျွန်တော်တို့ သည် ပန်းပွင့်ဒိုင်ယာရီထဲမှ ထူးခြားသည့် ကံဆိုးမှုတွေလည်း ဖြစ်ကြ သည်။

လှိုင်၏ လှုပ်ရှားမှုပုံရိပ်များသည် ကျွန်တော့်မျက်ဝန်းထဲ ရှင် ခိုင်မာစွာ စွဲထင်ကျန်ရစ်ဆဲ။ လှိုင့်အကြောင်း တွေးမိတိုင်း ကျွန်တော့် ရင်ခုန်သံတို့က အိပ်မောကျနေရာမှ ဖျတ်ခနဲ လန့်နိုး သွားတတ်စမြဲ။ ကောင်းကင်ပြာပြာကြီးအောက်မှာ နူးညံ့သိမ်မွေ့မှု များသမျှတို့သည် ကျွန်တော်တို့၏ ရဲရင့်သော အမှတ်အသားများဖြစ် နေမြဲ။ ဒါပေမယ့် တည်မြဲခြင်းမရှိသော လောက၏သဘောကို ကျွန်တော် သတိရမိချိန်တွင် အားလုံးသည် သေသပ်လှပစွာ ပျောက်ဆုံးသွားခဲ့ပြီ ဖြစ်သည်။

တစ်ယောက်ကို တစ်ယောက် ပါးနပ်စွာ နားလည်ခဲ့ပါလျက် ခွဲခွာမှုသည် ကျွန်တော်တို့၏ ဆန္ဒများကို ဥပေက္ခာပြုကာ ဝင် ရောက်လာခဲ့သည်။

စိတ်ကိုဖိုက်ဒိုင်ခွက်ထဲက အကျဉ်းခံလက်တံတွေ လည်ပတ်ရင်း ကြ ပြက္ခဒိန်ဟောင်းတို့ ကုန်ဆုံး၊ ကာလနဲ့အာကာသကို ဖြတ်သန်း၊

www.burmeseclassic.com

www.burmeseclassic.com

အနာဂတ်ဆီသို့ မောင်းနှင်ရင်း "လှိုင်" ဆိုသည့် နာမည်လေးကို ကျွန်တော် အခါခါ ရေရွတ်နေမိတော့သည်။

ဆံပင်တိုသော လှိုင်၊ မျက်ရည်မြဲသော လှိုင်၊ ဖြူစင်စွာသော လှိုင်၊ ငဲ့ညှာတတ်သော လှိုင်၊ ဘယ်တော့မဆို ခံစားလွယ်သောလှိုင်၊ ကျွန်တော်ချစ်သော လှိုင်။ ထိုလှိုင်သည် ကျွန်တော့်ရင်ထဲသို့ တိုးတိတ်စွာ ရောက်ရှိလာပြီး ကျွန်တော် တစ်ဘဝလုံးကို လှုပ်ခတ်စေလျက် ဆိတ်ငြိမ်စွာပဲ ပြန်၍ ထွက်ခွာသွားခဲ့သည်။

ကျွန်တော့်အမှတ်သညာတို့သည် လွမ်းဆွတ်မှုတစ်ခုနှင့် ပျော်ဝင်လျက်ရှိ၏။ ကျွန်တော်က တစ်စုံတစ်ရာကို ရယ်မော လှောင်ပြောင်ပစ် လိုက်လိုသော်လည်း မရ···။

ကျွန်တော့်အတွေး၊ စိတ်ကူးများနှင့် ကျွန်တော် ပတ်သက်ခဲ့ဖူးသော ကောင်မလေးတွေအားလုံးထဲမှာ လှိုင့်လောက် ကျွန်တော့်ကို ဆွဲဆောင်ထားနိုင်သော ကောင်မလေးမျိုး မရှိခဲ့။ (ထိုအချက်မှာ အပေါ်ယံအရေပြားကိစ္စမျိုး လုံးဝမပါဘဲ သန့်ရှင်းလွန်းသည့် ဆွဲဆောင်နိုင်စွမ်းသာ ဖြစ်သည်) ကျွန်တော့်ကိုယ် ကျွန်တော်ပင် အံ့ဩစွာ ပြန်ငေး ကြည့်ခဲ့ရပါသည်။

လှိုင်းရိုက်သံ ပြေပြေလေးတွေကို နားဆင်ရင်း၊ ခြေတံရှည် နှလုံးအိမ်တစ်ခုကို ဖန်တီးရင်း၊ ဝဲဂယက်တစ်ခုကို ပြန်လည် ရစ်ပတ်ရယူရင်း ··· လှိုင်သည် ကျွန်တော့်အတွက် အမြဲပင် ရွှန်းစား အရည်လဲ့နေခဲ့သည်။ လှိုင်နှင့်ပတ်သက်သမျှကို နောင်တအနေနဲ့ ကြည့်မြင်တတ် အောင်လည်း ကျွန်တော် မကြိုးစားချင်တော့ ···။

ကျွန်တော်က ပင့်သက်တစ်ချက်ကို ရှိုက်လိုက်ရင်း အဝေးသို့ ကြည့်လိုက်မိသည်။ ရုတ်တရက် မှိုင်းညို့လာသော တိမ်စိုင်တို့မှာ ထုနှင့်ထည်နှင့် ရွေ့လျားသွားကြ၏။ အတွေးတို့သည် လှိုင်ထားရစ်ခဲ့သော နေ့တစ်နေ့ဆီသို့ ဖျတ်ခနဲ ရောက်သွားပြန်သည်။

မိုးစက်များ ဖွဲဖွဲရွာသော နေ့တစ်နေ့။

ထိုနေ့က လှိုင်သည် ကျွန်တော့်ကို ကျောခိုင်းထွက်သွားလေသည်။ ကုန်လွန်ခဲ့သောအတိတ်တွင် ကျွန်တော်တို့နှစ်ယောက်၏ ဆက်ဆံရေးမှာ အချို့သည် ပန်းရောင်တောက်လျက်၊ အချို့သည် ပြာတောက်လျက်ရှိခဲ့ဖူးသည်။ ခါးသက်စွာသော ရက်စွဲအပိုင်းအစ တို့လည်း စွန်းထင်းခဲ့၏။

လှိုင်နှင့်ပတ်သက်သော ကျွန်တော့်ချစ်ခြင်းသည် အမြဲလိုလို အသက်ဝင်မြူးကြွနေသည်ချည်း။ ကျွန်တော့်ကို စိတ်ဆိုးလျှင် နှုတ်ခမ်း စူက်ပြတတ်သော လှိုင့်ဗီဇကိုလည်း ကျွန်တော်လွမ်းနေမိသည်။ ဝေးကွာနေချိန်၌ လှိုင့်အကြောင်း ဝေဝါးဝါး သတင်းအစအနတွေကလည်း ကျွန်တော့်မှတ်ဉာဏ်ကို နားကျင်စေ၏။ အမြဲတမ်းဖြူစင်စေဖို့ ကျွန်တော့်ဘက်က ဆန္ဒရှိခဲ့ပေမယ့် တကယ့်လက်တွေ့တွင် အမှောင်အညစ်တို့ ပေကျံနေလျက်···။

လေတို့သည် မျက်နှာပြင်ကို ဖြတ်၍ နှလုံးသားသို့တိုင် ကြမ်းတမ်းစွာ တိုက်ခတ်နေကြသည်။ လှိုင်သည် တိုးတိတ်ဆိတ်ငြိမ်

www.burmeseclassic.com

www.burmeseclassic.com

လျက် ကျွန်တော့်ခန္ဓာကို၊ ဦးနှောက်ကို၊ နာမ်ဝိညာဉ်တို့ကို သိမ်းယူထားသည်။ ကျွန်တော် ဘာများတာတ်နိုင်မည်လဲ။

ကြေကွဲမှုတို့ကို မြိုသိပ်လို့၊ ကျွန်တော် ညှဲ့ဖျင်းမှုအချို့ကို ခံပြင်းလို့၊ လှိုင့်ရဲ့ယုံကြည်မျှော်လင့်မှုတွေကို ရိုက်ချိုးလို့… အရာရာမှာ ဆိတ်သုန်းခဲ့ရသည်။ အားလုံးသည် ညှဲ့ဖျင်းလှသော ကျွန်တော်တို့၏ ကံကြမ္မာတွ ဖြစ်နိုင်ပါသည်။ ကျွန်တော့်ကို ရက်စက်ဖို့ဆုံးဖြတ်ထားသော လှိုင့်၏ဆုံးဖြတ်ချက်တွေ ဖြစ်နိုင်ပါသည်။ ခွင့်လွှတ်ဖို့မကောင်းတဲ့ ကျွန်တော့်ရဲ့ မိုက်မဲမှုတွေ ဖြစ်နိုင်ပါသည်။

ပြေးလမ်းပေါ်က ခြာသံတွေကို လက်ပြန်ရိုက်ချက် တစ်ချက်တည်းနှင့် တိတ်ဆိတ်သွားစေနိုင်မလား။ ကျွန်တော် ငြိမ်သက်စွာ စဉ်းစားနေမိသည်။ တခိုက္ကာစွမျှားသည် မြင်ရုံဖြင့် ကျေနပ်တာတ်ရပါသည်။ သို့သော် ကျွန်တော့်အတွက်သည် လှိုင့်နှလုံးသားကို အစ၊ အဆုံး မြင်လိုက်ရသောအခါ ကျေနပ်နိုင်ခြင်း မရှိဘဲ ပို၍ လောဘကြီးနေမိ၏။ နောက်တော့ လှိုင်နဲ့ပတ်သက်ပြီး ဒါဘာကြောင့်လဲဆိုသည့် မေးခွန်းကိုသာ ကိုယ့်ကိုယ်ကို ပြန်မေးကြည့်ရင်း လောင်ကျွမ်းနေတော့သည်။ အလင်း၏ ကြမ်းပြင်သည် ကျွန်တော့်ဆွဲအားများကို ခုခံလျက်ရှိ၏။ တောက်ပသော စိတ်ကူးထည်များကိုလည်း ကျွန်တော့်ကြောင့် မညစ်နွမ်းစေလိုတော့…။ ပေါ့ပါးစွာ ကျွန်တော် ခေါင်းရမ်းလိုက်မိသည်။

အတိတ်ဆိုသည်မှာ မေ့လျော့ထားသည့်ကြားမှ အမြဲတမ်းအဆင်သင့် ရှိနေခဲ့သော အမှတ်တရ ကိစ္စတစ်ရပ်လည်း ဖြစ်ပါသည်။

ဒီနေ့တော့
တစ်တောလုံး ကြွေပြီး
တစ်တောလုံး ပြန်ပွင့်တယ်

www.burmeseclassic.com

www.burmeseclassic.com



(၁)

လိုင်နင့်ကျွန်တော် စတင်သိကျွမ်းကြပုံသည် ဘာမှ ထူးခြားခြင်း အလျှဉ်းမရှိသော လူတို့သာမန်တွေ့ဆုံ ခင်မင်နေကျပုံစံအတိုင်းသာ ဖြစ်ပါသည်။ နေရာကလည်း ရန်ကုန်တက္ကသိုလ် ပရဝုဏ်အတွင်းမှာ မဟုတ်ဘဲ ရန်ကုန်မြို့လယ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်တစ်နေရာတွင် ဖြစ်သည်။ ကျွန်တော်တို့နှစ်ယောက်ကို မိတ်ဆက်ပေးသူမှာ ကျွန်တော်၏ အရပ်မိတ်ဆွေ ခင်ဆွေဝင်းဆိုသည့် ကောင်မလေး ဖြစ်၏။ ကျွန်တော်နှင့် ခင်ဆွေဝင်းမှာ အိမ်နီးချင်းပေါင်းများဖြစ်ပြီး ရင်းနှီးရုံမျှသာ ခင်မင်ကြခြင်းဖြစ်သော်လည်း ထို

www.burmeseclassic.com

www.burmeseclassic.com



နေ့က ကျွန်တော်တို့ဆုံကြချိန်တွင် ခင်ဆွေဝင်းက အားရဝမ်းသာဖြင့် ကျွန်တော့်ကို နှုတ်ဆက်ကာ ဘေးနားတွင် အဖော်ပါလာသော လှိုင်ကို ကျွန်တော်နှင့် မိတ်ဆက်ပေးတော့သည်။ လှိုင်ဆိုသည့် နာမည်နှင့်အတူ ကျွန်တော့်ကို ရယ်ပြလိုက်သော ကောင်မလေး၏ ရှေ့သွားနှစ်ချောင်းကြားတွင် သွားကျိုးအနည်းငယ်ကို တွေ့ရလေသည်။ ထိုအချိန်တုန်းကတော့ လှိုင်ကို ကျွန်တော်က သာမန်ထက် ဘာမှမပိုသော အသိအမှတ်ပြုမှုတစ်ခုမှလွဲ၍ ကျန်အစိတ်အပိုင်းများ အားလုံးကို ဥပက္ခာပြုထားခဲ့သည်။ တကယ့်ကို ကျွန်တော့်ဘက်က အမှတ်တမဲ့ တစ်ခုသာ ဖြစ်သည်။ ကျွန်တော်က လှိုင့်ကို ခင်ဆွေဝင်း၏ အိမ်နီးချင်းဆိုသည့်အချက်မှ လွဲ၍ ကျန်တာ ဘာမှမမှတ်မိ···။ ဒီလိုနှင့် ကျွန်တော် ထိုတွေ့ဆုံမှုကို အမေ့မေ့ အလျော့လျော့ ဖြစ်သွားခဲ့သည်။

နောက် ကျောင်းတွေပြန်ဖွင့်တော့ အင်းဝ ကန်တင်းတွင် လှိုင်နှင့် ပြန်ဆုံကြခြင်း ဖြစ်သည်။ အဲဒီနေ့က ကျွန်တော့်တစ်ယောက်တည်း ကန်တင်းတွင် ထိုင်နေစဉ် လှိုင်က မမှတ်မိဘူးလားဆိုသည့် မေးခွန်းနှင့်အတူ ကျွန်တော့်စားပွဲဝိုင်းတွင် ဖျတ်ခနဲ ထိုင်ချလိုက်၏။ ကျွန်တော်က လှိုင်မေးခွန်းနှင့် လှိုင့်ကို ကြည့်ရင်း သေချာစဉ်းစားရသည်။ သို့သော် အဖြေက မရ···။

ကျွန်တော် သူ့ကိုကြည့်ပြီး အသည်းအသန် စဉ်းစားနေပုံကို မြင်တော့ ပါးစပ်ကို လက်ဖြင့်ကာရင်း လှိုင်ကရယ်လေသည်။ ကျွန်



တော်လည်း အားနာသွားပြီး ···

"ဟို··· ဘယ်လိုမှ သဘောမထားပါနဲ့၊ တကယ် မမှတ်မိလို့ပါ။ ဆုံဖူးတာတော့ သေချာတယ်ဗျ။ ဘယ်သူနဲ့ ဘယ်နေရာမှာ ဆုံဖူးမှန်းသာ မမှတ်မိတာ···"

ဒီတော့ လှိုင်က ရယ်ပြန်သည်။ ထိုအခါတွင်တော့ ကျွန်တော်လည်း အနေရခက်စွာ သူနှင့်အတူ လိုက်ရယ်မိပါသည်။

"နင်ကသာ မမှတ်မိတာပါ··· ငါကတော့ မှတ်မိပါတယ်။ နင့်နာမည် ဝေမင်း ···၊ ဟုတ်တယ် မဟုတ်လား"

ပြောပြီး လှိုင်ကလှစ်ခနဲ ပြုံးလိုက်၏။ ဒီတစ်ခါတော့ လှိုင်သည် ပါးစပ်ကိုလက်ဖြင့် ကာထားခြင်းမရှိချိန်၊ ကျွန်တော်ကလည်း လှိုင်ကို သေချာကြည့်နေမိချိန်ဖြစ်သောကြောင့် သူ၏ ရှေ့သွားတွေပေါ်က သွားကျိုးအကွက်လေးကို အသေအချာတွေ့လိုက်ရသည်။

ဟုတ်ပြီ၊ မှတ်မိပြီ··· ခင်ဆွေဝင်း မိတ်ဆက်ပေးတဲ့ ကောင်မလေးပဲ။ တော်ပါသေးရဲ့ ··· သွားကျိုးတွေက ကယ်ပေလို့၊ အခုထိ မမှတ်မိသေးဘူးဆိုရင် အားနာစရာ ကောင်းနေမှာပေါ့။

"မှတ်မိပြီ··· မှတ်မိပြီ။ ခင်ဆွေဝင်း သူငယ်ချင်း ···"

ကျွန်တော်၏ ဝမ်းသာအားရ ထအော်မှုကြောင့် လှိုင်ကလည်း ပျော်သွားပြီး တော်သေးတာပေါ့ မှတ်မိလို့ဟု အရယ်စွက်လျက် ပြောလေသည်။ ကျွန်တော်တို့တစ်ယောက်ကို တစ်ယောက် မှတ်မိသွား ပြီဖြစ်သဖြင့် ပြောချင်သည့် တခြားအကြောင်းအရာတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို ဆက်ပြောခွင့်ရသွားပြီဖြစ်သည်။ ကျွန်တော်ကလည်း သူ၏ ရှေ့သွားမှ သွားကျိုးလေးကို ကျေးဇူးတင်လျက်ရှိသည်။

"နင့်ကို ငါက လူမှားမှာစိုးလို့ သေချာကြည့်နေတာ ဝေမင်းရဲ့ သေချာပြီဆိုပြီး လာနှုတ်ဆက်မှ နင်က မမှတ်မိတာ··၊ ဒါနဲ့ နင်က ဒီကျောင်းကပဲပေါ့နော်။ ဘယ်မေဂျာကလဲ"

"စိတ်ပညာ···၊ နင်ကရော ဘယ်မေဂျာကလဲ"

"ဓာတုဗေဒ ···၊ အခုနှစ်မှ ဒီကျောင်းထဲ ရောက်လာတာ"

"ဟုတ်လား···၊ ကျွန်တော်လည်း ဒီနှစ်မှ ဒီကျောင်းထဲ ရောက်လာတာပဲ။ အရင်က R.C (2) မှာ တက်တာ ···"

"ချီဆို နင်ရော ငါရော အတန်းအတူတူပဲပေါ့။ နင်ရော ဂုဏ်ထူးတန်းပဲ မဟုတ်လား"

ကျွန်တော်က လှိုင်ကို အလျင်အမြန် ခေါင်းညိတ်ပြလိုက်မိသည်။ လှိုင်က အစိပ္ပါယ်မရှိ ရယ်မောနေသည် ဟုထင်မိသည်။ သူ့ကို စေ့ကြည့်နေရာမှ ကျွန်တော် ညှော်ခံဖို့သတိရသွားသည်။ ကျွန်တော်ကိုယ်တိုင်လည်း ဗိုက်ဆာလာသည်ကို သတိပြုမိ၏။

"လှိုင် ··· ဟုတ်တယ်နော်··· အဲဒီနာမည်···"

"ဟုတ်ပါတယ်··· နင်ကမှတ်မိသားပဲ"

"ငါက အစလေးပဲ မေ့နေတာဟ···၊ အစကို မှတ်မိရင် ကျန်တာတွေ အားလုံး မှတ်မိပြီ။ ဟဲဟဲ···ဟဲ။ လှိုင်··· ဒါနဲ့တစ်ခုခုစားပါလား။ ငါလည်းစားမယ်၊ ဒီမှာ ဗိုက်ဆာနေပြီ"



လှိုင်က ကျွန်တော့်စကားကြောင့် ဆတ်ခနဲ ခေါင်းညိတ်ပြ၏။

"အင်း ··· ကောင်းသားပဲ ဝေမင်းရဲ့ ငါလည်း ဗိုက်ဆာနေတာ··· ဒီကန်တင်းမှာ ဘာတွေရသလဲဟင်···"

"နင်က ဘာစားချင်လို့လဲ လှိုင်ရဲ့··· ဒီမှာ အကုန်ရတယ်"

"နင်ကရော ဘာစားမှာလဲ···"

"စိုးမြင့်ကြော် ···"

"ဘာ ··· ဘာကြော်"

"စိုးမြင့်ကြော်လေ··· စိုးမြင့်ကြော်"

"အဲဒါက ဘယ်လိုမျိုးလဲ ··· အဲဒီစားစရာနာမည် ငါက အခုမှ ကြားဖူးတာ"

လှိုင့်စကားကြောင့် ကျွန်တော် အံ့သြသွားပါသည်။ တက္ကသိုလ်ကျောင်းသူတစ်ယောက်လုပ်ပြီး စိုးမြင့်ကြော်ကို မကြားဖူးဘူးဆိုပါလား။ ဘယ်လို ကောင်မလေးပါလိမ့်။ ကျွန်တော်က လှိုင့်ကို မယုံသလိုကြည့်နေမိသည်။

"တကယ်ပြောနေတာ ဝေမင်းရဲ့ နင်ကြည့်ပုံကလည်း မယုံသလိုနဲ့ ···"

"ငါ မယုံတာတော့ အမှန်ပဲလှိုင် ···"

"ငါတကယ် မသိတာပါ ဝေမင်းရယ်··· ပြောပြစမ်းပါဦး။ စိုးမြင့်ကြော်ဆိုတာ ဘယ်လိုမျိုးလဲ"

ကျွန်တော်လည်း လှိုင့်အမေးကို ဘယ်လိုပြန်ဖြေရမှန်း မသိ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေလေသည်။

"ဟို-ဟိုလေ လှိုင်ရာ··· ဘယ်လိုပြောမလဲ။ ငါလည်း နင့်ကို ပြောမပြတတ်ဘူးဟ။ ဒီလိုလုပ်··· ငါ စိုးမြင့်ကြော်တစ်ပွဲမှာစားလိုက်မယ်။ အဲဒီတော့ နင်ကြည့်ပေါ့။ နင် စားချင်ရင် လိုက်မှာပေါ့ဟာ··· ဟုတ်ပြီလား"

ကျွန်တော့်စကားကြောင့် လှိုင်က သဘောကျစွာ ပြုံးရင်းပြောသည်။

"နင်က သိပ်တော်တာပဲသိလား ဝေမင်း ···"

လှိုင်က ရွှတ်နောက်နောက် ခိုးကျူးလိုက်သဖြင့် ကျွန်တော်က အနေရခက်စွာ စိုးမြင့်ကြော်တစ်ပွဲဟု အော်ရင်း အရက်ပြေရယ်လိုက်ပါသည်။ ကျွန်တော် သူ့ကို မကြည့်ရဲသဖြင့် ခေါင်းကို လွှဲလိုက်ပြီး ဟိုလိုလို၊ ဒီလိုလိုနှင့် စားပွဲကို လက်ချောင်းလေးများဖြင့် ခေါက်နေမိတော့သည်။

နေစမ်းပါဦး ···။ ငါက အဲဒီကောင်မလေးကို ဘာဖြစ်လို့ မကြည့်ရဲရတာလဲ။

ကျွန်တော်တွေးရင်းနှင့် လှိုင့်ကို မသိမသာ ခိုးကြည့်လိုက်ပါသည်။ လှိုင်က ဘေးဝိုင်းရှိ ကျောင်းသူတစ်ချို့ကို ကြည့်လိုက်၊ ကန်တင်းရှေ့ရှိ လမ်းမကြီးဘက်ကို ကြည့်လိုက်နှင့် ရှိလေသည်။ နောက်သူက ကျွန်တော့်ဘက်လှည့်၍ ပြုံးပြပြန်သည်။

"ဝေမင်း ··· နင်က ဒီကန်တင်းမှာပဲ အမြဲရှိသလား"



"အင်း ··· ရှိပါတယ်"

"ဒါဆို နောက်နေ့တွေလည်း ဒီကိုပဲ ငါလာခဲ့မယ်။ သိလား"

ကျွန်တော်က အယောင်ယောင် အမှားမှားနှင့် ခေါင်းညိတ်လိုက်မိပြန်သည်။ ထိုစဉ်မှာပင် မှာထားသော စိုးမြင့်ကြော်က ရောက်လာ၏။ လှိုင်က စိုးမြင့်ကြော်ကို သေချာလိုက်ကြည့်နေလေသည်။ ကျွန်တော်က လှိုင် သေချာကြည့်၍ ရစေရန် မစားသေးဘဲ သူ့ရှေ့သို့တွန်းပို့ပေးလိုက်၏။ လှိုင်က စိုးမြင့်ကြော်ကို ကြည့်ရင်းနှင့် ကျွန်တော့်ကို စကားပြောသည်။

"ဟဲ့ ဝေမင်း၊ ငုံးဥလည်း ပါတယ်နော်···"

"အေး ပါတယ်"

"အသားလည်းများသားပဲဟ၊ မဆိုးဘူး"

"အေး ···"

"စိုးမြင့်ကြော်ဆိုတာ လက်စသတ်တော့ ဟိုနည်းနည်း၊ ဒီနည်းနည်း စုပေါင်းပြီး ကြော်ထားတဲ့ အမှိုက်ပုံပဲ။ ဒါပေမယ့် စားကောင်းမယ့်ပုံဟ ···၊ ဟဲ့··· ဝေမင်း ငါ့ကိုလည်း တစ်ပွဲလောက်မှာပေးပါ"

"နင်··· အဲဒီဥစ္စာကို စားပစ်လိုက်တော့၊ ငါ့ဘာသာ ငါ နောက်တစ်ပွဲ ထပ်မှာလိုက်မယ်၊ ဟုတ်ပြီလား"

"အေး ··· ကျေးဇူးပဲဟာ၊ ငါ ဒါကိုစားပစ်လိုက်တော့မယ်"

လှိုင်က ပြောပြောဆိုဆို စိုးမြင့်ကြော် ပန်းကန်ထဲမှ ငုံးဥ

www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးကို ငွန်းနှင့်ခပ်စားလိုက်၏။ ကျွန်တော်က သူ၏ ကလေးဆန်စွာ ပြုမူနေပုံကို ရယ်ချင်နေသော်လည်း မကောင်းတတ်၍ အောင့်ထားရပြီး ကျွန်တော်စားဖို့ စိုးမြင့်ကြော် နောက်တစ်ပွဲကို ထပ်မှာရသည်။ လှိုင်က စားရင်းနှင့် ကျွန်တော့်ကို မေးပြန်သည်။

"ဝေမင်း…၊ ဒီဥစ္စာကို စိုးမြင့်ကြော်လို့ ဘာဖြစ်လို့ ခေါ်တာလဲဟင် …"

"ဒီလို လှိုင်ရဲ့ လှိုင်တို့ R.C (1)မှာ စိုးမြင့်ကြော် မရဘူးနဲ့ တူတယ်။ ငါပြောပြမယ်… စိုးမြင့်ကြော်ဆိုတာ ဒီဥစ္စာကို စိုးမြင့်ဆိုတဲ့ လူကြီးက တီထွင်ထားလို့ စိုးမြင့်ကြော်လို့ ခေါ်တာဟ…၊ ပထမတော့ လူတွေသိပ်မသိဘူးပေါ့ဟာ၊ နောက်တော့မှ Main ထဲမှာ အဲဒီစိုးမြင့်ကြော်က ပေါက်သွားပြီး R.C (2) ကို ရောက်လာတာ။ နင်ကလည်း Main ထဲမှာ ကျောင်းတက်နေပြီး စိုးမြင့်ကြော်ကိုတောင် မသိဘူးဆိုတာတော့ ညံ့လွန်းတာပေါ့"

"အေး … ဟုတ်တယ်ဟာ၊ ငါက တော်တော်ညံ့တယ်။ ပြီးတော့ ဒီကျောင်းထဲမှာ အပေါင်းအသင်းလည်း မရှိဘူးလေ။ နင့်ကိုပဲ ဆရာတင်ရမှာ…။ ငါ့ကို သိထား။ တတ်ထားသင့်တာတွေ သင်ပေးပေါ့ဟာ၊ ဟုတ်ပြီလား"

ကျွန်တော်က လှိုင့်စကားကို ခေါင်းညိတ်ပြလိုက်သည်။ (လှိုင်၏ စကားကြောင့် ငါတော့ ဆရာလုပ်ခွင့်ရပြီဟု တွေးလိုက်မိသော်လည်း တကယ်တမ်း နောင်အခါတွင် သူက ဆရာလုပ်နေခဲ့သည်



ချည်သာ ဖြစ်သည်) ထိုစဉ် နောက်ထပ်မှာထားသော စိုးမြင့်ကြော် ရောက်လာ၏။ လှိုင်က စားနေရင်းမှ ကျွန်တော်နှင့် အကြည့်ချင်းဆုံသောအခါ ပြုံးပြသေးသည်။ ကျွန်တော်ကတော့ သူ့ကို ဘယ်လိုကောင်မလေးပါလိမ့်ဟု တွေးရင်းသာ ကိုယ့်ရင်ခုန်သံတွေကို ကိုယ်ခံကာကွယ်နေရသည်။

ထိုနေ့က ကျွန်တော်တို့နှစ်ယောက် ထွေရာလေးပါး လျှောက်ပြောဖြစ်ကြ၏။ ဘာအကြောင်းရယ်လို့လည်း မဟုတ် …။ ဒီလိုပဲ အဆင်ပြေသလို လျှောက်ပြောနေကြခြင်းသာ ဖြစ်သည်။ အချိန်တို့သည် တလွင့်လွင့် ကုန်ဆုံးသွားကြပြီ။

"ဟဲ့… ဝေမင်း၊ အခု ဘယ်အချိန်လောက်ရှိပြီလဲ"

ကျွန်တော့်မှာလည်း နာရီမရှိသဖြင့် ကန်တင်းကောင်တာဘက်သို့ ယောင်ရမ်းပြီး လှမ်းကြည့်လိုက်မိသည်။ ကောင်တာတွင်လည်း နာရီက မရှိ …။ လှိုင်က သူ့လွယ်အိတ်ထဲမှ လက်ကိုင်နာရီ သေးသေးလေးကို ထုတ်၍ကြည့်လိုက်၏။ ကျွန်တော်လည်း ကိုယ်ကိုစောင်း၍ ထိုနာရီလေးကို လိုက်ကြည့်မိသည်။ လေးနာရီဆယ်မိနစ်။

"ဟာ …ဒုက္ခပဲ။ လေးနာရီ ဆယ်မိနစ်တောင်ရှိနေပြီ။ ဒီနေ့ဖေဖေလာမကြိုပါစေနဲ့။ အချိန်တွေက ဘယ်လိုကုန်သွားမှန်းတောင် မသိဘူး။ ဝေမင်း… မနက်ဖြန်ကျမှ ဒီဆိုင်မှာပဲ ထပ်တွေ့ကြမယ်သိလား။ သွားမယ်နော်၊ ငါတို့အိမ်က လေးနာရီဆို

www.burmeseclassic.com

www.burmeseclassic.com



လာကြိုနေကျဟာ၊ အခုတောင် ဆယ်မိနစ်နောက်ကျနေပြီ၊ အဆူခံရဦးမလား မသိဘူး၊ သွားမယ် ... သွားမယ်၊ ဒီဝိုင်းဘယ်လောက်ကျလဲ ... ပိုက်ဆံ"

လှိုင်က စားပွဲထိုးကိုခေါ်ပြီး ပိုက်ဆံရှင်းနေသည်။ ကျွန်တော်လည်း အခုမှပင် သတိရသွားပြီး လှိုင်ကို တားမြစ်ရသည်။

"နေပါစေ၊ မရှင်းသွားနဲ့ လှိုင်၊ ငါ ရှင်းလိုက်ပါ့မယ်"

"ဘယ်ဟုတ်ပါ့မလဲ ဝေမင်းရဲ့၊ နင်နဲ့ငါနဲ့ သူငယ်ချင်းတွေ ဖြစ်သွားပြီပဲ၊ အဲဒီအထိမ်းအမှတ်အနေနဲ့ ငါပဲရှင်းလိုက်ပါ့မယ်၊ နင်ပြန်ကျွေးချင် နောက်နေ့မှ ကျွေးပေါ့ဟာ၊ ဟုတ်ပြီလား"

ကျွန်တော် ဘာမှပြန်ပြောဖို့ အခွင့်မသာမီ လှိုင်က ကျသင့်ငွေကို ရှင်းပြီး ထွက်သွားတော့သည်။ မပြန်ခင် မနက်ဖြန့်ကိုးနာရီနော် လို့ပြောပြီး သူက ပြုံးပြလိုက်သေးသည်။ ကျွန်တော်က သူ၏ သွားကျိုးလေးတွေကိုပဲ အလွတ်ရအောင် သေချာကြည့်နေမိ၏။

ဒီလိုနှင့်ပင် ကျွန်တော်တို့နှစ်ယောက်၏ ဆက်ဆံရေးမှာ စတင်ခဲ့လေသည်။ ဘာမှမဟုတ်သော်လည်း ကျွန်တော် ထိုနေ့ညက တော်တော်နှင့် အိပ်မပျော် ...။ ဝေဒနာသည် လှိုင်ကို သတိရခြင်း ဖြစ်နေသည်။ ကျွန်တော် ကိုယ့်ကိုယ်ကိုလည်း တော်တော်အံ့သြနေမိသည်။

ကျွန်တော်တို့နှစ်ယောက်၏ ဒီနေ့တွေ့ဆုံမှုသည် သာမန်အမှတ်တမဲ့ မဟုတ်တော့...။ အိပ်ရာဝင်ခါနီး ကျွန်တော် စဉ်းစား



...သည်မှာ လှိုင်၏ ရှေ့သွားမှ သွားကျိုးလေးတွေ အကြောင်းဖြစ်ပါ...၊ နောက်ကြုံမှပဲ အဲဒီသွားကျိုးလေးတွေအကြောင်း သူ့ကို ...ဦးမည်ဟုတွေးရင်း ကျွန်တော် အိပ်ပျော်ဖို့ကြိုးစားနေခဲ့သည်။ ...ာ် မအောင်မြင် ...။

အိပ်မက်ဆိုသည်မှာ အိပ်မပျော်ဘဲလည်း မက်တတ်...င်း ထိုနေ့ညက ကျွန်တော် အနိုင်အလုံ သိရှိခဲ့ရသည်။

××××××××××××

www.burmeseclassic.com

www.burmeseclassic.com

ဟိုမှာ
ကောင်းကင်ရဲ့လက်ချောင်းတွေ
တို့နှစ်ယောက်ရဲ့ဆုံဆည်းမှုကို
ဂုဏ်ပြုကြတော့မယ်။ ။

www.burmeseclassic.com

www.burmeseclassic.com



(၂)

ကျွန်တော်အင်းဝကန်တင်းတွင် ထိုင်နေသည်မှာ အချိန်တော်တော်ကြာပြီ။ နာရီကို ကြည့်ဖို့ကြိုးစားမိသေးသော်လည်း အလွယ်တကူ အဆင်မပြေသဖြင့် ကျွန်တော်လက်လျှော့လိုက်ရ၏။ တကယ်ဆို ကျွန်တော့်လက်မှာဖြစ်ဖြစ်၊ ကန်တင်းမှာဖြစ်ဖြစ် နာရီတစ်လုံးလောက်တော့ရှိဖို့ကောင်းသည်။ လှိုင်က အခုချိန်ထိ ရောက်မလာသေး ... ။

ကျွန်တော် ဒီကန်တင်းမှာစောင့်နေတာ အနည်းဆုံး နှစ်နာရီလောက်ရှိနေပြီ။ လှိုင်နှင့်ချိန်းထားသည့်အချိန်မှာ ကိုးနာရီဖြစ်



သော်လည်း ကျွန်တော်က ရှစ်နာရီခွဲကတည်းက ဒီကန်တင်းတွင် ာက်နေခြင်းဖြစ်သည်။ စိတ်ထဲတွင် မှန်းကြည့်လိုက်တော့ အခု ှံ့ဆို ဆယ်နာရီခွဲလောက်ရှိပြီ။ ကျွန်တော်က ဘာကြောင့်မှန်းမသိဘဲ ိုင် ရောက်မလာမှာ စိုးရိမ်နေလေသည်။

ထိုစဉ် ကန်တင်းထဲသို့ ကျော်ကျော်မင်းနှင့် နိုင်ဝင်းတို့ ်လာကြသည်။ သူတို့နှစ်ယောက်က R.C(2) မှာကတည်းက ေါင်းလာကြတဲ့ သူငယ်ချင်းတွေ။ နှစ်ယောက်စလုံး ကျွန်တော့်ကို မြင်သွားကြပြီး ကျွန်တော်ရှိရာသို့ ရောက်လာကြ၏။

"ဟေ့ကောင် ... မင်းက ဒီမှာ တစ်ယောက်တည်း ဘာ ိုင်လုပ်နေတာလဲ"

"ဒီလိုပါပဲ ... ဘာရယ်လို့မဟုတ်ပါဘူး။ လက်ဖက်ရည် သောက်နေတာပေါ့ကွ"

ကျွန်တော့်အဖြေစကားကြောင့် ကျော်ကျော်မင်းက ်ကဖက်ရည်ခွက်ကို ငုံ့ကြည့်လိုက်၏။

"ကဲ ... ဝေမင်း၊ ဒီမှာလက်ဖက်ရည်လည်း ကုန်နေပြီ။ အခု မင်းအားတယ်မဟုတ်လား။ ငါတို့မြို့ထဲသွားမလို့ ချိန်းပွဲရှိတယ် ူး အဲဒါ မင်းလိုက်ခဲ့ပါလား"

"ဟာ ... ငါလိုက်လို့မဖြစ်ဘူးနိုင်ဝင်း ...။ ဒီမှာ အသိ ာစ်ယောက်နဲ့ ချိန်းထားလို့"

ကျော်ကျော်မင်းက ကျွန်တော့်စကားကို စိတ်ဝင်စားစွာနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပြန်မေး၏။

"ဝေမင်း ··· မင်းအသိက ဘယ်သူလဲ"

"ငါပြောရင် မင်းတို့သိမှာ မဟုတ်ပါဘူး"

"ဒါဆို ယောက်ျားလေးလား၊ မိန်းကလေးလား"

ကျော်ကျော်မင်းစကားကြောင့် သူ့ကို ဖျတ်ခနဲ ကြည့်ပစ်လိုက်သည်။ ဒီကောင် ဒီစကားကို ဘာဖြစ်လို့ပြောရတာလဲ။

"ဟေ့ကောင် ဝေမင်း ··· ဖြေလေကွာ···"

နိုင်ဝင်းကပါ ကျွန်တော့်ကို အတင်းတိုက်တွန်းနေပြန်သည်။ ဒီကောင်နှစ်ယောက်စလုံး ဒီကိစ္စကို စိတ်ဝင်စားနေကြပြီ။ မဖြစ်တော့။ ကျွန်တော် အမှန်အတိုင်းပြောပြမှ ဖြစ်မည်။ မဟုတ်ရင် ကျွန်တော့်ကို ထိမ်ချန်မှုဖြင့် ဒီနှစ်ကောင်က ပြဿနာလုပ်နိုင်၏။

"ငါပြောပြပါ့မယ်။ ဒီလိုကွ ··· အခု ငါနဲ့ချိန်းထားတာ ကောင်မလေး တစ်ယောက်ပါ။ ခင်တာ သိပ်မကြာသေးဘူး။ သူ့နာမည်က လှိုင်တဲ့ ···။ မင်းတို့ သူလာရင် လျှောက်မနောက်နဲ့နော်။ မကောင်းဘူး။ ကြားလား ··· အဓိက,က ကျော်ကျော်မင်း ···။ ဟေ့ကောင် မင်းက ပိုအရေးကြီးတယ်။ လှိုင်လာရင် မင်း လျှောက်မနောက်နဲ့နော်"

ကျွန်တော့်စကားကြောင့် သူတို့နှစ်ယောက် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လိုက်ကြသည်။ ဘာမှတော့ မပြောကြ···။ ကျွန်တော်က ထိုအခြေအနေနှင့် ထိုအမူအရာကို ဝို၍



သက်သာဖြစ်သွားရသည်။

"ဟေ့ကောင်တွေ ··· မင်းတို့ကို ငါသေချာမှာထားရက်နော်။ နောက်မှ တလွဲတွေလျှောက်လုပ်ရင် ငါ့ကို အဆိုးမဆိုနဲ့"

နိုင်ဝင်းက ရယ်ချင်နေသည့် လေသံတွေနှင့် ···

"ဘယ်လိုဖြစ်ရတာလဲ ဝေမင်းရဲ့။ ဒေါသတွေ သိပ်ကြီးနေလား။ အချင်းချင်းတွေပဲကွာ။ အေးအေးဆေးဆေးပေါ့။ ဟဲဟဲဟဲ"

ထိုစဉ်မှာပင် ကျွန်တော် နှစ်နာရီကျော်ကျော် စောင့်နေရသော လှိုင်က ရောက်လာလေသည်။ တစ်ယောက်တည်းတော့ ဟုတ်။ သူ့ဘေးတွင် ဆံပင်လှိုင်းတွန့်လေးများပါသော ကောင်မလေးတစ်ယောက် အဖော်အဖြစ်ပါလာ၏။ လှိုင်တို့နှစ်ယောက် ရောက်လာ၍ ကျွန်တော်တို့ဝိုင်းတွင် စုစုပေါင်း ငါးယောက်ဖြစ်သွား၏။ စားပွဲထိုး ကောင်လေးတစ်ယောက်က ဘာမှာဦးမလဲ အစ်မတို့ ဆိုပြီး လာမေးသည်။

လှိုင်က ကျွန်တော့်ကို ပထမဦးစွာ ရယ်ပြလိုက်ပြီး ကျွန်တော့်ရှေ့တည့်တည့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။ တစ်ဆက်တည်းပင် စားပွဲထိုးကောင်လေးကို လက်ဖက်ရည် နှစ်ခွက် မှာလိုက်သေး၏။

ကျွန်တော်ကတော့ လှိုင်၏လှုပ်ရှားမှုများကိုသာ တစ်ခုလို မှတ်သားနေမိသည်။ ထိုစဉ် လှိုင့်ဆီမှ စကားသံများကို တရက် ကြားရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဝေမင်း ... ဒါ ငါ့သူငယ်ချင်းအသစ်စက်စက် မျိုးပပ တဲ့။ ဒီနေ့မှ အတန်းထဲမှာ ခင်လာတာဟ ...။ မျိုး ဒါက ဝါ စောစောက ပြောတဲ့ ဝေမင်းလေ ..."

လှိုင်၏ မိတ်ဆက်ပေးမှုကြောင့် မျိုးပပဆိုသော ကောင်မ လေးက ကျွန်တော့်ကို ရယ်ပြရင်း အသိအမှတ်ပြုသည်။ ကျွန်တော် ကလည်း မသိမသာ ပြန်ပြုံးပြလိုက်၏။ ကျွန်တော်တို့ အားလုံး တစ်ယောက်ကို တစ်ယောက် ဘာပြောရမည် မသိဘဲ ဖြစ်နေစဉ် ကျော်ကျော်မင်းက စားပွဲအောက်မှ ကျွန်တော့်ပေါင်ကို လက်ဖြင့် ကုတ်ရင်း သူတို့နှင့် မိတ်ဆက်ပေးဖို့ အချက်ပြသည်။ ကျွန်တော် လည်း ထိုအခါမှပင် မိတ်ဆက်ပေးဖို့ကိစ္စကို သတိရတော့သည်။

"ဩော် ... မိတ်ဆက်ပေးရဦးမယ်။ လှိုင် ... ဒါ ငါ့ သူငယ်ချင်းတွေ ...၊ ဒီတစ်ယောက်က ကျော်ကျော်မင်းတဲ့၊ ဒီ ဘက်က နိုင်ဝင်း ... မှတ်ထားနော်။ ငါနဲ့ အတန်းအတူတူပဲ"

"ဟာ ... ပွကာပဲ။ ဒီနေ့ သူငယ်ချင်း အသစ်သုံးယောက် တောင်ရပြီ"

လှိုင်စကားကြောင့် အားလုံးက ပျော်ရွှင်ရယ်မောဖြစ်ကြ သည်။ နိုင်ဝင်းက ...

"လှိုင် ... ဒီကောင်နဲ့ ခင်နေတာကြာပြီလားဟင် ..."

နိုင်ဝင်း ဘာသဘောနှင့်မေးလိုက်သည် ကျွန်တော်ရိပ်မိ၏။ ကျွန်တော်တို့နှစ်ယောက်၏ ရင်းနှီးစွာပြောဆိုဆက်ဆံနေပုံမှာ ကာလ



ကြာမြင့်စွာကပင် ခင်မင်သိကျွမ်းနေပုံပေါက်သဖြင့် နိုင်ဝင်းက မသင်္ကာ ဖြစ်နေခြင်းဖြစ်သည်။

"သိပ်မကြာသေးပါဘူး နိုင်ဝင်းရဲ့။ ဘာဖြစ်လို့လဲဟင်"

ဒီတော့မှ နိုင်ဝင်းအရှက်ပြေရယ်ရင်း ...

"ဘာမှ မဖြစ်ပါဘူး လှိုင်ရယ် ... အဓိကကတော့ ဒီကောင့်စကားကို မယုံလို့ပဲ။ ဒီကောင်က လှိုင်နဲ့ ခင်တာ သိပ်မကြာ သေးဘူးတဲ့။ အဲ ဒါကြောင့်ပါ"

"ဟင် ... နိုင်ဝင်းကလည်း သူပြောတာယုံပေါ့။ ဘာလဲ သူ့စကားက မယုံရဘူးလား"

လှိုင့်အမေးကို နိုင်ဝင်းက မဖြေမီ ကျော်ကျော်မင်းက ဝင် ဖြေသည်။

"ဟာ ... သိပ်သေချာတာပေါ့လှိုင်၊ ဝေမင်းက ကောင် မလေးတွေနဲ့ ပတ်သက်ရင် ကျွန်တော်တို့ကို အမြဲလိမ်ပြောတယ်"

ကျော်ကျော်မင်း၏ စကားကြောင့် လှိုင်က ကျွန်တော့်ကို ကြည့်ရင်း မေးလေသည်။

"သူပြောတာ ဟုတ်လား ဝေမင်း ..."

လှိုင်က စောစောကလို မဟုတ်တော့ဘဲ ခပ်တည်တည် နှင့်ဖြစ်ပါသည်။

"လှိုင်က ယုံလို့လား ..."

သူက ခေါင်းခါပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲပေါ့ ..."

ကျွန်တော်က လက်ဖျစ်တစ်ချက်တီးရင်း ပြောလိုက်သည်။ ကျော်ကျော်မင်းရော၊ နိုင်ဝင်းပါ ခေါင်းတညိတ်ညိတ်နှင့် မျက်နှာကို မဲ့ရင်း ကျွန်တော်တို့ကို ကြည့်နေ၏။ လှိုင်နဲ့ပါလာသော မျိုးပပကတော့ ခပ်အေးအေးပင် ရောက်လာသော လက်ဖက်ရည်ခွက်ကို သောက်နေလေသည်။

အခုမှပင် ကျွန်တော်က လှိုင့်ကို နောက်ကျနေရခြင်း အကြောင်းအား မေးဖြစ်သည်။

"ကိုးနာရီရောက်မယ်ဆိုပြီးတော့ လှိုင်က ဘယ်လိုကြောင့် နောက်ကျနေရတာလဲ"

ကျွန်တော့်အမေးကြောင့် လှိုင်က လှပစွာပြုံးသည်။ ပြီးတော့ မျိုးပပဘက်သို့ လှည့်ရင်း ...

"ဟုတ်တယ် ... ငါဒီကိုလာခါနီး အတန်းထဲကို ခဏဝင်ကြည့်တာ၊ အဲဒါ သူနဲ့ဆုံနေလို့၊ သူက ငါ့ကို မနေ့က အတန်းတက်ရင် စာအုပ်ခဏလောက်ငှားပါလားတဲ့ ...။ ရယ်ရတယ် သိလား ဝေမင်း၊ ဒါနဲ့ ငါလည်း အတန်းထဲမှာ အဖော်တစ်ယောက်ရပြီဆိုပြီး သူ့ကို စာအုပ်ငှားမလို ဘာလိုနဲ့ ရောသောဖောသော လုပ်လိုက်တော့ အခုလို သူငယ်ချင်းတွေ ဖြစ်သွားရော ...။ ဒီတော့မှ ငါလည်း မနေ့ကအတန်းမတက်ကြောင်း ပြောပြလိုက်တာပေါ့။ ဟဲဟဲ ... ပိုင်တယ် မဟုတ်လား ဝေမင်း။ သူငယ်ချင်းလိုချင်ရင်



အဲဒီလိုပဲ လှုလည်လုပ်ပြီး ရှာတတ်ရတယ်ဟ။ သဘောပေါက်လား"

လှိုင်က ကြံဖန်ဂုဏ်ယူ၍ ပြောရင်း ရယ်နေပြန်သည်။ သူ့စကားကြောင့် မျိုးပပကလည်း နှစ်မြို့ကစွာ ပြုံး၏။ ကျွန်တော့်စိတ်ထဲတွင် သူ့ကို သိပ်ရှိသားတဲ့ ကောင်မလေးဟု တိတ်တဆိတ် မှတ်ချက်ချနေမိသည်။ လှိုင်က သူ့စကားကို ဆက်ပြောပြန်သည်။

"ငါက သူနဲ့စကားတွေ ပြောရင်းနဲ့ နင်နဲ့ချိန်းထားတဲ့ အချိန်ကို မေ့သွားတာဟ ... ဆောရီးနော်။ နင်စောင့်ရတာ သိပ်ကြာသွားလားဟင် ဝေမင်း ..."

"ရပါတယ် ... ပြဿနာမရှိဘူး"

ထိုစဉ် ကျော်ကျော်မင်းက ရုတ်တရက် ဝင်ပြော၏။

"အေး ... မင်းကပြဿနာမရှိပေမယ့် ငါတို့က ပြဿနာရှိတယ်၊ အခု ငါတို့ မြို့ထဲသွားမယ့်ကိစ္စ မင်းမလိုက်တော့ဘူး မဟုတ်လား။ ဟိုမှာ ချိန်းပွဲရှိတယ် ... သေချာချိန်းထားတာ၊ ကိုယ့်ဘက်က ပျက်ကွက်လို့ မကောင်းဘူးကွ"

"အေး ... မင်းတို့ဘာသာ မင်းတို့သွားပါ။ ငါ့အစောကြီးတည်းက မလိုက်ဘူးလို့ ပြောနေသားပဲ၊ ဒီမှာ လှိုင်တို့ ရောက်နေတဲ့ဥစ္စာကို ..."

ကျွန်တော်နှင့် ကျော်ကျော်မင်းတို့ပြောနေသည့် စကားဝိုင်းကို လှိုင်က ဘုမသိ ဘမသိဝင်ပြောလေသည်။

"ဝေမင်း ... ငါတို့ကို အားနာမနေနဲ့၊ ချိန်းထားတဲ့ဥစ္စာ

www.burmeseclassic.com

www.burmeseclassic.com



သွားပေါ့ဟ ···ချိန်းပွဲဆို ဘာပွဲလဲဟင်၊ ငါလည်း ပျင်းနေတာ ···· ဒီလိုလုပ် ငါတို့နှစ်ယောက်ပါ အဲဒီနင်တို့ချိန်းပွဲကို လိုက်ခဲ့မယ်လေ။ ဘာချိန်းပွဲလဲ ··· ဘောလုံးပွဲလား။ လက်ဝှေ့ပွဲလား"

လှိုင့်စကားကြောင့် ကျွန်တော်လည်း ဘာပြောရမှန်းမသိဘဲ ခေါင်းစားသွားသည်။ ပြောပြလို့ကလည်း မကောင်း ···။ မပြောပြန်ရင်လည်း သူတို့ကို မခေါ်ချင်လို့ဟု တစ်မျိုးအထင်ခံရဦးမည်။ နိုင်ဝင်းက လှိုင့်စကားကို ဘယ်လိုလဲဆိုသည့် အဓိပ္ပါယ်ဖြင့် မျက်ခုံးပင့်ပြ၏။ ခက်ပြီ ···။ ကျော်ကျော်မင်းကလည်း ဘာမှဆက်မပြောတော့ ···။ ထိုအခါ ပြဿနာသည် ကျွန်တော့်တာဝန်ဖြစ်လာသည်။

"နင်တို့ လိုက်လို့မရဘူးလှိုင်ရဲ့။ အခုဟာက ဘောလုံးပွဲလည်း မဟုတ်ဘူး။ လက်ဝှေ့ပွဲလည်း မဟုတ်ဘူး။ ဟို ···"

ကျွန်တော် ဘာဆက်ပြောရမှန်းမသိဘဲ နိုင်ဝင်းကို လှမ်းကြည့်လိုက်မိ၏။ နိုင်ဝင်းက ကျွန်တော့်ကို အူကြောင်ကြောင် ပုံစံဖြင့် ပြန်ကြည့်နေသည်။

"ဆက်ပြောလေ ဝေမင်းရဲ့၊ နင်တို့ ချိန်းပွဲက ဘာပွဲလဲ"

လှိုင့်ဆီမှ အသံထွက်လာပြန်သည်။ ကျွန်တော်လည်း မထူးတော့ဟု တွေးမိပြီး အမှန်အတိုင်း ပြောပြဖို့ဆုံးဖြတ်လိုက်၏။

"အခုဟာ နင်တို့လိုက်လို့မရဘူးဟ ··· ဒီချိန်းပွဲက ဘာပွဲလည်းဆိုတော့ဟာ ပဲချိန်းရိုက်တာဟ။ ကဲ ရှင်းပြီလား"



ထိုအခါကျမှ လှိုင်က အံ့ဩဟန်အပြည့်ဖြင့် သဘောပေါက်သွားသည်။

"ကဲ ··· ငါတို့သွားမယ် ဝေမင်း ···"

နိုင်ဝင်းက ပြောလိုက်ပြီး ကျော်ကျော်မင်းက ထိုင်ရာမှ ဦးအောင် ထလိုက်သည်။ ကျွန်တော်က ပါးဝပ်ဖြင့် ဘာမှပြန်မပြောဘဲ ခေါင်းကိုသာ ညိတ်ပြမိ၏။ ကျော်ကျော်မင်းက အားလုံးကို ဖြုံပြီး နှုတ်ဆက်သည့် သဘောဖြင့် သွားလိုက်ဦးမယ်ဟု ကောင်မလေးနှစ်ယောက်ကို ကြည့်ရင်းပြောသည်။ သူ့စကားကြောင့် လှိုင်နှင့်မျိုးပပတို့က အသီးသီးခေါင်းညိတ်ပြကြလေသည်။

ကျော်ကျော်မင်းနှင့် နိုင်ဝင်းတို့ထွက်သွားကြသည့်အခါ ကျွန်တော်တို့သုံးယောက်သား တစ်ယောက်ကိုတစ်ယောက် ပြောဝရာစကား မရှိတော့သလို ငြိမ်သက်စွာ ရှိကြ၏။ ထိုစဉ် မျိုးပပက

"လှိုင် ··· ငါပြန်တော့မယ်။ အိမ်မှာ ကိစ္စနည်းနည်းရှိလို့ဟ၊ နောက်နေ့ကျမှ ဆုံကြတာပေါ့"

"နင်ကလည်း နေပါဦးဟာ ··· ၊ အခုမှ အစောကြီး ရှိသေးတယ်။ ငါတို့သုံးယောက် အင်းလျားမှာ အကြော်သွားစားရအောင်လေ ···"

မျိုးပပက ရယ်ရင်း ···

"မဖြစ်ဘူး လှိုင်ရဲ့။ အစောကြီးဆိုပေမယ့် ငါအိမ်ပြန်မှဖြစ်မှာ။ အိမ်မှာ အမေက နေသိပ်မကောင်းဘူး။ ဒီနေ့ ဆေးခန်းပြရ

www.burmeseclassic.com

www.burmeseclassic.com



မယ်လေ။ အဲဒါ ငါမရှိလို့ မဖြစ်ဘူး။ နောက်နေ့ကျမှပဲ အကြော်စားတာပေါ့ဟာ ... နော် လှိုင် ...”

မျိုးပပ စကားကြောင့် လှိုင်သည် ဘယ်လိုရှေ့ဆက်ပြောရမည်ကို စဉ်းစားမရဘဲရှိသည်။ ထိုအခါ ကျွန်တော်ကပါ လှိုင်ကို ဝင်ပြောပေးရ၏။

“သွားပါစေလှိုင်ရာ ... သူ့အမေမှ နေမကောင်းပဲဟာ။ အဲဒီကိစ္စမျိုးက ပျက်ကွက်လို့မကောင်းဘူး”

ကျွန်တော့်စကားကြောင့် လှိုင်က မျိုးပပကို ကတိတောင်းရင်း ပြန်ဖို့ခွင့်ပြုလိုက်သည်။

“မျိုး ... အဲဒါဆိုရင်တော့ပြန်လေ။ နောက်နေ့တွေဆိုရင်တော့ ငါ့ကို ထားခဲ့ပြီး ပြန်မသွားရဘူးနော် ... ကတိမှေး”

“အေးပါ လှိုင်ရယ်... နင်ကလည်း ကလေးကျနေတာပဲ၊ ကဲ ... ဝေမင်း၊ ပြန်ဦးမယ် ... နောက်မှတွေ့ကြတာပေါ့”

မျိုးပပက ကျွန်တော့်ကို နှုတ်ဆက်ပြီး ပြန်ဖို့ ပြင်ဆင်နေသည်။ လှိုင်သည် သူ့သူငယ်ချင်း ပြန်တော့မှာကို မလိုလားစွာ လိုက်ကြည့်နေ၏။ မျိုးပပ ပြန်သွားသောအခါ ကျွန်တော်က လှိုင်ကို ပြောပြရသည်။

“နင် မျိုး ပြန်သွားလို့ ဝမ်းနည်းနေတာလားဟင် ... လှိုင်။ အဲဒါ အဓိပ္ပါယ်မရှိဘူးနော် ...။ သူငယ်ချင်းဆိုတာ ဘယ်လောက်ခင်ခင် အမြဲတမ်း နင့်ဘေးမှာနေပေးဖို့ ဘယ်ဖြစ်နိုင်ပါ့မလဲ။ သူ



လည်း သူ့ကိစ္စနဲ့သူ ရှိမှာပဲ ... ငါပြောတာကို သဘောပေါက်ရဲ့လား လှိုင် ...”

ကျွန်တော့်စကားကြောင့် လှိုင်က သဘောပေါက်စွာ ခေါင်းညိတ်ပြ၏။

“နင်ပြောတာ ဟုတ်ပါတယ် ဝေမင်းရဲ့ ။ ငါက အဖော်အရမ်းမက်တာဟ ...။ အဲဒါကြောင့်နေမှာ ... အရင်က အပေါင်းအသင်း တချို့ဆို ငါ့ကို အရမ်းအသုံးချကြတာပဲ။ ငါက သိတာပေါ့။ ဒါပေမယ့် ငါက သိသိနဲ့ တမင်ခံပြီးပေါင်းတာပဲ ... အံ့မယ် ရယ်ရတယ်သိလား ဝေမင်း ... သူတို့က ငါ့ကို အ,တယ်လို့ ထင်နေကြတာဟ ... ဟား ဟား ဟား”

လှိုင်က ပြောရင်း ရယ်ပင်ရယ်နေလိုက်သေးသည်။ ကျွန်တော်က လှိုင်ကို သိမ်ဘောကျစွာ ပြုံးမိ၏။ စိတ်ထဲမှလည်း တော်တော်ပါးနပ်တဲ့ ကောင်မလေးဟု မှတ်ချက်ချနေမိသည်။ ထိုအချိန်တွင် လှိုင်ဆီမှ မေးခွန်းတစ်ခု ရောက်လာပါသည်။

“နင်က ငါ့ကိုသိနေတယ်နော် ဝေမင်း ... ငါမျိုးကို မပြန်စေချင်တာ မှန်ပေမယ့် ဒီလောက်ကြီးတော့ မဟုတ်ပါဘူး။ နင်က ငါ့စိတ်ကို ခဏလေးနဲ့ အတွင်းကျကျ သိနေတယ်နော်။ နင် ငါ့ကို ဘယ်အချိန်တုန်းက ဘယ်လို လေ့လာလိုက်တာလဲဟင်”

သူ၏အမေးကို ဘယ်လို သင့်လျော်အောင် ဖြေရမည်ဟု ကျွန်တော် အလျင်အမြန်စဉ်းစားရသည်။ နောက်တော့ မေးခွန်းသည်

www.burmeseclassic.com

www.burmeseclassic.com



အတည်ဖြေဖို့ထက် ရောနှော နောက်ပြောင်ပြီး ခပ်ပေါ့ပေါ့ ဖြေရင် ကောင်းမည်ဟု တွေးမိလိုက်၏။

"ဒီလိုပါပဲလှိုင်ရဲ့ . . . နင်ရေမှာ ထိုင်နေတဲ့ကောင်က အလင်္ကာရကောင်မှ မဟုတ်တာ ... သိတယ်မဟုတ်လား။ မြန်မာပြည်မှာ ဖြစ်နေလို့။ ဟိုမှာဆို ဖရိုက်လောက်တော့ အသာလေးပဲ ... ဟဲ ဟဲ ဟဲ။"

လှိုင်က သူ၏ သွားကျိုးလေးများကို အကြာကြီးပေါ်သည် အထိ ရယ်လေသည်။ ပြီးတော့ ကျွန်တော်စကားနှင့် ကျွန်တော့်ကို ပြန်ပြောသည်။

"ဟိုမှာဆိုတာ ဘယ်နေရာကို ပြောတာလဲ။ ဘာလဲ . . . တံတားလေးမှာလား။"

လှိုင်သည် ခင်မင်တာ သိပ်မကြာသေးသည့် ကျွန်တော့်ကို အတင့်ရဲစွာ နောက်ပြောင်ရဲသူလည်းဖြစ်သည်။ ကျွန်တော်က လှိုင့်စကားကို လိုက်ရယ်ရင်း စောစောက သူ့မေးခွန်းကို ဖော့ပစ်လိုက်ရသည်။

နှစ်ယောက်သားရယ်၍ အားရသွားသောအခါ လှိုင်သည် စောစောတုန်းက မှိုပြပြောခဲ့သောစကားအား ကျွန်တော့်ကို ပြောပြန်သည်။

"ဝေမင်း ... ငါတို့နှစ်ယောက် အင်းလျားမှာ ဘူးသီးကြော်သွားစားရအောင်ဟာ ...၊ ဒီမှာ ထိုင်ရတာကြာနေပြီ။ ပျင်းစရာကြီး"

"နင့် သဘောပဲလေ"



ကျွန်တော်က သဘောတူလိုက်သောအခါ လှိုင်က နှစ်ခြိုက်စွာ ပြုံးပါသည်။ ထို့နောက် ကျွန်တော်က စားပွဲထိုးကို ပိုက်ဆံရှင်းရန် ခေါ်လိုက်၏။ ကျသင့်ငွေကို ရှင်းပြီးသောအခါ ကျွန်တော်တို့နှစ်ယောက် အင်းလျားကန်ဘောင်ဖက်သို့ လမ်းလျှောက်လာကြသည်။ အဓိပတိ ာမ်းထောင့်တွင် စိန်ပန်းနီနီတွေ ပွင့်နေပြီ။ လှိုင်က ရတ်တရက် ဘုံနှင်းသဘင်ခန်းမဆောင်ရှိ ကွက်လပ်ပေါ်တွင် ဓာတ်ပုံအရိုက်ခံနေသော ကျောင်းသူ တချို့ကိုကြည့်၍ နှာခေါင်းတစ်ချက်ရှုံ့လိုက်၏။ ကျွန်တော်က ိုင်အတွေးကို စဉ်းစားမိပြီး လှိုင်အပြုအမူကို သဘောကျစွာ ရယ်—ည်။

ထိုအခါ လှိုင်က နှုတ်ခမ်းကိုက်ပြပြီး မျက်စောင်းထိုးလေသည်။ နောက် စီးပွားရေးတက္ကသိုလ်ဝင်းကို ဖြတ်သန်းလိုက်ကြပြီးသောအခါ အင်းလျားကန်ဘောင်သို့ ရောက်လာကြပြီ။

"လှိုင် ... နင်ဘယ်ဆိုင်ထိုင်ချင်လဲ"

လှိုင်က ကန်ဘောင်တလျှောက်ရှိ ဆိုင်တွေကို တစ်ချက် ာရှမ်း၍ ကြည့်သည်။

"ဘယ်ဆိုင်ကောင်းမလဲဟင် ဝေမင်း ... ငါမသိဘူးဟဲ့။"

သူ့စကားကြောင့် ကျွန်တော်ကပင် ထိုင်မည့်ဆိုင်ကို ဦးဆောင်၍ ရွေးချယ်ရသည်။

"လာ ... လှိုင်၊ ဟိုးဘက်အစွန်ဆုံးဆိုင်မှာ ထိုင်ကြမယ်။ အဲဒီဆိုင်က လက်ဖက်ရည်ပါရတယ်။"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် ရွေးချယ်မှုကို လှိုင်က ဘာမှမပြောဘဲ တိတ်ဆိတ်စွာ လိုက်ပါလာ၏။ ကျွန်တော်တို့ ထိုင်, ထိုင်ချင်း ရောက်လာသော စားပွဲထိုးလေးကို ဘူးသီးကြော်တစ်ပွဲ၊ လန်ဒန်တစ်ပွဲဟု ကျွန်တော်က မှာလိုက်သည်။

လှိုင်သည် အင်းလျားရေပြင်အစပ်က လှိုင်းငယ်လေးများကို ငေးကြည့်နေ၏။ ကျွန်တော်တို့ ထိုင်နေသော စားပွဲသည် အရိပ်အာဝါသကောင်းလှသော သစ်ပင်တစ်ပင်အောက်တွင် ဖြစ်နေသည်။ နေရောင်သည် အခြားနေရာများတွင် ခပ်ပျော့ပျော့ပူနေသော်လည်း ကျွန်တော်တို့ ထိုင်နေသည့်နေရာကတော့ ပကတိအေးမြနေလျက်ရှိသည်။

ခပ်လှမ်းလှမ်းရှိ ရေပြင်ပေါ်တွင် ရေဘဲနှစ်ကောင် ကူးခတ်နေသည်ကိုလည်း မြင်ရ၏။ စားပွဲထိုးကောင်လေးက စောစောကမှာထားသော စားစရာများကို လာချနေသည်။ ရုတ်တရက်ပူနေသော နေရောင်သည် မှိန်ဖျော့သွားပြီး လေအေးအေးတစ်ချက်က ကျွန်တော်တို့ကို တိုက်ခတ်သွား၏။

ထိုစဉ် လှိုင်မျက်လုံးလေးများ လက်ခနဲ ဖြစ်သွားသည်ကို ကျွန်တော်မြင်လိုက်ရပါသည်။ ကျွန်တော်လည်း စိတ်ဝင်စားသွားပြီး လှိုင်ကြည့်နေသော မြင်ကွင်းကို လိုက်ကြည့်မိသွား၏။

လှိုင်က ငါကလေးဖေဒင်သည် ကုလားလေးတစ်ယောက်ကို လိုက်ကြည့်နေတာဖြစ်သည်။ ထိုကုလားလေး၏ လက်ထဲတွင် လှောင်အိမ်ငယ်တစ်ခုကို ကိုင်ထားပြီး တခြားဝိုင်းများတွင် စာကလေး



ဖေဒင်မေးဦးမလားဟု လိုက်ပြောနေဟန်တူသည်။ သို့သော် လှိုင်သည် စာကလေးဗေဒင်ကို သိပုံမရ …။ သူ့အမြင်တွင် ထူးဆန်းနေ၍သာ လိုက်ကြည့်နေပုံပေါက်သည်။ နောက်တော့ လှိုင်သည် မနေနိုင်တော့ဘဲ ကျွန်တော့်ကို လက်ညှိုးထိုး၍ မေးတော့သည်။

"ဝေမင်း … ဟိုကောင်လေးက ဘာရောင်းနေတာလဲဟင်"

"အဲ့ဒါ စာကလေးဗေဒင်သည်လေ … သူ့ဆီမှာ ဗေဒင်မေးဦးမလားဆိုပြီး လိုက်ပြောနေတာ ဖြစ်မှာပေါ့"

"ဗေဒင် ဘယ်လိုဟောတာလဲဟင်၊ စာကလေးက ဟောတာလား၊ မှန်ရော မှန်ရဲ့လား"

"ဘယ်လိုဟောတာလဲဆိုတာတော့ ငါလည်း မသိဘူး။ စာကလေးဟောတာတော့ မဟုတ်နိုင်ဘူးဟ၊ စာကလေးက လူလိုမှ မဟောတ်ဘဲ၊ မှန်တာ, မမှန်တာ ဆိုတာကလည်း ဗေဒင်ပဲဟာ… ဘယ်လိုလုပ်ပြီး အားလုံးကွက်တိ မှန်နိုင်ပါ့မလဲ၊ နည်းနည်းပါးပါး တိုက်ဆိုင်တာလောက်ပဲ ရှိမှာပေါ့"

"နင်ရော, စာကလေးဗေဒင် မေးဖူးလားဟင်, ဝေမင်း"

"ဟင့်အင်း, မမေးဖူးပါဘူး"

"ဒါဆို , ငါတို့စမ်းမေးကြည့်ရင် ကောင်းမလား။ ပိုက်ဆံ သိပ်မပေးရဘူး ထင်တယ်နော်"

"အင်း… ပိုက်ဆံ သိပ်မပေးရပါဘူး။ လွန်ရော, ကျပ်ရောမှ

www.burmeseclassic.com

www.burmeseclassic.com



နစ်ရာလောက်ပေါ့ဟာ…"

"ဟာ… ဟုတ်လား. ဈေးပေါသားပဲ၊ ငါ့ဆီမှာ ပိုက်ဆံလေးရာလောက် ကျန်သေးတယ်၊ ငါတို့ စာကလေးဖေဒင် မေးရအောင်နော် ဝေမင်း … နင်ပါမေးပေါ့"

" မမေးချင်ပါဘူး လှိုင်ရယ်"

"ငါ့ပိုက်ဆံစိုက်ပေးပါ့မယ် ဝေမင်းရဲ့၊ နော်… နင်ပါမေးစမ်းပါ "

"မဟုတ်ဘူး … လှိုင်ရဲ့ ပိုက်ဆံကြောင့် မဟုတ်ဘူး၊ ငါ့ဆီမှာလည်း ပိုက်ဆံသုံးရာလောက် ကျန်ပါသေးတယ်၊ မမေးချင်လို့ မမေးတာ၊ နင် မေးချင် မေးလေ… ငါတော့ မမေးချင်ဘူး"

လှိုင်သည် ကျွန်တော့် ငြင်းဆိုမှုကို လက်မလျှော့သေးဘဲ ထက်မံ ဆွဲဆောင်ပြန်သည်။

"ဝေမင်းရယ် … နင် မယုံလည်း ငါနဲ့အဖော်ရအောင် မေးစမ်းပါဟ … လိမ္မာပါတယ်၊ တို့နှစ်ယောက် အတူတူ မေးကြမယ်လေ … နော် …"

ကျွန်တော် ထပ်ငြင်းဖို့ စိတ်ကူးလိုက်မိသော်လည်း ထိုစိတ်ကူးသည် စိတ်ကူးသာဖြစ်ခဲ့ပြီး လက်တွေ့အကောင်အထည် မဖော်ဖြစ်ခဲ့ပါ။ အကြောင်းမှာ လှိုင် ကျွန်တော့်အား ကြည့်နေသော မျက်လုံးများကြောင့် ဖြစ်လေသည်။ ထိုမျက်လုံးများ၏ အဓိပ္ပါယ်ကို ကျွန်တော် ကောင်းကောင်းသိပါသည်။



ကျွန်တော် ခေါင်းညိတ်ပြလိုက်သောအခါ လှိုင်က ပျော်ရွှင်စွာ ပြုံးပြ၏။ တဖြည်းဖြည်းနှင့် စာကလေးဖေဒင်သည် ကုလားလေးသည် ကျွန်တော်တို့ ဝိုင်းနားသို့ တိုးကပ်ရောက်ရှိလာသည်။ ကျွန်တော်တို့ ဝိုင်းဆီသို့ ထိုကုလားလေး ရောက်မလာမီပင် လှိုင်က ကုလားလေးကို လက်ယက်ခေါ်နေလေသည်။

ထိုအခါ စာကလေးဖေဒင်သည် ကုလားလေးသည် ကျွန်တော်တို့ ဝိုင်းသို့ အလျင်အမြန်ပင် ရောက်လာ၏။

"အစ်မ … စာကလေးဖေဒင် မေးမလို့လား"

ကုလားလေး၏ ဆံပင်များသည် ခွေခေါက်ပြီး ဦးရေပြားနှင့် လိပ်ကပ်နေသည်။ ကျွန်တော်က သူ့ဆံပင်များကို ကြည့်ရင်း သဘောကျစွာ ပြုံးမိ၏။ စိတ်ထဲတွင်လည်း ထိုကုလားလေးကို အရွယ်နှင့်မလိုက်အောင်လည်မယ့် ကောင်လေးဟု မှတ်ချက်ချနေမိသည်။

"နင့် ဖေဒင်က ဘယ်လိုမေးရမှာလဲ၊ ငါ့ကို ရှင်းပြဦး"

လှိုင်က ကုလားလေးကို မေးလိုက်ခြင်း ဖြစ်သည်။

"အစ်မ ဘာနေ့သမီးလဲ၊ ရိုးရိုးမေးမှာလား၊ ရှယ်မေးမှာလား"

"ရိုးရိုးနဲ့ ရှယ်နဲ့က ဘာကွာလို့လဲ"

"ဈေးကွာတယ်၊ ရိုးရိုးက တစ်ခါမေး သုံးဆယ်၊ ရှယ်က ငါးဆယ် …၊ ရိုးရိုးက ဟောထားတာနည်းတယ်၊ မရုံဘူး၊ ရှယ်က

www.burmeseclassic.com

www.burmeseclassic.com



အစုံပေါ်ထားတာ

"အေး ··· ဟုတ်ပြီ။ ရှယ်က ငါးဆယ်နော် ···၊ ဒါဆို ရှယ်မေးမယ်။ နှစ်ယောက် ···"

"အစ်မအရင်မေးမှာလား။ မွေးနေ့ပြော ···"

"ဗုဒ္ဓဟူး ····၊ နေပါဦး ··· နင့်တကလေးက ဘယ်လို ဟောမှာလဲ။ ငါ့ကိုပြောပြဦး"

ကုလားလေးက သူ့လက်ထဲက တကလေး လှောင်အိမ် ကို တားပွဲပေါ်တင်လိုက်သည်။ နောက်လှောင်အိမ်တံခါးကို ဖွင့်သည်။ ထိုအခါ တကလေးသည် လှောင်အိမ်အဝရှိ တန်းလေးပေါ်သို့ ရောက်လာ၏။ ကုလားလေးက လှောင်အိမ်အပေါ်ရှိ အံဝှက်ထဲမှ ဖဲချပ်အရွယ်ကဒ်ပြားလေးများကို ပြရင်း လှိုင်ကို ရှင်းပြသည်။

"ဒီလိုအစ်မရဲ့။ ဟောဒီကဒ်ပြားတွေမှာ မွေးနေ့အစုံပါတယ်။ အဲဒီထဲက အစ်မရဲ့ မွေးနေ့ဗုဒ္ဓဟူးကို တကလေးက ရွေးထုတ်ပေး လိမ့်မယ်။ တကယ်လို့ မှားသွားရင် နှစ်ဆ ကျွန်တော်က ပြန်လျော် ပေးမယ်။ (၁၀၀)ပေါ့။ ဟောပြောချက်က အဲဒီကဒ်ပြားပေါ်မှာ ပါ တယ်"

လှိုင်သည် တကလေးမှားရင် နှစ်ဆပြန်လျော်မယ်ဆိုသော စကားကို စိတ်ဝင်စားနေပုံပေါ်သည်။ ကုလားလေးကို စလိုသည့်သဘော ဖြင့် တကယ်လျော်ရမှာနော် ဟုပင်ပြောလိုက်သေးသည်။

"လျော်မှာပေါ့ အစ်မရဲ့။ ဟောဒီမှာ ပိုက်ဆံပါတယ်"



ကုလားလေးက သူ့အိတ်ကပ်ကို ပုတ်ပြရင်း ပြောတော့ ကျွန်တော်တို့ရယ်ကြရသေးသည်။ နောက် ··· ကုလားလေးက တကလေးကို စပါးလုံး တစ်လုံး၊ နှစ်လုံးခန့် ကျွေးနေ၏။ နှုတ်မှ လည်း ဘာတွေမှန်းမသိ တတွတ်တွတ် ရွတ်နေလေသည်။ သူ့လက် ထဲမှ ကဒ်ပြားတွေကိုလည်း ဖဲချပ်များလို ကုလားဖန့်ထိုးပြီး တကလေး ရှေ့မှာ ဖြန့်ချလိုက်သည်။ ထိုအခါ တကလေးသည် သူ့ရှေ့ကကဒ်ပြား များပေါ် ခေါင်းတညိတ်ညိတ် လုပ်နေ၏။ ကဒ်ပြားရွေးနေတာပဲဟု ကျွန်တော် နားလည်လိုက်သည်။

"မှားပါစေ. မှားပါစေ···

လှိုင်ဆီမှ ဆုတောင်းသံဖြစ်လေသည်။ ကုလားလေးကလည်း သူ့တကလေးကို မှားပါစေဟု ဆုတောင်းနေသော လှိုင့်အား ဘု ကြည့် ကြည့်နေ၏။ ကျွန်တော်ကတော့ လှိုင့်ကိုသာ ရယ်ချင်နေမိသည်။ တကလေး၏ နှုတ်သီးသည် ကတ်ပြားများရှေ့၌ ဝေ့ဝဲလျက် ရွေ့လျား နေပေသည်။

ဟော··· ဆွဲတော့မယ်··· ဆွဲပြီ. ဆွဲပြီ။ တကလေးက သူ့ရှေ့၌ ကဒ်ပြားတွေ အများကြီးရှိသည့်အနက် ကဒ်ပြားတစ်ခု ကို ဆွဲလိုက်သည်။ ကျွန်တော်ရော လှိုင်ပါ နှစ်ယောက်စလုံးသည် ထိုကဒ်ပြားကို အလုအယက်ဝိုင်းကြည့်မိကြသည်။

ဗုဒ္ဓဟူးသား/သမီးအတွက် ဟောပြောချက် ···၊ ဒါဆို တကလေးရွေးတာ မှန်သွားပြီပေါ့။ ကုလားလေးသည် ပြုံးရွှင်လျက်

www.burmeseclassic.com

www.burmeseclassic.com



ထိုကဒ်ပြားလေးကို လှိုင်အားပေးလိုက်၏။ လှိုင်က ဘူသီးကြော်တစ်ခု ယူစားလိုက်ရင်း ဗုဒ္ဓဟူးနေ့ ဟောစာတမ်းကို သေချာဖတ်နေလေသည်။

ကျွန်တော်က လန်ဒန်တစ်လိပ်ကို မီးညှိ၍ ဖွာလိုက်ပါသည်။

"အစ်ကိုရော မေးမှာမဟုတ်လား၊ ဘာနေ့သားလဲ"

"ငါလည်း ဗုဒ္ဓဟူးသားပဲ၊ ကဒ်ပြားက သူ့ဆီရောက်နေတယ် မဟုတ်လား၊ သူပြီးမှ ဟောလို့ရမှာပေါ့၊ မင်းစာကလေး ဘယ်လောက်ပဲ တော်တော် ဗုဒ္ဓဟူးနေ့ ကဒ်ပြားမပါဘဲ ရွေးရင် လွဲသွားမှာပေါ့"

ထိုအခါ ကုလားလေးက ကျွန်တော့်ကို သနားသလို ပြုံး ကြည့်နေသည်။ ပြီးတော့မှ ရှင်းပြသည်။

"အစ်ကိုကလည်း ဟောဒီ ကဒ်ပြားတွေထဲမှာ ဗုဒ္ဓဟူးတွေ အများကြီးပါတယ်၊ သဘောပေါက်···"

ထိုစကားကြောင့် ဗေဒင်ဖတ်နေသော လှိုင်က ကုလားလေး ကို မျက်လုံးပြူးကြည့်သည်။ ကုလားလေးကလည်း သူ့စကား နည်း နည်းလွန်သွားပြီဆိုတာ သဘောပေါက်သွားပြီး ချက်ချင်းပဲ ရှင်းပြရှာ သည်။

"ဒီလိုပါ၊ ဟောဒီ ကတ်ပြားတွေက စုစုပေါင်း နှစ်ဆယ့် တစ်ချပ်ရှိတယ်၊ ခုနစ်ရက်၊ ခုနစ်ရက်သုံးစုံပေါ့၊ တနင်္လာသုံးခု၊ အင်္ဂါ သုံးခု၊ ဗုဒ္ဓဟူးသုံးခု···၊ အစ်မက ဗုဒ္ဓဟူးတစ်ခု ဖတ်နေတယ်နော် ဟောဒီထဲမှာ နှစ်ခုကျန်သေးတယ်၊ အဲ့ဒါကို ပြောတာ"



"ဪ··· ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဒါဆိုလည်း မေးတာပေါ့"

ကျွန်တော်က ဗေဒင်မေးဖို့ သဘောတူလိုက်သောအခါ၊ ကုလားလေးသည် စောစောက လှိုင်အတွက်မေးစဉ်တုန်းက အတိုင်း နှုတ်မှ တတွတ်တွတ် ရွတ်နေပြန်သည်။ စာကလေးသည် ပထမ အကြိမ်တုန်းကအတိုင်း ဗေဒင်ကဒ်ပြားထဲမှ ဗုဒ္ဓဟူးကဒ်ကို ရွေးလေ သည်။ မလွဲ···။

စာကလေး၏ နှုတ်သီးတွင် အံ့ဩစဖွယ် ဗုဒ္ဓဟူးသားသမီး အတွက် ဟောစာတမ်းပါသော ကဒ်တစ်ခုပါလာ၏။

အံ့ဩသင့်နေသော်လည်း ဘာမှ ပြောမနေတော့ဘဲ ကျွန်တော့်အတွက် ဗေဒင်ဟောစာတမ်းကို ဖတ်နေမိတော့သည်။

ဗေဒင်ဟောစာတမ်းသည် ကျွန်တော်တို့ ဖတ်နေကျ မဂ္ဂဇင်းထဲက ဗေဒင်များအတိုင်းသာ ဖြစ်သည်။ ထူးခြားမှု သိပ်မရှိ လှချေ။

ကျွန်တော်က လှိုင့် အခြေအနေကို သတိရမိပြီး ခိုးကြည့် လိုက်ပါသည်။ ထိုအခါ၊ လှိုင်က ကျွန်တော့်အား ညင်သာစွာပြုံးပြ၏။

လှိုင်၏အပြုံးသည် ငွေရောင်လက်စိုနေသော နှင်းပွင့်လေး တစ်ပွင့်ကို နွေလယ်ခေါင်တွင် မြင်တွေ့ရသလိုမျိုးဖြစ်သည်။

"ဝေမင်း··· နှင်ဟောစာတမ်းကမှန်ရဲ့လား။ ငါ ဥစ္စာက တော့ မဆိုးဘူးလားဟ ···။ တချို့နေရာတွေဆို ဒက်ထိပဲ"

"ဘာလဲ ··· လွဲတာလား"

www.burmeseclassic.com

www.burmeseclassic.com



"အေး ..."

ကျွန်တော်တို့ နှစ်ယောက်သား ပြိုင်တူရယ်မောမိကြသည်။ နောက် ... လှိုင်က ကုလားလေးအား ဖေဒင်မေးခနွေ တစ်ရာကို ထုတ်ပေးလိုက်၏။ ဖေဒင်မေးသည့်ကိစ္စပြီးသွားပြီ ဖြစ်သဖြင့် ကုလားလေးသည် သူ့ရှက်လျောင်အိမ်ကိုယူ၍ ပြန်တော့မည်အလုပ်တွင် လှိုင်က တားလိုက်ပါသည်။

"ခဏနေဦး ... ငါ စာကလေးကို ကြည့်ချင်လို့ ..."

"ရပါတယ် အစ်မရဲ့။ ကြည့်လေ ..."

ကုလားလေးက သဘောကောင်းစွာ ပိတ်ထားသည့် လျောင်အိမ်တံခါးကို ဖွင့်ပြလိုက်သေးသည်။ ကျွန်တော်က နောက်ထပ် လန်ဒန်စီးကရက်တစ်လိပ်ကို မီးညှိ၍သောက်နေမိ၏။

လှိုင် ကြည့်နေသော စာကလေး၏အမွေးများမှာ ချစ်စရာကောင်းလှသည်။

"ဟဲ့ ... နင့်စာကလေးက ပျံတတ်လား"

"မပျံပါဘူး"

"ပျံမရအောင် အတောင်ချိုးထားတာပေါ့"

"အဲဒီလိုတော့ လုပ်မထားပါဘူး။ ဒါပေမယ့် သူ့ကို ကာလီမယ်တော်နဲ့ တိုက်ထားတယ်၊ သူ မပျံပါဘူး"

ကာလီမယ်တော်နဲ့ ဘယ်လိုတိုက်ထားမှန်းတော့ ကျွန်တော်လည်း မသိ ...။ လှိုင် လျှောက်မေးသမျှ ဖြေနေရသော ကုလား



လေးကို ကျွန်တော်က ပြုံးပြရသေးသည်၊ ကျေးဇူးတင်သည့် သဘော ...။

လှိုင်က ကုလားလေးဆီမှ စပါးလုံးတစ်လုံး နှစ်လုံးခန့် ယူပြီး စာကလေးကို ကျွေးလိုက်၏။ စာကလေးသည် လျောင်အိမ်တံခါးဝမှ အပြင်သို့ ကိုယ်တစ်ကိုယ်စာခန့် ထွက်လာသည်။

ထိုစဉ် ...

"အား ... ပွလိုက်တာ"

ထိုအသံနှင့်အတူ လှိုင်သည် စားပွဲကိုပါ အလန့်တကြား ဆပုတ်လေသည်။ လှိုင်အသံက ခပ်ကျယ်ကျယ်ဖြစ်ပြီး ထိုအသံနှင့် တစ်ပြိုင်နက် စားပွဲကိုယောင်ပြီး ပုတ်လိုက်ချိန်မှာ ကွက်တိ ဖြစ်နေသောကြောင့် ကျွန်တော်ပင် လန့်သွားသည်၊ ထိုအဖြစ်အပျက်နှင့် ထိုအရှိန်ကြောင့် လျောင်အိမ်အပြင်သို့ ရောက်နေသည့် စာကလေးအား ခြောက်လှန့်သကဲ့သို့ ဖြစ်သွားပြီး စာကလေးမှာ ထပျံပြေးလေတော့သည်။

"ဘာဖြစ်တာလဲ လှိုင်ရဲ့ ..."

"ဘာဖြစ်ရမှာလဲ၊ နင့် ဆေးလိပ်နဲ့ ငါ့လက်ကိုလာထိုးမိတာလေ။ ဒီမှာ ပွလိုက်တာလွန်ရော ..."

လှိုင်က ပြောပြီး သူ့လက်တွေကို သေချာပွတ်သပ်ကြည့်နေပြန်သည်။ ကျွန်တော်လည်း ကျွန်တော်၏ မတော်တဆပေါ့လျော့မှုကြောင့် လှိုင်ပွသွားသည့်ကိစ္စကို တောင်းပန်ဖို့ခေါင်းစားရ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဆောရီးနော် ..."

"ဒီမှာ ... နမနေနဲ့အစ်ကို ...အခု ကျွန်တော့်စာကလေး အစ်ကိုတို့နှစ်ယောက်ကြောင့် ပျံပြေးသွားပြီး အဲဒီပြဿနာ ဘယ်လို ရှင်းမလဲ"

ကုလားလေး၏ စကားကြောင့် လှိုင်နှင့် ကျွန်တော် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ဖြစ်ကြသည်။

အံ့ဩမှု၊ ရယ်ချင်နေသည့် လှိုင်မျက်လုံးတွေ။

"မတော်တဆဖြစ်တာပဲ ညီလေးရာ ...။ ဒီမှာ သူ့လက် တောင် မီးတော်တော် ပူသွားပြီ"

"အဲဒါက ကျွန်တော်နဲ့မဆိုင်ဘူးလေ။ ကျွန်တော်နဲ့ဆိုင်တာ က ကျွန်တော့်စာကလေးကို ပြန်လျော်ပေးဖို့ပဲ"

ကုလားလေး၏စကားကြောင့် လှိုင်က ကုလားလေးကို အမြင်ကတ်သွားပုံရသည်။

"အောင်မယ် မလျော်နိုင်ပါဘူး။ နင့်စာကလေးက အစက ပြောတော့ မပျံပါဘူးဆို၊ ကာလီမယ်တော်နဲ့ တိုက်ထားတာဆို။ အခု နင့်စာကလေး ပျံပြေးတာ ငါတို့က ဘာဆိုင်လို့လဲ။ ငါတို့က အတင်း ပျံနိုင်းတာလည်း မဟုတ်ဘူး။ သူ့သဘောနဲ့ သူ ပျံပြေးတာ ...။ ဘယ်တတ်နိုင်ပါ့မလဲ"

"အစ်မနော် ... လူကြီးလုပ်ပြီး အဲဒီလို မညစ်ပတ်နဲ့။



ကျွန်တော့်စာကလေးက ကာလီမယ်တော်နဲ့ တိုက်ထားတာ ...။ သူ့ဟာနဲ့သူဆို ဘယ်တော့မှ ပျံမပြေးဘူး။ အခုဟာက အစ်မက တားပွဲကို တအားပုတ်လိုက်တော့ သူလည်းလန့်ပြီး ပျံပြေးသွားတာ ပေါ့။ အစ်မကြောင့် ဖြစ်ရတာ၊ မရဘူး။ လျော်ပေးရမယ်"

"ငါလည်း တားပွဲကို အားအားယားယား ပုတ်မလားဟဲ့။ ဒီမှာ အပူလောင်လို့ လန့်ပြီး ပုတ်မိတာပေါ့"

"ဟုတ်တယ် ... ဒါဆို အစ်ကိုလျော်ပေး ..."

ဘုရား ... ဘုရား ... သူတို့ပြဿနာက ကျွန်တော့် ဘက် လှည့်လာပြီ။ ဒါပေမယ့် စာကလေးလန့်ပြီး ပျံပြေးသည့် ကိစ္စမှာ လှိုင်ပရောဂမကင်းဟု ကျွန်တော်နားလည်ထားသည်။ အဲဒီ လိုပဲ ကျွန်တော့်ပယောဂလည်း မကင်း ...။

"ညီလေး ... မင်းစာကလေးကို ဘယ်လောက် လျော် ပေးရမလဲဟင်"

ကျွန်တော့်မေးခွန်းကြောင့် ကုလားလေးသည် လှစ်ခနဲ ပြုံးလိုက်သည်။

"သိပ်မများပါဘူး ... တစ်ထောင်ပဲပေးပါ"

ကုလားလေး ပြောလိုက်သော စာကလေး တန်ဖိုးကြောင့် ကျွန်တော် တော်တော်စိတ်ညစ်သွားသည်။ ကျွန်တော့်တွင် ပိုက်ဆံ သုံးရာကျော်ကျော်ခန့်သာ ရှိသည်၊ လှိုင်တွင်လည်း စောစောက လေးရာကျန်သေးသည်ဟု ပြောထား၏။ ဒါပေမယ့် စာကလေးဗေဒင်

www.burmeseclassic.com

www.burmeseclassic.com



မေးခ တစ်ရာပေးထားပြီး ဖြစ်သောကြောင့် လှိုင်မှာ သုံးရာခန့်သာ ကျန်တော့မည်။

ပြီးတော့ ကျွန်တော်တို့စားထားသော ဘူးသီးကြော်နှင့် လန်ဒန်ဖိုးတွေက မရှင်းရသေး ...။ အဲဒါတွေပါ ထပ်ရှင်းရလျှင် နှစ်ယောက်ပေါင်း ငါးရာခန့်သာရှိမည်။ စာကလေးတန်ဖိုးက တစ်ထောင်။

နောက် ... ကျွန်တော်ပြန်ဖို့ လမ်းစရိတ်။ လှိုင်ကတော့ အိမ်က ကားလာကြိုမှာမို့ သိပ်ပူစရာမလိုပါ။

လှိုင်ကို လှမ်းကြည့်လိုက်သောအခါ လှိုင်က ကျွန်တော်ကဲ့သို့ ငွေကြေးအခြေအနေကို စိတ်ထဲမှ တွက်ချက်နေပြီးဟန် တူသည်။ လှိုင်သည် ကုလားလေးကို ပြောလိုက်၏။

"နင့်စာကလေးက တစ်ထောင် မတန်ပါဘူး။ ပိုက်ဆံလိုချင်ရင် ရိုးရိုးတောင်း ...၊ အဲဒီလို မတန်တဆ လိမ်ပြီးမတောင်းနဲ့။ အေး ... နင့်စာကလေးဖိုးကို လိုချင်တယ်ဆိုရင်တော့ တစ်ရာလောက် ပေးလိုက်မယ်။ ဟုတ်ပြီလား ..."

"ရမလား အစ်မရဲ့ ...။ ကျွန်တော့်စာကလေးက တစ်ထောင်တောင်ကမှာ မဟုတ်ဘူး။ ဒီကောင်နဲ့ပဲ စီးပွားရှာနေရတာ...။ အခုတောင်းတဲ့ ဈေးက အစ်မတို့ကို အားနာလို့ တမင်လျှော့တောင်းတာ။ အမှန်ဆို သုံးထောင်လောက်တောင် တောင်းသင့်တယ်"

"နင် မဟုတ်တာတွေ လာပြောမနေနဲ့။ ဆူးလေဘုရားရှေ့မှာဆို စာကလေးတစ်ကောင် သုံးဆယ့်ငါးကျပ်၊ တစ်ရာဖိုး သုံးကောင်တောင်ရတယ်။ အခု နင့်ကို ငါတစ်ရာပေးမယ် ပြောထားသားပဲ။ နှစ်ကောင်တောင် ပိုရဦးမယ်"

"အာ ... ဒုက္ခပါပဲ...။ တူပါ့မလား အစ်မရဲ့။ ဆူးလေရှေ့မှာ ရောင်းတဲ့စာကလေးက အသက်လွှတ်ဖို့ရောင်းတဲ့ စာကလေး။ အဲဒီစာကလေးတွေက ကျွန်တော့်စာကလေးလို ဗေဒင် မဟောတတ်ဘူး။ ကဒ်ပြားမှားဆွဲလို့ ဟောရတာနဲ့ပဲ ကျွန်တော် မွဲလိမ့်မယ်။ ကျွန်တော့် စာကလေးက ကာလီမယ်တော်ဆီမှာ သေချာအပ်ပြီး ကျွန်တော့်အမား ကိုယ်တိုင် နှစ်ရှည်လများ လေ့ကျင့်ပေးထားရတာ။ အစ်မပြောတဲ့ တစ်ရာဖိုးသုံးကောင် စာကလေးနဲ့ ကျွန်တော့် စာကလေးနဲ့ ဘယ်လိုလုပ်ပြီး တူမှာလဲ"

သူတို့နှစ်ယောက် ပြောနေတာ နားထောင်ရင်း ကျွန်တော့်မှာ ရယ်ချင်လာသည်။ ကုလားလေးပြောတာ မှန်သော်လည်း သူ့ကို ပေးရန်ငွေ တစ်ထောင် ကျွန်တော်တို့မှာ မပါ။ ထို့ကြောင့် ကျွန်တော် အကြံထုတ်ရလေသည်။ လှိုင်လည်း ကုလားလေးကို ဘာပြန်ပြောရမည် မသိဘဲ ဖြစ်လျက်ရှိသည်။

ရုတ်တရက် ကျွန်တော်အကြံရသွားပြီး ကောင်တာမှာ ဆေးလိပ်မီးထည့်သလိုနှင့် ဆိုင်ရှင်ဆီမှာ ဘူးသီးကြော်ဖိုး၊ လန်ဒန်ဖိုးကရက်ဖိုး ငွေရှင်းရင်း ဆိုင်ရှင်ကို အကျိုးအကြောင်း ရှင်းပြရသည်။ နောက် ... ကျွန်တော်လုပ်မည့် အစီအစဉ်ကိုလည်း ပြောပြထား



www.burmeseclassic.com

www.burmeseclassic.com



ရသေး၏။

ကျွန်တော် ဝိုင်းသို့ပြန်ရောက်သောအခါ လှိုင်က ကုလားလေးကို ချော့နေလေသည်။

"လှိုင် ... မင်း ငယ်ငယ်က အပြေးပြိုင်ဖူးတယ် မဟုတ်လား"

ကျွန်တော့်မေးခွန်းမှာ ဘာမှ မဆိုင်သော မေးခွန်းဖြစ်သော်လည်း လှိုင်က ကျွန်တော့်ကို လှမ်းကြည့်လိုက်သည်။ ကျွန်တော်က ခေါင်းတစ်ချက်ညိတ်ပြလိုက်တော့ လှိုင်က အကင်းပါးစွာ သဘောပေါက်သွားပြီ ဖြစ်သည်။

ထိုအခါ လှိုင်သည် အတွေ့အကြုံသင်မှု ပျော်ရွှင်မြူးထူးသွားပြီး ကျွန်တော်လုပ်မည့် ကိစ္စကို သဘောတူကြောင်း သွယ်ဝိုက်သော နည်းအားဖြင့် ပြန်ပြောလေသည်။

"အေး ... ငယ်ငယ်ကတော့ အပြေးပြိုင်ဖူးတာပေါ့။ အခုနင်နဲ့ ပြိုင်ရမှာဆိုရင်တော့ ငါ့ကို နည်းနည်းပါးပါး အကြောပေးမိုလိုလိမ့်မယ်"

လှိုင်က ပြောပြီး စားပွဲအောက်မှ ကျွန်တော့်ပေါင်ကို လက်ဖြင့် တစ်ချက် ကုတ်ကာ ထွက်ခွာသွားတော့သည်။

ထိုအခါ ကုလားလေးသည် ကျွန်တော်တို့စကားများကို နားမလည်သော်လည်း လှိုင်ကို မသက်ာစွာ လိုက်ကြည့်နေ၏။ သို့သော် ကျွန်တော်ကျန်သေးသဖြင့် ဘာမှတော့ မပြော ...။ ကျွန်



တော်က ကုလားလေး၏ စိတ်ကို စမ်းသည့်သဘောဖြင့် မေးကြည့်လိုက်မိသေးသည်။

"မင်း စာကလေးဖိုးကို နည်းနည်းလျှော့လို့ မရဘူးလား ညီလေးရာ။ ငါးရာလောက်ဆို တော်ရောပေါ့"

"ဟာ ... ဘယ်ရမလဲ။ တစ်ပြားမှ မလျှော့နိုင်ဘူး။ တစ်ထောင်ပေးတာတောင် ကျွန်တော်က အမားကို ကျေနပ်အောင် ...ည်းပြောပြရဦးမှာ ..."

ကျွန်တော် စိတ်ထဲတွင် ထိုကုလားလေးကို တော်တော် ...မြင်ကတ်သွားလေသည်။ အခုလောက်ဆို လှိုင် အီကိုထဲကို ...က်နေလောက်ပြီဟု ကျွန်တော် တွေးမိသည်။ ကျွန်တော် လုပ် ...ဖို့ အချိန်တန်ပြီ။

"ညီလေး ... ဒီမှာ မင်းကို အစ်ကို ပိုက်ဆံတစ်ထောင် ...မှမပါဘူး။ ဒီတော့ ဆိုင်ရှင်ဆီမှာ ပိုက်ဆံသွားချေးပေးမယ်၊ မင်း ... ဒီမှာ ခဏစောင့် ..."

ကျွန်တော့်ကို ကုလားလေးသည် မသင်္ကာသလိုဖြင့် ...

"ဟို ... အစ်မရော"

"သူက အိမ်သာခဏလေးသွားတာပါ၊ ပြန်လာလိမ့်မယ်။ ... ဒီမှာ ခဏစောင့်ဦးနော်။ ငါ မင်းကိုပေးဖို့ ပိုက်ဆံသွားချေးလိုက် ...ယ်"

ကျွန်တော့်စကားကို ကုလားလေးသည် ခေါင်းညိတ်ပြ

www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ကျွန်တော်က ခပ်တည်တည်ဖြင့် ဆိုင်ကောင်တာ
လျှောက်သွားလိုက်သည်။ ဆိုင်ရှင်အစ်ကိုကြီးသည် စောစော
ကျွန်တော် ပြောပြထားသော အစီအစဉ်ကြောင့် ကျွန်တော့်အ
ဟန်လုပ်၍ ဖော်ဖော်ရွှေရွှေ စကားတွေ ပြောနေသည်။ ကုလားလေ
ကလည်း ကျွန်တော့်ကို မမိတ်မသုန်လိုက်ကြည့်လျက်ရှိသည်။

ဒီပုံစံအတိုင်းဆို ကုလားလေးသည် မျက်နှာလွှဲသွားမည်
မပေါ် ···။ ကျွန်တော်ကလည်း သူ မျက်နှာလွှဲသွားသည့် အ
အထိ စောင့်နေ၍မဖြစ် ···။ လုပ်စရာရှိသည့်ကိစ္စကို ကျွန်
ချက်ချင်းလုပ်မှ ဖြစ်မည်။ ကျွန်တော်သိပ်ထွေထွေထူးထူး စဉ်း
မနေတော့ဘဲ အင်းလျားမှ ကျောင်းထဲသို့ ဖွတ်ပြေးလေတော့သည်

ကုလားလေးသည် ကျွန်တော် ထိုကဲ့သို့ ထွက်ပြေး
မည် မထင်သဖြင့် ရုတ်တရက် အံ့သြနေရာ နောက်မှ ကျွန်
နောက်ကို ပြေးလိုက်ဖို့ သတိရဟန်တူသည်။ သို့သော် သူပြေး
ချိန် ကျွန်တော်နှင့် သူသည် တော်တော်အလှမ်းကွာသွားပြီ
သည်။ ကျောင်းထဲသို့ ကျွန်တော် ရောက်သွားလျှင် သူ ကျွန်
တို့ကို လိုက်ရှာတတ်တော့မည် မဟုတ်ပါ။

ဆိုင်ရှင် အစ်ကိုကြီးကလည်း ကျွန်တော် ကြိုတင်
ထားပြီးဖြစ်သဖြင့် ခပ်ပြုံးပြုံးရယ်မောနေခဲ့သည်။ ကုလားလေး
အသက်ဆယ်နှစ်ခန့်သာ ရှိဦးမည်ဖြစ်ရာ ကျွန်တော့်အပြေးနှ
မမီသည်က တစ်ကြောင်း၊ နောက် ··· သူ့လက်ထဲက စကား



ကျောင်းအိမ် အခွဲကြီးကို သယ်လာရသည်ကတစ်ကြောင်းတို့ကြောင့်
ကျွန်တော်တို့ကို အီကိုအဝင်ပေါက်အဝတွင်ပင် မျက်ခြေပြတ်
သွားခဲ့၏။

လှိုင်က အီကိုအဝင်ပေါက်ဝမှ ပြေးဝင်လာသော ကျွန်
တော့်အား စောင့်နေ၏။

"လာလာ ··· ဝေမင်း၊ ငါတို့ဒီအပေါ်ထပ်မှာ တက်ပုန်း
ကြမယ်"

နောက်တော့ သူ၏ဦးဆောင်မှုဖြင့် အီကိုစာသင်ခန်းများ
ရှိသော တတိယထပ်သို့ ကျွန်တော်တို့ ပြေးတက်သွားကြပါသည်။
ထို့နောက် တခြားကျောင်းသား ကျောင်းသူများကြားမှ ကျွန်တော်
တို့ရော ယောင်ပြီး ကိုယ်ယောင်ဖျောက်လိုက်ကြသည်။

စာသင်ခန်းအလွတ်တစ်ခုတွင် ဝင်၍ ကျွန်တော်တို့ ခဏ
အမောဖြေကြသေးသည်။ လှိုင်က အတွေ့အကြုံသစ်တစ်ခုမို့ ရင်ခုန်
ပျော်ရွှင်နေလေသည်။

"နင်က ဘယ်ဆိုးလို့လဲ လှိုင်ရဲ့၊ ငါပြောတဲ့သဘောကို
ချက်ချင်း အဓိပ္ပါယ်ပေါက်သွားပဲ"

ကျွန်တော်က ချီးကျူးလိုက်သောအခါ လှိုင်က ဘဝင်မြင့်
သွားသလို ပခုံးလေးကို တစ်ချက်တွန့်လိုက်ပါသည်။

"အံမယ် ··· နင်ကလည်း၊ ငါ အဲဒီလောက်တော့ သိ[illegible]
[illegible]ယ်ဟ ···။ အဲဒါက နားလည်မှုလို့ခေါ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေးဟ ... ဟုတ်တယ်နော်၊ အဲဒီပညာက သူလျှိုတွေ၊ တော်လှန်ရေးသမားတွေ အလုပ်လုပ်တဲ့အခါ တစ်ခါတလေကျတော့ ကြိုတင်တိုင်ပင်ထားဖို့ အခြေအနေ မပေးဘူးလေ။ ရှေ့က တစ်ယောက်လုပ်သွားတဲ့ဟာကို နောက်လူက ဘာသဘောဖြစ်နိုင်မလဲဆိုပြီး စဉ်းစားရတာဟ၊ အဲဒီကိစ္စမျိုးက ဦးနှောက်ချင်းတူမှ တစ်ယောက်စိတ်ကို တစ်ယောက် နားလည်မှုဖြစ်တာ ...၊ အခု ငါတို့ကိစ္စလိုပေါ့။ ငါတို့နှစ်ယောက်က ဘက်ညီတယ်နော် ဟား ဟား ဟား ..."

"ဟဲ့ ... ဝေမင်း ရယ်မနေနဲ့၊ ဟို ကုလားလေးကို သွားချောင်းကြည့်စမ်း။ သွားဆို ..."

ကျွန်တော်က လှိုင်၏အမိန့်ကို နာခံစွာ ဒုတိယထပ်လှေကားထိပ်မှ အောက်သို့ချောင်းကြည့်ရသည်။ ကုလားလေးသည် လူတွေအများကြီးကြားထဲမှာ ကျွန်တော်တို့ နှစ်ယောက်ကို ဘယ်လိုရှာရမည် မသိဘဲ ဖြစ်နေလေသည်။ လှိုင်ကလည်း မနေနိုင်တော့ဘဲ ကျွန်တော့်ဘေးနားမှနေ၍ ကုလားလေးကို ချောင်းကြည့်နေပြန်သည်။

ကုလားလေး၏ မျက်လုံးများသည် ဝေ့ခနဲ လှေကားထိပ်သို့ရောက်လာလျှင် လှိုင်သည် ဒုတိယထပ်မှ တတိယထပ်သို့ ပြေးတက်သွားလေသည်။ တကယ်တော့ ကုလားလေးက ကျွန်တော်တို့ကို မြင်သည်မဟုတ်၊ လှိုင်က သူ့ဘာသာ သူ စိတ်မလုံဖြစ်နေခြင်းသာဖြစ်သည်၊ ခဏကြာတော့ လှိုင်က ပြန်ဆင်းလာပြန်



သည်၊ ကုလားလေးသည် ကျွန်တော်တို့ကို ရှာဖို့ ဘယ်လိုမှ မတတ်နိုင်တော့သည့်အဆုံး လာလမ်းအတိုင်း အင်းလျားကန်ဘောင်ဘက်သို့ ပြန်လှည့်သွားတော့သည်။

ထိုအခါကျမှ ကျွန်တော်တို့နှစ်ယောက် ပုန်းနေရာမှ ပေါ်ပေါ်သင်ထင် ကျောင်းထဲ၌ လျှောက်သွားရဲလေသည်။ အရာရာမှာ ခုန်ခြင်း၏ အဓိပ္ပါယ်အား မကျော်လွှားနိုင်ဘဲရှိသည်၊ ကျွန်တော်တို့နှစ်ယောက်စလုံး ဆိတ်ငြိမ်စွာ ပေါ့ပါးနေမိကြ၏၊ ကောင်မလေးတစ်ယောက်၏ စိတ်လွတ်ကိုယ်လွတ် ပျော်ရွှင်နေပုံကို ပထမဆုံးအကြိမ် ကျွန်တော်မြင်ရခြင်းဖြစ်လေသည်။

ညနေသို့ ရောက်လာသည်အထိ ကျွန်တော်တို့နှစ်ယောက် အင်းပတ်လမ်းထောင့်မှာ ထိုင်ကာ စိန်ပန်းတွေကို ကြည့်လိုက်၊ ငှက်ကလေးတွေကို ကြည့်လိုက်၊ မိုးတိမ်များ ရွေ့လျားနေပုံကို ကြည့်လိုက်နှင့် ကြည်နူးနေခဲ့ကြသည်၊ ထိုနေ့က ကျွန်တော်မေ့လျော့နေခဲ့သည်မှာ ခွဲခွာချိန်ဆိုသည့် စကားလုံးဖြစ်ပါသည်၊

xxxxxxxxxxx

www.burmeseclassic.com

www.burmeseclassic.com

အဲဒီ .....

မိုးတိမ်ရဲ့ဓားထစ်တွေဟာ

ငါတို့ရဲ့စိတ်ချင်း ဆက်သွယ်မှုသက်သက်ပဲ။ ။

www.burmeseclassic.com

www.burmeseclassic.com

အခုတော့ ငါတို့ရဲ့
နှစ်ဦးသဘောတူ ဆည်းဆာထဲမှာ
ပျော်ရွှင်မှုတွေ၊
ပြီးတော့
ဘာတွေရောက်လာဦးမှာလဲ။ ॥



(၃)

ကျွန်တော် ယုံကြည်မျှော်လင့်ထားသော တန်ဖိုးတစ်စုံတစ်ရာသည် လိုင်ဖြစ်နေလိမ့်မည်ဟု ကျွန်တော် မထင်ခဲ့တာ အမှန်ပင်ဖြစ်ပါသည်။ သက်ပြင်းတစ်ချက်ကို ကျွန်တော် ခပ်ဝေးဝေးသို့ မှုတ်ထုတ်ပစ်လိုက်မိ၏။ လိုင်သည် လျှင်မြန်လွန်းသည့် အချိန်အတိုင်းအတာအတွင်းမှာ ကျွန်တော်နှင့် ရင်းနှီးသော ဆက်ဆံရေးတစ်ရပ်ကို သူ့ထောင်ထားခဲ့ပြီ။ ကျွန်တော် ထိုအချက်ကို တွေးမိပြီး ပြုံးလိုက်ပါသည်။

"ဟော့ကောင် ··· ဝေမင်း၊ တစ်ယောက်ထဲ ဘာတွေပြုံး

www.burmeseclassic.com

www.burmeseclassic.com



နေတာလဲ"

ကျွန်တော် လှည့်ကြည့်လိုက်တော့ ကျော်ကျော်မင်းဖြစ်နေသည်။ နှင်းဝင်းကိုပါ ကျော်ကျော်မင်း၏နောက်တွင် တွေ့ရ၏။

"ဘာကြောင့်မှ မဟုတ်ပါဘူး။ ဒီလိုပါပဲ … လျှောက်စဉ်းစားရင်း ဟိုတွေး ဒီတွေးပေါ့"

"ဟော့ကောင် … မင်းကောင်မလေးရော …"

နှင်းဝင်းက မေးလိုက်ခြင်းဖြစ်သည်။

"သူ အတန်းတက်နေတယ်၊ ပြီးမှ လာလိမ့်မယ်"

"ဩော် … ဩော် ဒီလိုတွေတောင် ဖြစ်ကုန်ပြီကိုး …"

"ဟာ … နှင်းဝင်းရာ၊ မင်းစကားကလည်း …၊ ငါတို့က ရိုးရိုးသူငယ်ချင်းတွေပါကွ"

"အေးလေ … ငါလည်း ဘာပြောသေးလို့လဲ၊ ဒီလိုတွေတောင်ဆိုတာ သူငယ်ချင်းတွေတောင် ဖြစ်နေပြီလို့ ဆိုလိုတာပါ"

နှင်းဝင်း၏ စကားအဆုံးတွင် ကျော်ကျော်မင်းက ဝင်ပြော၏။

"ဝေမင်း … မင်းနော်၊ ရိုးရိုးကနေ ရှယ်ဖြစ်သွားဦးမယ်"

"ဟာ … ဒီကောင် လုပ်ပြန်ပြီ"

ကျွန်တော် ကျော်ကျော်မင်း၏ လက်မောင်းကို ခပ်ပြင်းပြင်း တစ်ချက်ထိုးလိုက်ပါသည်။ ကျော်ကျော်မင်းက အရှက်မရှိထအော်သည်။



"လှိုင်ရေ … ကယ်ပါဦးဗျို့"

ထိုစဉ် လှိုင်က နောက်မှရောက်လာပြီး …

"ကျွန်မက ဘာကိုကယ်ရမှာလဲ" ဟု ကျော်ကျော်မင်းကို ရယ်ချင်သည့် မျက်နှာဖြင့် မေးတော့သည်။ လှိုင်သည် ကျွန်တော်မှလွဲ၍ ကျော်ကျော်မင်းနှင့် နှင်းဝင်းတို့ကို "ငါ"ဟု မပြောဘဲ "ကျွန်မ" ဟု ရွေးပြောပါသည်။

"ဒီမှာလေ … သူ ကျွန်တော့်ကို နှိပ်စက်နေတာ"

"ဟင် အဲဒီကိစ္စက ရှင်တို့သူငယ်ချင်း အချင်းချင်းဖြစ်ကြတဲ့ ကိစ္စက ရှင်တို့သူငယ်ချင်း အချင်းချင်းဖြစ်ကြတဲ့ ကိစ္စပဲ၊ ကျွန်မက ဘယ်လိုလုပ်ပြီး ကယ်နိုင်မှာလဲ"

လှိုင် ဆောနားတွင်ပါလာသော မှိုးပပက ဟက်ခနဲ ဝင်ရယ်ရင်း ကျွန်တော့်ရှေ့တည့်တည့်တွင် ဝင်ထိုင်လိုက်သည်။

"အခုမှ သတိရတယ်၊ ဟော့ကောင် နှင်းဝင်း မနေ့က မင်းတို့ဝိုင်းသွားတာ နိုင်လား၊ ရှုံးလား …"

"နိုင်တယ်ကွ …ဒါပေမယ့် အများကြီးတော့ မဟုတ်ဘူး။ သုံးထောင်လောက်ပဲနိုင်တာပါ။ အဲဒါ မင်းပါမလာလို့။ မဟုတ်ရင် ဒီထက်ပိုနိုင်တယ်။ ဒီကောင် ကျော်ကျော်မင်းပေါ့။ နှစ်သောင်းလောက်နိုင်နေတာကို မထဘူး။ အဲဒါဆက်ဆော့နေတာ ပြန်ရှုံးကုန်ရော… မင်းပါလာရင် ဒီကောင်ကို တော်ခိုင်းလို့ရမှာ။ အခု ငါက တစ်ပေါက်တည်းဆိုတော့ ဒီကောင်က တော်ခိုင်းလည်း မတော်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ··· နိုင်ဝင်းရ၊ မင်းတော်ခိုင်းတိုင်း တော်လို့ရမလား ကွ။ ငါနိုင်ပြီ ထပြန်တော့မယ်ဆိုရင် ကလေးဆန်နေမှာပေါ့။ ငါတို့ ရှုံးတဲ့အခါတုန်းကလည်း သူတို့က ဆက်ဆော့ပေးခဲ့ဖူးတာပဲ။ မင်းစိတ် က, ကလေးစိတ်နဲ့လာပြောနေတာကိုး ···"

ကျွန်တော်က သူတို့နှစ်ယောက် ပြောသမျှကို ခေါင်း တညိတ်ညိတ်နှင့် နားထောင်ရင်း အဆုံးအဖြတ် ဝင်ပေးရသည်။

"ကဲကဲ ··· တော်ကြတော့၊ နှစ်ယောက်စလုံး မှန်တယ်၊ ရန်ဖြစ်မနေကြနဲ့။ အခု အကောင်းဆုံး အစီအစဉ်က မင်းတို့ နိုင် လာတဲ့ ပိုက်ဆံသုံးထောင်ကို ငါတို့ကို တစ်ခုခုလိုက်ကျွေး ···။ လှိုင် သဘောတူတယ် မဟုတ်လား"

"ဟာ ··· ဝေမင်းရယ်၊ သိပ်တူတာပေါ့"

ကျော်ကျော်မင်းက မျက်နှာကို ရှုံ့မဲ့ရင်း ပြောလိုက်သည်။

"ဟုတ်နေတာပဲ။ အဆိုတင်သွင်းတဲ့လူနဲ့၊ ထောက်ခံတဲ့လူ နဲ့ ညီညွတ်လှချည်လား"

"ဒါပေါ့ကွ၊ မင်းကလည်း ပါးစပ်စိုက်ပြီး လိုက်စားရမယ့် လူတွေပဲဥစ္စာ၊ ကဲ ဘယ်ဆိုင်သွားမှာလဲ"

နိုင်ဝင်း၏ အမေးကို မျိုးပပက ဝင်ဖြေ၏။

"အင်းလျားဖြစ်ဖြစ် သွားကြတာပေါ့"

မျိုးပပ၏ စကားကြောင့် ကျွန်တော်နှင့် လှိုင်တို့ အကြည့် ချင်းဆုံဖြစ်ကြသည်။ ထိုအခါ လှိုင်ဆီမှ စကားသံတို့ ဦးစွာထွက်လာ



သည်။

"ဟာ ···မဖြစ်ဘူး။ မဖြစ်ဘူး။ အင်းလျားသွားလို့ မဖြစ် ဘူး။ နော် ··· ဝေမင်း ··· ဟုတ်တယ် မဟုတ်လား"

"အေး ··· ဟုတ်တယ်၊ မဖြစ်ဘူး"

ကျွန်တော်တို့ နှစ်ယောက်၏ စကားကိုကြားလျှင် ကျော်ကျော်မင်း၊ နိုင်ဝင်းနှင့် မျိုးပပတို့သည် တအံ့တသြ ငိုင်းကြည့် ကြ၏။ ကျွန်တော်က ထိုအကြည့်များကို ရှင်းပြဖို့ လိုအပ်ကြောင်း သဘောပေါက်လိုက်သည်။ လှိုင့်ကို လှမ်းကြည့်လိုက်သောအခါ သူ ကလည်း သဘောပေါက်စွာ ခေါင်းတစ်ချက်ညိတ်ပြ၏။

ထို့နောက် ကျွန်တော်တို့နှစ်ယောက်သား သူတို့ကို အင်းလျားသွား၍ မဖြစ်ကြောင်း ရှင်းပြရတော့သည်။ ကျွန်တော်တို့၏ ရှင်းပြချက်အဆုံးတွင် မျိုးပပနှင့် ကျော်ကျော်မင်းတို့က တဝါးဝါး၊ တဟားဟားနှင့် ရယ်ကြပါသည်။ နိုင်ဝင်းက ခပ်ပြုံးပြုံးနှင့် ခေါင်း တညိတ်ညိတ် လုပ်နေ၏။

"ကဲ ··· ဒါဆို လှည်းတန်းပဲ သွားကြတာပေါ့"

မျိုးပပက ခပ်ပေါ့ပေါ့ ဝင်ပြောလိုက်ခြင်း ဖြစ်သော်လည်း ထိုစကားသည် အတည်ဖြစ်သွားပြီး ··· ကျွန်တော်တို့အားလုံးမှာ တကယ်ပင် လှည်းတန်းသို့ ရောက်လာခဲ့ကြသည်။

လှည်းတန်းမီးပွိုင့်တွင် မီးနီမိ၍ ကားတွေရပ်ထားစဉ် ကျွန်တော်တို့ လမ်းကူးကြဖို့ ဟန်ပြင်လိုက်ကြ၏။ ထိုစဉ် မျိုးပပက

www.burmeseclassic.com

www.burmeseclassic.com



သို့င်ပခုံးကို ပုတ်လိုက်ရင်း ...

"ဟယ် ... ဟိုမှာ၊ ဟိုမှာ ... စာကလေးဗေဒင်သည့် ကုလားလေး"

မျိုးပပစကားကြောင့် လှိုင်က ဖျတ်ခနဲ ကျွန်တော့် နောက်သို့ ကွယ်လိုက်ပါသည်။ ပြီးတော့မှ ကျွန်တော့်ခန္ဓာကိုယ်နှင့် ကွယ်ရင်း မျိုးပပပြသော နေရာသို့ ချောင်းကြည့်လေသည်။

ကျွန်တော်တို့ အားလုံးလည်း မျိုးပပပြသောနေရာသို့ ကြည့်မိ၏။ အမှန်တော့ မျိုးပပက လှိုင့်ကို နောက်လိုက်ခြင်းသာ ဖြစ်သည်။ လှိုင်က သူ့အလှည့်စားခံလိုက်ရ၍ မျိုးပပကို မျက်စောင်းထိုး၍ နှုတ်ခမ်းကိုက်ပြသည်။ မျိုးပပကလည်း သူ့လုပ်ရပ် အောင်မြင်သွား၍ ရယ်မောမဆုံး ...။

ဒီလိုနှင့် ကျွန်တော်တို့အားလုံး လှည်းတန်းရှိ ပြည်မြန်မာ ကုန်တိုက်ကြီးအောက်မှ စားသောက်ဆိုင်တန်းများ အလယ်ရှိ ကြေးအိုး၊ ဆီချက်နှင့် ခေါက်ဆွဲကြော်များရသောဆိုင်တွင် ကျွန်တော်တို့ ထိုင်ဖြစ်ကြသည်။

"ငါက ကြေးအိုး ... နင်ရော ဝေမင်း"

"ငါကလည်း ကြေးအိုးပဲ"

ကျော်ကျော်မင်းနှင့် နိုင်ဝင်းတို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း မဲ့လိုက်ကြ၏။ သူတို့ ဘာဖြစ်ကြသည်ကို ကျွန်တော် ကောင်းစွာသိပါသည်။ လှိုင်ကတော့ သူတို့ အမှာအရာတွေ



ကို မမြင် ...။ မျိုးပပက ဂျုံခေါက်ဆွဲတစ်ပွဲကို မှာနေသည်။ ကျော်ကျော်မင်းက ခေါင်ဆွဲကြော်။ နိုင်ဝင်းက ဆီချက်။

အသီးသီးမှာပြီးသောအခါ ကျွန်တော်တို့မှာ ခဏ စောင့်ကြရသည်။ ထိုအခိုက် လှိုင်မျက်လုံးတွေက လက်ခနဲ ဖြစ်သွားပြီး မြင်ကွင်းတစ်ခုကို သေချာကြည့်နေ၏။

"ဝေမင်း ... ဟိုမှာ၊ ဟိုမှာ ခင်ဆွေဝင်းတို့အတွဲ ..."

ကျွန်တော်လည်း လှိုင်ပြသည့် နေရာသို့ လှည့်ကြည့်လိုက်မိ၏။ ခင်ဆွေဝင်းနှင့် ခပ်ပိန်ပိန် ကောင်လေးတစ်ယောက်။ သူတို့ အတွဲသည် သူတို့ဘာသာ စားစရာများကို စားလိုက်၊ အချင်းချင်း ကြည့်နူးလျက်ရှိနေလိုက်နှင့် ကျွန်တော်တို့ကို မမြင်ပေ။

"ဟဲ့ ... ဝေမင်း၊ အဲဒါ ခင်ဆွေဝင်းကောင်လေး ကျော်ဇံတဲ့ ... ငါနဲ့သိတယ်။ လာ ... သူတို့အတွဲကို သွားနှုတ်ဆက်ရအောင် ..."

ခင်ဆွေဝင်းတို့ ထိုင်နေသော ဆိုင်မှာ ကျွန်တော်တို့ ထိုင်သော ဆိုင်နှင့် ကပ်လျက်ဆိုင်တွင် ဖြစ်သည်။ စားသောက်ဆိုင်တန်းများသည် တစ်ဆိုင်နှင့် တစ်ဆိုင် ဆက်လျက် ရောနှောနေလေသည်။ ကျွန်တော်တို့နှစ်ယောက်သား ခင်ဆွေဝင်းတို့ ထိုင်နေသော ဆိုင်သို့ ကူးလာကြ၏။

ခင်ဆွေဝင်းက ကျွန်တော်တို့နှစ်ယောက်ကို မြင်ရသော အခါ ဝမ်းသာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝေမင်းရယ် ··· နင်ကလည်း အိမ်တောင်လာမလည်ဘူး၊ လှိုင်ကတော့ ပြောပြပါတယ်။ နင်နဲ့ ကျောင်းထဲမှာ တွေ့တဲ့အကြောင်းကို ···။ ဟဲ့ ··· နင်တို့အမေရော နေကောင်းရဲ့လား"

"အေး ကောင်းပါတယ်ဟ"

"နင်တို့ နှစ်ယောက်ရော ပေါင်းတာတည့်ကြရဲ့လား။ ဝေမင်း ··· လှိုင်က စွာတယ်၊ သိလား"

"တည့်ပါတယ်ဟ။ နင်ပြောသလိုတော့ မစွာပါဘူး"

ထိုအခါ လှိုင်က ခင်ဆွေဝင်းကို ဝင်ပြောလေသည်။

"တွေ့တယ်မဟုတ်လား။ ငါ ဘာမှ ပြောစရာမလိုဘူး။ အမှန်တရားကို သိတဲ့လူက သူ့ဘာသာသူ ပြောတယ်"

လှိုင်စကားကြောင့် ကျွန်တော်တို့အားလုံး ရယ်ဖြစ်ကြသည်၊ ဒီတော့မှ ခင်ဆွေဝင်းက သူ့ကောင်လေး ကျော်ငံနှင့် ကျွန်တော့်ကို မိတ်ဆက်ပေး၏။

"ဝေမင်း ဒါက ကျော်ငံတဲ့။ ငါ့လူပေါ့ဟာ။ ပန်းချီဆရာ···၊ မီဒီယာတစ်ခုမှာ ဒီဇိုင်းလုပ်တယ်၊ မောင် ··· ဒါကတော့ ဝေမင်းတဲ့။ အရင်အိမ်တုန်းက တစ်လမ်းထဲပဲ။ လှိုင်ကိုတော့ မောင်သိပြီးသား မဟုတ်လား"

ကျော်ငံက ကျွန်တော့်ကို ပြုံးပြ၏။ ခင်ဆွေဝင်းသည် ယခင် ကျွန်တော်တို့ လမ်းထဲတွင် နေစဉ်တုန်းက ရည်းစားသနာမရှိသူ···။ ပထမနှစ်အထိ ကျွန်တော်နှင့်အတူ R.C (2) တွင် ကျောင်းတက်



သေးသည်၊ ဒုတိယနှစ်အရောက်တွင်မှ အဝေးသင်ကို ပြောင်းသွားသောဖြစ်သည်။ အခုတော့ ရည်းစားတွေ ဘာတွေတောင် ရနေပြီ။

လှိုင်က ကျော်ငံကို မေးလိုက်၏၊

"ကိုကျော်ငံရော အလုပ်အကိုင် အစဉ်ပြေရဲ့လား"

"အင်း ပြောပါတယ် လှိုင်ရဲ့ မီဒီယာဆိုတော့ ဒီလိုပဲပေါ့။ ···ယ်က ဒီဇိုင်းဆရာဆိုပေမယ့် ဟိုဟို ဒီဒီဆိုလည်း ပြေးရတာပါပဲ။ ···ပေမယ့် အဲဒါကပဲ ခပ်ကောင်းကောင်းရယ်။ အခုတော့ အဲဒီ ဟိုဟို ···ကို အကြောင်းပြုပြီး ခင်ဆွေဝင်းနဲ့တွေ့ရတာပေါ့။ ဟဲ ဟဲ ဟဲ···"

ကျော်ငံ စကားကြောင့် ကျွန်တော့်မှာ ပြုံးရသေးသည်။ ···ခင်ဆွေဝင်းက လှိုင်ကို မေးပြန်၏။

"လှိုင် ··· အခုနင်တို့ နှစ်ယောက်ထဲပဲလား"

"မဟုတ်ဘူး ခင်ဆွေဝင်းရဲ့ ဟိုဘက်ဆိုင်မှာ သူငယ်ချင်း···ပါသေးတယ်၊ နင်တို့အတွဲကို မြင်လို့ ဝေမင်းကို ခေါ်လာပြီး ···ဆက်တာ ···"

ထိုအခါ ကျော်ငံက ဝင်ပြော၏၊

"ဟာ ··· အဲဒါဆိုသွားလေ၊ ဟိုမှာ အားနာစရာကြီး ··"

"အံမယ် ··· ကိုကျော်ငံက နင်လွှတ်နေပြန်ပြီ"

"အဲဒီလို မဟုတ်ပါဘူး။ ဟိုလေ ···"

လှိုင်က နောက်လိုက်ခြင်းဖြစ်သော်လည်း ကျော်ငံက ···နေရခက်စွာ ဖြစ်သွားသည်၊ ကျွန်တော်ပင် ကျော်ငံကို အားနာ

www.burmeseclassic.com

www.burmeseclassic.com



မိ၏။

"လှိုင် ... နင်ကလည်း အဲဒီလို မနောက်နဲ့လေ"

"ဟာ ... ရပါတယ်။ ကိုဝေမင်းရဲ့ ... ပြဿနာမရှိပါဘူး"

လှိုင်က၊ ကလေးဆန်စွာ စိတ်ကောက်ဟန်ပြုသည်။

"ကဲ ... ဖြစ်နေလိုက်တာ၊ ပြန်မယ် ... ပြန်မယ်။ ဟဲ့ ဝေမင်း၊ ထ၊ ပြန်မယ်"

လှိုင့်စကားနှင့် အမူအရာတို့ကြောင့် ခင်ဆွေဝင်းက ရယ်လေသည်။ ကျော်ဇံမှာလည်း ဘာလုပ်ရမှန်း မသိဖြစ်နေသည်။ ကျွန်တော်လည်း ပြန်ဖို့ ဆုံးဖြတ်လိုက်မိ၏။

"ကိုကျော်ဇံ ... ကျွန်တော်တို့ ပြန်ဦးမယ်။ ဟိုမှာ သူငယ်ချင်းတွေပါလာလို့၊ ခင်ဆွေဝင်း ပြန်မယ် ..."

"ဪ ... ဟုတ်ကဲ့၊ ဟုတ်ကဲ့ ...။ ကျွန်တော့်ဗီဒီယာက ပန်းဆိုးတန်းမှာဗျ။ ရောက်ရင် ဝင်လည်ပေါ့ဗျာ။ ဟောဒီလိပ်စာလေး ယူထားလိုက် ..."

ကျော်ဇံက ကျွန်တော့်ကို သူ့အိတ်ထဲမှ လိပ်စာကဒ်ထုတ်ပေးသည်။ လှိုင်က ခင်ဆွေဝင်းကို မျက်စိတစ်ဖက် မှိတ်ပြသွားသည်ကို ကျွန်တော်မြင်လိုက်ရ၏။

နောက်တော့ ကျွန်တော်တို့နှစ်ယောက် တစ်ဘက်ဆိုင်သို့ ပြန်ကူးလာခဲ့ကြသည်။ ထိုအခါမှာထားသော ကြေးအိုးတွေက ရောက်



ပြီ။ ကျွန်တော်တို့၏ အာရုံများသည် ကြေးအိုးဆီသို့ ရောက်သွားသည်။

လှိုင်က ပထမဆုံးအသားဖတ်လေး တစ်ဖတ်ကို စားရင်း ပြော၏။

"ဖဲသမားလေးတွေ ... အမြဲဒီလိုပဲ နိုင်ပါစေ"

ကြည့်ပါလား ...။ ပြောပုံကိုက ...။ ကျွန်တော်က သူ့ကို စိတ်ထဲမှာ နားရွက်ဆွဲလိမ်လိုက်ပါသည်။

ဘာရယ်လို့မဟုတ်ဘဲ ဂျုံခေါက်ဆွဲစားနေသော မျိုးပပကို ကျွန်တော် တစ်ချက်ကြည့်လိုက်မိ၏။ မျိုးပပသည် နှာတံချွန်ချွန်၊ နှုတ်ခမ်းပါးပါးနှင့် သူ၏ မျက်လုံးများက ဆွဲဆောင်မှုရှိသော မျက်တောက်နက်တွေ ဖြစ်သည်။

"ဟဲ့ ... ဝေမင်း၊ ငါ့သူငယ်ချင်းကို နင်ဘာတွေ လျှောက်ကြည့်နေတာလဲ"

လှိုင့်မျက်နှာသည် စပ်ဖြဲဖြဲနှင့် ...။ ရုတ်တရက် ကျွန်တော် ရှက်သွားပါသည်။

"လှိုင်ကလည်း ကြည့်ပါစေဟာ ... ဟိုမှာ ရှက်သွားပြီ။ ပြောလိုက်လို့ ငါ့ကို မကြည့်တော့ဘူး"

မျိုးပပကလည်း လှိုင်ကို ခပ်ရွှတ်ရွှတ် ပြန်နောက်၏။ သူတို့နှစ်ယောက်၏ စကားများကြားတွင် ကျွန်တော် အနေရခက်လျက်ရှိ၏။ ကျွန်တော် ဒီအတိုင်း ရှက်ရွံ့စွာ ငြိမ်နေ၍မဖြစ်၊ အဲဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်မင်းနှင့် နိုင်ဝင်းတို့ကပါ ဝိုင်းနောက်ကြတော့မည်။

"ဒီလိုပါပဲ ··· မျိုးက အလုပြင်လာတော့ အားပေးရတာ ပေါ့။ ဟိုနှစ်ကောင်က အဲဒီလို အားပေးဖို့တွေ၊ ဘာတွေ နားလည် တာမဟုတ်ဘူး။ အလုအပကို ခံစားဖို့ နားမလည်တဲ့ လူပြိန်းတွေ··"

ကျွန်တော်က တမင် ကျော်ကျော်မင်းနှင့် နိုင်ဝင်းတို့ကို ခပ်နိမ်နိမ် ပြောလိုက်တော့ လှိုင်က ရယ်သည်။

အဲဒီနေ့က နောက်ရင်း၊ ပြောင်ရင်း၊ စကားတွေပြောရင်း လှိုင်၊ မျိုးပပ၊ ကျော်ကျော်မင်းနှင့် နိုင်ဝင်းတို့သည် တကယ့်ငယ် ပေါင်းများကဲ့သို့ ရင်းနှီးသွားကြ၏။

လှိုင်က ကျွန်တော်နှင့် မျိုးပပကို သိသိသာသာကြီးပင် တွဲလျက် စနောက်နေလေသည်။

သို့သော် အပြန်တွင် ကျွန်တော်က လှိုင့်ကို စကားတစ်ခွန်း ပြောခဲ့သည်။

"လှိုင် ··· နောက်နေ့ကျရင် နင့်ကို ငါ သစ်ပင်တစ်ပင် ပြမယ်။ နင်လိုက်ကြည့်ချေ ··· သိလား။ အဲဒီသစ်ပင်က သိပ်ထူး တာပဲ"

လှိုင်က သိမ်မွေ့စွာ ခေါင်းတစ်ချက်ညိတ်ပြပါသည်။ ရှ နှစ်ယောက်၏ ရင်ခုန်သံချင်း ရင်းနှီးမှုဆိုသည်မှာ သစ်ပင် တစ်ပင်၏ လှပမှုမှလည်း စတင်ခွင့်ရှိလေသည်။

××××××××××××

ခံစားမှု အဖြစ်အပျက်ဆိုတာ
ဘဝကိုသင်ကြားတာ ···
ငါတို့ရဲ့ဘဝမှာရော
ဘယ်အဖြစ်အပျက်က ပြဋ္ဌာန်းစာအုပ်လဲ။

www.burmeseclassic.com

www.burmeseclassic.com



(၄)

မတ်လ၏ မြူမှုန်အစအနများ ကြွင်းကျန်နေသေးသော ဝန်းကျင်သည် ဝေဝါးမှုန်သီလျက်ရှိသည်။ နံနက်ခင်းသည် အေးချမ်းငြိမ်သက်နေပြီး တိတ်ဆိတ်မှုက ရှန်းကြွနေ၏။ ကျွန်တော်ဘေးတွင် လှိုင်က အနည်းငယ် ပျော်မြူးကာ လိုက်ပါလာသည်။

“ဟော့ကောင် ဝေပင်း၊ နင်ပြောတဲ့သစ်ပင်က အရမ်းလှလို့လား”

“အင်း … လှတာပေါ့ လှိုင်ရဲ့၊ အဲဒီအပင်ကို နေထွက်စအချိန်ရယ်၊ နေဝင်ချိန်ရယ်သာ ထိုင်ကြည့် …၊ သိပ်လှတာ”

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် လှိုင်က ပြော် - ဟုတ်လား
အာမေဋိတ်သံ တစ်ချက်ပြုရင်း အံ့ဩသွားဟန်ဖြင့် ပြောသည်။ နောက်
တော့ သူက ဘာမှ သိပ်မပြောတော့ဘဲ ဟိုကြည့် ဒီကြည့်နှင့်
လာ၏။

"နင် ဒီတက္ကသိုလ်ဝင်းထဲကို နှံ့အောင်မရောက်ဖူးဘူးလား"

"ဘယ်ရောက်ဖူးမှာလဲ။ ငါက အခုမှ Main ထဲမှာတက်
တာဟ …။ အရင်က R.C (1) မှာ တက်ရတာလေ၊ ကျောင်းကနေ
အိမ်/ အိမ်ကနေ ကျောင်း၊ အဲဒါနဲ့ပဲ ငါ့မှာ အချိန်ကုန်နေရတာ ဝေမင်း
ရဲ့၊ ငါ သိပ်ပျင်းတာပဲ …"

ကျွန်တော် လှိုင်ကို တနာတွာကြည့်လိုက်ပြီး ခပ်ဖွဖွပြုံး
လိုက်သည်။ သူက ဆက်ပြော၏။

"နင်ကတော့ အရမ်းလွတ်လပ်မှာပဲနော် ဝေမင်း …။
နင့်ကို ကြည့်ရတာ ဘယ်တော့မှ စိတ်ညစ်စရာမရှိသလိုပဲ"

လှိုင် စကားကြောင့် ကျွန်တော် သိမ်မွေ့စွာရယ်ဖြစ်သွား
သည်။

"မဟုတ်တာ လှိုင်ရယ် … ငါ့မှာလည်း စိတ်ညစ်စရာ
တွေရှိတာပေါ့။ ဒါပေမယ့် ငါက တတ်နိုင်သလောက် အဲဒါတွေကို
မေ့ထားတာ …"

"နင်က နေတတ်တာကိုးဟ …"

"အဲဒီလိုတော့လည်း မဟုတ်ပါဘူး၊ တဖြည်းဖြည်းနဲ့ ဒီလို



ဲ နေတတ်သွားအောင် လေ့ကျင့်ရတာပေါ့"

"အင်း …"

လှိုင်က ခေါင်းတစ်ချက် ဆတ်ပြရင်း စဉ်းစားနေသလိုဖြင့်
ကျွန်တော့်ဘေးမှ ခပ်တည်တည် ဆက်လျှောက်နေ၏။ ကျွန်တော်
သည်း ဘာမှ မပြောဖြစ်တော့ဘဲ ငြိမ်သက်စွာနေပေးရသည်။

"လာ … လှိုင်၊ ဒီဘက်ကိုကွေ့ရမှာ …"

ကျွန်တော့်စကားကြောင့် လှိုင်က စီးပွားရေးတက္ကသိုလ်ဝင်း
ထဲသို့ ကွေ့ဝင်လိုက်သည်။ မြက်ခင်းစိမ်းစိမ်းပေါ်တွင် အလိုအလျောက်
ပေါက်နေသော ရေပန်းငယ်များ၊ မြက်ခင်းပေါ် ဖြတ်မနင်းရဆိုသော
ဆိုင်းဘုတ်၊ ကားနောက်ခန်းတွင် ဖွင့်ထားသော ဓာတ်ပုံဆိုင်၊ နောက်
သိုအနီးတစိုက်တွင် ဓာတ်ပုံအရိုက်ခံနေကြသော ကျောင်းသူများ။

ကျွန်တော်တို့နှစ်ယောက် ထိုအရာများဘေးမှ ဖြတ်လျှောက်
လာကြသည်။ ကျွန်တော်က စီးပွားရေး တက္ကသိုလ် အဆောက်အအုံ
အပေါ်ဘက်လှုရှင်းသည့် လမ်းအတိုင်း လှိုင်ကိုခေါ်လာခဲ့သည်။

ဘွဲ့နှင်းသဘင် အဆောက်အအုံနှင့် စီးပွားရေးတက္ကသိုလ်
အဆောက်အအုံကြားရှိ ကွက်လပ်မြက်ခင်းဘေးတွင်ရှိသော ကုက္ကို
ပင်ကြီးကို ပြလိုက်သောအခါ လှိုင်က ပထမတော့ အံ့ဩနေသေး၏။
ကုက္ကိုပင်ကြီးသည် ကြီးမားကျယ်ပြန့်စွာ အကိုင်းအခက်များဖြင့် ဖြ
ဝေအုံ့ဆိုင်းနေသည်။ နေထွက်စအချိန်ဖြစ်သဖြင့် နေရောင်ခြည်က
ကုက္ကိုလ်ပင်ကြီး၏အပေါ်ပိုင်းရှိ အရွက်များပေါ် တောက်ပွစွာ ထိုးကျ

www.burmeseclassic.com

www.burmeseclassic.com



နေပုံမှာ လှပလွန်းသည်။ ဗို၍ ထူးခြားသည်က ကုက္ကိုပင်ကြီး၏ အကိုင်းအခက်များ ထူထပ်များပြားလွန်းခြင်း ဖြစ်၏။

နေရောင်ခြည်သည် ကုက္ကိုပင်ကြီး၏ ထူထပ်များပြားလွန်းသော အကိုင်းအခက်များကို ဖြတ်၍ မြေပေါ်သို့ ရောက်မလာသေးချိန်လည်းဖြစ်သည်။ (တဖြည်းဖြည်း နေမြင့်လာချိန်တွင်တော့ နေရောင်ခြည်သည် မြေပြင်ပေါ်သို့ ရောက်လာပါသည်) အခုအချိန်မှာတော့ နေရောင်ခြည်က ကုက္ကိုပင်အပေါ်ပိုင်းရှိ အကိုင်းအခက်များပေါ်တွင်သာ ရှိနေပြီး ကုက္ကိုကိုင်းများ၏ စိမ်းစိုနက်မှောင်မှုများကို နေခြည်နှင့်တွဲလျက် မြင်ရလေသည်။

လှိုင်က ထိုမြင်ကွင်းကိုကြည့်ရင်း ပျော်နေ၏။ ကျွန်တော်ကတော့ ခဏ ခဏ မြင်နေကျမို့ လှိုင့်အပျော်တွေကိုသာ လိုက်ပါခံစားနေမိသည်။

"ဝေမင်း ... ဒီအပင်က အမြဲ ဒီလိုပဲလား"

"မဟုတ်ဘူးလှိုင်ရဲ့ ... အမြဲဒီလိုမဟုတ်ဘူး။ နေအရမ်းမြင့်လာရင် အောက်က မြက်ခင်းတွေအထိ နေရောင်က ရောက်လာတာ ...၊ အဲဒီအခါကျရင် အခုလောက် မလှတော့ဘူး။ ဒီလိုအခါမျိုးက နေထွက်ချိန်တစ်ခါရယ်၊ ညနေ နေဝင်ချိန်တစ်ခါရယ် နှစ်ခါပဲဖြစ်တာဟ ...၊ ငါ သေချာလေ့လာပြီးပြီ။ နင် နောက်တစ်ခါထပ်ကြည့်ချင်ရင် ညနေ နေဝင်ချိန်အထိ စောင့်ပြီးကြည့်ပေါ့"

"မဖြစ်ပါဘူး ဝေမင်းရာ ...၊ နင့်နေက ညနေ ငါးနာရီ



ကျော်မှဝင်တာ၊ ငါ့အိမ်က ကားက လေးနာရီဆိုလာကြိုပြီ၊ ဖြစ်မှာမဟုတ်ပါဘူး"

ကျွန်တော် လှိုင့်ကို ပြန်ပြောဖို့စကားလုံး ချက်ချင်းရှာမတွေ့ဘဲဖြစ်နေသည်။ သူကတော့ ကုက္ကိုပင်ကြီးကိုသာ ငေးရင်း အားရပါးရ ကြည့်နေ၏။ ကျွန်တော်က လှိုင့်ကို ကြည့်ရင်း တစ်နေ့ကျရင်တော့ ဒီကောင်မလေးကို နေဝင်ချိန်မှာ ဒီအပင်ကြီးကို ခေါ်ပြဦးမှပဲဟု တွေးလိုက်မိသည်။ အဲ ... အဲဒီအချိန်ထိ မင်းကြည့်ချင်ဦးမယ်ဆိုရင်ပေါ့လေ။

ဆယ်မိနစ်ကျော်ကြာသည်အထိ ကျွန်တော်တို့ တစ်ဦးကိုတစ်ဦး စကားမပြောဖြစ်ကြ။ လှိုင်က သူ့ဘာသာ ကုက္ကိုပင်ကြီးကို ငေးကြည့်နေခြင်းဖြစ်ပြီး၊ ကျွန်တော်က ကြုံသလို သူ့အကြောင်း အတွေးနယ်ချဲ့နေခြင်းဖြစ်သည်။

"ဝေမင်း ငါတို့ပြန်ကြရအောင် ...၊ အတန်းတက်ရဦးမယ်။ နောက်နေ့တွေကျမှ ဒီအပင်ကို ထပ်လာကြည့်ကြတာပေါ့"

"အင်း ... သွားကြမယ်လေ"

ကျွန်တော်တို့နှစ်ယောက်စလုံး ပြန်ဖို့ပြင်ဆင်လိုက်ကြ၏။ အင်းလျားလမ်းဘက်မှ နေရောင်ခြည်က နုထွေးသိမ်မွေ့စွာ လှိုင့်ခန္ဓာကိုယ်ပေါ်သို့ ဝဲကျနေ၏။ ထိုအခါ ရွှေသားမျှင်များလို ဝင်းအိနေသော လှိုင့်လက်တွေမှ မွေးညင်းနုလေးများကို ကျွန်တော်က လိုက်ကြည့်နေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အပြန်လမ်းတွင် လှိုင်က ကျွန်တော့်ရှေ့မှ ခပ်သွက်သွက် လှမ်းရင်း လမ်းတလျှောက်ရှိ တွေ့ရာသစ်ပင်များကို သူ့လက်နှင့် ထိပုတ်ဆော့ကစားနေ၏။ ကျွန်တော်က နောက်မှနေ၍ ပါးလှပ်သော လှိုင်ခန္ဓာကိုယ်၏ အရွေ့များကိုသာ စိုးရိမ်စိတ်နှင့် လိုက်ကြည့်နေဖြစ်သည်။

ဘာအဓိပ္ပါယ်ရှိမှန်းတော့ ကျွန်တော်လည်း မသိ ...။

လှိုင်ကိုမြင်ရသည်မှာ အေးချမ်းမှုကို ခံစားရသည်။ သူသည် ဖြူစင်သော ဆောင်းဥတုလေးနှင့်လည်း တူသည်။ သူသည် နောင်တွင် ကျွန်တော့်အတွက် သေချာသော အပြောင်းအလဲများကို ဦးဆောင်သူတစ်ယောက်လည်း ဖြစ်ခဲ့သည်။

ထိုင်နေကျ ရေစင်ကြီးအောက်က အင်းဝကန်တင်သို့ ရောက်သောအခါ လှိုင်က ပြောသည်။

"ဝေမင်း ... ငါအတန်းမတက်ချင်တော့ဘူး"

"ဟင် ဘာဖြစ်လို့လဲ"

"အဲဒါတော့ ငါလည်း မသိဘူး။ နင်လည်း အတန်းမတက်နဲ့တော့ဟာ၊ နော် ... ဝေမင်း။ ငါတို့ဒီနေ့ လျှောက်သွားကြမယ်လေ။ မကောင်းဘူးလား"

"အေး ... နင့်သဘောပဲလေ လှိုင်ရဲ့"

ကျွန်တော်က သူ၏ဆန္ဒကို သဘောတူလိုက်သောအခါ လှိုင်က ကျေနပ်စွာပြုံးသည်။



"နင်က ငါ့ကို အမြဲအလိုလိုက်တယ်နော် ..."

"အေးပေါ့ ... ငါ့ညီမလေးပဲဥစ္စာ"

လှိုင်က ခစ်ခနဲရယ်ပြန်သည်။

"နင်က ငါ့ထက် ငယ်တယ်လေ ဝေမင်းရဲ့"

"ဒါက အသက်နဲ့မဆိုင်ဘူး လှိုင်ရဲ့၊ စိတ်ဓာတ်ရင့်ကျက်မှုနဲ့ပဲဆိုင်တယ်၊ ငါက နင့်ထက်ပိုပြီး ရင့်ကျက်တယ်။ ဒါကြောင့် ငါက အစ်ကို၊ နင်က ညီမ"

ကျွန်တော်က ရှည်လျားစွာ ရှင်းပြတော့ လှိုင်က ဟုတ်ပြီ၊ ဟုတ်ပြီဟု ဆိုရင်း ရယ်နေလေသည်။ ကျွန်တော်တို့နှစ်ယောက် အင်းဝကန်တင်းတွင် လက်ဖက်ရည်တစ်ခွက်စီသောက်ရင်း စိုက်ကြည့်လိုက်ကြ၏။

"ငါတို့ ဘယ်သွားရင် ကောင်းမလဲဟင် ဝေမင်း ..."

"လှည်းတန်းဘက်ကို သွားကြတာပေါ့"

"အဲဒီမှာ ဘာတွေရှိလို့လဲ"

လှိုင်အမေးကြောင့် ကျွန်တော် ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားသည်။ ဟုတ်တယ်လေ ... ကြည့်ပါလား။ လှည်းတန်းမှာ ဘာတွေရှိလို့လဲတဲ့။ ခဏမျှ ကျွန်တော် စဉ်းစားလိုက်ပြီး ...

"လှည်းတန်းမှာ ဈေးရှိတယ်၊ မုန့်ဆိုင်တွေရှိတယ်၊ ပြီးတော့ စာအုပ်အဟောင်းဆိုင်တွေ ရှိတယ်လေ လှိုင်ရဲ့၊ နင်ကလည်း ဟိုတစ်နေ့က ငါတို့မုန့်သွားစားကြတဲ့နေရာလေ။ ငါတို့ အဲဒီနေရာတွေ

www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွားကြတာပေါ့"

"ဟာ ··· အိုကေပဲ၊ ငါတို့တအုပ်အဟောင်းဆိုင်တွေကို လျှောက်မွှေကြမယ်နော် ··· ဝေမင်း"

"အေးပါ ···"

ကျွန်တော်တို့ တစ်ယောက်နဲ့ တစ်ယောက် သဘောတူညီမှု ရသွားပြီးသောအခါ ကန်တင်းမှ ထွက်လာခဲ့ကြသည်။ ထိုအချိန်တွင် နေက တော်တော်မြင့်နေပြီ။

"လှိုင် ··· နေပူတယ်၊ ထီးမပါဘူးလား"

"ဟင့်အင်း ··· မပါဘူး။ ရပါတယ်ဟာ ··· ပြဿနာမရှိပါဘူး။ ဒီနေပူတာလောက်တော့ ငါခံနိုင်သားပဲ"

ကျွန်တော် သူ့ကို ဘာမှဆက်မပြောတော့ ···။ နှစ်ယောက်သား အဓိပတိလမ်းမအတိုင်း လျှောက်လာကြ၏။ လမ်းဘေးတစ်ဘက်တစ်ချက်စီတွင် ပေါက်နေသော ရေတမာပင်များကို ကျွန်တော်က စိတ်ထဲမှ ရေတွက်နေမိသည်။ ထိုအခိုက် ငြိမ်သက်နေသော လှိုင့်ဆီမှ လူးလွန့်မှုတစ်ခုကို မြင်လိုက်ရ၏။

"နင် ဘာတွေတွေးနေတာလဲဟင် ··· ဝေမင်း"

"ဟို ··· ဘာမှမတွေးပါဘူး လှိုင်ရဲ့ ဒီရေတမာပင်တွေကို ဘယ်နှစ်ပင်ရှိသလဲလို့ စိတ်ထဲက ရေကြည့်နေတာ ···"

"အဲဒါဆို ပြောပါဦး။ ဘယ်နှစ်ပင်ရှိသလဲဆိုတာ ···"

"ရေတော့ ရေတာပဲ လှိုင်ရဲ့ ဒါပေမယ့် ရောကုန်လို့



ဘယ်နှစ်ပင်မှန်းကို မသိဘူး"

"အို"

လှိုင်က သူ့ခန္ဓာကိုယ်ကို တသိမ့်သိမ့်ခါရင်း အားရပါးရယ်လေသည်။ ထိုအခါ ကျွန်တော်ပါ ရောပြီး ခပ်သောသော ရယ်ဖြစ်သည်။ ကောင်မလေးရယ် ··· မင်းကို ဒီလိုပဲ အမြဲ ရယ်မောနေစေချင်ပါတယ်။

နေပူသော်လည်း ကျွန်တော်တို့ မညည်းငြူဖြစ်ကြ။ နေရောင်ထဲတွင် လှိုင့်အရိပ်များကို မနင်းမိအောင် သတိထားရှောင်ရင်းနှင့် ပဲခူးဆောင်ရှေ့သို့ ရောက်လာသည်။

"နင်က အရမ်းပျော်ဖို့ကောင်းအောင် နေတတ်တယ်နော် ဝေမင်း။ ပြီးတော့ နင်နဲ့သွားရတာ အဆင်ပြေတယ်သိလား"

သူ့စကားကို ကျွန်တော် ဘာမှပြန်မပြောဖြစ် ···။ ကျွန်တော်တို့ လမ်းလျှောက်လာသည်မှာ ပင်မဂိတ်ပေါက်ကြီးနှင့် တဖြည်းဖြည်း နီးလာပြီ။ ထို့နောက် တောင်ငူဆောင်ဘက်သို့ ကွေ့ရသောလမ်းကို ရောက်လျှင် လှိုင်က ···

"လာ ··· လာ···၊ ဝေမင်း ··· ဒီဘက်ကနေ ထွက်ကြမယ်"

ကျွန်တော်လည်း လှိုင်ကွေ့သွားသော လမ်းအတိုင်း လိုက်ကွေ့ဝင်လိုက်သည်။ တောင်ငူဆောင်ဝင်းထဲရှိ ကန်တင်းတွင် ကျောင်းသား ကျောင်းသူများ၊ ဆရာ၊ ဆရာမများအားလုံးသည် ကိုယ့်အုပ်စု

www.burmeseclassic.com

www.burmeseclassic.com



နှင့် ကိုယ် စုဖွဲ့တားသောက်နေကြ၏။

ကျွန်တော်တို့ နှစ်ယောက် ထိုဝင်းထဲသို့ ပင်ဝင်ချင်း ပထမဆုံး သတိထားမိသည်မှာ မြက်ခင်းအစပ်တွင် လဲကျနေသော ခွေးဝိန်ဝိန် သေးသေးလေးတစ်ကောင် ဖြစ်ပါသည်။

"ဝေမင်း ... ဒီမှာကြည့်စမ်း။ ခွေးလေး သနားပါတယ်"

လှိုင် မပြောခင်ကတည်းကပင် ထိုခွေးပိန်လေးကို ကျွန်တော် မြင်ပြီးသားဖြစ်သော်လည်း လှိုင် ကျေနပ်အောင် ကျွန်တော်က အလိုက်သင့်ကြည့်ပေးရသည်။ ခွေးပိန်လေးသည် ခြေထောက်နှင့် ဦးခေါင်းတို့တွင် ဒဏ်ရာများရနေပြီး အတားစားရပုံလည်း မပေါ်ပါ။

ကျွန်တော်တို့နှစ်ယောက် ခွေးပိန်လေးကို ကျော်လိုက်ကြပြီး ရာမညဆောင်ရှေ့ရှိ ထွက်ပေါက်ဆီသို့ ဦးတည်လိုက်ကြသည်။

"သနားပါတယ်ဟာ... အဲဒီခွေးလေးက မကြာခင် သေတော့မှာ ..."

"နင်ကလည်း ...၊ မသေပါဘူး။ သူ နေမကောင်းလို့ မှေးနေတာနေမှာပေါ့"

"လှိုင်ရယ် ... ခွေးကိုလည်း ပြန်ကြည့်ဦး။ အာဟာရလည်း မရှိဘူး။ ပိန်ချုန်းနေတာပဲ၊ ပြီးတော့ တစ်ကိုယ်လုံးလည်း ဒဏ်ရာတွေနဲ့။ နေကလည်း ဒီလောက်ပူနေတာ ...။ သေချာပါတယ် လှိုင်ရာ ... အဲဒီခွေးလေး မကြာခင်သေမှာပဲ"

"နင်ဟာလေ ဝေမင်း ...၊ ဘာမှကို နားမလည်ဘူး။



သတ္တဝါတွေရဲ့ အသက်ကို နိမိတ်မကောင်းဘူးဟဲ့။ ငါပြောရဲတယ်။ အဲဒီခွေးလေး သေမှာ မဟုတ်ဘူး"

ကျွန်တော့်စကားကို အတင်းခံငြင်းနေသော လှိုင်ကို ကြည့်ရင်း ကျွန်တော် ရယ်ချင်လာသည်။ ပြီးတော့ ... သူ၏သတ္တဝါတွေအပေါ် ကြင်နာတတ်တဲ့ စိတ်၊ ကျွန်တော် လှိုက်လှိုက်လှဲလှဲပင် ...ရ၏။

"နင်က အဲဒီခွေးလေးကို အရမ်းစိုးရိမ်နေတယ်နော်"

"ဟုတ်တယ် ဝေမင်းရဲ့၊ အဲဒီခွေးပေါ်တင်မဟုတ်ဘူး။ ငါက ...ကာသ လောကကြီးတစ်ခုလုံးကို စိုးရိမ်တာ"

ကြည့်ပါလား။ စကားပြောပုံကိုက ဘယ်လောက် နားရင်း...ပ်စ်ချင်စရာကောင်းသလဲ။

သို့သော် ကျွန်တော် လှိုင့်ကို ဘာမှပြန်မပြောဖြစ်ဘဲ ...ကိုသာ စိတ်ထဲနှစ်ပြီး လျှောက်နေမိသည်။

"ဝေမင်း ... ငါတို့လည်းတန်းရောက်ရင် ဈေးခဏဝင်ရ...င်နော် ..."

"အေး ... ဝင်တာပေါ့"

ကျွန်တော် နှစ်ယောက်ကြားတွင် ပြောစရာ စကားတစ်စုံ...ရာ မရှိတော့သလို တိတ်ဆိတ်သွားကြပြန်သည်။ အပူထဲတွင် ...တစ်သုတ်က ဖြတ်ခနဲ ဝင်တိုက်၏။ ထိုလေကြောင့် ကျွန်တော် ... အပူမှ နည်းနည်းသက်သာသွားသလို ရှိသည်။ လှိုင့်...က်နှာသို့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နီးကြည့်လိုက်သောအခါ သူ့နဖူးနှင့် နားထင်အစပ်တွင် ချွေးစများကို မြင်ရ၏။

ရာမညဆောင်ရှေ့ရှိ အပေါက်မှ လှည်းတန်းသို့ ကျွန်တော်တို့ ထွက်ခဲ့ကြသည်။ ကျွန်တော်က လှိုင်ကို သူသွားချင်သော လှည်းတန်းဈေးသို့ ဦးဆောင်ခေါ်လာခဲ့သည်။ လှိုင်က လမ်းတစ်လျှောက်လုံး ကျွန်တော့်ကို စကားတစ်ခွန်းမှ မပြောဘဲ နှုတ်ဆိတ်ကာ ဟိုငေး ဒီငေးနှင့် လိုက်ပါလာ၏။

လှည်းတန်းဈေးသည် ထုံးစံတစ်ခုလို လူတွေ ရှုပ်ထွေးနေကြသည်။ လမ်းတလျှောက်လုံး ကျွန်တော်က ဦးဆောင်လာခဲ့သော်လည်း လှည်းတန်းဈေးရုံထဲသို့ ဝင်ချိန်တွင် လှိုင်က ဦးဆောင်သူ တစ်ယောက်ဖြစ်သွားသည်။ သူက ဦးဆောင်ပြီး ဈေးရုံတစ်ရုံလုံး အနှံ့လျှောက်ကြည့်၏။ ကျွန်တော်က ဈေးရုံထဲတွင် လှိုင်သွားမည့် နောက်ကို လိုက်ရုံသက်သက်။

နောက် ... လှိုင်က ဈေးရုံအပေါ်ထပ်သို့ တက်ပြန်သည်။ ထိုအခါ ကျွန်တော်ပါလိုက်တက်ရ၏။ အပေါ်ထပ်တွင်လည်း လှိုင်က ပိတ်စရောင်းသည့်ဆိုင်တွေကို လိုက်ကြည့်နေလေသည်။

"ဟေ့ ... လှိုင်၊ နင်ဘာဝယ်မှာလဲ၊ လျှောက်ကြည့်နေတာကြာလှပြီ။ အခုထိလည်း ဘာမှ မဝယ်သေးဘူး"

"ဝယ်မှာပေါ့ဟဲ့၊ အချိန်လာဖြုန်းပါတယ်ဆိုမှ ဒီလိုပဲပေါ့"

လှိုင်၏ တုံ့ပြန်စကားကြောင့် ကျွန်တော် ဘာဆက်ပြောရ



း မသိ၊ လှိုင်သည် အမြဲလိုလိုပင် ကျွန်တော့်စကားလုံးများကို ခေသူဖြစ်သည်။ လှည်းတန်းဈေးရုံအပေါ်ထပ် တစ်ထပ်လုံးနီးပါး ာက်ကြည့်ပြီးသောအခါ အထည်ဆိုင်တစ်ခုရှေ့တွင် လှိုင်က နဲ့တော်တော်ကြာအောင် ရပ်ကြည့်သည်။

အင်္ကျီတွေကိုလည်း သူစိတ်တိုင်းကျ တစ်ထည်ချင်း နေ၏။ အင်္ကျီတစ်ထည်ကို သူ့ရင်ဘတ်မှာ ကပ်လိုက်၊ ပြန်ချ လိုက်၊ နောက်ထပ်တစ်ထည်ကို ထပ်ရွေးလိုက် တစ်ယောက် ည်း ရှည်လျားစွာ ရှုပ်ထွေးနေလေသည်။ ခဏမျှကြာတော့ လှိုင် သူတစ်ယောက်တည်း အားမရတော့ဘဲ ကျွန်တော့်ဘက်ကိုပါ ည့်လာ၏။

"ဝေမင်း ... ဒီအင်္ကျီ ငါနဲ့လိုက်ရဲ့လား။ ကြည့်ပေးစမ်းပါ း"

လှိုင်က အင်္ကျီတစ်ထည်ကို သူ့ရင်ဘတ်ပေါ် ကပ်ပြရင်း န်တော့်ကို မေးလိုက်သည်။ ကျွန်တော်က မြန်မြန်ဝယ်ရင် ပြီး ာသဘောဖြင့် ပြန်ဖြေလိုက်၏။

"အေး ... လိုက်သားပဲဟ၊ အဲဒါလေးယူလိုက်နော်"

ကျွန်တော့် ထောက်ခံချက်ကြောင့် ဆိုင်ရှင်မိန်းမကြီးက သည်း ဝင်ပြောသည်။ သူလည်း လှိုင်လျှောက်ပွသမျှ လိုက်သိမ်းနေ ော မောနေရော့မည်။

"ဟုတ်တယ် ညီမရဲ့၊ အဲဒါလေးနဲ့ ညီမသိပ်လိုက်တာ ...၊

www.burmeseclassic.com

www.burmeseclassic.com



ဟိုမှာ ညီမကောင်လေးကတောင် ပြောနေပြီ။ ဒါလေးပဲ ယူလိုက် ပါ”

ဆိုင်ရှင်မိန်းမကြီးစကားကြောင့် လှိုင်နှင့် ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက် ကြည့်မိကြသည်။ လှိုင့်မျက်လုံးတွေ က ရယ်နေသည်။ ကျွန်တော်လည်း ဘာပြောရမှန်းမသိဘဲ ကျွန် တော်ကပင် ရှက်ကိုးရှက်ကန်း ဖြစ်နေရသေးတော့သည်။

“ဟုတ်ပြီ အစ်မ ...၊ အဲဒါပဲယူလိုက်မယ်”

လှိုင်က ဆိုင်ရှင်မိန်းမကြီးကို ပြောရင်း ငွေချေရန် ပိုက်ဆံ ထုတ်နေစဉ် ကျွန်တော်က ပြုံးပြုံး၊ ပြုံးပြုံးနှင့် ကြည့်နေသော ဆိုင်ရှင်မိန်းမကြီး၏ မျက်လုံးများဆီမှ အမြန်ဆုံးပြေးထွက်လာချင်လှ ပြီ။ လှိုင်ကတော့ ခပ်တည်တည်ပင် သူငွေချေပြီးပြီဖြစ်သော အကျီ ထုပ်ကိုယူ၍ ဆိုင်ထဲက ထွက်ခွာသွားခဲ့သည်။ ကျွန်တော်က လှိုင် နောက်မှ ထပ်ချပ်မကွာလိုက်ရင်း လှည်းတန်းလမ်းမဆီသို့ ပြန် ရောက်နေပြီဖြစ်ကြောင်း သတိထားမိလိုက်သည်။

“ငါတို့ မုန့်ဟင်းခါး စားကြရအောင် ဝေမင်း ...”

“ဘယ်ဆိုင်မှာ စားမှာလဲ လှိုင်ရဲ့ ...”

“ဟိုမှာလေ ...”

လှိုင် လက်ညှိုးထိုးပြသော ဆိုင်ကို ကျွန်တော် ကြည့် လိုက်သောအခါ လမ်းဘေးပလက်ဖောင်းပေါ်တွင် လူတွေအုံခဲ စားသောက်နေသော မုန့်ဟင်းခါးဆိုင်ကို တွေ့ရသည်။ ကျွန်တော်



လည်း လှိုင်ကို အလိုလိုက်ပြီး သဘောတူလိုက်မိ၏။

“အေး ... ငါတို့စားကြတာပေါ့”

ကျွန်တော်တို့နှစ်ယောက် ထိုဆိုင်မှာ မုန့်ဟင်းခါးစားဖြစ် ကြသည်။ လှိုင်က ဗူးသီးကြော်နှင့်၊ ကျွန်တော်က ပဲကြော်နှင့် ...။ စားနေရင်း တစ်ဝက်ခန့်သာရှိဦးမည်၊ လှိုင်ဆီမှ စကားသံတို့ကို ကြား ပြန်၏။

“ဟဲ့ - ဝေမင်း၊ ငါ မစားချင်တော့ဘူး”

ကျွန်တော်က လှိုင့်မုန့်ဟင်းခါးပန်းကန်ကို ကြည့်လိုက်မိ သောအခါ တစ်ဇွန်း၊ နှစ်ဇွန်းခန့်သာ စားထားပြီး ဆက်မစားတော့ဘဲ ောက်မှေ့ထားပုံရသည်။

“နင်ကလည်း လှိုင်ရယ် ... နင်ပဲစားမယ်ဆိုလို့ ငါက လိုက်စားတာ။ အခု နင်က ဖြစ်ပြန်ပြီ”

“အေးပါ ... ပထမတော့ ငါစားချင်ပါတယ်။ နောက်မှ ဘယ်လိုဖြစ်သွားမှန်း မသိဘူး”

ကျွန်တော်ရယ်မောလိုက်ပြီး မုန့်ဟင်းခါးဖိုး ကျသင့်ငွေကို ရှင်းလိုက်၏။

“နင် ပြီးအောင် ဆက်စားလေ ဝေမင်းရဲ့ ...”

ကျွန်တော်က လှိုင်ကို ဘာမှပြန်မပြောဘဲ လက်ကာပြ လိုက်မိသည်။ ထိုအခါ လှိုင်ကလည်း ဘာမှဆက်မပြောတော့ ...။ ပြီးသွားသောအခါ ကျွန်တော်တို့ ထိုဆိုင်မှ ထွက်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လှိုင်သည် တစ်ခုခုပေါ်တွင် အလွယ်တကူ ငြီးငွေ့သွားတတ်သူ တစ်ယောက်မှန်း ကျွန်တော် သဘောပေါက်လာသည်။

ထို့နောက် အင်းစိန်လမ်းဘက်သို့ ကွေ့လိုက်ကြပြီး စာအုပ်အဟောင်းဆိုင်များ ရှိရာသို့ ဦးတည်လိုက်ကြသည်။ လှိုင်သည် လမ်းလျှောက်ရင်း ပေါ့ပါးလွတ်လပ်စွာ လျှောက်ငေးကြည့်နေသော သည်။ စာအုပ်အဟောင်းဆိုင်များသို့ရောက်လျှင် တစ်ဆိုင်နှင့် တစ်ဆိုင်ကို ခေါင်းမွှးလောက်အောင် ကူးလူးပြီး စာအုပ်တွေကို လျှောက်ကြည့်နေ၏။ သိပ်မျက်စိနောက်စရာ ကောင်းတဲ့ ကောင်မ လေး။

ကျွန်တော်ကတော့ ထက်အောင်၏ မြန်မာပြန်ရသ စာတမ်းများဆိုသည့် စာအုပ်ကို စမြည်းရင်း လှိုင့်ရှုပ်ထွေးမှုများ ပြီးသည်အထိ စောင့်နေရသည်။ တစ်နာရီခန့် လှိုင်သည် ရှုပ်ယှက် ခတ်ပြီးသောအခါ သူက အင်္ဂလိပ် ပုံပြင်စာအုပ်ပါးပါးလေးတစ်အုပ် ကို ဝယ်သည်။

“ဝေမင်း … ငါတို့ ထမင်းစားကြရအောင်”

“လုပ်ပြန်ပြီနော် လှိုင် … ပြီးရင် မုန့်ဟင်းခါးဆိုင်မှာထိုင် မလုပ်နဲ့”

“ဟင်း ဟင်း … ဟင်း၊ အေးပါ ဝေမင်းရဲ့”

ဒီလိုနဲ့ ကျွန်တော်တို့နှစ်ယောက် ဓနုဖြူဒေါ်စောရီ ထမင်း ဆိုင်ကို ရောက်လာကြပြန်သည်။ လှိုင်ကပင် ဦးဆောင်၍ လူရှင်း



သော ထောင့်စားပွဲဆီမှာ ထိုင်ဖြစ်၏။

“နင်က ဘာနဲ့စားမှာလဲ၊ ငါက ပုစွန် …”

“ငါက ငါးကြင်း …”

ဓနုဖြူဒေါ်စောရီဆိုင်သည် လူရှင်းနေချိန်ဖြစ်၍ မှာထားသော စားစရာများချက်ချင်းလိုပင် ရောက်လာသည်။ ကျွန်တော်က လှိုင်ကို မုန့်ဟင်းခါးဆိုင်မှာလို ထပ်လုပ်မည်စိုးသဖြင့် လိုက်ကြည့်နေရသည်။

“ဝေမင်း … နင့်ဟာ နင် စားလေဟာ …၊ ဘာဖြစ်လို့ ငါ့ကို လိုက်ကြည့်နေရတာလဲ”

“နင်ကလုပ်လို့ …”

ကျွန်တော်က ခပ်ရွှတ်ရွှတ် ပြောလိုက်တော့ လှိုင်က ရိုက်သွားရမည့်အစား ဟက်ခနဲ တစ်ချက်ရယ်လေသည်။ ထို့နောက် တွင်မူ ကျွန်တော်တို့စကားမပြောကြတော့ဘဲ ကိုယ့်ထမင်းသာ ကိုယ် စားနေမိ၏။

“နင် လိုက်ပွဲယူဦးမလား လှိုင် …”

“ဟင့်အင်း …၊ တော်ပြီ။ ဒီမှာတောင် ထမင်းတွေရော ဟင်းတွေရော မကုန်နိုင်ဘူးဖြစ်နေတာ …”

“နင်က ထမင်းစားတာ နည်းလိုက်တာနော် … လှိုင်”

“အေး ဟုတ်တယ်၊ ငါက နင့်လို အစားပုတ်မှ မဟုတ်ဘဲ”

ကျွန်တော့်ကို စကားနိုင်အောင် အတင်းကပ်ပြောနေသော လှိုင့်ကို ကြည့်ရင်း ရင်ထဲတွင် ကြည်နူးလာမိသည်။ သူ့ကို စနိုင်

www.burmeseclassic.com

www.burmeseclassic.com



ပေးချင်လာသည်။ ပြီးတော့ လှိုင်ကို ချော့မော့ပြီး ထမင်းကုန်အောင်စားဖို့ပြောရသည်။

"ဟုတ်ပါပြီ။ ငါက အစားပုတ်ပဲ ထားလိုက်ပါတော့ …။ ဒါပေမယ့် အဲဒီပန်းကန်ထဲက ထမင်းတွေကိုတော့ ကုန်အောင်စားလိုက်ပါ လှိုင်ရာ …။ ဒါမှ နင်အာဟာရရှိမှာပေါ့။ နင်က တစ်နေ့လုံးလည်း ဘာမှသေချာစားတာမဟုတ်ဘူး။ နော် … လှိုင်၊ ဒီညီမလေးက လိမ္မာပါတယ်"

"ဟင့်အင်း၊ ဟင့်အင်း … မစားဘူးဆို မစားဘူးပဲ။ ငါမှ မကုန်နိုင်ဘဲ ဝေမင်းရယ်၊ ဒီမှာ ဗိုက်ပြည့်နေပြီဟ …"

လှိုင်က ခေါင်းမာစွာ ငြင်းဆန်သည်။ သူဆန္ဒမရှိသည်ကို ကျွန်တော် အတင်းမတိုက်တွန်းချင်တော့ …။ ကျွန်တော်က လှိုင့်ကို လိုက်ရောဖို့သာ အမြဲအသင့်ရှိနေခဲ့သည်။

"ဝေမင်း … ဟော့ကောင်၊ ငါအကြံရပြီ … သိလား"

"ပြောစမ်းပါဦး … လှိုင်ရဲ့"

"အခု ငါတို့ပိုနေတဲ့ ထမင်းတွေ ဟင်းတွေကို အိတ်နဲ့ထုပ်ပြီး ဟိုတောင်ငှဆောင်ဝင်းထဲက ခွေးလေးကို သွားကျွေးရအောင်လေ …၊ မကောင်းဘူးလား"

လှိုင့်စကားကို ကျွန်တော်က အလျင်အမြန်ပင် ကန့်ကွက်လိုက်ပါသည်။

"ဟာ … နင်ကလည်း လှိုင်ရာ …။ အဓိပ္ပါယ်မရှိတာ။



အလုပ်ရှုပ်အောင် မလုပ်စမ်းပါနဲ့။ ဟိုခွေးက အခုလောက်ဆို သေဆောင် သေနေလောက်ပြီ"

"ဝေမင်း … နင်ဘာဖြစ်လို့ အဲဒီခွေးလေးကို သေပြီ၊ သေပြီ ပြောနေရတာလဲ။ ဘယ်လိုမှ မသေနိုင်ပါဘူး ဝေမင်းရာ၊ ကဲ မယုံရင် နင်နဲ့ငါ လောင်းမလား"

ကျွန်တော့်စိတ်ထဲတွင် လှိုင်ကို အတိုက်အခံလုပ်ချင်စိတ်များ အလိုလိုဖြစ်ပေါ်လာ၏။ ထိုခွေးပိန်လေးသည် သေချင်မှ သေပေသိမ့်မည်။ သို့သော် ကျွန်တော်က လှိုင့်ကို အတိုက်အခံလုပ်ရုံသက်သက်မျှသာ ဖြစ်သည်။

"အေး လောင်းမယ်ဟာ …၊ ကဲ - ဘာကြေးလဲ ပြော"

လှိုင်က သူ့လက်ညှိုးကို မေးမှာထောက်ရင်း အနည်းငယ်ခဉ်းစားဟန်ပြုသည်။ ခဏမျှကြာသောအခါ …

"ဟုတ်ပြီ ဝေမင်း … ဘာကြေးလဲဆိုတော့ ရှုံးတဲ့လူက နိုင်တဲ့လူခိုင်းသမျှကို မညည်းမငြူလုပ်ပေးကြေး။ အဲဒါ နှစ်ယောက်တည်းရှိချိန်ကြမှ မဟုတ်ဘူးနော်။ သူငယ်ချင်းတွေ အားလုံးရှေ့မှာပါ လုပ်ရမှာ …။ ဘယ်လိုလဲ ဝေမင်း၊ နင် သဘောတူရဲ့လား"

"အိုကေ … လှိုင်၊ ငါတို့ သွားကြတာပေါ့"

ထို့နောက် ကျွန်တော်တို့ ကျန်သောထမင်းနှင့် ဟင်းများကို အိတ်တစ်လုံးနဲ့ ထုပ်ပေးရန် စားပွဲထိုးလေးတစ်ယောက်ကို ပြောရ၏။ ဒီလိုနှင့် ကျွန်တော်တို့ နှစ်ယောက် ကျောင်းထဲသို့ ပြန်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

မွှေးရှိုးရှိတသော ရနံ့တစ်မျိုးက လေထုထဲတွင် ဝေ့ဝဲနေ၏။ လှိုင်က ခွေးပိန်လေးကို ကျွေးရန် ထမင်းထုပ်ကို ကိုင်ပြီး တစ်ယောက်ထဲ အဝေးကို ငေးနေပြန်သည်။ သူ၏ လန်းဆန်းတက်ကြွမှုတို့ကို ထိုအခါမျိုးတွင် ကျွန်တော် မတွေ့ရ ...။ ငြိမ်သက်သော နှလုံးသားချင်းသာမြင်နေရသည်။ စကားလုံးမရှိသောအိပ်မက်၊ အိပ်မက်ဆိုသည်မှာ စနစ်တကျ ကြိုတင်စီစဉ်ထားသော စိတ်ကူးအကြံအစည်များထက် ပို၍ဆန်းကြယ်တတ်မှန်း နောင်တွင် ကျွန်တော်သိခဲ့ပါသည်။

ကျွန်တော်တို့နှစ်ယောက် လာလမ်းအတိုင်းပင် ပြန်လျှောက်လာခဲ့ကြသည်။ ရာမညဆောင် ဝင်ပေါက်သို့ ရောက်သည်အထိ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် စကားမပြောဖြစ်ကြ၊ လေတို့ငြိမ်နေကြပြန်သည်။

ဟော - တောင်ငူဆောင်ရောက်ပြီ၊

လှိုင်က ထိုခွေးပိန်လေး၏ အခြေအနေကို အလွန်အမင်းသိချင်နေပုံရသည်။ ကျွန်တော့်ရှေ့မှ အပြေးတစ်ပိုင်းနှင့် သွားကြည့်လေသည်။ လှိုင်၏ ထိုအမူအရာများကြောင့် ကျွန်တော်လည်း ခပ်သွက်သွက် လိုက်လှမ်းနေရ၏။

"ဟဲ့ ... ဝေမင်း၊ ခွေးကရှိလည်း မရှိတော့ဘူး"

"ဟင် ဘယ်ရောက်သွားပြီလဲ၊ ငါတို့နေရာတော့မမှားနိုင်ပါဘူးနော်"



"အေး နေရာတော့ မမှားပါဘူး။ သေချာပါတယ်ဟ ဒီနေရာပဲ။ ကဲ ဝေမင်း ငါနိုင်ပြီ၊ တွေ့တယ်မဟုတ်လား ...။ ခွေးလေးက မသေလို့ ထထွက်သွားတာပေါ့"

ကျွန်တော် စဉ်းစားကြည့်တော့ လှိုင်ပြောတာ အများကြီးဖြစ်နိုင်သည်။ ဒါပေမယ့် သူ့ကို ကျွန်တော် အရှုံးပေး၍မဖြစ် ...။ တစ်ခုခုတော့ အကြံအဖန်လုပ်ပြီး လျှောက်ပြောမှ ဖြစ်မည်။

"အဲဒါ ခက်တာပေါ့ လှိုင်ရဲ့၊ ခွေးလေးက သေသွားလို့ ဒီအနားတဝိုက်က တာဝန်ရှိသူတွေက ခွေးလေးအလောင်းကို မြေမြှုပ်ဖို့ယူသွားကြတာ နေမှာပေါ့ ...။ အလောင်းအစားမှာ ငါနိုင်တယ်၊ ဒါပဲ ..."

"ဝေမင်း ... နင်မဟုတ်တာတွေ လျှောက်ပြောမနေနဲ့၊ မဖြစ်နိုင်တဲ့ကိစ္စကြီးကို ...၊ နင်မြင်ရလို့လား"

"ဒါဆို ခွေးလေးရှင်နေသေးတယ်ဆိုရင် နင်ပြလေ ...။ မပြနိုင်ရင် နင်မနိုင်သေးဘူး။ အဲဒီခွေးကို ပြနိုင်မှ ငါအရှုံးပေးမယ်"

ကျွန်တော့်စကားကြောင့် လှိုင်သည် အကြံအိုက်သွားပြီး ခွေးပိန်လေးကို အနီးတဝိုက် ဟိုဟိုသည်သည် ရှာကြည့်သည်။ မတွေ့တော့ လှိုင်သည် ဒေါသဖြစ်ဟန်ဖြင့် ကျွန်တော့်ကို နှုတ်ခမ်းကိုက်ပြသည်။

ထို့နောက် လှိုင်က ဦးချစ်ဆိုင်နှင့် အနီးအနားတွင် ခွေးပိန်

www.burmeseclassic.com

www.burmeseclassic.com



လေးကို လိုက်ရှာကြည့်သည်။ တခြားခွေးတွေသာ လေးငါးခြောက်ကောင်ခန့် တွေ့ရ၏။ ကျွန်တော်တို့ ခွေးပိန်လေးကိုတော့ မတွေ့ရ··။ ထိုအခါ ကျွန်တော်က ပြုံးရွှင်နေသော မျက်နှာထားနှင့် လေတချွန်ချွန် လုပ်နေမိသည်။ လှိုင်က ကျွန်တော့်ကို မျက်စောင်းထိုးသည်။ ကျွန်တော်က မသိချင်ယောင်ဆောင်ရသည်။

ကြည့်စမ်း ··· ။ မျက်နှာထားက မှုတ်ကုတ်ကုတ်နဲ့။ ချစ်ဖို့ ကောင်းလိုက်တဲ့ ကောင်မလေး။ ခွေးပိန်လေးရေ ··· လှိုင်နဲ့ လွတ်ရာ ကျွတ်ရာ ခပ်ဝေးဝေးမှာ နေပေးစမ်းပါကွယ်။

ကျွန်တော့်စိတ်ထဲတွင် ကြိတ်ပြီး ဆုတောင်းနေမိ၏။

"ဟိုမှာ - ဟိုမှာ ··· ဝေမင်း၊ ငါတို့ခွေးလေး ··· တွေ့လား"

လှိုင်၏အထိတ်တလန့် ထအော်သံကြောင့် ကျွန်တော် ဝမ်းနည်းသွားသည်။ စိတ်ထဲမှလည်း ခွေးပိန်လေးမဟုတ်ပါစေနဲ့ဟု ဆုတောင်းရင်း လှိုင်ပြသည့် မြင်ကွင်းကို လှမ်းကြည့်လိုက်မိ၏။ ထိုခွေးလေးကို မြင်ရသောအခါတွင်တော့ ကျွန်တော် ပျော်သွားပါသည်။

"မဟုတ်ဘူးလှိုင် ··· နင်မညစ်ပတ်နဲ့။ အဲဒီခွေးက ငါတို့ လောင်းထားတဲ့ ခွေးမဟုတ်ဘူး။ ဒီခွေးက နည်းနည်းပိုကြီးတယ်။ ပြီးတော့ ခေါင်းမှာ အမည်းကွက်တွေနဲ့။ ဟိုခွေးက အမည်းကွက်မရှိဘူး။ နင်လူလည်လာမလုပ်နဲ့"

ကျွန်တော်၏ ချက်ကျလက်ကျ ပြန်ပြောမှုကြောင့် လှိုင်



သည် အလိမ်ပေါ်သွားပြီး ရယ်မောကာ ကျွန်တော့် ပခုံးကို လက်ဖြင့် ပုတ်လိုက်သည်။

"လူလည်လေး ···"

"မလည်ပါဘူး လှိုင်ရယ် ···၊ ကိုယ်ရှုံးမယ့်ကိစ္စဆိုတော့ စေ့စေ့စပ်စပ် ကြည့်ရတာလောက်ပါပဲ"

လှိုင်က ခေါင်းကိုမော့၍ ခပ်သောသော ရယ်မောနေပြီး ကျွန်တော့်ကို မျက်ဆန်ထောင့်ကပ်ကာ ကြည့်၏။ အနီးရှိစွယ်တော်ပင်မှ စွယ်တော်ရွက်တစ်ရွက်သည် လှပစွာ ကြွေကျသွားသည်။

"ဒါဆို ငါတို့လောင်းတာ ဘယ်သူမှ မနိုင်ဘူးပေါ့နော်"

"ဒါပေါ့ ···"

ပြောပြီး နှစ်ယောက်သား မတိုင်ပင်ထားဘဲ ပြိုင်တူရယ်မောလိုက်မိကြသည်။

"ဝေမင်း ··· ဒါဆို ဒီထမင်းထုပ်ကို ရှိတဲ့ ခွေးတွေကိုပဲ ကျွေးလိုက်တော့မယ်၊ နင် အဲဒီခွေးတွေကို ခေါ်လိုက် ···"

"အေး အေး ···"

ကျွန်တော်က အသံဖြင့်ရော၊ အမူအရာဖြင့်ရော ခွေးများကို လှမ်းခေါ်ရသည်။ ပထမတော့ ခွေးတွေက မလာကြ ···၊ နောက် လှိုင်ဆီက ထမင်းထုပ်ကို ချကျွေးမည့်ဟန်ပြမှ ခွေးတွေလာကြသည်။ လှိုင်က ထမင်းထုပ်ကို အလုအယက်စားနေသော ခွေးတွေကို ကြည့်ပြီးပျော်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခတ်လိုက်သော လေညင်းထဲတွင် လှိုင့်ရယ်သံတွေက ဆည်းလည်းသံလို ချိုမြစွာ ရောယှက်သွား၏။

“ဝေမင်း … ငါ့လွယ်အိတ်ကို နင်လွယ်ပေးထားစမ်းပါ။ ငါ လွတ်လွတ်လပ်လပ် လမ်းလျှောက်ချင်လို့ …”

“ရပါတယ် လှိုင်ရဲ့ … ပေးလေ …”

ကျွန်တော်က လွယ်အိတ်နှစ်လုံးကို ထပ်၍ စလွယ်သိုင်းလွယ်လိုက်၏။ လှိုင်လွယ်အိတ်ထဲတွင် လှည်းတန်းဈေးက ဝယ်လာသော အကျီထုပ်ကြောင့် လိုအပ်သည်ထက်ပို၍ ဖောင်းနေခဲ့သည်။

လှိုင်က လွယ်အိတ်နှစ်လုံး ထပ်လွယ်ထားသော ကျွန်တော့်ကို ကြည့်ရင်း ငါ့အစ်ကိုက အခုမှ လှသွားတာဟု ပြောပါသည်။ ထို့နောက် လှိုင်သည် တကယ့်ကလေးငယ်တစ်ယောက်လို အပြန်လမ်းတစ်လျှောက် ပြေးလွှားဆော့ကစားရင်း ပျော်မြူးနေခဲ့သည်။ ကျွန်တော်က လွယ်အိတ်နှစ်လုံးကို လွယ်ရင်း ပျော်နေသော လှိုင့်ကောက်ကြောင်းများကိုသာ လိုက်လံမှတ်သားနေမိ၏။

ညနေခင်းသည် ကျွန်တော်တို့နှစ်ယောက်၏ ခွဲခွာချိန်ဖြစ်သည်။ လှိုင် ပြန်သွားလျှင် ကျွန်တော်တစ်ယောက်တည်း ကုက္ကိုပင်ကြီးကို နေဝင်ချိန်မှာ သွားကြည့်ဖြစ်ဦးမည်။ သို့သော် အမြဲတမ်းတော့ မဟုတ် …။

လူတစ်ယောက်၏ ဘဝသည် အမြဲတမ်းဆိုသည့်စကားအောက်မှာ ကြာရှည်စွာ မရှိတတ်ကြောင်း အခွင့်အခါသင့်လျှင် လှိုင့်ကို ပြောရဦးမည်။

အဲဒီ …..

မိုးတိမ်ရဲ့မွှားထစ်တွေဟာ

ငါတို့ရဲ့စိတ်ချင်း ဆက်သွယ်မှုသက်သက်ပဲ။ ။

www.burmeseclassic.com

www.burmeseclassic.com



(၅)

ထိုနေ့က ကောင်းကင်သည် ကြည်လင်မှုမရှိဘဲ ပြာမှိုင်း ဝလျက်ရှိသည်။ လှိုင်သည် အဖြူစွတ်စွတ် အင်္ကျီလက်ရှည်ကို ပေါ်ခုံးကြယ်သီးပေါက်အထိ တပ်၍ ဝတ်ဆင်ထားသည်။ တုံးစံ င်ခုလို အင်းဝကန်တင်းသည် တခြားကန်တင်းများထက် လူနည်း ကရှိ၏။

ကျွန်တော်တို့နှစ်ယောက် ထိုင်နေသည့်စားပွဲမှာ ကန်တင်း သောင့်ဆုံး ထောင့်စွန်းနေရာတွင် ဖြစ်သည်။

"ဟဲ့ . . . မိုးကရွာမလား မသိဘူးနော် ရေမင်း။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းတွင်းကြီးမှာ …"

"နင်ကလည်း ဆောင်းကကုန်ပါပြီဟာ၊ မကြာခင် ရောက်တော့မယ်။ သင်္ကြန်မိုးဖြစ်လိမ့်မယ်ဟ။ ဒီပုံအတိုင်းဆို ရွာမိုများနေပြီ"

ကျွန်တော့်စကားကြောင့် လှိုင်က မိုးသားမည်းမည်းများကို ကြည့်ပြီး ပျော်ရွှင်နေလေသည်။

"ဝေမင်း … ငါ မိုးရွာထဲမှာ လျှောက်သွားချင်လိုက်တာ။ တော်တော်လွတ်လပ်ပြီး ပျော်ဖို့ကောင်းမှာပဲနော်"

"နင့်ပုံစံနဲ့ အဲဒါမျိုးလျှောက်သွားရင် နင်ဖျားမှာပေါ့"

လှိုင်က ထိုစကားကြောင့် ပါးလှပ်သော သူ၏ခန္ဓာကိုယ်ကို ပြန်ငုံ့ကြည့်၏။ ပြီးတော့ ပြောသည်။

"ဟုတ်တယ်ဟ … ငါ့ပုံစံနဲ့ဆို တော်ရုံတန်ရုံ ရာသီဥတုဒဏ်ကို ခံနိုင်မှာ မဟုတ်ဘူး"

ကျွန်တော်က လှိုင့်စကားကို ဝမ်းနည်းသွားသည်။ အိမ်ထဲက အိမ်ပြင်ကို ကောင်းကောင်းမထွက်ဘူးတဲ့ ကောင်မလေးမို့ လူတွေရဲ့ အကြည့်၊ လူတွေရဲ့ မျက်လုံးများကို လှိုင်သည် ကောင်းကောင်း အဓိပ္ပါယ်ခွဲတတ်မည့်ပုံမပေါ်ပါ။ ဒီကြားထဲ လှိုင်သည် စိတ်ခံစားမှုကို ခန္ဓာကိုယ်နှင့် မလိုက်ဘဲ ဦးစားပေးတတ်သူဟု ကျွန်တော် ခန့်မှန်းမိပါသည်။

"နင် အင်းလေး ရောက်ဖူးတယ်မဟုတ်လားဟင် … လှိုင်"



"ဟင့်အင်း … အံ့မယ်လေး၊ အင်းလေးမပြောနဲ့ ရန်ကုန်မြို့ထဲက အင်းလျားတောင်မှ နင်နဲ့ ဘူးသီးကြော်သွားစားတဲ့နေ့မှ ရောက်ဖူးတာ … ရန်ကုန်အပြင်ဘက် တစ်ခါမှ မရောက်ဖူးဘူး။ ဒီအရွယ်အထိ …"

ထိုစကားကိုတော့ ကျွန်တော် အံ့သြသွားပါသည်။

"ဟုတ်ပါ့မလား လှိုင်ရယ် … ဒီအရွယ်အထိ ရောက်နေပြီ။ ရန်ကုန်မြို့အပြင်ဘက်မှ မရောက်ဖူးဘူးဆိုတာ …"

"ရော် …  တကယ်ပြောတာပါ ဝေမင်းရဲ့၊ ငါက နင့်ကို လိမ်ပြောလို့ ဘာအမြတ်ရမှာလဲ"

လှိုင်၏စကားကို ကျွန်တော် တကယ်ပင် ထူးဆန်းနေခဲ့ပါသည်။ ရုတ်တရက် ကျွန်တော်ရောက်ဖူးခဲ့သော ရှမ်းကုန်းပြင်မြင့်ရှိ တောင်ပြာတန်းများ၊ ဧရာဝတီမြစ်ကြောတစ်လျှောက် သဘော်စီးခြင်းများ၊ မန္တလေး၊ ပုဂံဘက်ရှိ စေတီပုထိုးများ၊ ကချင်ပြည်နယ်ရှိ မြစ်ဆုံ၊ အင်းတော်ကြီးဒေသများ၊ အဝေးပြေးကားလမ်းပေါ်မှာ ကားစီးရင်း ကြည့်ရသည့် ရွှေ့မျောနေသော တိမ်စိုင်တိမ်ခဲများ၊ အညာဒေသရှိ လှည်းတန်းကြီးများနောက်က ဖုန်လုံးကြီးများ စသဖြင့် ကျွန်တော်က တန်းစီ၍ သတိရနေခဲ့၏။

ကျွန်တော်က လှိုင်သာ အဲဒီနေရာတွေကို ရောက်ဖူး၊ မြင်ဖူးခဲ့လျှင် ဘယ်လောက်တောင် ပျော်ရွှင်နစ်မြုပ်လိမ့်မည်ဆိုတာ တွေးကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"နောက် အချိန်တွေအကြာကြီးနေလို့ရှိရင် နင့်ကို ငါ မြန်မာပြည်အနှံ့ လိုက်ပို့ပေးမယ်၊ သိလားလှိုင် … နင် သိပ်ပျော်မှာ"

ကျွန်တော့်စကားကို ကြားတော့ လှိုင်သည် နှစ်နှစ်ကာကာ ပင် ပြုံးလေသည်။

"နင်က ငါ့ကို နောက်အကြာကြီးနေရင် မြန်မာပြည်အနှံ့ လိုက်ပို့ပေးချင်တော့မှာ မဟုတ်ပါဘူးဟာ … ငါသိပါတယ်"

သူ့စကား၏အဓိပ္ပါယ်ကို ကျွန်တော် မခံချင်ဖြစ်သွားပါ သည်။ ယောက်ျားတစ်ယောက်၏ ကတိစကားကို တာဝန်ယူမှုကို ထိုစကားက ရိုက်ပုတ်လိုက်ခြင်းဟု ကျွန်တော် နားလည်မိ၏။

"ဒီမှာ လှိုင် … နင်ဘာသာအချိန်တွေ ဘယ်လောက် ကြာကြာ၊ ငါတို့ ဘယ်အခြေအနေတွေပဲရောက်ရောက်၊ နင့်ဘက် ကသာ အဆင်သင့်ရှိနေပါစေ။ ငါမြန်မာပြည်အနှံ့ နင့်ကို လိုက်ပို့ပေး မှာပေါ့။ နင် အဲဒါကိုတော့ ယုံထားစမ်းပါ လှိုင်ရာ …"

လှိုင်သည် ကျွန်တော့်စကားကို ကြားလျှင် ငြိမ်သက်စွာ နှုတ်ဆိတ်နေလျက် ကျွန်တော့်ကို ကြည့်နေသည်။

"အေးပါ ဝေမင်းရယ် … ငါယုံပါတယ်"

သူ၏စကားသံများသည် အဖျားဆွတ်၌ တုန်ခါနေသည်ဟု ကျွန်တော်ထင်ပါသည်။ ထိုအချိန်၌ စောစောက မှောင်မိုက်နေသော မိုးသားမည်းမည်းများသည် မိုးစက်၊ မိုးပေါက်များအဖြစ် စတင်ရွာချ တော့၏။ လှိုင်က မိုးစက်ဖွဲဖွဲလေးများကို ကြည့်ရင်း ကြည်နူးစွာ



ကျွန်တော့်ကို စကားတစ်ခွန်းပြောလိုက်သည်။

"နောက် …ငါမိုးရွာထဲ လျှောက်သွားချင်တယ်ဆိုရင်ရော နင်က ဘေးမှာ အဖော်လိုက်ပေးမှာပဲလားဟင်"

"ဒါပေါ့ … လှိုင်ရဲ့"

လှိုင်သည် ကျွန်တော့်အဖြေစကားကို ကျေနပ်စွာ ရယ် နေပြန်သည်။ ပြီးတော့ သူ့လက်ဖဝါးတွေကို သူပြန်ငုံ့ကြည့်၏။

"ငါ့လက်ဖဝါးတွေကို ကြည့်စမ်း ဝေမင်း …"

ကျွန်တော်က လှိုင် ထိုးပြသော လက်ဖဝါးနှစ်ဘက်ကို ကြည့်လိုက်မိသည်။ ဖြူဖွေးနုညက်နေသည့် လက်ဖဝါးများ သေးသေး သွယ်သွယ်လေးတစ်စုံ။

"နင်ကြည့်စမ်း ဝေမင်း။ အဲဒီလက်ဖဝါးလေးတွေက သနားစရာ မကောင်းဘူးလား။ ငါ့လက်ဖဝါးလေးတွေကို ငါ သိပ်သနားတာပဲ …"

ကျွန်တော့်စိတ်ထဲတွင် ထိုလက်ဖဝါးလေးများကို ကိုင်ကြည့် ချင်လာသည်။

"လှိုင် … နင် လက်ဖဝါး အကြောနိပ်တာခံဖူးလား။ အရမ်းအညောင်းပြေ တာ"

"ဟင့်အင်း … မခံဖူးဘူး။ နင် နိပ်တတ်လားဟင်"

ကျွန်တော်၏ ရည်ရွယ်ချက်တစ်စုံတစ်ရာဖြင့် ပြောလိုက် သော စကားသည် လှိုင့်ဆီမှ မျှော်လင့်သည့်အတိုင်းပင် ထွက်

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။ ထိုကိစ္စမှာ ကျွန်တော်၏ မရိုးသားသော ဖျားယောင်းမှု ဖြစ်သော်လည်း ကျွန်တော့်ရင်ခုန်သံအတွက်တော့ လုပ်သော တန်ကြေးတစ်ခု ဖြစ်ပါသည်။

"အင်း ··· ဒါပေမယ့် သိပ်တော့ မနိပ်တတ်ဘူးဟ။ နှင်းကို သင်ပေးရမလား"

ကျွန်တော်ကိုယ့်ဘာသာကိုယ် မလုံစွာ ကြိတ်၍ပြုံးမိ၏။ ထိုနေရာတွင် ကျွန်တော်၏ စကားလုံးရွေးချယ်သုံးစွဲမှုကို ကျွန်တော် ကျေနပ်သွားသည်။

ကြည့်လေ ··· ဘယ်လောက် ညင်သာသပ်ရပ်လိုက်ပါ သလဲ။ နင့်ကို သင်ပေးရမလားတဲ့။

ရုတ်တရက် လှိုင့်ဆီမှ တုံ့ပြန်စကားများကို ကြားရ၏။

"အေး ··· သင်ပေးလေ ဝေမင်းရဲ့၊ ဘယ်လိုသင်ရမှာလဲ"

ခပ်ဖွဲဖွဲရွာနေသော မိုးသည် သည်းထန်စပြုနေပြီ။

"နင့်လက်ဖဝါးကို ဖြန့် ···"

လှိုင့်ညာဖက်လက်ဖဝါးသည် ဖြန့်လျက် ကျွန်တော့်ရှေ့သို့ ရောက်လာသည်။ ဖြန့်ထားသော သူ၏လက်မနှင့် လက်သန်းကြားသို့ ကျွန်တော့်လက်ဖဝါးနှစ်ဖက်စလုံးကို ချိတ်ဆက်မိအောင် ထည့်လိုက်သည်။ နောက် ··· ကျွန်တော်က သူ့လက်ဖဝါးအကြောများ တင်းနေစေရန် လက်ဖဝါးကို နည်းနည်းကော့လိုက်၏။ ပြီးတော့ ကျွန်တော် လက်မနှစ်ချောင်းဖြင့် သူ့လက်ဖဝါးပြင်အနှံ့ ညင်သာစွာ



နှိပ်ပေးလိုက်ပါသည်။

"အေး ··· ခံလို့ကောင်းတယ်ဟ၊ မဆိုးဘူး"

အခုအခါတွင် သူ၏လက်ဖဝါးလေးသည် ကျွန်တော် လက်ဖဝါးနှစ်ဖက်ကြားတွင် ပျောက်ကွယ်လျက် ရှိလေသည်။ ကျွန်တော်က ထိုအဖြစ်ကို မျက်နှာပူစွာ လှိုင့်ကို လှမ်းကြည့်လိုက်သောအခါ သူက ဘာမှမဖြစ်သလိုပင် ခပ်တည်တည်နှင့် ကျွန်တော့်ကို ကြည့်နေသည်။

ကျွန်တော်တို့ ထိုင်သော စားပွဲမှာ ကန်တင်း၏ အစွန်ဆုံး စားပွဲဖြစ်သောကြောင့် မိုးစက်တစ်ချို့က လာစင်သည်။ သို့သော် ကျွန်တော်တို့နှစ်ယောက်စလုံး နေရာပြောင်းထိုင်ဖို့ ဘယ်သူမှ သတိမရကြ။

လှိုင်က ခဏကြာတော့ ညာဘက်လက်ဖဝါးကို ပြန်ယူသွားပြီး ဗယ်ဘက်လက်ဖဝါးကို ပေးပြန်သည်။

ထိုအခါ ကျွန်တော်တို့တစ်ယောက်ကို တစ်ယောက် ကြည့်ပြီး ပြုံးမိကြသည်။ ကျွန်တော်က ပထမညာဘက်လက်ဖဝါးလေးနည်းတူ သူ၏ ဗယ်ဘက်လက်ဖဝါးကိုလည်း နှိပ်ပေးရပြန်သည်။

လှိုင့်မျက်ဝန်းနက်နက်များ၏ အစိမ့်ပွါယ်မှာ ကျွန်တော့်အတွက် ခက်ခဲစေလျက်ရှိသည်။ ခဏမျှကြာတော့ လှိုင်က သူ့လက်ဖဝါးတွေကို ပြန်ရုတ်သွားပြီး ···

"ဝေမင်း ··· နင်လက်ဖဝါးတွေ ငါ့ကို ပေး။ ငါ တစ်လှည့်

www.burmeseclassic.com

www.burmeseclassic.com



နိုပ်ပေးမယ်"

ကျွန်တော် သူ့ကို ဘာမှ ပြန်မပြောတဲ့ လက်ဖဝါး တစ်ဖက်ကို လှိုင်ရှေ့သို့ ထိုးပေးလိုက်ပါသည်။ လှိုင်က စောစောက ကျွန်တော် သူ့ကို လုပ်ပေးသည့်ပုံစံအတိုင်းပင် ကျွန်တော့်ကို ပြန်နှိပ် ပေး၏။

သို့သော် သူ့လက်ဖဝါးသေးသေးလေးများမှာ ကျွန်တော့် လက်ဖဝါး၏ ကြီးမားကျယ်ပြန့်မှုကို မလွှမ်းနိုင်ဘဲ ရှိသည်။ လှိုင်က လက်မလေးများဖြင့် ကျွန်တော့်လက်ဖဝါးပေါ် ဖိနှိပ်လိုက်သည့်အခါ နှိပ်နယ်ပေးနေသည်နှင့် မတူဘဲ (ကလေးတစ်ယောက်က လူကြီး တစ်ယောက် လက်ကို) ဆော့နေသည်နှင့် တူလေသည်။

"နင် နှိပ်တာကလည်း ပျော့ပျော့လေး ..."

ကျွန်တော့်စကားကြောင့် လှိုင်က အနည်းငယ် အားစိုက် ပြီး နှိပ်သည်။ ဒါပေမယ့် ကျွန်တော့်အတွက် ဘာမှ မထူးခြား ...

"တော်ပါတော့ လှိုင်ရယ် ... နင် နှိပ်လည်း မနှိပ်တတ်ဘဲ နဲ့။ တော်တော့ ..."

"ငါက နင့်လို အနှိပ်သည်မှ မဟုတ်တဲ့ ကောင်စုတ် လေးရဲ့"

ပြောပြီး သူက ရယ်မောလိုက်ပါသည်။ သို့သော် ကျွန်တော့် လက်တွေကိုတော့ မလွှတ်ဘဲ သူကကိုင်ထားဆဲ ဖြစ်သည်။

ထိုအချိန်တွင် သည်းသည်းမည်းမည်း ရွာသွန်းနေသော မိုးစက်မိုးပေါက်များသည် ခပ်ဖွဲဖွဲသာ ရှိတော့သည်။



လှိုင့်မျက်လုံးတွေသည် သိုသိပ်လျှို့ဝှက်စွာ ကျွန်တော့်ကို ကြည့်နေလေသည်။ ကျွန်တော်လည်း လှိုင့်ကို ခပ်ဆိတ်ဆိတ် ပြန် ကြည့်မိ၏။ သိမ်းဆည်းထားသော အမှန်တရားကိုယ်စီဖြင့် ကျွန်တော် တို့ နှုတ်ဆိတ်သိမ်မွေ့နေခဲ့ကြသည်။

နောက်တော့ လှိုင်သည် သူဆုပ်ကိုင်ထားသော ကျွန်တော့် လက်ဖဝါးကို လွှတ်ချလိုက်ပါသည်။

"ဆောရီးနော် ... ဝေမင်း"

"ဘာအတွက်လဲဟင် ..."

"ငါက နင့်လက်ကို ကိုင်ထားမိလို့"

"ဟာ ..."

ကျွန်တော့်မျက်နှာတွင် နွေးခနဲဖြစ်သွားပါသည်။ ခေါင်းငုံ့၍ မျက်နှာလွှဲသွားသော ကျွန်တော့်ကို မြင်တော့ လှိုင်က ရယ်မော လေသည်။

ကြည့်ပါလား ...။ တော်တော်ဆိုးတဲ့ကောင်မလေး။ ဘာလုပ်ရမှန်း မသိဖြစ်နေသော ကျွန်တော်သည် လန်ဒန်တစ်လိပ်ကို မီးညှိ၍ သောက်လိုက်၏။ ကျွန်တော့်ပါးစပ်ထဲမှ မှုတ်ထုတ်လိုက် သော စီးကရက်မီးခိုးငွေ့များကို မြင်သောအခါ လှိုင်ကပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



. . . . . . . . .

. . . . . . . .

. . . . . . . .

. . . . . . . . . . .

"နှင် က လည်း
ဆေးလိပ်တွေ တအားသောက်တာပဲ၊
လျှော့သောက်ဦး . . ."

"အောင်မာ . . . နှင်ကပဲ ငါ့ကို ဆရာ
လုပ်နေ . . . ကိုယ့်ကျန်းမာရေးလည်း
ကိုယ် ဂရုစိုက်ဦး"

. . . . . . . . . . .

. . . . . . . . . . .



ကျွန်တော့် သတိပေးစကားသံအဆုံးမှာ လှိုင်က တစ်စုံတစ်ခုကို သတိရသွားသလိုဖြင့် ကမန်းကတန်း သူ၏လွယ်အိတ်ကို နှိုက်လိုက်သည်။ လှိုင့်လက်ထဲတွင် ပါလာသော အရာသည် လက်ကိုင်နာရီလေး ဖြစ်ပါသည်။

"ဟာ . . . လေးနာရီတောင် ထိုးတော့မယ်၊ တော်ပါသေးတယ် ဝေမင်းရယ် နာရီကြည့်မိလို့၊ ငါ့စိတ်ထဲမှာ သုံးနာရီလောက်ပဲ ရှိမယ်ထင်နေတာ . . .။ အချိန်တွေက ဘယ်လိုကုန်သွားမှန်းကို မသိဘူး"

"ဟုတ်တယ်နော် . . . ဟိုတစ်ခါလည်း အဲဒီအတိုင်းပဲ၊ လေးနာရီ ထိုးသွားတာ မြန်လိုက်တာ . . ."

ကျွန်တော့်စကားကြောင့် လှိုင်က ရက်ပြုံးတစ်ပွင့် ပြုံးလိုက်၏။ နောက်တော့ လှိုင်က ပြန်ဖို့ ပြင်ဆင်နေပြီး ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ပဲ လှိုင့်ကို နောက်ဖို့ စဉ်းစားမိသည်။

"လှိုင် ... နင်က ပြန်တော့မလို့လား"

"အေးလေ ... နင်ကလည်း သိရဲ့သားနဲ့။ ငါ့အိမ်က ဒီအချိန်ဆို လာကြိုနေကျပဲဥစ္စာ ...ဘာလဲ ... နင်က အရေးတကြီး ကိစ္စရှိလို့လား"

"ရှိတယ် ... လှိုင်ရဲ့၊ နင့်ကို ပြောစရာရှိတယ်"

"တကယ် ..."

ကျွန်တော်က မျက်နှာကို ခပ်တည်တည်ဖြစ်အောင် အတတ်နိုင်ဆုံးပြုပြင်ရင်း ခေါင်းညိတ်ပြလိုက်သည်။

"အဲဒါဆိုပြောလေ ဝေမင်းရဲ့၊ ငါ ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက် အချိန်ရသေးတယ်"

"ငါ ပြောသင့်လား၊ မပြောသင့်လား စဉ်းစားနေတာပါ"

ထိုစကားကြောင့် လှိုင်က သိချင်စိတ်တွေ ပိုပြင်းပြလာသည်။

"ပြောမှာသာပြောစမ်းပါ ဝေမင်းရဲ့"

"အေး ... ပြောမယ်ဟာ၊ နင် သေချာနားထောင်နော် လှိုင်၊ နင့်ရှေ့သွားက သွားကျိုးလေးတွေက မပြောင်တော့ဘူးလား၊ နင် ကသေချာသွားမတိုက်ဘူးလားဟာ ... မိန်းကလေးလုပ်ပြီး ...."

ကျွန်တော့်စကားမဆုံးမီ လှိုင်က သူ့ကို သက်သက်နောက် ပြောင်နေမှန်းသိသွားပြီး ကျွန်တော့်ပခုံးကို ပုတ်လိုက်ရင်း ရယ်လေ



သည်။

"ဝေမင်း ... နင်နော်။ ငါက အကောင်းမှတ်လို့ နားထောင်နေတာ"

"ဟ ... ငါလည်းနင့်ကို အကောင်းပြောတာပါ။ မိန်းကလေးဆိုတာ ..."

"တော်တော့နော် ဝေမင်း။ အဲဒါ သွားကျိုးမဟုတ်ဘူးဟဲ့၊ လက်ဖက်ရည်သောက်လွန်းအားကြီးလို့ဖြစ်တာ...၊ အဲဒါလက်ဖက်ရည်ကျိုးလို့ ခေါ်တယ်၊ နားလည်လား"

"လျှောက်ပြောမနေနဲ့၊ သွားကျိုးက သွားကျိုးပေါ့"

ကျွန်တော်က မခံချင်အောင် စလိုက်သောအခါ လှိုင်က ပြန်အော်သည်။

"ဘာ သွားကျိုးလဲ၊ အဲဒါ လက်ဖက်ရည်ကျိုး ..."

သူ၏ တုံ့ပြန်မှုကို ကျွန်တော်က မက်မက်မောမောပင် ငေးကြည့်နေမိသည်။ ထိုအခါ လှိုင်က...

"တော်ပြီ၊ တော်ပြီ ...နင့်ကို စကားပြောရတာ အချိန်ကုန်တယ်၊ သွားတော့မယ်"

သူ၏ခြေဆောင့်၍ထွက်သွားပုံမှာ ကျွန်တော့်အတွက် အမှတ်တရ ဖြစ်ပါသည်။ ညနေခင်း၏ ကောင်းကင်သည် မိုးရွာပြီးစမို့ ကြည်လင်တောက်ပနေလေသည်။

လှိုင် ထားရစ်ခဲ့သော သူ၏ကိုယ်သင်းနံ့လေးတွေသည်

www.burmeseclassic.com

www.burmeseclassic.com



လေထုထဲ၌ ဝေ့ဝဲနေ၏။ ကျွန်တော်တစ်ယောက်တည်း ကျန်ရစ်ခဲ့သော အခါ အားငယ်နေသလို ခံစားရ၏။

ဒီနေ့ည လှိုင်အိမ်ပြန်ရောက်လျှင် ကျွန်တော့်အကြောင်းတွေ တွေးမနေဘူးဟု ဘယ်သူ အာမခံနိုင်ပါမည်နည်း။

ဒါသည် ကျွန်တော်တစ်ယောက်တည်း၏ တစ်ဖက်သတ် ထင်မြင်ချက်ဖြစ်သည့်တိုင် လှိုင်က ကျေနပ်စွာ ဝန်ခံလိမ့်မည် ထင်ပါသည်။

အတိတ်ကို ပြန်ဆိုရန်
ငါ့နလုံးသားသည် တတ်ကျွမ်းသော
ပညာရှင်ဖြစ်ပါသည်။
သို့သော် . . .
ငါ့ဦးနှောက်တို့မှာ ပညာမဲ့ကြ၏။ ။

www.burmeseclassic.com

www.burmeseclassic.com



(၆)

ဦးချစ်ဆိုင်သည် ရန်ကုန်တက္ကသိုလ်၏ အထင်ကရနေရာ သစ္စာ ကပို့ကရို့နှင့် လှပလွန်းသည့် ဗာဒံပင်ကြီးများ၏ အရိပ်အောက်တွင် စီးကရက်ကြော်ငြာများပါသော ထီးကြီးများကလည်း ဟိုသည်သည် ပြန့်ကျဲလျက်ရှိသည်။

ကျွန်တော်တို့ သူငယ်ချင်း သုံးယောက်စလုံးသည် တစ်ယောက်ကို တစ်ယောက် အကဲခတ်လျက် ငြိမ်သက်နေကြသည်။ လေအငွေ့တွင် ဗာဒံရွက်ခြောက်တစ်ရွက်၊ နှစ်ရွက်ခန့်မှာ ကြွေကျသော၏၊ နိုင်ဝင်းက လေပွအချို့ကို မှုတ်ထုတ်ရင်း စကားပိုင်း

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်မှု ပြိုခွင်းလိုက်ပါသည်။

"ဝေမင်း ... မြသီတာနဲ့ပတ်သက်ပြီး အဖြစ်အပျက်တွေ အမှတ်တရတွေ ဘာတစ်ခုမှ မင်းရင်ထဲမှာ ရှိမနေတော့ဘူးပေါ့ ... ဟုတ်လား"

နိုင်ဝင်း၏စကားမှာ တည်ငြိမ်လေးနက်လွန်းသည်။ ကျော်ကျော်မင်းကို တစ်ချက်လှမ်းကြည့်လိုက်တော့ သူက ကျွန်တော့်ဆီမှ အဖြေစကားကို စိတ်ဝင်တစား စောင့်မျှော်နေပုံရသည်။ ကျွန်တော်က သက်ပြင်းကို ခပ်ဖွဖွချရင်း ခေါင်းညိတ်ပြလိုက်ပါသည်။

ကျော်ကျော်မင်းက ...

"မြသီတာဟာ မင်းကို သိပ်ချစ်ခဲ့တာနော် ..."

ဟု ကျွန်တော့်ကို သတိပေးသလိုပြော၏။

"ငါ သိပါတယ် ..."

နိုင်ဝင်းက တစ်ခုခုကို ပြောမလို့ ဟန်ပြင်ပြီးမှ မပြောတော့ဘဲ ဆုံးဖြတ်ကာ ပုံမှန်အတိုင်း ငြိမ်နေပြန်သည်။

ကျော်ကျော်မင်းဆီမှ စကားသံတွေ ထွက်လာသည်။

"မင်းနဲ့ လှိုင်နဲ့ကရော ဘယ်လိုအခြေအနေတွေ ရှိနေပြီလဲ"

သူ့အမေးကို ကျွန်တော် မဆိုင်းမတွပင် ဖြေလိုက်သည်။

"အခုထိတော့ သူငယ်ချင်းတွေပါပဲ ..."

"နောက်ရော ... ဘာတွေဖြစ်လာနိုင်မလဲ"



"အဲဒါတော့ ငါလည်း မပြောနိုင်ဘူး။ မိန်းကလေး တစ်ယောက်ကို အဲဒီလို အပိုင်ပြောတာ သူ့သိက္ခာကို ထိခိုက်နိုင်တယ်"

ကျွန်တော့်စကားတွင် ရယ်စရာတစ်လုံးမှ မပါသော်လည်း ကျော်ကျော်မင်းနှင့် နိုင်ဝင်းတို့က ပြိုင်တူရယ်လိုက်ကြပါသည်။ ကျွန်တော့်ကိုပင် အားမနာကြ ...။ ခဏကြာတော့ နှစ်ယောက်စလုံး အရယ်ရပ်သွားကြပြီး ကျွန်တော့်ကို နိုင်ဝင်းက စပြောလေသည်။

"ဝေမင်း ... ငါတို့အနေနဲ့ မင်းနဲ့လှိုင်ကို ဘာမှ ပြောစရာမရှိပါဘူး။ ဒါပေမယ့် မြသီတာနဲ့ မင်းနဲ့ တရားဝင်ပြတ်သွားတာမျိုး မဟုတ်ဘူး။ သူက R.C(2) မှာရှိနေသေးတယ်။ ပြီးတော့ မင်းနဲ့လှိုင်ဘာတို့အကြောင်း လှိုင့်ကို ပြောပြဖူးလား"

ကျွန်တော် ခေါင်းခါပြလိုက်ပါသည်။ ထိုအခါ နိုင်ဝင်းက ဆက်ပြောသည်။

"သိနေတယ်လေ ...။ ငါ မင်းကိုပြောမယ် ဝေမင်း။ မင်းနဲ့ မြသီတာဟာ ရည်းစားတွေ မဟုတ်တော့တဲ့အကြောင်း ဖြစ်ခဲ့တာကို မင်းကိုယ်တိုင် ပြော ...၊ သူ့သဘောတူညီမှုကို တောင်ယူခဲ့ ...။ ပြီးတော့မှ မင်း လှိုင့်ကို ဒီအကြောင်းတွေ ပြောပေါ့။ ဒီအချိန်မှာ ဒါ အသင့်တော်ဆုံးပဲ"

နိုင်ဝင်း၏စကားသည် မှန်သင့်သလောက် မှန်သော်လည်း ကျွန်တော် လက်ခံလိုက်၍ မဖြစ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူး နိုင်ဝင်းရဲ့ ငါ မြသီတာကို မျက်နှာချင်း မဆိုင်ချင်ဘူး။ ဒီလိုပဲ သူကလည်း ငါ့ကို တွေ့ချင်လိမ့်မယ် မထင်ဘူး"

"အဲဒါ မင်းတို့နှစ်ယောက် မတွေ့ဆုံဖို့ လုံလောက်တဲ့ အကြောင်းပြချက် မဟုတ်ဘူး ဝေမင်း"

အတန်ကြာ ငြိမ်နေသော ကျော်ကျော်မင်းက ဝင်ပြော လိုက်ခြင်းဖြစ်သည်။

"ဟ ... ဒါအမှုအခင်း ဖြစ်နေတာ မဟုတ်ဘူး။ မင်းတို့ က တရားသူကြီးတွေ မဟုတ်ဘူး။ ငါ မြသီတာနဲ့ မတွေ့ချင်တာ ဘာအကြောင်းပြချက်မှ ရှိစရာမလိုဘူး။ ငါ့စိတ်ထဲက မတွေ့ချင်လို့ မတွေ့တာ ... ဘာဖြစ်လဲ"

"မင်းကလည်း ငါတို့ကို ရန်မလိုစမ်းပါနဲ့ကွာ။ ငါတို့က မင်း နဲ့ မြသီတာကိစ္စရှိနေခဲ့တော့ ...လိုင်ပါ ဝင်ပါလာရင် ရှုပ်ကုန်မှာ စိုးလို့ပါ။ အခုတော့ မြသီတာက R.C (2) မှာဆိုပေမယ့် မင်း သတင်းကို စုံစမ်းနေပုံရတယ်၊ ငါ ဟိုတစ်နေ့က R.C (2) ရောက် တော့ မင်း ကောင်မလေးတစ်ယောက်နဲ့ တွဲနေတယ်ဆိုတာ ဟုတ် လားတဲ့ ...၊ ငါ့ကို မေးတယ်။ ငါက ဟုတ်တယ်... ဒါပေမယ့် ရိုးရိုးသူငယ်ချင်းပါဆိုပြီးတော့ ပြောခဲ့ရသေးတယ်"

ကျွန်တော်က ကျော်ကျော်မင်း၏ စကားကြောင့် ခေါင်းငြိမ် မိသွားသည်။ နိုင်ဝင်းက ...



"ခက်တယ် ဝေမင်း။ အင်းလေ ... ဒါပေမယ့် မင်း စဉ်းစားပေါ့ကွာ။ ငါတို့သွားတော့မယ်၊ ချိန်းထားတာ ရှိသေးတယ် ... ဟိုမှာ နောက်တောင်ကျနေပြီ။ မင်းကိစ္စကို နောက်နေ့ကျမှ ဆက် ဆွေးနွေးကြတာပေါ့။ ဟေ့ကောင် ကျော်ကျော်မင်း ထ ..."

ထို့နောက် သူတို့နှစ်ယောက် ထွက်သွားကြတော့သည်။ ဦးချစ်ဆိုင်သည် တခြားဝိုင်းများမှ ဆူညံသံတို့ဖြင့် တက္ကသိုလ်၏ သင်္ကေတကို ဖော်ဆောင်နေလျက်ရှိ၏။ ကျွန်တော့်အတွေးများသည် မြသီတာဆိုသည့် ကောင်မလေးဆီသို့ စီးဆင်းသွား၏။

မြသီတာ ...

မြသီတာ ...

ဟုတ်တာပေါ့၊ ဒါ ငါချစ်ခဲ့ဖူးတဲ့ ကောင်မလေးတစ်ယောက် ရဲ့ နာမည်ပဲ။

×××××××××××

ကျွန်တော်တို့ ပထမနှစ် တက်တော့ မြသီတာသည် R.C(2) တွင် မသိသူမရှိလောက်အောင် ထင်ရှားသူဖြစ်ပါသည်။

နာမည်ကျော်ခွဲစိတ်ဆရာဝန်ကြီး တစ်ဦး၏ သမီး၊ လှသည်။ ကျွန်တော်က သူ့ကို ကျော်ကျော်မင်းတို့ ညွှန်းလွန်း၍ သိနေခြင်း ဖြစ်သည်။ သူကတော့ ကျွန်တော့်ကို မျက်မှန်းတန်းမိရုံလောက်သာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကလည်း ခင်ဆွေဝင်းတို့အတန်းရှိရာ ဌူးဘက်သို့ သွား ရင်း မတော်တဆ ဆုံကြခြင်းလောက်ပဲ ဖြစ်၏။ မြသီတာကလည်း ဌူးက ...၊ ဒါပေမယ့် ခင်ဆွေဝင်းနဲ့ မြသီတာ မရင်းနှီးကြ၊ မသိကြ ဆိုပါတော့ ...။ ဒီလိုနှင့်ပင် ကျွန်တော်နှင့် မြသီတာ တို့သည် ပထမနှစ် တစ်နှစ်လုံးအဝေးမှသာ နှစ်သိမ့်နေခဲ့ကြသည်။ မျက်လုံးချင်းပဲ ရင်းနှီးသိကျွမ်းနေခဲ့ကြသည်။

ဒုတိယနှစ်ကို ရောက်လာတော့ ခင်ဆွေဝင်းက အဝေးသ ကို ပြောင်းသွားပြီး၊ ကျွန်တော်တို့လမ်းထဲမှ အိမ်ပါ ပြောင်းသွား ခင်ဆွေဝင်း မရှိတော့သဖြင့် ကျွန်တော်လည်း ဌူးဘက်ကို မရော ဖြစ်တော့ ...။ ထိုအခါ မြသီတာနဲ့ပါ ဝေးသွားခဲ့သည်။ ဒါပေမ ရံဖန်ရံခါ ကန်တင်းတွင်၊ စာကြည့်တိုက် ရှေ့တွင်၊ ကျောင်းဝ တစ်လျှောက် ပလက်ဖောင်းများပေါ်တွင် မြသီတာကို ကျွန်တေ တွေ့ရတတ်သည်။

ဖြစ်ချင်တော့ နိုင်ဝင်းက ကျော်ကျော်မင်းကို အဖော် မရဘဲ အင်္ဂလိပ်စာသင်တန်းတစ်ခု တက်ဖို့ ကျွန်တော့်ကို စည် လာသည်။ ကျွန်တော်ကလည်း အင်္ဂလိပ်စာကို သေချာလုပ်ဖို့ ဖြစ်ထားချိန်နှင့် ကိုက်ညီနေသဖြင့် ထိုသင်တန်းကို တက် သဘောတူလိုက်၏။

အဲဒီအင်္ဂလိပ်စာသင်တန်းသည် လှည်းတန်းတွင်ဖြစ်သည်။ ကျွန်တော် ပထမဆုံး သင်တန်းတက်တဲ့နေ့မှာပင် မြသီတာနှင့်



ခုံချင်းကပ်လျက် ကျသည်။ သင်တန်းမှာ ယောက်ျားလေး မိန်းကလေး သပ်သပ်စီ ခွဲထိုင်ခြင်း မပြုဘဲ အဆင်ပြေသလို ရောနှောထိုင်ရခြင်း ဖြစ်လေသည်။ ကျွန်တော့်ကိုမြင်တော့ မြသီတာသည် အံ့ဩနေသေး ၏၊ သူကလည်း ထိုသင်တန်း တစ်ယောက်တည်း လာတက်တာ ဖြစ်သည်။

နောက်တော့ တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးသွားကြ ပြီး သူငယ်ချင်းတွေ ဖြစ်သွားကြသည်။ နိုင်ဝင်း၊ ကျော်ကျော်မင်းတို့ နဲ့လည်း အဖွဲ့ကျသွားပြီး ခင်မင်ရင်းနှီးလာခဲ့၏။ အင်္ဂလိပ်သင်တန်း တွင်သာမဟုတ်ဘဲ ကျောင်းမှာပါ ကျွန်တော်တို့ ပေါင်းဖြစ်ခဲ့ကြသည်။

အချိန်ကာလတစ်ခုကို ဖြတ်သန်းပြီးသွားချိန်တွင် ... သံယောဇဉ်၊ ရင်းနှီးမှုများအားကိုးဖြင့် ကျွန်တော်တို့ ရင်ခုန်သံတွေကို တည်ဆောက်မိကြ၏။ ဒီလိုနှင့်ပင် မြသီတာသည် ကျွန်တော်၏ ချစ်သူဖြစ်လာခဲ့ပါသည်။

တက္ကသိုလ် ဒုတိယနှစ်သည် ကျွန်တော်နှင့် မြသီတာတို့ ၏ ချစ်ခရီးဖြစ်ခဲ့၏။ ဒါပေမယ့် ဒုတိယနှစ်ပြီးခါနီးအချိန်မှာ ကျွန်တော် တို့နှစ်ယောက်၏ အခြေအနေကို ပြောင်းလဲသွားစေသော ကိစ္စတစ်ခု ရှိခဲ့လေသည်။ ထိုပြဿနာသည် တခြားမဟုတ် ...။ ကျွန်တော်နှင့် မြသီတာတို့အကြောင်းကို မြသီတာတို့ အိမ်မှ သိသွားခြင်းဖြစ်၏။ ဒီမှာပင် ပြဿနာက စတော့သည်။ မြသီတာ၏အဖေ ခွဲစိပ်ဆရာ ကြီးက ကျွန်တော့်ကို တွေ့ခုံစကားပြောလိုသည်ဟု ဆိုလာ၏။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မြသီတာကို ကျွန်တော်နှင့် သူတို့အဖေ တွေ့ဆုံကြသည့်အခါ ဘာတွေမေးမှာလဲ၊ ဘာတွေပြောမှာလဲဟု တီးခေါက်သည့်သဘောဖြင့် မေးကြည့်မိသည်။ မြသီတာဆီမှ ကြားရသော တုံ့ပြန်စကားများကြောင့် ကျွန်တော်က သူတို့အဖေနှင့် တွေ့ဆုံစကားပြောဖို့ကိစ္စကို ငြင်းလိုက်ပါသည်။

ကျွန်တော့်မှာ အကြောင်းရှိ၏။ မြသီတာဆီမှ သိရသော စကားများအရ သူ၏ဖခင်သည် ကျွန်တော့်ကို မေးခွန်းတွေ အများကြီးဖြင့် စောင့်နေသူတစ်ယောက်ဟု ခန့်မှန်းရသည်။ ကျွန်တော့် ပညာရေး စီးပွားရေး မျိုးရိုးဂုဏ်သိက္ခာ (-စသဖြင့်) ကျွန်တော့်ကို အထက်စီးနင်းကြည့်ပြီး သူ့သမီးကို ဆက်မပတ်သက်ဖို့ ပြောလိမ့်မည်။ ဒါပေမယ့် မြသီတာက ကျွန်တော့်ကို သူ့အဖေနှင့် တွေ့ဆုံပြီး သူ့အဖေလက်ခံလာသည်အထိ ကြိုးပမ်းစေလိုသည်။

ကျွန်တော်က သူ့အဖေပြောမည့်စကားတွေကို သိနေပြီးဖြစ်သဖြင့် သူ့အဖေနှင့် တွေ့ဆုံဖို့ သေသေချာချာပင် ငြင်းလိုက်မိသည်။ မြသီတာရော၊ သူ၏အဖေရောက ဒါကို စိတ်ဆိုးကြသည်။

အထူးသဖြင့် မြသီတာ . . .။ သူက ကျွန်တော်ရှင်းပြသည်ကို လက်မခံ . . .။ သူ့ကို တကယ်မချစ်ဘူးဟု အတင်းစွပ်စွဲ၏။ အကယ်၍သာ ကျွန်တော်က မြသီတာရဲ့အဖေနှင့် တွေ့ဆုံချိန်တွင် ကျွန်တော့်ပညာ၊ ချမ်းသာကြွယ်ဝမှု၊ မိဘများအား တိုက်ခိုက်ပြောဆိုလာခဲ့လျှင် မြသီတာ၏ဖခင်ဖြစ်နေသည့်တိုင်အောင် ကျွန်တော်



သည်းခံနိုင်မှာမဟုတ် . . .။ ဒါကြောင့် ပြောမည့်စကားတွေ အားလုံးသိနေပြီးမှတော့ ကျွန်တော် သူ၏အဖေကို မတွေ့တော့ဖို့ ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ပြဿနာတစ်ရပ်ကို ထိပ်တိုက်ဝင်မတိုးချင်၍သာ ဖြစ်၏။ တခြား ဘာရည်ရွယ်မှ မရှိ . . .။

ဒီမှာပင် ကျွန်တော်တို့ နှစ်ယောက်၏ အေးစက်မှုက စတင်ခဲ့လေသည်။

ဆုံးဖြတ်ပြီးသားကိစ္စတစ်ခုကို မပြင်တတ်သည့် ကျွန်တော့်စိတ်နှင့် ပတ်ဝန်းကျင်မှ ဝိုင်းပြောကြသော စကားများကလည်း မြသီတာအပေါ် သက်ရောက်ခဲ့၏။ ထိုအခါ မြသီတာက ကျွန်တော့်ကို ရှောင်ဖယ်၊ ရှောင်ဖယ် လုပ်လာသည်။ ခါတိုင်းလို ကျွန်တော်သူတို့အတန်းရှေ့သွားလျှင် ကျွန်တော့်ကို မသိသလို လုပ်နေတတ်သည်။ ဒီတော့ ကျွန်တော်လည်း မြသီတာဆီ မရောက်ဖြစ်တော့ . . .။ သူကလည်း ကျွန်တော့်ဆီကို ရောက်မလာတော့ . . .။ ကျော်ကျော်မင်းနှင့် နိုင်ဝင်းတို့က စေ့စေ့စပ်စပ်လုပ်ကြဖို့ ကျွန်တော့်ကို နားချသေးသည်။ ကျွန်တော်က မြသီတာဘက်က ပြန်ဆက်သွယ်လာမည့်ရက်ကိုပဲ မျှော်လင့်ခဲ့သည်။

ထိုအခြေအနေတွင် ဒုတိယနှစ် စာမေးပွဲဖြေဖို့ ဖြစ်လာ၏။ ကျွန်တော်က မြသီတာကို ခဏမေ့ပျောက်ထားပြီး ကျောင်းစာကိုသာ အာရုံစိုက်ခဲ့သည်။ ဒီတော့ ဂုဏ်ထူးတန်းကို ကျွန်တော်တက်ခွင့်ရသည်။ ကျွန်တော်တင်မဟုတ်ဘဲ ကျော်ကျော်မင်းနှင့် နိုင်ဝင်းတို့ကပါ

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ထူးတန်းကို တက်ခွင့်ရကြ၏။ ကျွန်တော်တို့ Main ထဲမှာ ကျောင်းဆက်တက်ရသည်။

မြသီတာက R.C (2) တွင် ကျန်ခဲ့သည်။ ဒီလိုနှင့် ကျွန်တော်တို့နှစ်ယောက် ဝေးကွာခဲ့ကြသည်။ မြသီတာပေါ်၌လည်း တစ်ခါတရံ သတိရမိသည် မှလွဲ၍ သိပ် ခံစားရတာမျိုး မရှိတာ အမှန်ပဲဖြစ်သည်။ မတူညီတဲ့အခြေအနေ တချို့မှာ ဒီအတိုင်းပဲနေရစ်လိုက်တော့မို့ ကျွန်တော် ဆုံးဖြတ်ထားခဲ့သည်။

ထိုအချိန်တွင် ခင်ဆွေဝင်းနှင့် ပတ်သက်ပြီး လှိုင်နဲ့ ဆုံတွေ့မိကြသည်။ ခင်ဆွေဝင်းကလည်း ဒုတိယနှစ်အတွင်း ဖြစ်ခဲ့သော ကျွန်တော်နှင့် မြသီတာတို့အကြောင်းကို မသိ . . .။ တစ်ချိန်ချိန်တွင်တော့ လှိုင်နှင့် ခင်ဆွေဝင်းကို ဒီအကြောင်းတွေ ပြောပြရမည်ဟု ကျွန်တော် ရင်မောစွာတွေးဖြစ်သည်။

လှိုင်သည် ကျွန်တော့်အတွက် နူးညံ့ညင်သာသော ရနံ့နွေးနွေးတစ်မျိုးဖြစ်သည်။ မိန်းမတစ်ယောက်၏ ဆွဲဆောင်နိုင်စွမ်းနှင့် မပတ်သက်သော ရင်ခုန်သံတစ်မျိုးဖြင့် လှိုင်ကို ကျွန်တော် ရင်ခုန်ပါသည်။

မှုးဝေနောက်ကျိနေသော ကျွန်တော့်ဦးခေါင်းသည် လှိုင်ရယ်ပြုံးလိုက်သည့်အချိန်တွင် ပေါ်လာတတ်သော သူ၏ ရှေ့သွားကျိုးလေးများကြောင့် လန်းဆန်းသွားတတ်သည်။

ကဲ - ငါဆိုတဲ့ကောင်ဟာ မိန်းကလေးတစ်ယောက်ကို



ရှေ့သွားကျိုးလေးတွေကြောင့် ချစ်ခဲ့ပါသတဲ့။ လူတွေသိသွားရင် ဘယ်လောက်တောင် ရယ်ကြလိမ့်မလဲ။ ဒါပေမယ့် ငါ မရှက်ပါဘူး။ နော်လှိုင် . . . ငါ ဘာဖြစ်လို့ ရှက်ရမှာလဲ။ ဒါ အမှန်တရားပဲ။

xxxxxxxxxxx

www.burmeseclassic.com

www.burmeseclassic.com

ဒီသတင်းက ငါ့နှလုံးသားဆီ
ဘယ်သူပေးပို့လိုက်တာလဲ။
မင်းလား .....
ငါလား .....
ဒါမှမဟုတ်
လကွယ်ပစ်ခဲ့တဲ့ တိမ်တိုက်တွေလား။ ။

www.burmeseclassic.com

www.burmeseclassic.com



(၇)

နေရောင်သည် ခပ်ဖွဲဖွဲလေးကျနေသည်။ ကုက္ကိုပင်ကြီး၏ အပေါ်ဘက်ရှိ အကိုင်းအခက်များပေါ်သို့ နေရောင်ခြည်က လုလုပပ ဖြာဆင်းနေပုံကို လှိုင်က သေချာငေးကြည့်နေ၏။ လှိုင်သည် ဟို တလောတုန်းက ကျွန်တော်နှင့်အတူ လှည်းတန်းဈေးက ဝယ်ထား သော အကျႌလေးကို ဝတ်ဆင်ထားသည်။

ပန်းပင်ငယ်များကိုကာထားသည့် အုတ်ခဲတန်းပုပုလေးပေါ် တွင် လှိုင်က ဒူးကိုကွေး၍ ကျကျနနထိုင်ကြည့်နေသည်။ လိပ်ပြာ တစ်ကောင်၊ နှစ်ကောင်ခန့်မှာ ပန်းပင်ငယ်များကြား ပြေးလွှား

www.burmeseclassic.com

www.burmeseclassic.com



ပျံသန်းလျက် ရှိကြ၏။

ဝန်းကျင်၌ ရံဖန်ရံခါ အင်းလျားလမ်းပေါ် ဖြတ်မောင်းသွားသော ကားသံတချို့မှလွဲ၍ တိတ်ဆိတ်မှုက လောက်ပနေ၏။ ကျွန်တော့်စိတ်ထဲတွင်တော့ လှိုင်ကိုကြည့်ရသည်မှာ လိပ်ပြာတောင်ပံခတ်သံများကို ကြားနေရသလိုပင် ထင်မိသည်။

ရုတ်တရက် လှိုင်သည် ကျွန်တော့်ဘက်သို့ ခေါင်းကို စောင်းလိုက်ရင်း ပြောသည်။

"ဝေမင်း ...၊ ဒီနေ့ ငါတို့မြို့ထဲ သွားကြမယ်။ ကျော်ငံတို့ ခင်ဆွေဝင်းတို့နဲ့ ချိန်းထားတယ်ဟ ...၊ နင်လိုက်ခဲ့မယ် မဟုတ်လား"

ကျွန်တော်က ဘာပြန်ပြောရမှန်း မသိသဖြင့် ခေါင်းကိုသာ ခပ်မြန်မြန်ညိတ်ပြလိုက်မိသည်။ လှိုင်က ဆက်ပြော၏။

"ဒါပေမယ့် တစ်ခုတော့ရှိတယ် ဝေမင်းရဲ့၊ ငါတို့ သုံးနာရီမထိုးခင် ကျောင်းထဲပြန်ရောက်မှ ဖြစ်မှာ...။ ဒီနေ့ ကျူတိုရီရယ်ရှိတယ်လေ ...။ ပြီးတော့ မျိုးကလည်း ဒီနေ့ကျောင်းလာမှာ မဟုတ်ဘူးတဲ့။ အဲဒါ ငါ့ကို မှာသွားတယ်။ နင် မျိုးကိုယ်စား ငါနဲ့အတူ ကျူတိုရီရယ်လိုက်ဖြေပေးဦး ...၊ သိလား"

ကျွန်တော် လှိုင့်ကို ထပ်မံခေါင်းညိတ်ပြလိုက်ပြန်သည်။ ဒီတော့ လှိုင်က ရယ်ရင်းပြောသည်။

"ဝေမင်းရယ် ... နင်ကလည်း ငါ့ကို စကား...



ဘာလေး ပြန်ပြောပါဦးဟ၊ ခေါင်းချည်းပဲ ညိတ်ပြနေတာပဲ"

"နင့်စကားဆိုရင် ဒီလိုပဲ ငါက အမြဲတမ်း ခေါင်းညိတ်ပြနေချင်တာ ..."

"အံမယ် ... လုပ်မနေနဲ့ ဟောကောင်။ အပိုတွေ ...၊ ကဗျာလာဆန်မနေနဲ့"

"ဒီလိုပဲပေါ့ လှိုင်ရယ် ... ရမလားလို့ လုပ်ကြည့်တာပေါ့။ ဟား ဟား ဟား ..."

ကျွန်တော်က ရယ်တော့ လှိုင်ကပါ လိုက်ရယ်လေသည်။

"ဟဲ့ ... ဝေမင်း။ နင်မျိုးကို မကြိုက်ဘူးလား။ မျိုးက ...တယ်ဟ ...။ နင်နဲ့ဆို ငါ သဘောတူတယ်သိလား"

ကြည့်ပါလား ...၊ ဒီကောင်မလေး ... ငါ့ကိုများ သူက ...ရာချပေးနေချင်သေးတယ်။

ကျွန်တော့်စိတ်ထဲတွင် လှိုင့်ကို စမ်းသပ်ကြည့်လိုက်ဦးမှပဲ ...စိတ်ကူးရလိုက်၏။

"အေး ... နင်ပြောတာ မဆိုးဘူး လှိုင်ရဲ့၊ ငါ မျိုးကို ...ည်းစားတော်ရရင် ကောင်းမလားလို့ စဉ်းစားနေတာ ...၊ နင် ငါ့ကို ...ပြောပေးမလား"

လှိုင် မျက်နှာသည် တစ်ချက်မှ ပြောင်းလဲသွားခြင်း မရှိဘဲ ...န်လေသံဖြင့်ပင် ကျွန်တော့်ကို ပြန်ပြောပါသည်။

"နင် ...ကကယ်ကြိုက်ရင် ငါပြောပေးမှာ...။ ...

www.burmeseclassic.com

www.burmeseclassic.com



ပြောလို့ရှိရင် နင့်ကို လက်ခံမှာပါ …”

“အေး … ဒါဆိုကောင်းသားပဲ။ ငါ သိပ်မပင်ပန်းတော့ဘူးပေါ့။ ငါ့သူငယ်ချင်းလေးက သိပ်လိမ္မာတာပဲ”

ထိုစကားအဆုံး၌ ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြသည်။ သူ၏ သိမ်မွေ့သော မျက်ဝန်းနက်နက်များ။ ဒီအချိန်တွင် တစ်ခုခုကို ရယ်မောပေါ့ပါးပစ်လိုက် လိုအပ်မှန်း ကျွန်တော် သိသော်လည်း ကျွန်တော် မလုပ်ချင် စကားလုံးတို့သည် ခံစားမှုကို မကျော်လွှားနိုင်ဘဲ ရှိသည်။

ခဏကြာတော့ ကျွန်တော်ကပင် စတင်မျက်လုံးလွှဲလို ရပါသည်။ ဒါကို သူက ဂုဏ်ယူဝံ့ကြွားစွာ ပြုံးလေသည်။

ကျွန်တော်တို့နှစ်ယောက် ထိုနေရာမှ ထွက်လာခဲ့ကြသည် နောက် အဓိပတိလမ်းမသို့ ရောက်လာ၏။ ထိုအချိန်အထိ ကျွန်တော် တို့ တစ်ယောက်နှင့် တစ်ယောက် စကားမပြောကြဘဲ လမ်းကို မှန်မှန်လျှောက်နေခဲ့ကြသည်။

လှိုင်က လမ်းဘေးတစ်ဘက်တစ်ချက်တွင် ပေါက်နေသော ရေတမာပင်လေးများကို လိုက်ငေးကြည့်နေသည်။

“လှိုင် … နင်က ကျော်ငံတို့၊ ခင်ဆွေဝင်းတို့နဲ့ ဘယ် နေရာမှာ ချိန်းထားတာလဲ။ ဘယ်အချိန်လဲ”

လှိုင်သည် ကျွန်တော့်အား မျက်လုံးကို ဝင့်ကြည့်လို ရင်း ပြောသည်။



“အချိန်က ဆယ်နာရီခွဲ၊ နေရာက ပန်းဆိုးတန်းက ကျော်ငံတို့ မီဒီယာရုံးခန်းမှာ …”

လှိုင့်စကားသည် စကားလုံးတစ်လုံးမှ အပိုအလို မရှိ …။ နောက်ကျွန်တော်တို့ R.C ထဲမှ ဖြတ်ဝင်သွားခဲ့ကြသည်။ ထိုမှ ဂျပ်ဆင် …။ ထိုမှ ရွှေဘိုဆောင်ဘေးက လမ်းသွယ်လုလုလေး။ ထိုလမ်းသွယ်လေးဘေးတွင် တာဒ်ရွက်ခြောက်တွေ အမြောက်အများ ကြွေကျနေ၏။ တာဒ်ရွက်ကြွေများကြားတွင် ခွေးပိန်ပိန်သေးသေးလေး တစ်ကောင်က ပျင်းရိစွာ အိပ်နေသည်ကို မြင်ရ၏။ လှိုင့်ဆီမှ စကားသံများ ထွက်လာသည်။

“ဟဲ့ ဝေမင်း၊ ဟိုမှာ … ဟိုမှာ … ငါတို့ခွေးပိန်လေး”

လှိုင်က ဒီလိုအကွက်မျိုးတွင်ဖို့ဆိုရင် သိပ်လျင်ပါသည်။ ကျွန်တော်က အတင်းပြန်ငြင်းရသည်။

“မဟုတ်ဘူး။ အဲဒီခွေးလုံးဝမဟုတ်ဘူး။ နင်က ခွေးသေးသေးလေး မြင်တိုင်း အဲဒါပဲ ပြောနေတာ။ လုပ်မနေနဲ့ … ရီးနေပြီ”

ကျွန်တော်၏ ချေပချက်ကြောင့် လှိုင်က ခေါင်းကိုငုံ၍ ကြိတ်ရယ်သည်။ ဒါပေမယ့် ကျွန်တော် ဆက်ပြောလိုက်သော စကားအဆုံးတွင် လှိုင့်မျက်နှာက ခပ်တည်တည် ပြန်ဖြစ်သွားပါသည်။

“လှိုင် … ခွေးသေ့မသောက်စွမှာ နင်အနိုင်လိုချင်တယ် မဟုတ်လား ဟင်။ ဟိုခွေးကို ရှာမတွေ့လည်း နင့်ကို ငါ အနိုင်ပေး ပါတယ်။ နင် ငါ့ကို ဘာနိုင်းချင်လို့လဲ … ပြောလေ၊ နင့်နိုင်းတာ

www.burmeseclassic.com

www.burmeseclassic.com



ငါ လုပ်ပေးမှာပေါ့"

လှိုင်သည် သွားလက်စ ခြေလှမ်းများကို ရပ်လိုက်ပြီး ကျွန်တော့်ကို ကြည့်၏။ တိတ်ဆိတ်မှုထဲတွင် ကျွန်တော် သိလိုက်သည်မှာ သူမျက်လုံးများ၏ အမှန်တရား ဖြစ်ပါသည်။

ထို့နောက် နှစ်ယောက်စလုံး အသိဝင်လာပြီး လမ်းကို ပုံမှန်ဆက်လျှောက်ဖြစ်ကြ၏။ လှိုင့်ဆီမှ ရောင့်ရဲသော ကျေနပ်မှုကို သူ၏စကားမှ တဆင့် ကျွန်တော် သိလိုက်ရသေးသည်။

"နင်ကလည်း ... ငါက နင့်ကို အဲဒီလိုမျိုး အနိုင်မယူ ချင်ပါဘူး"

ကျွန်တော် ပြုံးလိုက်သည် ထင်ပါသည်။ တဖြည်းဖြည်းနှင့် ကျွန်တော်တို့နှစ်ယောက် လမ်းလျှောက်လာကြတာ ရာမညအဆောင် အပေါက်သို့ ရောက်လာပြီ။ ကောင်းကင်ကို ကျွန်တော် မော့ကြည့် လိုက်တော့ တလွင့်လွင့် ရွေ့လျားနေသော မိုးတိမ်တွေကို မြင်ရ၏။

နောက် ... ပြည်လမ်းကို ကျွန်တော်တို့ဖြတ်ကူးလိုက် ကြ၏။ မြို့ထဲသို့သွားရန် ဘတ်(စ်)ကားကို ကျွန်တော်တို့စောင့်ကြ ပြန်သည်။ လည်းတန်းပိတ်ဆို့ခြင်းကြောင့် ပြည်လမ်းပေါ်တွင် ကားတန်း က ရှည်လျားစွာ ဖြစ်ပေါ်နေသည်။ ထိုစဉ် လှိုင်က ကျွန်တော့်ပခုံးကို ပုတ်လိုက်ရင်း အလန့်တကြား ပြောလေသည်။

"ဝေမင်း ... ဟိုကားလေးကို ကြည့်လိုက်စမ်း။ သိပ်မိုက် တာပဲ ..."



လှိုင်ပြသော ကားမှာ မီးပွိုင့်ကြောင့်ရပ်ထားရသော ကားတန်း ရှည်ကြီးထဲမှ ပြိုင်ကားနီနီလေးတစ်စီးဖြစ်ပါသည်။ ထိုပြိုင်ကားအနီ ရောင်လေးသည် ကားတန်းရှည်ကြီး၏ အလယ်လောက်တွင်ဖြစ်၍ ကားအမျိုးအစားနှင့် မော်ဒယ်ကို သေချာမသိရချေ။ ကျွန်တော် ခန့်မှန်းရသလောက်တော့ ထိုပြိုင်ကားအနီရောင်လေးသည် တန်ဖိုး ကြီးကြီးမားမားရှိသော ကားတစ်စီးဖြစ်လိမ့်မည်။ ထို့အပြင် ထိုကားလေး သည် တံခါးနှစ်ပေါက်သာ ပါသော နှစ်ယောက်စီးကားငယ် တစ်စီး လည်း ဖြစ်သည်။

"လှိုင် ... နင် အဲဒီကားလေးကို လိုချင်လား"

လှိုင်က ဘာမှပြန်မပြောဘဲ ခေါင်းကိုသာ ညိတ်ပြသည်။

"နင်လိုချင်ရင် ငါဝယ်ပေးမယ် ..."

ကျွန်တော့်စကားကို ကြားတော့ လှိုင်ကရယ်ရင်း ဘယ်တော့ ဝယ်ပေးမှာလဲဟု မေး၏။

ကျွန်တော်က ...

"နောက်မှပေါ့ဟ ... ငါ့မှာ ပိုက်ဆံတွေအများကြီး ရှိလာ တော့မှ ..."

"အေး ...အဲဒီကျရင် အဲဒီကားလေးနဲ့ ငါတို့နှစ်ယောက် မြန်မာပြည်အနှံ့ လျှောက်သွားကြမယ်။ ငါမရောက်ဖူးတဲ့နေရာတွေ နင်လိုက်ပို့ပေးပေါ့"

"နင်တကယ်သွားချင်တယ်ဆိုရင် ငါပို့ပေးမှာပေါ့ လှိုင်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ထိုးဝိုက်လာသော Air Con: ဘတ်(စ်)ကားကြီး ကြောင့် ကျွန်တော်တို့နှစ်ယောက် စကားပြတ်သွားကြပြီး ကားပေါ်သို့ ကိုယ်စီတက်လိုက်ကြ၏။

Air Con: ဘတ်(စ်)ကား၏ နောက်ဆုံးထောင့်အတန်းတွင် ကျွန်တော်တို့အတွက် ထိုင်စရာ နေရာရ၏။

လှိုင်က ဗယ်ဘက်၊ ကျွန်တော်က ညာဘက်။

နှစ်ယောက်သား ငြိမ်သက်စွာ တစ်ယောက်ကိုတစ်ယောက် အကဲခတ်မိကြသည်။ ပြောရန်စကားတို့သည် မရှိကြ။

ကျွန်တော်က လှိုင့်ပါးပြင်ရှိ အကြောစိမ်းလေးများကို စိုက် ငေးနေမိသည်။ လှိုင်က ဆိုကိစ္စကို သိနေသော်လည်း မသိဟန် ပြု နေသည်ဟု ကျွန်တော်ထင်သည်။ ဒါသည် မိန်းကလေးတစ်ယောက် အတွက် မာယာပါသော ပါးနပ်မှုတစ်မျိုးလည်းဖြစ်၏။

Air Con: ဘတ်(စ်)ကားကြီးက တရွေ့ရွေ့နှင့်မှတ်တိုင်တွေ ကို ကျော်ဖြတ်မောင်းနှင်နေသည်။ တဖြည်းဖြည်းနှင့် မြေနီကုန်းမှတ် တိုင်နား နီးလာပြီ။ ထိုစဉ် ရုတ်တရက် လှိုင့်လက်ဖဝါးတစ်ဖက်က ကျွန်တော့်ရှေ့ကို ဖြန့်လျက်သားရောက်လာလေသည်။ ပထမတော့ ကျွန်တော်လည်း ကြောင်သွားပြီး လှိုင့်ကို အယောင်ယောင် အမှားမှား လှမ်းကြည့်လိုက်ပါသည်။ လှိုင်က သူ့နှုတ်ခမ်းလေးကို တွန့်ကွေးသည် ဆိုရုံမျှ ပြုံးပြ၏။

ကျွန်တော် သဘောပေါက်သွားပြီး လှိုင့်လက်ဖဝါးတွေကို



ကျွန်တော့်လက်ဖဝါးနှစ်ဘက်နှင့် ချိတ်ဆက်လိုက်သည်။ နောက်တော့ သင်သာနူးညံ့စွာ နှိပ်နယ်ပေးလိုက်မိ၏။ သူ့လက်ဖဝါးလေးတွေသည် နွေးထွေးစွာ ပျော့ပြောင်းလျက်ရှိသည်။ ထိုအတောအတွင်း Air Con: ဘတ်(စ်)ကားထဲတွင် ဖြစ်နေသည့်တိုင် ကျွန်တော့်လည်တိုင်နှင့် နားထင်တို့တွင် ချွေးစေးများ စိုကပ်နေတော့သည်။ လှိုင်က သူ၏ မျက်ဝန်းများကို ခပ်ဖွဖွ မှိတ်ထား၏။

နောက်တော့ ကျွန်တော်သည် လှိုင့်လက်ဖဝါးတွေကို မနှိပ်တော့ဘဲ အသာအယာဆုပ်ကိုင်ထားလိုက်ပါသည်။ ခဏမျှကြာ သောအခါ လှိုင်က မျက်လုံးတွေကို ဖွင့်ကြည့်၏။ ဘာမှတော့ မပြော။

ကျွန်တော်တို့တစ်ယောက်၏ အစိမ့်ပွာယ်တွင် တစ်ယောက် ပျော်ဝင်သေဆုံးနေလျက် ရှိကြသည်။ ဘတ်(စ်)ကားသည် ဘယ်မှတ် တိုင်တွေ ရောက်ကုန်မှန်းလည်း ကျွန်တော်တို့မသိတော့။ ဒါပေမယ့် ကျွန်တော်တို့က ဆူးလေဂိတ်ဆုံးအထိ စီးမှာဖြစ်၍ စိတ်ပူစရာမရှိပါ။

လှိုင်သည် သူ၏မျက်လုံးများကို ပြန်မှိတ်သွားပြီး ဘတ်(စ်) ကားနောက်မှီပေါ်တွင် ခေါင်းလှန်ချလိုက်သည်။

သူ၏လက်ဖဝါးတစ်ဘက်ကတော့ ကျွန်တော့်လက်ထဲတွင် ငြိမ်သက်နေလေသည်။ ကျွန်တော်က လှိုင့်လက်ဖဝါးလေးကို ကိုင်ပြီး သိမ်မွေ့လှွန်းသည့် ခံစားမှုများအကြောင်းသာ စဉ်းစားနေမိ၏။ ဒီအချိန် လေးကို ကျွန်တော်က တတ်နိုင်သမျှ ဆွဲဆန့်ထားချင်တော့သည်။

ဒီလိုနှင့် လှိုင့်လက်ဖဝါးလေးသည် ကျွန်တော်စိုးရိမ်နေသည့်

www.burmeseclassic.com

www.burmeseclassic.com



ခဝတိုင်း ကျွန်တော့်လက်ထဲမှ လွတ်ထွက်သွားမည့်အချိန်က ရောက်လာခဲ့သည်။ အကြောင်းမှာ ဘတ်(စ်)ကားသည် ဆူးလေ၌ ဂိတ်ဆုံးသွားပြီဖြစ်သည်။

ကျွန်တော်တို့နှစ်ယောက်လည်း ဆူးလေမှ ပန်းဆိုးတန်းသို့ လမ်းလျှောက်ကြရသည်။ ပန်းဆိုးတန်းရှိ ကျော်ငံတို့ မီဒီယာသို့ ရောက်လျှင် ခင်ဆွေဝင်းက ရောက်နေနှင့်၏။ ကြည့်ရတာ သူတို့တတွေသည် တစ်နေရာသို့သွားရန် ကြိုတင်စီစဉ်ထားပြီး ဖြစ်ဟန်တူသည်။

"ကဲ . . . လူလည်းစုံပြီ။ ငါတို့ဘယ်ကို သွားကြမှာ ခင်ဆွေဝင်း"

လှိုင်က ခင်ဆွေဝင်းကို မေးလိုက်ခြင်းဖြစ်သော်လည်း တကယ်တမ်း လှိုင့်အမေးကို ပြန်ဖြေသူက ကျော်ငံဖြစ်ပါသည်။

"ဒီလိုလှိုင်ရဲ့ . . . ကျွန်တော်တို့ ဒလကိုသွားမလို့ အဲဒီမှာ ကျွန်တော့်အဒေါ်အိမ်ရှိတယ်လေ၊ ကျွန်တော်တို့ ဒီနေ့လာမယ်ဆိုတာ သူတို့ကို ကြိုပြောပြီးသား။ သူတို့က ထမင်းတွေ၊ ဟင်းတွေ ချက်ထားကြလိမ့်မယ်။ အဲဒီတော့မှပဲ ထမင်းစားကြတာပေါ့"

ကျော်ငံပြောသောအစီအစဉ်ကြောင့် ကျွန်တော် စိုးရိမ်သွားတာ တစ်ခုရှိသည်။ တခြားတော့မဟုတ် . . .။ လှိုင် ကျူတိုရီယယ်အမီ ကျောင်းထဲကို ပြန်မရောက်မှာစိုးရိမ်ခြင်းဖြစ်၏။ ဒါကို လှိုင်က ကျွန်တော် တစ်ချက်ကြည့်လိုက်ရုံဖြင့် သဘောပေါက်နေခဲ့သည်။

"ရပါတယ် . . . အချိန်မီပါတယ်။ သုံးနာရီမထိုးခင် ငါတို့



ကျောင်းထဲ ပြန်ရောက်မှာပါ"

လှိုင်က သူ့ဘာသာသူ ပြောသလို၊ ကျွန်တော့်ကိုပဲ ပြောသလိုနှင့် ပြောလိုက်၏။

"ကဲ . . . ဒါဆို Taxi ငှားကြရအောင် . . ."

ကျွန်တော်က ခင်ဆွေဝင်း၏ ခရီးစဉ်ကို သဘောမပေါက်စွာ. . . "ပန်းဆိုးတန်းဆိပ်ကမ်းက နောက်တစ်ဘလောက်ဆို ရောက်နေပြီ။ Taxi ငှားမနေနဲ့တော့လေ၊ လမ်းလျှောက်ရအောင် . . ." ဟု ပြောမိ၏။ ဒီတော့ ကျော်ငံက လက်ညှိုးတွေကိုထိုးရင်း ပြောသည်။

"ဒီလို ကိုဝေမင်းရဲ့ . . . ဒလက ဒီဘက် ဒလမဟုတ်ဘူး။ ဟိုဘက်ဒလ။ အဲဒီနေရာကို သမ္ဗန်ကမ်းခြေလို့လည်း ခေါ်တယ်၊ ဗိုလ်တစ်ထောင်ဆိပ်ကမ်းကနေ သမ္ဗန်သွားစီးရမှာ . . .၊ ဒါကြောင့် သူက ဗိုလ်တစ်ထောင်ဆိပ်ကမ်းကို Taxi ငှားနေတာလေ"

ကျော်ငံ ရှင်းပြချက်အဆုံးတွင် ခင်ဆွေဝင်းတားနေသော Taxi တစ်စီးက မီဒီယာရုံးခန်းရှေ့ တည့်တည့်မှာပင် လာရပ်၏။ နောက်တော့ Taxi ဖြင့် ဗိုလ်တစ်ထောင် ဆိပ်ကမ်း . . .၊ အဲဒီကနေမှ သမ္ဗန်ခဏစောင့်ရသေး၏။

သမ္ဗန်ရောက်လာတော့ သမ္ဗန်ဖြင့် ဒလသို့ကူးကြရသည်။ ကျော်ငံနှင့် ခင်ဆွေဝင်းကတစ်တွဲ၊ ကျွန်တော်နှင့် လှိုင်က တစ်တွဲ၊ လှိုင်သည် တစ်ခါမှ သမ္ဗန်မစီးဖူးသဖြင့် လှိုင်း လှုပ်ခတ်သည်ကို ကြောက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က လှိုင့်ကို သမ္ဗန်အတက်အဆင်းများ၌ တွဲရ၏။ လှိုင်သည် သမ္ဗန်စီးသည့်အခါတွင်တော့ ပျော်ရွှင်နေပြန်သည်။ ရေတွေကို မဗီမကာန်းနှင့် ထိတွေ့ဆော့ကစားသည်၊ ကျွန်တော်ကတော့ လှိုင် ပျော်နေတာကိုသာကြည့်ရင်း ကြည်နူးနေမိပါသည်။

"အင်းလေးမှာ မော်တော်စီးရင် ဒီထက် အများကြီး ပျော်စရာကောင်းတယ် ... သိလားလှိုင်"

"အခုလည်း ငါပျော်သားပဲ ဝေမင်းရဲ့၊ နင်ပါလို့ရှိရင် အင်းလေးပဲဖြစ်ဖြစ်၊ ပေလီပဲ ဖြစ်ဖြစ် ပျော်စရာကောင်းမှာပါ။ နင်က ငါ့ကို သိပ်သိတတ်တာပဲ ..."

ထိုစကားနှင့်အတူ လှိုင့်မျက်လုံးတွေသည် တောက်ပနေတော့သည်။ ရန်ကုန်မြစ်ကို ဖြတ်တိုက်နေသော လေပြည်ညင်းနုနုလေးများက လှိုင့်ဆံပင်တွေကို ရှုပ်ပွနေစေ၏။ ထို့အတူ ကျွန်တော့်ဆံပင်တွေလည်း လွင့်စင်ပုံပျက်နေသည်။

"နင့်ဆီမှာ ဘီးမပါဘူးလား ဝေမင်း ..."

"ဟာ ... နင်ကလည်း ဘယ်လိုလုပ်ပါမှာလဲ၊ ငါက ဘယ်တော့မှ ခေါင်းမဖီးဘူး။ ငါ့ဆီမှာ ဘယ်တုန်းကမှ ဘီးတစ်ချောင်း မရှိခဲ့ဖူးဘူး"

လှိုင်က ကျွန်တော့်စကားကြောင့် အံ့ဩသလို ကြည့်နေပြန်၏။ ကျော်ငံနှင့် ခင်ဆွေဝင်းတို့အတွဲဆီမှ ရယ်သံတွေ ထွက်လာသည်။ တဖြည်းဖြည်းနှင့် ကျွန်တော်တို့ သမ္ဗန်သည် ဒလဆိပ်ကမ်းဘက်သို့ နီးကပ်လာနေပြီ။ လှိုင်က ကျော်ငံတို့အတွဲကို ပြောလိုက်သည်။



"ဟို-အတွဲ အဖြစ်သည်းမနေကြနဲ့ ... ထထ၊ ဒလ ရောက်နေတော့မယ်"

ခင်ဆွေဝင်းဆီမှ ရယ်သံတချို့နှင့် တုံ့ပြန်စကားကို ကြားရသည်။

"လိုပါသေးတယ် လှိုင်ရဲ့ ငြိမ်ငြိမ်ထိုင်နေစမ်းပါ။ တော်ကြာ သမ္ဗန်လှူသွားလိမ့်မယ်"

ကျွန်တော်တို့ ဒလကမ်းသို့ ရောက်သောအခါ ကျော်ငံ၏ ဦးဆောင်မှုဖြင့် အုတ်လမ်းကျဉ်းကျဉ်းလေးအတိုင်း လမ်းလျှောက်ကြရသေးသည်။ သွားရင်းနှင့် လူနေအိမ်ခြေတွေကို ခပ်စိပ်စိပ်တွေ့လာရ၏။ ကလေးငယ်တချို့ကလည်း ဖန်ခုန်တမ်းကစားနေကြသည်၊ သိပ်ဝေးဝေးတော့ ကျွန်တော်တို့ လမ်းမလျှောက်ရပါ။ ကျော်ငံအဒေါ် အိမ်သို့ ရောက်လာခဲ့သည်။

ထိုအိမ်တွင် တခြားအိမ်သားများကို မတွေ့ရဘဲ ကျော်ငံ အဒေါ်တစ်ယောက်ထဲသာ တွေ့ရသည်။ ကျွန်တော်တို့အားလုံးကိုလည်း ရင်းနှီးနွေးထွေးစွာ ဆီးကြိုနှုတ်ဆက်ပါသည်။ ဒါပေမယ့် အဒေါ်သည် အိမ်တွင် ကြာကြာမနေချေ။ ကျော်ငံအားချက်ပြုတ်ထားသည့် ထမင်းဟင်းများကို ပြလျက်အပြင်သို့ ရောင်ထွက်သွားခဲ့သည်၊ ဒါကြောင့် ကျွန်တော်တို့လေးယောက်မှလွဲ၍ အိမ်တွင် တခြား အိမ်သားများ

www.burmeseclassic.com

www.burmeseclassic.com



မရှိကြ။ အိမ်သည် သိပ်မကျယ်ဝန်းသော်လည်း လွတ်လွတ်လပ်လပ် တော့ရှိပါသည်။

ကျော်ဇံနှင့်ခင်ဆွေဝင်းကိုက မီးဖိုးထဲတွင် စားစရာ တချို့ ကို ထပ်ကြော်၊ အေးနေသော ဟင်းတချို့ကို နွှေးနေကြချိန်တွင် ကျွန်တော်နှင့် လှိုင်တို့က အိမ်ရှေ့ရှိကွပ်ပစ်ပေါ်တွင် စကားထိုင်ပြော နေခဲ့သည်။ လှိုင်သည် ပေါ့ပေါ့ပါးပါးနှင့် တက်ကြွနေပြီး ကျွန်တော့် ကို အလွန်အမင်း နောက်ပြောင်နေချင်ဟန်တူ၏။

"ဝေမင်း ... နင့်ရည်းစားဟောင်းတွေ၊ ဘာတွေကို မလွမ်းဘူးလား"

"ဟင့်အင်း မလွမ်းပါဘူး"

"ဩော်... နင့်မှာ ရည်းစားဟောင်းရှိတယ်ပေါ့လေ"

"အေး ... ရှိတယ်။ အများကြီးပဲ"

"ငါ့ သူငယ်ချင်းက ဘယ်ဆိုးလို့လဲ၊ ဘယ်နှစ်ယောက် တောင်ရှိသလဲဟင်"

ကျွန်တော်က လှိုင့်အမေးကြောင့် တမင်လက်ချိုးရေတွက် ဟန်ပြုလိုက်သည်။ လက်ဆယ်ချောင်းစလုံး ကုန်အောင်ချိုးပြီးသော အခါ ခေါင်းတစ်ချက်ကုတ်လိုက်ရင်း လှိုင်မေးခွန်းကို ဖြေရသည်။

"မမှတ်မိတော့ဘူးဟ ... "

ထိုအခါ လှိုင်သည် သည်းသည်းလှိုက်လှိုက်ပင် ရယ်မော ပါသည်။



"သူ့ကိုကြိုက်တဲ့ ကောင်မလေးလည်း မရှိဘဲနဲ့၊ ကြွေး လေး ..."

"ဩော် ...ခက်တာပဲ။ ငါ တကယ်ပြောတာ။ နင် မယုံ ရင်လည်းနေပေါ့။ ဒါနဲ့ နင့်မှာရော ရည်းစားမရှိခဲ့ဖူးဘူးလား"

"ရှိဖူးတာပေါ့ဟ ... အခု သူက မိန်းမရသွားပြီ၊ ငါက ကျန်ရစ်ပေါ့ဟာ ... ဟား ဟား ဟား"

ထိုစကားအဆုံးတွင် လှိုင်က ရယ်နေသဖြင့် ကျွန်တော်ပါ ရောယောင်၍ ရယ်မိပါသည်။ "နင့် စိတ်ကတမျိုးပဲနော် ...နားလည် ရခက်တယ်" ဟု ကျွန်တော်က ပြောတော့ လှိုင်က ရယ်မောနေရာ မှ ကျွန်တော့်ကို စိုက်ကြည့်နေပြန်သည်။ သူ၏မျက်ဝန်းများသည် ကျွန်တော့်ကို စိုက်ကြည့်ရာ၌ တစ်နေ့တခြား ပိုမိုအားပြင်း နက်ရှိုင်း လာသည်ဟု ကျွန်တော် ထင်မိ၏။

လှိုင်က ကျွန်တော့်ကို စကားတစ်ခွန်းပြောရင်း မှတ်ချက် ချသည်။

"နင်လည်း နားလည်ရခက်တာပါပဲ။ နင့်ကို တချို့နေရာတွေ မှာ လုံးလုံး နားမလည်ဘူး ... သိလား ဝေမင်း"

"အေး ... ဟုတ်ပါတယ်။ နင်ပြောတာ မှန်တယ်။ ငါ့ စိတ်ကို ငါကိုယ်တိုင် သိပ်နားလည်တာ မဟုတ်ဘူး"

"အေးနော် ဝေမင်း ငါလည်း သတိထားမိတယ်။ နင့်စိတ် က တစ်ခါတလေ မလိုအပ်ဘဲ အေးစက်လွန်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



"နှင်တော်တယ် လှိုင် ... နှင်ပြောတာ ကောင်းတယ်၊ အခုလို ထောက်ပြတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ငါက လူတစ်မျိုးဟာ ... ငါ့စိတ်အကြောင်း နှင့်ကို ပြောပြရဦးမယ်။ ဥပမာ - ငါက တားစရာမရှိလို့ ဝတ်နေတဲ့ လူတစ်ယောက်ဆိုပါတော့ဟာ။ ဒီတော့ နှင်က ငါ့ကို သူငယ်ချင်းတစ်ယောက်အနေနဲ့ နှင့်အိမ်မှာ ထမင်းခေါ်ကျွေးမယ်ပေါ့။ ဒါပေမယ့် နှင့်အိမ်မှာ ငါထမင်းစားပြီးရင် ငါစားထားတဲ့ ထမင်းပန်းကန်ကို ငါဆေးမှာမဟုတ်ဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ငါက နှင့်ဧည့်သည်ဖြစ်လို့ပဲ၊ ဒီလိုပဲ ငါ့အိမ်မှာ နှင် ထမင်းလာစားရင်လည်း ငါ နှင့်ကို ပန်းကန်ဆေးဖို့ ခွင့်ပြုမှာ မဟုတ်ဘူး။ တစ်ခုတော့ ရှိတယ် ... နှင့်အိမ်မှာ ငါထမင်းစားထားတဲ့အတွက် ငါ ပန်းကန်မဆေးနိုင်ပေမယ့် အဲဒီ ပန်းကန်ဆေးဖို့ ရေတစ်စည် ထမ်းပေးဆို ငါထမ်းပေးလိုက်မယ်၊ ငါက အဲဒီလို အကောင်မျိုးဟာ...၊ သေးသေးမွှာမွှားလေးတွေပေမယ့်လည်း ငါက နှင်ပြောသလို အေးစက်ချင် အေးစက်နေတတ်တာ..."

လှိုင်က ကျွန်တော့်စကားကို နားလည်စွာ ခေါင်းတစ်ချက် ညိတ်ပြသည်၊ ပြီးတော့ ပြောသည်။

"အေးပေါ့ ဝေမင်းရယ်... နှင်ပြောချင်တာကို ငါသဘောပေါက်ပါတယ်၊ ဒါပေမယ့် ငါ့လို သဘောမပေါက်တဲ့လူတွေက ရှိသေးတယ်လေ၊ ဒီတော့ သူတို့က နှင့်ကို တစ်မျိုးမြင်ကြမှာပေါ့"

"အဲဒီအတွက် ငါခံနိုင်ရည် ရှိပါတယ် ..."



"နှင်က အရမ်းခေါင်းမာတာပဲနော် ဝေမင်း ... ငါ့အတိုင်းပဲ"

လှိုင်က ပြောပြီး သူ၏စကားကို သူဘာသာပြန်သဘောကျနေပြန်သည်၊ ကျွန်တော်က မျက်နှာကို တည်တည်ထားရင်း လှိုင့်ကို ပြောပြရသည်။

"တချို့ကိစ္စတွေကျတော့ လှိုင်ရယ် လူကအရမ်းညံ့နေလို့ မဖြစ်ဘူး၊ ပျော့နေလို့လည်း မရဘူး။ လိုအပ်တဲ့ တင်းမာမှုမျိုး ရှိဖို့လိုတယ်၊ ကိုယ်က ကောင်းတာလုပ်တိုင်းလည်း ကောင်းတာကို မျှော်လင့်လို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒါက ဘဝဟာ၊ ကုန်သည်ဦးနှောက်နဲ့ ဆုံးဖြတ်နေထိုင်လို့မရဘူး။ ပိုက်ဆံ (၁၀)ပေးရင် (၁၀) တန်တဲ့ပစ္စည်း ရ,ရမယ်ဆိုတဲ့ ဉာဏ်မျိုးလောက်နဲ့တော့ အလုပ်ဖြစ်မှာ မဟုတ်ဘူး။ ကိုယ်က (၁၀)ပေးပေမယ့် တစ်ပြားမှ ပြန်မရတာမျိုးလည်းရှိမယ်၊ ကိုယ်က (၁၀)ပဲပေးပေမယ့် (၃၀)ဖိုးလောက်ရတာတွေလည်း ရှိမယ်၊ အဲဒီအပေါ်မှာ ဘယ်တော့မှ ပုံသေတွက်လို့ မရဘူး။ ဖြစ်လာတဲ့အပေါ်မှာ ကျေကျေနပ်နပ် နေတတ်ဖို့ပဲလိုတယ်"

"ငါ့သူငယ်ချင်းလေးက ဒီနေ့စကားတွေ ပြောလှချည်လား။ ဟင်း ဟင်း ..."

လှိုင်က ရယ်ရင်းပြောတော့ ကျွန်တော်က သူ၏အမူအရာတွေကိုသာ လိုက်ငေးနေမိပါသည်၊ သူ၏ရွှေသွားဂျိုးလေးတွေသည် လှစ်ခနဲပေါ်လာပြီး ပြန်ပျောက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ထိုအဖြစ်အပျက်လေးကို တစ်ဘဝလုံးစာ သေွးယျက်နေမိတော့သည်။

ထိုစဉ် အိမ်ထဲမှ ခင်ဆွေဝင်းက ထွက်လာပြီး ပြောသည်။

"ဟဲ့ ... ဟိုနှစ်ယောက် ... ထမင်းစားဖို့ အဆင်သင့်ဖြစ်နေပြီ။ လာကြ ..."

ထိုစကားကြောင့် လှိုင်က ဟေးခနဲအော်မြည်လိုက်ပြီး ကွပ်ပစ်ပေါ်မှ ကလေးဆန်စွာ အိမ်ထဲပြေးဝင်သွားသည်။ ခင်ဆွေဝင်းက ကျွန်တော့်ကို တစ်ချက်ပြုံးပြပြီး လှိုင့်နောက်သို့ လိုက်ဝင်သွားပါ၏။ ကျွန်တော်က ကွပ်ပစ်ပေါ်မှ ထရန် ပျင်းရိနေကာ ငါးမိနစ်ခန့် ပတ်ဝန်းကျင်ရှိ သစ်ပင်များကို ဟိုဟိုသည်သည် ကြည့်လျက်ရှိသည်။

နောက်တော့ ကျွန်တော်လည်း အိမ်ထဲလိုက်ဝင်မလို့ ဟန်ပြင်နေစဉ် လှိုင်က ထမင်းပန်းကန် နှစ်ချပ်ကို ကိုင်ပြီး အိမ်ထဲက ထွက်လာသည်။ ထမင်းပန်းကန်ထဲတွင် ငါးကြော်နှင့် ဝက်သားဟင်းများကို ပုံထည့်ထား၏။

"ရော့ ... ထမင်း၊ နင့်အတွက် ငါယူလာတာ ...၊ ဟိုနှစ်ယောက်က အိမ်ထဲမှာ စားလိမ့်မယ်။ ငါတို့နှစ်ယောက်က ဒီမှာပဲ စကားပြောရင်း စားကြတာပေါ့"

ကျွန်တော် ခေါင်းညိတ်ပြလိုက်ရင်း သူ့လက်ထဲမှ ထမင်းပန်းကန်တစ်ခုကို လှမ်းယူလိုက်သည်။

ထို့နောက် ကျွန်တော်တို့ နှစ်ဦး ကွပ်ပစ်ပေါ်တွင် ထမင်း



ထိုင်စားကြသည်။ လှိုင်က အနီးအနားတွင်ရှိသော ခွေးများကို ငါးကြော်အရိုးတွေ ပစ်ကျွေးနေသဖြင့် ခွေးတွေက ကွပ်ပစ်ပတ်လည်မှာ ဝိုင်းနေကြ၏။ ကျွန်တော်က လှိုင့်အပြုအမူကိုသာ သဘောကျစွာ ကြည့်နေမိသည်။

လှိုင်သည် ခွေးတွေကို ကျွေးရန် သူ့ပန်းကန်ထဲမှ အရိုးများ ကုန်သွားသောအခါ ကျွန်တော့်ပန်းကန်ထဲမှ အရိုးတွေကိုပါ ယူကျွေးပြန်သည်။ ခွေးတွေက သူပစ်ကျွေးသော အရိုးတွေကို အလုအယက်ဝိုင်းစားနေကြ၏။

ကျွန်တော်တို့ ထမင်းစားပြီးနောက်မှာ ပန်းကန်ဆေးဖို့ ဖြစ်လာသည်။ ကျော်ဇံက မဆေးနဲ့ ထားရစ်ခဲ့ဟု ဆိုသော်လည်း ကျွန်တော်တို့အားလုံးက ကိုယ့်ပန်းကန် ကိုယ်ဆေးဖို့တော့ ဆန္ဒရှိကြ၏။ ကျော်ဇံနှင့် ခင်ဆွေဝင်းက သူတို့ပန်းကန်တွေကို သူတို့ ဆေးသွားကြပြီ။

လှိုင်သည် စောစောက ကျွန်တော်ပြောထားသော ဥပမာစကားကြောင့် ကျွန်တော့်ပန်းကန်ကိုပါ ဆေးဖို့ဆုံးဖြတ်ထားပုံရသည်။

"ဝေမင်း .. ပေး ... ပေး၊ နင့်ပန်းကန် ငါဆေးပေးမယ်"

"ဟာ ... မဟုတ်တာ၊ ရပါတယ် လှိုင်ရဲ့ ... ငါ့ဘာသာ ဆေးပါ့မယ်"

"လုပ်မနေနဲ့ဝေမင်း ... ငါဆေးလိုက်မယ်၊ နင်က ခွေး လောင်းပေး"

www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ..."

ကျွန်တော် သူ့ဘေးမှာ ရေခွက်ထဲရေအပြည့်ခပ်၍ လှိုင် ပန်းကန်ဆေးနေပုံကို ငေးကြည့်နေမိသည်။ လှိုင်သည် ကျွန်တော့် လောက်ပင် ပန်းကန်ဆေးတတ်သူ တစ်ယောက်မဟုတ်ပါ။ သူ၏ လက်ဖျားလေးတွေနှင့် ပန်းကန်ကို မထိတထိ ပွတ်တိုက်နေ၏။ ပန်းကန်၌ ပေနေသော ငါးကြော်ဆီများသည် ထိုမျှလောက် ပွတ် တိုက်ရုံဖြင့် ဘယ်လိုလုပ် ပြောင်စင်ပါမည်နည်း။

"လှိုင် ... ဆပ်ပြာများများနဲ့သေချာတိုက်ဆေးလေ ဒါမှ ပြောင်မှာပေါ့"

"နင် လျှာမရှည်ပါနဲ့ သောက်ကောင်စုတ်လေးရဲ့ ငါ သိပါ တယ်"

လှိုင်က သူမတတ်သော်လည်း ကျွန်တော် ဆရာလုပ်တာ ကို နည်းနည်းမှ မခံဘဲ ပြန်အော်သည်။

"ဝေမင်း ... ဘာငေးနေတာလဲ၊ ဒီမှာ ရေလောင်းတော့ လေ။ များများလောင်း ..."

ကျွန်တော်က လှိုင်ပြောသည့်အတိုင်း ရေတွေကို ပန်းကန် ပေါ် လောင်းချရသည်။ နောက်တော့ သူက ပန်းကန်တွေကို မပြောင်သေးဘူးဟု ယူဆ၍ ဆပ်ပြာတိုက်ပြန်သည်။ ကျွန်တော်က မငြီးငြူစတမ်း ရေတွေ တစ်ခွက်ပြီးတစ်ခွက် လောင်းပေးရ၏။ ပန်းကန်နစ်ချပ်ကို မိနစ် (၂၀)နီးပါးကြာအောင် ဆေးကြောပြီးသော



ါ ကျွန်တော်တို့ ပြန်ဖို့ကို သတိရမိကြ၏။

ညနေ သုံးနာရီမထိုးခင် ကျောင်းထဲ ရောက်အောင်ပြန်၍ တိုရီရယ် ဖြေရဦးမည် မဟုတ်ပါလား။

နာရီက နှစ်နာရီထိုးခါနီးပြီ။ ဒလမှ ဗိုလ်တစ်ထောင်ဆိပ် သို့ သမ္ဗန်ဖြင့် ကူးချိန်၊ ဗိုလ်တစ်ထောင် ဆိပ်ကမ်းမှ ဆူးလေ၊ လေမှ မာလာမှတ်တိုင်အထိ ခရီးရှည်ကြီးကို အချိန်နှင့်တွက် ည့်လိုက်တော့ အနည်းဆုံး တစ်နာရီခန့်အချိန်ယူမှ ဖြစ်မည်ဟု ာပေါက်လိုက်၏။

"လှိုင် ... ငါတို့အခု ပြန်မှဖြစ်တော့မယ်၊ ဒီလိုမှ မဟုတ် နင့်ကျူတိုရီရယ်ကို မီမှာ မဟုတ်တော့ဘူး။ ငါတို့ ပြန်ကြမယ်"

လှိုင်ကလည်း ထိုအခါကျမှ ပြန်ဖို့အလောတကြီး သတိ သသည်။ ကျော်ဇံတို့၊ ခင်ဆွေဝင်းတို့က မပြန်ချင်သေးသော်လည်း တိုရီရယ်ရှိသည်ဆိုသဖြင့် အင်တင်တင်ဖြင့် သူတို့ပါ လိုက်ပြန် ရ၏။ အပြန်ခရီးတွင် လှိုင့်မျက်နှာ၌ ကျူတိုရီရယ်မမီမှာစိုးသည့် ပ်စိတ်တစ်ခုသာ ကျွန်တော် မြင်ရပါသည်။

ဗိုလ်တစ်ထောင်ဆိပ်ကမ်းသို့ ရောက်သောအခါ ကျွန်တော် က မာလာမှတ်တိုင်အထိ Taxi ငှားသွားခဲ့ကြသည်။

ကျော်ဇံနှင့် ခင်ဆွေဝင်းတို့ ပန်းဆိုးတန်းမှာ ဆင်းနေရစ်ခဲ့ အရေးထဲ လမ်းတွင် Taxi သည် မီးပွိုင့်သုံးခုခန့် မိနေသဖြင့် င်က စိတ်တိုပြီး မီးပွိုင့်တွေကို ကျိန်ဆဲနေသေးသည်။ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မာလာမှတ်တိုင်သို့ ရောက်ချိန်တွင် သုံးနာရီအ
ဖြစ်ပါသည်။

အဲဒီကမှ ဓာတုဗေဒစာသင်ခန်းများရှိရာသို့ ကျွန်တော်
ပြေးကြရ၏။ ကျွန်တော်တို့ ကျူတိုရီရယ်ဖို့အခန်းသို့ ရောက်ချိန်
နှစ်ယောက်စလုံး မောဟိုက်နေကြပြီ။ ဒါပေမယ့် နား၍မဖြစ်
သူများတွေကြားထဲ အတင်းဝင်တိုးထိုင်ရပြန်သည်။ လှိုင်က
ခုံနံပါတ်တပ်ထားသော စာရွက်တစ်ရွက်ကို ပေး၏။ ကျွန်တော်
ကျောက်သင်ပုန်းပေါ်မှ ဆရာရေးထားသော မေးခွန်းတွေကို
လိုက်ကူးရသည်။

ကျွန်တော် သိပ်နားမလည်သော ဓာတုဗေဒပုစ္ဆာ
ညီမျှခြင်းများ။

လှိုင်ဆီမှ ကြည့်ရေးရန် သူ့ Answer Paper
လှမ်းကြည့်လိုက်တော့ လှိုင်က ကျွန်တော့်ထက်ပင် ဆိုးနေသေး
ဗလာနတ္ထိ။ ကျွန်တော်လည်း ဘေးမှ တခြားကျောင်းသား တစ်ယော
ကို အကူအညီတောင်းကာ သူ့အဖြေလွှာထဲမှာ ကြည့်ကူးရ၏။
က ကျွန်တော့်ဆီမှ တစ်ဆင့် သူ့အဖြေလွှာထဲကို ပြန်ကူးရေးသည်

ကဲ ··· ဘယ်လောက်တောင် ဆိုးလိုက်တဲ့ ကောင်မလေး
လဲ။

ဒီလိုနှင့်ပင် ထိုနေ့က ကျူတိုရီရယ် ဖြေဆိုသည် အော
မှာ ပြီးဆုံးခဲ့သည်။ ပြီးတော့မှ လှိုင်က သူ့အဖြစ်သူ ပြန်တွေး



ယ်မောနေ၏။

ကျွန်တော်၏ ချစ်ဖို့ကောင်းသော လှိုင်သည် အဲဒီလို
ာင်မလေးမျိုးလည်း ဖြစ်သည်။

"ဟဲ့ ···ဝေမင်း၊ ငါ ဒီနှစ်တော့ စာမေးပွဲ ကျမှာပဲ။
ား···"

နောင် ကျွန်တော်တို့ နှစ်ယောက်၏ ပေါက်ကွဲမြည်ဟိန်း
ခြင်းများတွင် ဒီအဖြစ်အပျက်များသည် အမှတ်တရ သက်သက်
ခဲ့ပါသည်။ ထိုနေ့က လှိုင်တို့အတန်းထဲမှ ကျောင်းသား၊ ကျောင်း
များသည် ကျွန်တော်နှင့် လှိုင်ကို အတွဲအဖြစ် မြင်သွားပုံရသည်။

ကျွန်တော်က လှိုင့်ကို အနည်းငယ် အားနာမိသည်မှလွဲ၍
ကျောင်းသား၊ ကျောင်းသူများ၏ အမြင်ကို သာယာလျက်ရှိ၏။ လှိုင်
သူ၏ လက်ကိုင်နာရီသေးသေးလေးကို ထုတ်ကြည့်ရင်း ပြော
ည်။

"လေးနာရီ ထိုးတော့မယ်ဟ။ ငါပြန်တော့မယ်။ ဒီနေ့ည
နာရီလောက် နင် ငါ့ဆီ ဖုန်းဆက်မလား။ ဒီည နင့်ကို ငါစကား
ပြောချင်လို့"

"အင်း၊ အဲဒါဆိုလည်း ဆက်တာပေါ့၊ ဖုန်းနံပါတ်ပြော···"

လှိုင်က ဖုန်းနံပါတ်တစ်ခုကို ရွတ်ပြသည်။ နောက်တော့
ပြန်သွား၏။ သို့သော် ထိုနေ့ညက လှိုင်ဆီကို ကျွန်တော်
မဆက်ဖြစ်။ အကြောင်းမှာ ကျွန်တော် ရှီးရှီးသားသား မေ့လျော့
နေခဲ့ခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တို့နှစ်ယောက်ဆုံမှ ရှာတဲ့မိုး
ဘာပဲဖြစ်ဖြစ်
သိကြားမင်းကို ကျေးဇူးတင်ဖို့ကောင်းတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com



(၈)

ထိုနေ့မနက်ပိုင်း၌ ရန်ကုန်တက္ကသိုလ် အထက်က မိုး ကောင်းကင်သည် သာသာယာယာ ရှိခဲ့သည်။ ကျွန်တော် အဓိပတိ လမ်းမအတိုင်း ခပ်သွက်သွက် လျှောက်လာရင်း အင်းဝကန်တင်း ဘက်သို့ ကွေ့ဝင်လိုက်သည်။ နေရောင်သည် လမ်းပေါ်၌ ပြေပြစ် နွေးထွေးစွာ ကျလျက်ရှိ၏။

အခုလောက်ဆို လှိုင် ကျွန်တော့်ကို စောင့်နေရော့မည်။ ထိုအတွေးကြောင့် ကျွန်တော်က ခြေလှမ်းကို ပိုမိုသွက်လက်စွာ လှမ်းလိုက်မိ၏။ အင်းဝကန်တင်းထဲသို့ ဝင်လိုက်ပြီး ထိုင်နေကျ

www.burmeseclassic.com

www.burmeseclassic.com



အစွန်ဆုံးရှိ လက်ဖက်ရည်ဆိုင်ကို ကျွန်တော် လှမ်းကြည့်လိုက်ပါသည်။

ကျွန်တော် မျှော်လင့်ထားသည့်အတိုင်းပင် လှိုင်က ကျွန်တော့်ကို စောင့်နေ၏။

"နင်ကလည်း နောက်ကျလိုက်တာ . . .။ ဘယ်တွေ လျှောက်သွားနေတာလဲ"

"ခြော် . . . နင်စောင့်နေရတာ ကြာပြီလား။ ဆောရီးဟာ ဟိုနှစ်ကောင်က ငါ့ကို R.C (2) အတင်းခေါ်သွားလို့ဟ၊ အဲဒါကြောင့် နောက်ကျနေတာ . . ."

"လုပ်မနေနဲ့ R.C (2)မှာ နင် ကောင်မလေးတွေ လျှောက်ငမ်းနေတာ မဟုတ်လား။ မသိတာ မှတ်လို့ . . ."

ကျွန်တော့်စိတ်ထဲတွင် ထိတ်ခနဲ ဖြစ်သွားပြီး မြသီတာအား အခြေအနေသွားကြည့်သည့်ကိစ္စကို သိများသိနေပြီလားဟု စိုးရိမ်စွာ လှိုင့်ကို ကြည့်လိုက်မိသည်။ လှိုင်က ခပ်တည်တည်နှင့် ဖြစ်သော်လည်း ဒီကိစ္စကို သိပုံမရ၊ တမင်လျှောက်ပြောနေခြင်းဟုသာ ကျွန်တော်ယူဆလိုက်၏။

"နင် ငါ့ဆီကို ညကဖုန်းဆက်မယ်ဆိုပြီးတော့ ဆက်လည်း မဆက်ဘူး"

ဒါကတော့ ကျွန်တော် တကယ်မေ့နေတာ ဖြစ်ပါသည်။ ငါ ညက လှိုင့်ဆီဖုန်းဆက်ရမယ့်အချိန်မှာ ဘာတွေလုပ်နေပါလိမ့်။



မြသီတာအကြောင်းတွေ တွေးနေမိသေးလား။ ငါ လှိုင့်ကို ဘာဖြစ်လို့ စိတ်အနှောင့်အယှက် ပေးမိရတာလဲ၊ ငါ ဖုန်းမဆက်နိုင်ရင် မဆက်နိုင်ဘူးလို့ လှိုင့်ကို ပြင်းပစ်ဖို့ကောင်းတယ်။ အခုတော့ လှိုင်က ငါ့ဖုန်းကို မျှော်နေတာ သိပ်ပင်ပန်းနေမှာပဲ၊

ကျွန်တော် လှိုင့်ကို တောင်းပန်ဖို့ လိုအပ်သည်ဟု တွေးမိ၏။

"လှိုင် . . . နင်ငါ့ကို စိတ်ဆိုးနေတာလားဟင်၊ ငါ တောင်းပန်ပါတယ်ဟာ. . . နော်။ ငါ အလုပ်တွေ နည်းနည်းရှုပ်နေလို့ပါ။ နောက်မှ နင့်ကို ငါပြောပြစရာတွေလည်း ရှိတယ်"

ကျွန်တော့်စကားကြောင့် လှိုင်က ကျွန်တော့်ကို သေချာ စိုက်ကြည့်နေသည်။

"နင်က ငါ့ကို ပဟေဠိတွေ၊ ဘာတွေ လုပ်လို့၊ အေးလေ နင်ပြောလာတဲ့အချိန်ကျရင် ငါ နားထောင်ပေးရမှာပေါ့"

ကျွန်တော်သည် လှိုင့်ကိုကြည့်ရင်းနှင့် မြသီတာ အကြောင်း အတွေးများက ခေါင်းထဲ ဝင်လာပြန်သည်။ ဒီနေ့မနက်ကလည်း ကျော်ကျော်မင်းနှင့် နိုင်ဝင်းတို့က R.C(2) မှာ မြသီတာကို သွားကြည့်ရန် အပြင်းအထန် တိုက်တွန်းနေကြ၏။ ကျွန်တော်က မြသီတာနှင့် မဆုံချင်သေးကြောင်း ပြင်းသောအခါ မြသီတာကို အဝေးမှ တိတ်တဆိတ် အကဲခတ်ရုံသာ လုပ်ဆောင်ရန် နောက်တစ်ဖန် တိုက်တွန်းကြပြန်၏။ အမှန်တော့ သူတို့ကိစ္စနှင့် သူတို့ R.C(2) ထို

www.burmeseclassic.com

www.burmeseclassic.com



သွားချင်နေတာဖြစ်ပြီး ကျွန်တော့်ကို အဖော်ခေါ်ချင်နေတာဖြစ်၏။

ကျွန်တော်ကလည်း ထိုဒုတိယ အကြံအစည်ကို လက်ခံလိုက်ပြီး R.C(2)သို့လိုက်သွားမိခဲ့သည်။ မြသီတာကိုလည်း မမြင်ရတာကြာပြီ မဟုတ်ပါလား။ အဝေးမှ ကျွန်တော် အကဲခတ်ရသလောက်တော့ မြသီတာသည် ယခင်တုန်းကအတိုင်းပင် မပြောင်းလဲဟု ယူဆနိုင်၏။ သို့သော် လူတစ်ယောက်၏ စိတ်ကို ယတိပြတ်ဆုံးဖြတ်ရန် ကျွန်တော့်ယူဆချက်မှာ မလုံလောက်ပါ။

ရုတ်တရက် သတိရပြီး လှိုင့်ကိုကြည့်လိုက်တော့ သူသည် တစ်ဝက်တစ်ပျက်သာ မြင်ရသော အဆောက်အဦးခေါင်မိုးများကို ငေးကြည့်နေလေသည်။ လေတို့က ကျွန်တော်တို့နှစ်ဦး၏ တိတ်ဆိတ်ငြိမ်သက်မှုကို သဘောတူလျက်ရှိ၏။ ကျွန်တော်လည်း ဘာရယ်လို့ မဟုတ်ဘဲ ရွေ့လျားနေသော တိမ်တို့အား သစ်ကိုင်းအစွန်းမှ ချောင်းကြည့်နေမိသည်။ လှိုင်သည် အဝေးကြီးကို ငေးနေပုံမှာ တစ်စုံတစ်ရာအပေါ်၌ မျှော်လင့်တကြီး နိုင်လွန်းသည်။

အဲဒီတစ်စုံတစ်ရာကရော ကျွန်တော်မဟုတ်ဟု မည်သူပြောနိုင်ပါမည်နည်း။

"ဝေမင်း ... နင် ဘာတွေ တွေးနေတာလဲဟင်"

"နင်ကရော ဟင် ... "

"ငါကလား။ ငါက ဒီလိုပါပဲ၊ ငယ်ငယ်ကတည်းက တစ်ယောက်တည်း ထိုင်ငေးနေတာကို နေသားကျနေပါပြီ။ တစ်ယောက်



တည်း ငေးလိုက်၊ တွေးလိုက်နဲ့ တော်တော်အဆင်ပြေသွားပါဟ။ တွေးတယ်ဆိုတာကလည်း ဘာအကြောင်းတစ်ခုကိုရယ်လို့ မဟုတ်ဘူး။ ကြုံသလိုပဲ လျှောက်တွေးနေတာ ... အဲဒီလိုဟ ..."

"ငါလည်း နင့်လိုပါပဲ လှိုင်ရယ် ...တစ်ယောက်တည်း ထိုင်ငေးနေတတ်တာ အကျင့်ဖြစ်နေပြီ၊ တစ်ယောက်တည်း အဲဒီလိုနေရတာ အရသာရှိတယ်ဟ ..."

"ဒါဆို ငါတို့တွေက တစ်ယောက်တည်း ထိုင်ငေးနေတတ်တဲ့ လူနှစ်ယောက်ပေါင်းပြီး ငေးကြတာပေါ့ဟာ"

ပြောပြီး လှိုင်က ရယ်မောလိုက်ပါသည်။ အင်းဝကန်တင်း၌ ကျွန်တော်တို့နှစ်ယောက်၏ တောက်ပမှုများတွင် သူ၏ရယ်သံများက အမှတ်တရ ဖြစ်ပါသည်။ ကျွန်တော်တို့နှစ်ယောက်ကြားရှိ စိုလက်သော တစ်စုံတစ်ရာသည် သူ၏ မျက်ဝန်းများဖြစ်ခဲ့၏။

နေသည် သိသိသာသာပင် မှိန်ဖျော့သွား၏။ ကျွန်တော်က ဒီအချိန်တွင် လှိုင်နှင့်အတူ လမ်းလျှောက်ရလျှင် ကောင်းမည်ဟု စိတ်ကူးမိသည်။

"လှိုင် ... နင်အခု အတန်းအားတယ် မဟုတ်လား၊ ငါတို့ လည်းတန်းသွားရအောင် ..."

"အေး ကောင်းသားပဲ၊ မုန့်သွားစားကြမယ်"

ထို့နောက် ကျွန်တော်တို့ အင်းဝကန်တင်းမှ အဓိပတိလမ်း အတိုင်း လျှောက်လာခဲ့ကြသည်။ လမ်းတွင် လှိုင်သည် ဟာကယ့်

www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်တစ်ယောက်လို လွယ်အိတ်ကို လှုပ်ရမ်း၍ ဆော့ကစားနေ၏။

ကျွန်တော်က သူ၏လွတ်လပ်သော လှုပ်ရှားမှုများကိုသာ အမှတ်သညာကြီးလျက် ရှိတော့သည်။

ကျွန်တော်တို့ လမ်းလျှောက်လာကြသည်မှာ တဖြည်းဖြည်း တက္ကသိုလ်ရိပ်သာလမ်းနှင့် နီးလာပြီ၊ လှိုင်ကို နိုးကြည့်မိသောအခါ သူသည် ကိုယ့်အဓိပ္ပါယ်နဲ့ ကိုယ် ပျော်ရွှင်ကျေနပ်နေလေသည်။ နောက်တက္ကသိုလ်ရိပ်သာလမ်းမှ လှည်းတန်းသို့ ဆက်လျှောက်ကြရပြန်၏၊ ထိုနေရာတွင် ပလက်ဖောင်းနှင့်အပြိုင် မြေလမ်းကျဉ်းကျဉ်းလေးတစ်ခုရှိသည်။

လှိုင်သည် မြေလမ်းကျဉ်းလေးထဲသို့ မြူးထူးတက်ကြွစွာ ကွေ့ဝင်သွား၏၊ မြေလမ်းလေး၏ ဘေးတစ်ဘက်တစ်ချက်တွင် အလေ့ကျပေါက်နေသော ချုံပင်ငယ်များအား လှိုင်က ခူးဆိတ်ရင်း လမ်းလျှောက်လာသည်။

အင်း ... ဒီကောင်မလေးနဲ့ ရည်းစားဖြစ်ရရင် ရင်ခုန်ဖို့ကောင်းမှာလည်း မဟုတ်ဘူး။ တစ်ချိန်လုံး ဒီလိုလျှောက်ဆော့နေရင်တော့ ခက်ရချည့်ရဲ့။

ရုတ်တရက် လှိုင်က ကျွန်တော့်အတွေးကို သိသွားသည့်အလား ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်၊ ထိုအကြည့်ကြောင့် ကျွန်တော့်စိတ်ထဲတွင် ထိတ်လန့်စွာ လှိုင့်ကို အားနာနေမိ၏။ လှိုင်



တစ်ခုခု ပြောမည်ဟု ကျွန်တော်က ထင်လိုက်သော်လည်း လှိုင်က ဘာမှမပြောဘဲ ရှေ့တွင်ရှိနေသော ထိကရုန်းပင်များကို သူ၏ ခြေထောက်ဖြင့် ခပ်သာသာလိုက်ကန်နေသည်။

ဒီလိုနှင့် ကျွန်တော်တို့နှစ်ယောက် လှည်းတန်းရှိ ရွှေခရားဆိုင်သို့ ရောက်လာခဲ့ကြ၏၊ လမ်းတလျှောက်လုံး တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ကြသော ကျွန်တော်တို့နှစ်ယောက်မှာ ရှမ်းခေါက်ဆွဲပွဲများကို မှာပြီးသည်အထိ စကားစပြောဖို့ မေ့လျော့လျက်ရှိကြသည်။

ထိုအချိန်မှာပင် တစ်မနက်လုံး သာသာယာယာရှိခဲ့သော ကောင်းကင်သည် မည်းမှောင်သွားပြီး ပတ်ဝန်းကျင်မှာ မိုး၏စိုစွတ်သော ရနံ့များ ဝေ့ဝဲလာတော့၏။

"ဟဲ့ ဝေမင်း။ မိုးကရွာတော့မယ်"

ကျွန်တော်က လှိုင်၏စိုးရိမ်နေမှုများကို ရယ်ချင်စိတ်နှင့် ပြုံးပြန်မိ၏။

"နင်ကလည်း ...မိုးရွာတော့ ဘာဖြစ်လဲ၊ သင်္ကြန်မိုးပဲဥစ္စာ ..."

"အေးနော် ... ဝေမင်း။ သင်္ကြန်ကနီးလာပြီ၊ သင်္ကြန်ဆိုကျောင်းတွေ ခဏပိတ်ဦးမှာ ..."

ကျွန်တော့်စိတ်ထဲ၌ လှိုင့်ကိုပြောချင်သော စကားများအား လွှတ်ခနဲ ထွက်မသွားစေရန် မနည်းထိန်းထားလိုက်ရသည်။ လှိုင်

www.burmeseclassic.com

www.burmeseclassic.com



သည် ကျွန်တော့်မျက်နှာကို လိုက်ကြည့်နေ၏။

"နင် ငါ့ကို တစ်ခုခုများ ပြောစရာရှိလားဟင် ဝေမင်း ··"

ကျွန်တော်က အလျင်အမြန်ပင် ခေါင်းခါပြလိုက်သည်။ လှိုင်၏ ကြောက်စရာကောင်းလောက်သည့် ပါးနပ်မှုကိုလည်း ချီးကျူး လိုက်မိသည်။

ခပ်စောစောက မည်းနေသော မိုးတိမ်များမှ မိုးစက်ပေါက်များသည် ခပ်ပွဲပွဲရွာစပြုနေပြီ။

"ကျောင်းတွေပိတ်ရင် နင် ဘာလုပ်မှာလဲဟင် လှိုင်"

"နင့်ကို သတိရနေမှာပေါ့"

ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက် ကြည့်မိကြပြန်သည်။ လှိုင့်မျက်ဝန်းမှ ဖြူစင်သော နက်ရှိုင်းမှုတို့ကို မြင်ရသော အခါ ကျွန်တော့်ကိုယ်ကျွန်တော် အပြစ်ရှိသူတစ်ယောက်လို ခံစားရ၏။

"ငါ နင့်လက်ဖဝါးတွေကို နှိပ်ပေးချင်တယ် လှိုင် ···"

သူသည် ကျွန်တော် မျှော်လင့်ထားသကဲ့သို့ပင် ကျွန်တော့် တောင်းဆိုမှုကို မကန့်ကွက်ပါ။ လှိုင့်လက်ဖဝါးတစ်ဘက်သည် ဖြူ လျက်သား ကျွန်တော့်ရှေ့သို့ ရောက်လာလေသည်။

ကျွန်တော်က သူ၏ လက်ဖဝါးကို ထုံးစံအတိုင်း ကျွန်တော့်လက်ဖဝါးတွေနဲ့ ချိတ်ဆက်၍ အသာအယာ နှိပ်နယ်ပေး နေမိသည်။ လှိုင့်မျက်လုံးများသည် ထိုအတောအတွင်း ကျွန်တော့်



မျက်နှာမှ မခွာဘဲ တော်တော်ကြာသည်အထိ ကျွန်တော့်အား စိုက် ကြည့်နေပါသည်။

"နင်ငါ့ကို တကယ်ပဲ ဘာမှပြောစရာမရှိဘူးလားဟင်"

ထိုမေးခွန်းကြောင့် ကျွန်တော် ဟန်ဆောင်ရယ်မောလိုက် မိ၏။

"နင်က ရယ်လည်း မရယ်ချင်ဘဲနဲ့ သိပ်ဟန်ဆောင်တာပဲ။ ဒီအပြုအမူမျိုးကို ငါ အရမ်းမုန်းတာပဲ သိလား ဝေမင်း ···၊ နင် ငါ့ကို မာယာတွေ မသုံးပါနဲ့ဟာ ···"

လှိုင့်စကားတို့သည် ကျွန်တော့် ရင်ကို ရိုးသားမှုတို့ကို ရိုက်ပုတ် နေသကဲ့သို့ရှိသည်။ ရုတ်တရက် ကျွန်တော် သူ့လက်ဖဝါးကို နယ်နေရာမှ ရပ်ပစ်လိုက်ပါ၏။ သူ့အား ဘာပြန်ပြောရမည်မသိဘဲ ကျွန်တော် တစ်ကိုယ်လုံး အေးစက်တုန်ရီနေတော့သည်။

စားပွဲပေါ်၌ အရုပ်ကြိုးပြတ်ကျနေသော ကျွန်တော့် လက် ဖဝါးကို လှိုင်က တင်းကျပ်စွာ ဆုပ်ကိုင်လိုက်၏။

"ဟော့ကောင် ··· နင်ဘာဖြစ်သွားတာလဲ၊ အလကား ပြောတာနော်။ နောက်တစ်ခါ နင့်ကို ငါ အဲဒီလို မပြောတော့ဘူး။ ကတိပေးပါ့ရိုးဟာ ···"

လှိုင်က ဖေးဖေးမမ ကျွန်တော့်ကို ပြန်အားပေးနေသော် လည်း ကျွန်တော်က ထိုအပြစ်ကို လိပ်ပြာမလုံဘဲရှိ၏။ သူဆုပ်ကိုင် ထားသော ကျွန်တော့်လက်မှတဆင့် ခွန်အားတို့သည် သွေးကြောသို့

www.burmeseclassic.com

www.burmeseclassic.com



ပူနွေးစွာ စီးဝင်နေကြသည်။

"နင့်ကို ငါ ပြောပြစရာတွေ ရှိတယ်လှိုင် …။ ဒါပေမယ့် အခုတော့ မဟုတ်သေးဘူး။ နောက်မှပေါ့"

"အေး … နင်က နောက်မှပြောမယ်ဆိုပေမယ့် ငါက တော့ နင့် ကို အခုပြောပြစရာ တချို့ရှိတယ်ဟ …။ နင် နားထောင်မယ် မဟုတ်လားဟင် ဝေမင်း … "

သူပြောလျှင် ကျွန်တော် နားထောင်မည်မှန်း သိသော်လည်း လှိုင်က ခွင့်တောင်းသလို ပြောနေသေးသည်။

"အင်း … ပြောပြလေ … လှိုင်ရဲ့။ နားထောင်ရတာ ပေါ့"

"ငါ့မှာ ရည်စားတစ်ယောက် ထားခဲ့ဖူးတယ် ဝေမင်း"

"တကယ် … နင်ဟိုတစ်ခါ ပြောတော့ ငါက နောက်နေ တာမှတ်လို့ လှိုင်ရဲ့"

"နင် အံ့ဩနေလားဟင် …"

"အေး။ အံ့ဩတာပေါ့ဟ …။ အိမ်ထဲကနေ ဘယ်မှ မထွက်ရတဲ့ ကောင်မလေးတစ်ယောက်က ဘယ်အချိန်မှာများ ရည်းစားထားလိုက်သလဲဆိုတာ ငါဖြင့် စဉ်းစားလို့ကို မရဘူး"

လှိုင်က ကျွန်တော့်စကားကြောင့် ရှက်သွားသလို ပြုံး မှာထားပြီး နှစ်ယောက်စလုံး မစားဖြစ်သေးသော ရှမ်းခေါက်ဆွဲပွဲထဲ လှိုင်က တူဖြင့် မွှေနေ၏။ ကျွန်တော်က လှိုင့်ဆီမှ ဆက်ပြောလာ



မည့် စကားများကို စောင့်နေမိသည်။

"အခုတော့ သူက အိမ်ထောင်ကျသွားပါပြီ။ သူ့နာမည်က မြင့်ဇော်တဲ့။ သူနဲ့ငါနဲ့က တစ်နှစ်ကျော်လောက် ရည်စားတွေ ဖြစ်ခဲ့ ကြတယ်။ အဓိက အချက်တစ်ခုအနေနဲ့ပြောရရင် သူဟာ ငါနဲ့ ပတ်သက်ခဲ့သမျှ တစ်လျှောက်လုံးမှာ လုံးဝရိုးသားမှု မရှိခဲ့ဘူး။ ဒါကို ငါက သူနဲ့ရည်းစားတွေဖြစ်ပြီး သိပ်မကြာခင်မှာပဲ သိခဲ့တာ …။ ဒါပေမယ့် ငါ သူ့ကို အဲဒီကိစ္စနဲ့ပတ်သက်ပြီး တားမြစ်ခြင်း၊ အရေးယူ ခြင်း လုံးဝမလုပ်ခဲ့ဘူး။ ငါ သူ့ကို မျက်လုံးတွေနဲ့ပဲ ကြည့်တယ်။ ငါ့မျက်လုံးတွေကို သူသိပ်ကြောက်သွားတာ ဝေမင်းရဲ့။ နောက်တော့ သည်း သူ့ကိုယ်သူ သိသွားတယ်ထင်ပါရဲ့ ဝေမင်းရယ် …။ တခြား ကောင်မလေးတစ်ယောက်ကို ရွေးသွားတော့တာပဲ။ ဒါပေမယ့် ဝမ်းသာစရာကောင်းတာက ငါ သူ့ကို တကယ်မချစ်ခဲ့ဘူးဟ …။ နှစ်နဲ့ချီကြာခဲ့တဲ့အတွက် သူ့ကို ငါ သံယောဇဉ်တော့ ရှိပါတယ်။ တကယ်တမ်း ပြတ်သွားချိန်မှာ ငါ့ခံစားမှုဟာ သံယောဇဉ်ရှိခဲ့ဖူးတဲ့ လူတစ်ယောက်နဲ့ ဝေးသွားရလို့ ဝမ်းနည်းမိတာကလွဲရင် တခြားဘာမှ ရှိမနေခဲ့ဘူး"

လှိုင်သည် သူ၏စကားကို ခဏမျှ နားရင်း ကျွန်တော့်ကို အကဲခတ်နေသည်။

"နင်ပြောချင်တာ ပြီးသွားပြီလားဟင် လှိုင် …"

သူက ကျွန်တော့်ကို စကားဖြင့် ပြန်မပြောဘဲ ခေါင်းညိတ်ပြ

www.burmeseclassic.com

www.burmeseclassic.com



၏။ ကျွန်တော်သည် လှိုင်၏ကြောက်စရာကောင်းသည့် ပါးနပ်မှုမှ လွဲ၍ သူ့ကို မိန်းကလေးတစ်ယောက်ဟုသာ မြင်မိသည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး နင် ငါ့ဆီက ထင်မြင်ချက် တစ်ခုခု များ မျှော်လင့်နေသလားဟင်"

ကျွန်တော့်အမေးကြောင့် လှိုင့်မျက်လုံးတွေသည် ဖျတ်ခနဲ အရောင်တချို့ လက်သွားပါသည်။

"နင်က သိပ်တော်တာပဲ သိလား ဝေမင်း။ နင်ပြောတာ မှန်တယ်၊ နင် ငါ့ကို ဒီကိစ္စနဲ့ပတ်သက်လို့ ထင်မြင်ချက် တစ်ခုခု ပေးနိုင်မလား"

"ဝမ်းနည်းစရာပဲ လှိုင်ရဲ့၊ နင့်ကို ငါ ဘာထင်မြင်ချက်မှ ပေးစရာ မရှိဘူး"

"ဩော် ... ရပါတယ်၊ ဒါဆိုလည်း နင့်သဘောပါပဲ"

ပြောပြီး လှိုင်က ရှမ်းခေါက်ဆွဲကို စားဖို့ပြင်ဆင်နေပြန်၏။ ကျွန်တော်တို့ နှစ်ယောက်ကြားတွင် စကားလုံးတို့သည် ရှားပါးနေ တော့သည်။ ကျွန်တော်က ထိုတိတ်ဆိတ်မှုကို သိမ်ငယ်နေပြီး လှိုင့် ဆီမှ ပေါက်ကွဲသော နာကျင်ခြင်းများကိုသာ မျှော်လင့်နေမိသည်။

"ဝေမင်း ... ရှမ်းခေါက်ဆွဲစားလေ"

ဆိုင်အပြင်၌ မိုးစက်ပေါက်များက သည်းထန်စွာ ရွာသွန်း လျက်ရှိသည်။ လှိုင်၏ သတိပေးစကားကြောင့် ကျွန်တော်က ရှမ်း ခေါက်ဆွဲတစ်ငွန်းကို ခံစားချက်မဲ့စွာ စားလိုက်၏။ ရှမ်းခေါက်ဆွဲသည်



ဘာအရသာမှ မရှိ၊ ရှမ်းခေါက်ဆွဲပြီးတော့ လက်ဖက်ရည်။

ပြေလ၏ လက်တံသည် ကျွန်တော်တို့နှစ်ယောက်ကို ဖျား ယောင်းနေခဲ့ပြီ၊ ဝေးကွာဖို့ လိုအပ်သော တစ်စုံတစ်ရာသည် ကျွန်တော်တို့၏ ကိုယ်ပိုင်အသိတရားနှင့် ဆက်စပ်လျက်ရှိ၏။ လှိုင်က လက်ဖက်ရည်ကို ငုံလိုက်၊ ဆိုင်အပြင်၌ သည်းထန်နေသော မိုးစက်၊ မိုးပေါက်များကို ငေးလိုက်နှင့် အဆင်ပြေနေပုံရသည်။

"မိုးကလည်း မတိတ်တော့ဘူးနော် လှိုင် ...၊ အခု ဘယ်နှစ်နာရီထိုးသွားပြီလဲ မသိဘူး"

လှိုင်သည် ကျွန်တော် နာရီမေးလိုက်သဖြင့် သူ၏ လွယ် အိတ်ထဲမှ လက်ကိုင်နာရီ သေးသေးလေးကို ရှာဖွေနေဟန်တူသည်။ ကျွန်တော်က သူ၏ အပြုအမူများကို လိုက်လံကြည့်နေမိ၏။

"ဟာ ... ဒုက္ခပါပဲ ဝေမင်းရယ်၊ နာရီက ဒီနေ့ ပါမလာ ဘူးထင်တယ်"

လှိုင်က လွယ်အိတ်ကို နှိုက်ရှာနေရင်းဖြင့် ညည်းသည်။

"ဒါပေမယ့် ပြဿနာမရှိပါဘူး။ အိမ်မှာ ကျန်ခဲ့တာနေ သိမ့်မယ်၊ အခုလောက်ဆို သုံးနာရီလောက်တော့ ရှိရောပေါ့၊ မိုးက ရွာနေတော့ အချိန်ကို ခန့်မှန်းရတာ သိပ်ခက်တာပဲ"

"အင်း ... ဟုတ်တယ်နော် လှိုင်၊ လွန်ရောရှိမှ သုံးနာရီ လောက် ရှိဦးမှာပေါ့၊ မိုးက မှောင်နေလို့သာ ..."

မိုးကလည်း မတိတ်သေးဘဲ ကျွန်တော်တို့ ထိုဆိုင်တွင်

www.burmeseclassic.com

www.burmeseclassic.com



ဆက်ထိုင်နေခဲ့ကြသည်။

ကျွန်တော်တို့သည် တစ်ယောက်၏ အကြည့်တွင် တစ်ယောက်က သိမ်မွေ့နူးညံ့နေခဲ့ကြပြီး အရာရာမှာ မိုးစက်များနှင့် ရောနှောပျော်ဝင်လျက်ရှိကြ၏။ မိုးက တော်တော်နှင့် မတိတ်ဘဲရှိနေရာ ကျွန်တော်က မိုးကို ကျေးဇူးတင်နေမိသည်။ လှိုင်သည် ပြန်ဖို့ကိစ္စကို မေ့လျော့သွားကာ မိုးစက်တွေကို ငေးကြည့်နေပြန်သည်။ ကျွန်တော်က အချိန်ကို မသက်မသာဖြစ်လာ၏။

"လှိုင် ငါ နာရီသေချာအောင် ထကြည့်လိုက်ဦးမယ်။ တော်ကြာ လေးနာရီကျော်သွားရင် နင် အဆူခံနေရမှာပေါ့။ ခဏနော် ..."

ကျွန်တော် ထိုင်ရာမှ ထ၍ ကောင်တာရှိ အစ်ကိုကြီးထံမှာ နာရီသွားမေးကြည့်ရသည်။ အဖြေက ငါးနာရီထိုးပြီတဲ့။ ဘုရားဘုရား ...။ ကျွန်တော့်စိတ်ထဲတွင် လှိုင့်အတွက် စိုးရိမ်ပူပန်မိသွား၏။ ဒီကောင်မလေးတော့ အဆူခံရတော့မှာပဲ။

"လှိုင် ... ထ,ထ အမြန်ပြန်ရအောင်၊ ဒီမှာ ငါးနာရီတောင် ထိုးနေပြီတဲ့"

ကျွန်တော့်စကားကြောင့် လှိုင်က ယောင်ရမ်းပြီး ကမန်းကတန်း ထရပ်သည်။ ရွာနေသော မိုးက ခပ်ဖွဲ့ဖွဲ့သာ ကျန်တော့၏။

"ဒုက္ခပါပဲ ဝေမင်းရယ်၊ ငါ စိတ်ညစ်လိုက်တာ ..."

စားထားသော ရှမ်းခေါက်ဆွဲနှင့် လက်ဖက်ရည်ဖိုး ငွေကို



အမြန်ရှင်းကာ မိုးဖွဲဖွဲရွာနေသေးသည့်ကြားမှပင် ကျွန်တော်တို့ အမြန်ကျောင်းထဲသို့ ပြေးကြရ၏။ ပထမက ပြည်လမ်းကို ကူးပြီး ရာမညဆောင်ရှေ့ရှိ အပေါက်မှဝင်ဖို့ စဉ်းစားထားသော်လည်း ငါးနာရီကျော် ပြီဖြစ်သောကြောင့် ထိုအပေါက်သည် ပိတ်ထားပြီဖြစ်သည်။ ဒါဆို ကျောင်းထဲကို ဝင်ဖို့မှာ အဓိပတိလမ်း ပင်မဂိတ်ပေါက်ကြီး ဘစ်ခုသာ ရှိတော့မည်။

ရုတ်တရက် ကျွန်တော် အကြံတစ်ခုရလိုက်ပါသည်။

"လှိုင် ... ငါတို့မာလာမှတ်တိုင်ဘက်ကနေ ကျောင်းထဲဝင်ကြရအောင်။ အဲဒီနားမှာ မြောင်းအကြီးကြီးတစ်ခု ရှိတယ်။ သူက ကျောင်းထဲကို ဝင်တဲ့လမ်းလို ဖြစ်နေတာဟ...။ အဲဒီလိုမှ မဟုတ်ဘဲ ငါတို့ဂိတ်ကြီးကနေ ဝင်မယ်ဆို မတော်လို့ နင့်အဖေကားနဲ့ တိုးရင် ခက်မယ်။ ဟုတ်တယ် မဟုတ်လား"

"နင့်သဘောပဲ ဝေမင်းရာ၊ ငါတော့ မစဉ်းစားတတ်တော့ဘူး။ တအားကြောက်နေပြီ"

လှိုင်သည် တကယ်ပင် သူ့အဖေ့ဆူမှာကို တုန်လှုပ်ကြောက်ရွံ့နေပုံရသည်။ ကျွန်တော် စဉ်းစားမိသည်က နာရီတွေ ဘာဖြစ်လို့များ ဒီလောက် မြန်မြန်ကုန်သွားရသနည်းဆိုသော မေးခွန်းကို ဖြစ်ပါသည်။ ထိုအချိန်တွင် စောစောတုန်းက ခပ်ဖွဲ့ဖွဲ့ ရွာနေသော မိုးက လုံးဝ တိတ်သွားပြီး ကောင်းကင်တစ်ခုလုံး ကြည်လင်တောက်ပနေ၏။ ကျွန်တော်က ကြောက်ပြီး ငြိမ်ကုတ်နေသော လှိုင့်ကို အားပေး

www.burmeseclassic.com

www.burmeseclassic.com



ရသည်။

"ငါရှိတယ်၊ နင် မကြောက်နဲ့နော် လှိုင် ...၊ နင် အဖြစ်မဖြစ်အောင် ငါကြံပေးပါ့မယ်၊ အရမ်းစိတ်ပူမနေနဲ့ သိလား"

လှိုင်က ကျွန်တော့်စကားကြောင့် ဘာမှ ပြန်မပြောဘဲ ခေါင်းညိတ်ပြ၏။

"အဲဒီ ကျောက်ပြားတွေက ကြည့်လျှောက်နော်... ရှေ့ည တွေရှိတယ်၊ နင်ချော်လဲလိမ့်မယ် ဝေမင်း ..."

အံမယ် ... သူကများ ငါ့ကို ပြန်သတိပေးရတယ်လို့၊ ခွေးစုတ်မလေးရယ် ...၊ နင့်ကို ငါချစ်လိုက်တာ...။

မိုးရွာထားပြီးကာစ ကောင်းကင်သည် သန့်စင်လွန်းလှ၏။ ဒီလိုနှင့်ပင် ကျွန်တော်တို့နှစ်ယောက်သည် မာလာမှတ်တိုင်ကို ကျော်လာခဲ့ကြသည်။ ဘွဲ့နှင်းသဘင်လမ်းနှင့် တည့်တည့် ဂိတ်(ဂ) ဝင်ပေါက်ကလည်း မျှော်လင့်ထားသည့်အတိုင်းပင် ပိတ်ထား၏။ ထို ဂိတ် (ဂ)ဝင်ပေါက်ကို နည်းနည်းကျော်လိုက်ပြီးသောအခါ ကျောင်းဝင်းနှင့်အပြင်ကို ဆက်စပ်လျက်ရှိသော မြောင်းကြီးသို့ ရောက်ပြီ။

ကျွန်တော်က အနည်းငယ်ပြိုစောင်းနေသော မြောင်းဘောင်မှ ဦးဆောင်၍ မြောင်းထဲသို့ဆင်းလိုက်သည်။ မြောင်းထဲတွင် ယခင်က ရေမရှိသော်လည်း အခုတော့ စောစောက မိုးရွာထားသဖြင့် ခပ်နိုက်နိုက်ဖြစ်နေသည်။ လှိုင်က ကျွန်တော်ဆင်းသည့်အတိုင်း လိုက်ဆင်းသည်။ ကျွန်တော်က လှိုင်မိုနိုက်ငင်တွယ်၍ ရစေရန် မြောင်း



အောက်မှ လက်ကမ်းပေးလိုက်၏။ သူသည် ကျွန်တော့်လက်ဖျံကို တစ်ချက်ခိုစီးကာ မြောင်းထဲသို့ခုန်ချလိုက်ပါသည်။ ထိုအခါ ကျွန်တော်တို့နှစ်ယောက်စလုံး မြောင်းထဲသို့ ရောက်သွားကြပြီ။ နောက် ... မြောင်းအတိုင်း ခြေလှမ်းဆယ်လှမ်းခန့် လျှောက်လိုက်သည့်အခါ ကျောင်းဝင်းအတွင်းကို ရောက်သွားပြီး ထိုမှ မြောင်းပေါ်သို့ ပြန်တက်ရန် ကြိုးစားကြရပြန်သည်။ ကျွန်တော်က မြောင်းနံရံရှိ အထစ်များကို လှေကားသဖွယ် အသုံးပြုပြီး တစ်ဘက်ရှိ ကွန်ကရစ်တန်းကို လက်ဖြင့် ခိုရင်းဆွဲတက်လိုက်သည်။ လှိုင်ကလည်း ကျွန်တော် တက်သကဲ့သို့ပင် လိုက်တက်သော်လည်း မရ...။ ကျွန်တော်က မြောင်းဘောင်ပေါ်မှ လှိုင်လက်တစ်ဘက်ကို ဆွဲတင်ပေးရ၏။ ထိုအခါ တွင်တော့ လှိုင်လည်း မြောင်းဘောင်ပေါ်သို့ ရှောရှောရှုရှု ရောက်လာသည်။ လှိုင်က သူ့လုံချည်ကို လက်ဖြင့်တစ်ချက်၊ နှစ်ချက် ပုတ်လိုက်ပြီး ပြောသည်။

"အဲ့ကောပဲ ဝေမင်း၊ အခု ငါတို့ ဘယ်လိုဆက်လုပ်ကြမလဲ"

ကျွန်တော် စဉ်းစားရင်း မျက်လုံးကို ကစားလိုက်သောအခါ အီကိုဖက်သို့ သွားဖို့ ဟန်ပြင်နေသော အစ်မကြီးတစ်ယောက်ကို တွေ့ရသည်။ ကျွန်တော့်ခေါင်းထဲတွင် လက်ခနဲဖြစ်သွားပြီး ချက်ချင်းပင် အကြံတစ်ခုရလိုက်၏။

"လှိုင် ... ငါ ဘယ်လိုလုပ်ရမယ်ဆိုတာ သိပြီ၊ ဟို

www.burmeseclassic.com

www.burmeseclassic.com



အစ်မကြီးကို တွေ့လား။ သူနဲ့ ငါနဲ့မျက်မှန်းတန်းမိတယ်၊ သူက ဖလော်ဆိုဗီ မာစတာတန်းတက်နေတာပဲ ...။ သူကို အကူအညီ တောင်းပြီး နင့်ဆရာမပဟန်ဆောင်နိုင်းမယ်၊ ပြီးတော့ နင့်အဖေဆီကို ကျောင်းသားကဒ်ပျောက်သွားလို့ ပြန်လုပ်နေရတာကြောင့် နောက်ကျနေရကြောင်းပြောပြ ...။ ဆရာမပါလာတော့ နင့်အဖေက ယုံမှာပါ။ လာ ... ငါတို့ အဲဒီအစ်မကြီးကို သွားပြီးအကူအညီ တောင်းရအောင်"

ထို့နောက် ကျွန်တော်တို့နှစ်ယောက် ထိုအစ်မကြီးဆီသို့ ပြေးသွားကြပြီး အကျိုးအကြောင်း ပြောပြကာ အကူအညီတောင်းရသည်။ ထိုအစ်မကြီးမှာပြုံး၍ ခေါင်းတညိတ်ညိတ် လုပ်သည်ကလွဲပြီး ကျွန်တော်တို့ကို ကူညီရှာပါသည်။

"တို့နာမည်က ဒေါ်ယုယုတင်လို့ပြော ...။ သိလား။ မင်းတို့ရဲ့ နည်းပြဆရာမပေါ့"

အားလုံးအဆင်ပြေသွားပြီးနောက် လှိုင်တို့ ကားရပ်ထားသော သိပ္ပံခန်းမရှေ့သို့ သွားကြရသည်။ ကျွန်တော်က သူတို့နောက်မှ မယောင်မလည် ချန်ရစ်ခဲ့ပြီး ခပ်လှမ်းလှမ်းမှသာ အကဲခတ်ရသည်။ လှိုင့်အဖေသည် နာရီတကြည့်ကြည့်နှင့် ဒေါ်သတကြီး လှိုင့်ကို စောင့်နေလေသည်။ ကျွန်တော်က အဝေးမှနေပြီး စိုးရိမ်ကာ စိတ်တထင့်ထင့်။ နောက်တော့ ကျွန်တော်မြင်ရသည်မှာ လှိုင်ကို သူ့အဖေက ပထမဦးစွာ ဆူနေသေး၏။ ခဏမျှကြာသောအခါ လှိုင်က ရှင်းပြလိုက်၊ ဒေါ်ယုယုတင်က ရှင်းပြလိုက်နှင့် လှိုင့်အဖေမှာ တဖြည်းဖြည်းသဘော ထား ပျော့ပြောင်းလာပုံရသည်။



ကျွန်တော်က ဒေါ်ယုယုတင်အား အထူး ကျေးဇူးတင်လျက်ရှိ၏။ လှိုင်တို့ ကားထွက်သွားချိန်တွင်တော့ ကျွန်တော်သည် ဒေါ်ယုယုတင်ကို ကျေးဇူးတင်စကား သွားပြောမိသည်။ ဒေါ်ယုယုတင်က ကျွန်တော်တို့ နှစ်ယောက်ကို တစ်မျိုးတစ်မည် ထင်သွားပြီး လူငယ်တွေ သိပ်မကဲကြဖို့ ဆုံးမစကားဆိုလိုက်သည်။ ကျွန်တော်လည်း ကိုယ့်အပြစ်နှင့်ကိုယ်မို့ ဘာမှ မပြေရှင်းဘဲ ငြိမ်နေရ၏။ ပြီးတော့ ကျွန်တော်လည်း ထိုအစ်မကြီးကို နှုတ်ဆက်ကာ ထွက်ခွာလာခဲ့သည်။

ညနေခင်း၏ တိမ်တွေက လှပလွန်းသည်။

လှိုင်ရယ် ... ငါတို့ရဲ့ အနာဂတ်ကရော ဘယ်လောက်ထိအောင် လှပနိုင်မှာလဲ။ ဒါဟာ ယုံကြည်မျှော်လင့်လို့ ကောင်းတဲ့အရာမဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ် နောက်ဆုံးကျတော့ ငါတစ်ယောက်တည်း အထီးကျန်မှုကို ရင်ဆိုင်ပြီး နင့်ကို ချစ်ရတာပဲ မဟုတ်လား။

တကယ်တော့ နောက်ဆုံးဆိုသည်မှာ ကျွန်တော်တို့ ပထမဆုံး ရာဇဝင်တွေရှိထားသော ကီစ်များလည်း ဖြစ်ပါသည်။

×××××××××××

www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူမဆို

မိမိရဲ့ဒုက္ခအကြောင်း စဉ်းစားမိတဲ့အခါ၊

ကိုယ့်ဒုက္ခကိုကိုယ်

ချဲ့ပြီးရင်ခုန်ခဲ့ဖူးပါသလဲ။

ကောင်မလေးရေ .....

..... ..... ငါတော့ ..... ။

www.burmeseclassic.com

www.burmeseclassic.com



(၉)

"မင်း ဘယ်လို ရှေ့ဆက်မယ်လို့ စိတ်ကူးထားသလဲ"

ကျော်ကျော်မင်း၏ အသံမှာ လေးနက်တည်ငြိမ်နေ၏။ နိုင်ဝင်းကို လှမ်းကြည့်လိုက်သောအခါ သူကလည်း ကျွန်တော့်ကို သေချာပြန်စိုက်ကြည့်နေသည်။

ကျွန်တော့်အနေဖြင့် ထိုလေသံနှင့် ထိုအကြည့်များကို တစ်ခုခု ဖြေရှင်းဖို့ လိုအပ်ကြောင်း သဘောပေါက်လိုက်သည်။

"မင်းတို့ မစိုးရိမ်ပါနဲ့။ ငါ့ကိစ္စ ငါဖြေရှင်းနိုင်ပါတယ်"

နိုင်ဝင်းက ကျွန်တော့်စကားကို ဒေါသအနည်းငယ် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွားဟန်ဖြင့် တုံ့ပြန်၏။

"မင်းဘာသာ မင်း ဖြေရှင်းနိုင်တယ် ဆိုပေမယ့် ဘယ်သူ့ကိုမှ မထိခိုက်ဖို့ လိုတယ်နော် ဝေမင်း။ ငါတို့က အဲဒီကိစ္စကို စိုးရိမ်တာ ..."

ကျွန်တော်က သူ့စေတနာကို သဘောပေါက်စွာ ခေါင်းတစ်ချက်ညိတ်ပြဖြစ်သည်။ ကျော်ကျော်မင်းက မီးသေသွားသော ဆေးပေါ့လိပ်ကို ပြန်ညှိနေ၏။ ပြီးတော့ ကျွန်တော့်ကိုပြောသည်။

"ဒီမှာ ဝေမင်း ...၊ မြသီတာနဲ့ မင်းနဲ့ကိစ္စက ဘယ်သူ့မှာမှ အပြစ်မရှိဘူးဆိုပေမယ့် မင်းမှာ ဝိတ္တာဝန်ရှိတယ်၊ အခု လှိုင်ပေါ့။ ငါတို့ သူ့ကို ဘာမှ ပြောစရာမရှိပါဘူး။ သူဟာ ကလေးဆန်ပြီး အပြစ်ကင်းတဲ့ ကောင်မလေးတစ်ယောက်ပါ။ သူ့ကိုရော မင်း တစ်ချိန်မှာ မြသီတာလို စိတ်ကုန်သွားလိမ့်မယ်လို့ မထင်မိဘူးလား"

"ဟာ ... မင်းစကားကလည်း ကျော်ကျော်မင်းရာ...။ ငါ့ကို အထင်သေးလွန်းအားကြီးတယ်၊ ငါ ယောကျ်ားတစ်ယောက်ပါ။ ဒါ ငါဖောက်ပြန်တာလည်း မဟုတ်ဘူး။ သတ္တိရှိရှိ ပြောင်းလဲတာ။ ငါ့မှာ အဲဒီအခွင့်အရေးတော့ ရှိတယ်လို့ထင်တာပဲ။ ငါနဲ့မြသီတာနဲ့က ချစ်သူတွေလောက်ပဲ ဖြစ်ခဲ့တာပါ ... လက်ထပ်ထားတာမှ မဟုတ်ဘဲ။ လက်ထပ်ထားတာဆိုတော့လည်း တစ်မျိုးပေါ့။ ပြီးတော့ ငါတို့နှစ်ယောက် ဒီအခြေအနေမျိုး ရောက်သွားအောင် ငါက တမင်ဖန်တီးခဲ့တာလည်း မဟုတ်ဘူး။ ဒီအဖြစ်အပျက်မှာ သူကစပြီး ငါ့ကို



အားစက်စက် ဆက်ဆံခဲ့တာပါ။ မင်းတို့လည်း သိရဲ့သားနဲ့ကွာ ..."

ကျွန်တော့်စကားအဆုံးတွင် ကျော်ကျော်မင်းက ဆေးလိပ်မီးခိုးငွေ့တွေကြားမှ ခေါင်းကို တစ်ချက်ညိတ်ပြသည်။ ထိုစဉ်မှာပဲ နိုင်ဝင်းက ဝင်ပြောသည်။

"ဒါပေမယ့် ဒီပြဿနာလောက်ကို မင်းအနေနဲ့ ခွင့်လွှတ်လို့ရပါတယ်။ လှိုင်နဲ့ မတွေ့ခင်အထိပေါ့"

နိုင်ဝင်း၏စကားသည် ဘာကို ဆိုလိုမှန်း ကျွန်တော် ကောင်းစွာ သဘောပေါက်ပါသည်။

"မင်းပြောတဲ့ကိစ္စက ဒီလိုရှိတယ်လေ နိုင်ဝင်းရဲ့။ ခွင့်လွှတ်လို့ရတယ်၊ မရဘူးဆိုတာ အခြေအနေ တစ်ခုပေါ်မှာ မူတည်တယ်။ ဥပမာအနေနဲ့ မင်းကို ငါတစ်ခုပြောပြမယ်။ မင်းနဲ့ ငါနဲ့ အခု လမ်းလျှောက်ရင်း တစ်ယောက်နဲ့တစ်ယောက် ဝင်တိုက်မိကြပြီဆိုပါတော့ကွာ။ ဟာ ... ဆောရီးသူငယ်ချင်းဆို ပြီးသွားပြီ။ ဘယ်သူပဲမှားမှား၊ မင်းလည်း ငါ့ကိုခွင့်လွှတ်မှာပဲ၊ ငါလည်း မင်းကို ခွင့်လွှတ်မှာပဲ။ ဒါပေမယ့် မင်းမောင်းလာတဲ့ကားနဲ့ ငါမောင်းလာတဲ့ ကားနဲ့ တိုက်မိရင်တော့ ဘယ်လောက်ပဲ ခင်ခင် ခွင့်လွှတ်လို့မရဘူး။ ဒီကိစ္စရဲ့ နောက်မှာ တန်ဖိုးတွေပါလာပြီ၊ အန္တရာယ်တွေပါလာပြီ။ အရှိန်တွေပါလာပြီ။ တိုက်မိတဲ့သဘောချင်းကတော့ အတူတူပဲ။ ဒါပေမယ့် ပြဿနာနှစ်ခုရဲ့ အပြေက မတူတော့ဘူး။ ဒါပါပဲ နိုင်ဝင်းရာ။ ငါနဲ့ မြသီတာဟာ ကားချင်းတိုက်မိကြတာပဲ ..."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အဖြေစကားကြောင့် သူတို့နှစ်ယောက်စလုံးက ကျွန်တော့်ကို အထိတ်တလန့်နှင့် ကြည့်ကြသည်။ သို့သော် ဘာမှ မပြောကြ။ ဒီလိုနှင့်ပင် ကျွန်တော်တို့ဝိုင်းသည် တိတ်ဆိတ်မှုကို ကြာရှည်စွာ နစ်မျောနေခဲ့၏။ သူတို့သည် ကျွန်တော့်ကို တစ်ခုခုပြန် ပြောဖို့ မကြိုးစားကြတော့ဘဲ အဓိပ္ပါယ်ရှိသော အကြည့်တချို့တလေ ကိုသာ ဖန်တီးနေကြသည်။

ကျွန်တော်က ထိုအခြေအနေကို ဖြိုခွဲပစ်လိုက်ပါ၏။

"ငါ လှိုင်နဲ့ချိန်းထားတဲ့ဆီသွားရဦးမယ်။ မင်းတို့ ငါ့ကို ဘာမှ ပြောစရာ မရှိတော့ဘူး မဟုတ်လား"

ကျော်ကျော်မင်းရော နိုင်ဝင်းပါ ပြိုင်တူလိုလို ခေါင်းကို ညိတ်လိုက်ကြပါသည်။ ကျွန်တော်ထိုင်ရာမှ ထထွက်လာခဲ့၏။ အင်းအ ကန်တင်းသည် ကျွန်တော့်ခြေလှမ်းများကို လိုက်ကြည့်နေသလို ခံစား ရ၏။

ဘာပဲဖြစ်ဖြစ် ကျွန်တော် ထိုခံစားမှုကို ဥပေက္ခာပြုလိုက် ပါသည်။

နောက်တော့ လှိုင်ရှိရာ အင်းလျားကန်ဘောင်ဘက်သို့ ခပ် သွက်သွက် လှမ်းလျှောက်နေခဲ့မိသည်။ စိတ်ထဲမှာလည်း ဘာကို ဝမ်းနည်းရမှန်းမသိဘဲ ဝမ်းနည်းနေတော့သည်။ လမ်းတလျှောက် မြင်ရသော မြင်ကွင်းများသည် ကျွန်တော့်အား လှောင်ပြောင်လျက် ရှိ၏။



ကျွန်တော် အင်းလျားသို့ ရောက်သည့်အချိန်တွင် လှိုင်က စ်ယောက်တည်း ငြိမ်သက်စွာ ရေပြင်ရှိ ဂယက်ငယ်လေးများကို ကြည့်နေ၏။

"လှိုင် . . ."

သူက သိမ်မွေ့စွာ လှည့်ကြည့်ပါသည်။ ကျွန်တော်က ပြုံး လိုက်တော့ လှိုင်က ရက်ကိုးရက်ကန်းနှင့် အင်းလျားကန်ရေပြင် ါကို ပြန်၍ အကြည့်လွှဲသွားသည်။ ကျွန်တော်က သူနှင့်ဆန့်ကျင် မိုးပေါ်သို့ မော့ကြည့်မိသည်။ တိမ်တိုက်တွေက တအိအိနှင့် ခြေအနေတစ်ခုမှ အခြေအနေ တစ်ခုသို့ တရွေ့ရွေ့ ပြောင်းလဲနေ ၏။

"နင် ညတုန်းက ဘာဖြစ်လို့ ဖုန်းဆက်ရတာလဲ ဝေမင်း"

"ငါက နင်အိမ်မှာ အဆူခံရသေးလားဆိုတာ အရမ်းသိချင် လို့ပာ . . ."

"ဒါများဟာယ် နင်ကလည်း၊ ကျောင်းရောက်မှ မေးရောပေါ့။ တ်လို့ ငါ့အဖေနဲ့ ဖုန်းထဲမှာ တည့်တည့်တိုးနေရင် ဘယ်လို ပ်မလဲ"

"အဲဒါလည်း ငါစဉ်းစားထားပြီးသားပါ . . . ။ အဲ . . . မှန်တော့ အဲဒါ ငါစဉ်းစားထားတာ မဟုတ်ဘူး။ ကျော်ငံပြောပြ . . .။ နင် အံ့ဩနေပြီ မဟုတ်လား လှိုင်။ ဒီလိုပာ . . .၊ မနေ့က င်ပြန်သွားတော့ ငါတစ်ယောက်တည်း လှည်းတန်းကို ပြန်ရောက်

www.burmeseclassic.com

www.burmeseclassic.com



သွားသေးတယ်။ အဲဒီမှာ ကျော်ဝင်းနဲ့တွေ့တာပဲ၊ ငါက သူ့ကို ငါတို့ အဖြစ်အပျက်ကို ပြောပြလိုက်မိတယ်၊ ဒါနဲ့ သူက ငါ့ကို ဖုန်းဆက်ဖို့ အကြံပေးတာ ...၊ ငါက နင့်အဖေနဲ့တိုးရင် ဘယ်လိုလုပ်မလဲဆိုတော့ သူက ကိုမှူးနဲ့တွေ့ချင်တယ်လို့ ပြောလိုက်တဲ့"

လှိုင်က ကျွန်တော့်စကားကြောင့် မျက်မှောင်ကုတ်ရင်း ပြန်မေးသည်။

"ဘယ်က ကိုမှူးလဲ"

"မသိဘူးလေဟာ ... ယောက်ျားသံနဲ့ ဖုန်းပြန်ထူးရင် ဒီလိုပဲ လျှောက်ပြောနိုင်းတာပေါ့၊ ပြီးတော့ ဖုန်းမှားသလို ဘာလိုလိုနဲ့ ဖုန်းပြန်ချထားလိုက်တဲ့၊ နင်နဲ့တည့်တည့်တိုးရင်တော့ အမြတ်ပေါ့ သူအကြံပေးတာ သိပ်မိုက်တာပဲ သိလား။ ငါက ကျေးဇူးရှင်ကို လက်ဖက်ရည်တိုက်တာတောင် သူက မသောက်တော့ဘူး။ ကိစ္စရှိလို့ဆိုပြီး ငါနဲ့ လမ်းခွဲသွားတယ်၊ ဒါနဲ့ငါလည်း ညကျတော့ နင့်ဆီ ဖုန်းဆက်တာပေါ့"

လှိုင်က ကျွန်တော့်စကားအဆုံးမှာ မျက်နှာကို မဲ့ရင်း ခပ်သောသော ရယ်လိုက်ပါသည်၊ ကျွန်တော်က သူ၏ ထိုရယ်မောလိုက်သံနှင့် ထိုအမူအရာကို ရူးသွပ်စွာ ပျော်ဝင်နေမိသည်။

"နင်ကလည်း ..."

သူက ကျွန်တော့်လက်မောင်းကို ခပ်ဖွဖွပုတ်လိုက်ရင်း အဆုံးမရှိသော စကားတစ်ခွန်းကို ပြောလိုက်သေး၏၊ ထိုစကားသည်



တိကျသော ရည်ရွယ်ချက်မရှိသည်မှာ မှန်သော်လည်း ကျွန်တော် ခံစားနိုင်ပါသည်။

"ဝေမင်း ... နင်လက်ဖဝါးတွေ ဖြန့် ..."

"လုပ်မနေစမ်းပါနဲ့ လှိုင်ရယ် ... နင် နိပ်ပေးတတ်တာလည်း မဟုတ်ဘဲနဲ့၊ နင် အနိပ်ခံချင်ရင် ခံချင်တယ်ပေါ့၊ ကဲ ... နင့်လက်ဖဝါးသာ ဖြန့်စမ်းပါ"

လှိုင်က ကျွန်တော့်စကားကြောင့် သူ၏ ရွှေသွားကိုးလေးများ အကြာကြီးပေါ်သည်အထိ ရယ်လေသည်၊ ပြီးတော့ ကျွန်တော့်ရှေ့သို့ သူ၏ ဘယ်ဘက်လက်ဖဝါးကို ဖြန့်၍ ထိုးပေး၏၊ ကျွန်တော်က အရင်အကြိမ်များတုန်းက အတိုင်းပင် လှိုင့်ကို နိပ်ပေးရသည်။

ဝန်းကျင်၌ ကျွန်တော်တို့နှစ်ယောက်၏ အသားချင်းသိခတ်သံမှာ ကျယ်လောင်လျက်ရှိသည်၊ လှိုင်သည် ကျွန်တော့်အား ငြိမ်သက်စွာ ကြည့်နေပြန်သည်။

"လှိုင် ... ဒီနေ့ မျိုးမလာဘူးလား"

ကျွန်တော့်မေးခွန်းကြောင့် သူက လက်ကို ပြန်ရုတ်သွားပြီး တစ်ချက်ရယ်သည်။

"ဘာလဲ... နင်က မျိုးကို မျှော်နေတာပေါ့လေ"

"ဒါပေါ့ဟ ..."

"သူကပြောတယ် သိလား ဝေမင်း။ နင်က ခင်ဖို့ကောင်းတယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် … ခင်ဖို့ပဲကောင်းတာလား"

"အံ့မယ် ဝေမင်း နင်နော် … ငါ့သူငယ်ချင်းကိုများ အဲဒီလို အပိုင်တွက်ပြီး အထင်မသေးပါနဲ့။ နင်တို့ ယောက်ျားတွေ တွေက အဲဒီနေရာမှာ သိပ်အမြင်ကတ်ဖို့ ကောင်းတာပဲ"

"မဟုတ်ပါဘူး လှိုင်ရဲ့၊ ငါက နောက်တာပါ…။ အဲဒီ သဘောမျိုး မဟုတ်ပါဘူးဟ …"

ကျွန်တော်တို့ နှစ်ယောက်စလုံး အင်းလျားရေပြင်ဆီသို့ တိတ်ဆိတ်စွာ ကြည့်မိကြပြန်သည်။ ဂယက်ငယ်လေးများက ကမ်းစပ်ကို တိုးဝင်လိုက်၊ ပြန်ဆုတ်သွားလိုက်နှင့် ကျေနပ်နေကြဟန် ရှိသည်။

လူဆိုသည်မှာလည်း ထိုကဲ့သို့ပင် သဘာဝတရား၏ အခြေအနေ တစ်ရပ်ပေါ်တွင် ကျေနပ်စွာ နေတတ်ဖို့ လိုပါသည်။

"ဝေမင်း … နင်မိန်းမတစ်ယောက်ဆီမှာ ဘယ်တော့မှ မကျဆုံးစေနဲ့ကြားလား"

ကျွန်တော် လှိုင်ကို ဖျတ်ခနဲကြည့်လိုက်မိ၏။ လှိုင့်ကို တစ်ခုခုပြန်ပြောဖို့ စိတ်ကူးထဲတွင် စကားလုံးတို့ တန်းစီထားမိသော်လည်း တကယ်တမ်းတွင် နှုတ်က ထွက်မလာချေ။

ကျွန်တော်က လှိုင်ကို ညင်သာစွာ ခေါင်းညိတ်ပြရုံသာ တတ်နိုင်ခဲ့သည်။ သို့သော် ထိုအချိန်မှ နောက်ထပ် ငါးမိနစ်ခန့်ကြာ ချိန်တွင်တော့ လှိုင့်ကို ကျွန်တော် မေးခွန်းတစ်ခု မေးလိုက်မိသည်။



"နင် ခံစားမှုကိုရော ယုံသလား လှိုင် …"

လှိုင်က ပထမဦးစွာ ခေါင်းကိုညိတ်လိုက်ပြီးမှ ခေါင်းကို ထပ်ရမ်းပြသည်။ ထိုအမူအရာကြောင့် ကျွန်တော်က သူ၏ စိတ် အခြေအနေကို ခန့်မှန်းမိပါသည်။

"နင့်ကို ငါတစ်ခုပြောပြချင်တယ်။ လူတစ်ယောက်ရဲ့ ခံစား မှုတွေ အငြင်းခံရတာဟာ သူ့ရဲ့ လူ့တန်ဖိုးကို အငြင်းခံရတာ အတူတူ ပဲ။ နင် လက်ခံတယ်မဟုတ်လားဟင် … လှိုင်"

"နင် ငါ့ကို ဘာကြောင့် ဒီစကားတွေ ပြောနေတာလဲဆို တာကိုတော့ ငါမသိဘူး။ ဒါပေမယ့် အဲဒီစကားကိုတော့ ငါ လက်ခံ ပါတယ်"

လှိုင်သည် အံ့ဩဖို့ကောင်းလောက်အောင် ပါးနပ်သူ တစ် ယောက်လည်း ဖြစ်သည်။ (နောင်တွင် သူသည် ထိုပါးနပ်မှုများပေါ် တွင် သွေးအေးတတ်သူ တစ်ယောက်မှန်းလည်း ကျွန်တော် သိခဲ့ရ သည်။)

"လာမယ့် (၇)ရက်နေ့ဆို ငါတို့ ကျောင်းတွေ ပိတ်တော့ မှာနော် ဝေမင်း …"

ကျွန်တော် ခေါင်းညိတ်ပြလိုက်ပါသည်။ အင်းလျားသည် ကျွန်တော်တို့ နှစ်ယောက်အတွက် စကားလုံးများကို ပေးနိုင်စွမ်း မရှိတော့။

အရာရာမှာ ပျော့ပြောင်းစွာ နေသားကျလျက်ရှိပြီး ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်တို့သည် တိတ်ဆိတ်မှုကို အလိုလိုက်ထားမိကြသည်။

ကောင်မလေးရယ် .....

ကြောက်လန့်တကြား ကိစ္စတွေ ရောက်မလာခင်

ငါတို့ရဲ့ခံစားမှုတွေကို

ကုန်အောင်ဖွဲ့ဆိုခဲ့ကြရအောင်လေ ...။

ကျွန်တော်ဆန္ဒရှိသည့်အတိုင်း တွေးတောမိခြင်းသာ ဖြစ်ပါသည်။

×××××××××××××

အခုတော့

အဲဒီအဝေးလေးကိုပဲ ကျေနပ်ရင်းပေါ့။

ရစ်ပတ်မနေချင်တော့ပါဘူး။

အလွမ်းသီချင်းပဲဖြစ်ဖြစ်

ပေါ့ပေါ့ပါးပါးဆိုချင်တယ်။ ။

www.burmeseclassic.com

www.burmeseclassic.com



(၁၀)

ကျွန်တော့်အတွက် ပထမဦးဆုံးအကြိမ်အဖြစ် လိုင်ဘေးနားတွင် သူစိမ်း အမျိုးသားတစ်ယောက်ကို မြင်ရခြင်း ဖြစ်ပါသည်။ ကျောင်းတွေ ပိတ်ထားတာ တစ်ပတ်ကျော်ရှိပြီ။ ဒီနေ့သည် သကြံန်အကြိုနေ့ဖြစ်ပြီး လိုင်တို့ ရပ်ကွက် ရေပက်မဏ္ဍပ်တွင် ကျွန်တော်က သူ့ကိုလာကြည့်တာ ဖြစ်၏။ ထိုမဏ္ဍပ်၌ ကျော်ငံတို့၊ ခင်ဆွေဝင်းတို့အပြင် လိုင့်အဖေပါ ရှိနေသဖြင့် ကျွန်တော်က လိုင့်ကို သွားရောက်နှုတ်ဆက်ဖို့ အခွင့်မသာဘဲ အဝေးမှ ကြည့်နေရုံသာ တတ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



လှိုင်သည် ကျွန်တော့်ကို မမြင်ချေ။ လှိုင့်ဘေးရှိ အသားလတ်လတ်နှင့် မျက်မှန်တပ်ထားသော ပုဂ္ဂိုလ်သည် လှိုင့်ကို ကျွန်တော် မကြားနိုင်သော တစ်စုံတစ်ရာအား ပြောလျက်ရှိသည်။ ထိုပုဂ္ဂိုလ်သည် ကျွန်တော်တို့ထက် အသက်အတန်အသင့်ကြီးပုံပေါ်သည်။

ကျွန်တော့် စိတ်တွေ ဂနာမငြိမ်ဖြစ်နေသော်လည်း သူတို့နှစ်ယောက်ကို မြင်ရသည်မှာ အပြစ်ကင်းသော အေးချမ်းမှုအချို့ကို ခံစားရ၏။ လှိုင်သည် တစ်ချက် တစ်ချက်၌ ငိုင်သွားသည်ကလွဲပြီး ပျော်ရွှင်စွာ ရေကစားနေသည်ကို မြင်ရပါသည်။

နေ့လယ် (၁၂)နာရီလောက်ကျတော့ လှိုင်တို့ ခဏနားဖို့ အိမ်ပြန်သွားကြ၏။ ကျွန်တော်လည်း ထိုအချိန်ကျမှသာ ပြန်ရန် သတိရမိသည်။ အပြန်ခရီးသည် ကျွန်တော့်ခန္ဓာကိုယ်သာ မဟုတ်ဘဲ စိတ်၌ပါ လေးလံနေလျက်ရှိ၏။

အရေးကြီးသော ဘဝ၏အပိုင်းအစတစ်စုံတစ်ရာ ဆုံးရှုံးရမလိုလည်း ခံစားရပါသည်။ ကျွန်တော်က ထိုအခြေအနေကို စိတ်ထဲမှ ဆဲရေးပစ်လိုက်၏။

ဒီနှစ်သင်္ကြန်လောက် အဓိပ္ပါယ်မဲ့သော သင်္ကြန်သည် ကျွန်တော့်လူငယ်ဘဝတွင် မရှိခဲ့။ ခန္ဓာကိုယ်၌ ရေစိုနေသော အဝတ်များသည် အသားတွင်ကပ်နေကြပြီး ကျွန်တော်လှုပ်ရှားမှုများကို လိုက်လံထိန်းချုပ်နေကြ၏။ အိမ်ကိုလည်း ကျွန်တော် မပြန်ချင်သေး။

ပထမတော့ ကျွန်တော်က ခြေဦးတည့်ရာ လျှောက်သွား



နေခြင်းဖြစ်သော်လည်း နောက်တော့ တစ်နေရာကို ဦးတည်သွားဖို့ ဆုံးဖြတ်လိုက်သည်။

ဟုတ်ပြီ။ ကျောင်းထဲသွားမယ်။

ထိုဆုံးဖြတ်ချက်ကို လိုက်နာရန် ကိုယ့်ကိုယ်ကို အမိန့်ပေးလိုက်ပြီး ကျွန်တော်ကျောင်းထဲသို့ သွားဖို့ စတင်ပြင်ဆင်လိုက်သည်။ ဘတ်(စ်)ကားတွေကလည်း သင်္ကြန်ရက်မို့ ယခင်နေ့များထက် ပိုကြဲနေ၏။ ဒီလိုနှင့် နာရီဝက်ကျော်ကျော် ကားစောင့်ပြီးသောအခါ လှည်းတန်းဘက်သို့သွားမည့် ဘတ်(စ်)ကားတစ်စီး ရောက်လာသည်။ ထိုကားနှင့်ပင် ကျွန်တော်လည်း လှည်းတန်းသို့ လိုက်ပါလာခဲ့၏။ နောက်တော့ ကျောင်းထဲသို့ ခြေလျင်သွားရပြန်သည်။

အဓိပတိဂိတ်ပေါက်အတိုင်း ကျွန်တော် ဝင်လာခဲ့သည်။ သင်္ကြန်တွင်းမို့ ကျောင်းထဲ၌ လူခြေတိတ်ဆိတ်နေပြီး ကလေးငယ်တချို့သာ ရေကစားနေကြတာ မြင်ရ၏။ ကျွန်တော်က အဓိပတိလမ်းမအတိုင်း လျှောက်လာရင်း ရေတမာပင်လေးများအား ကြည့်မိသည်။ နောက် စာကြည့်တိုက်ရှေ့ရှိ ရေတမာပင်အောက်က ခုံ၌ ထိုင်ရင်း ထိုခုံများတွင် အတွဲများလျှောက်ရေးသွားသော စာတွေကို လျှောက်ဖတ်ကြည့်မိ၏။

“Ko Ko + Chit Lay” ဆိုတာမျိုး၊ “ဝေးနေကြတာ သိပ်လွမ်းတာပဲမောင်” ဆိုတာမျိုး၊ “မမကို သတိရတိုင်း ဒီနေ့ကိုမှာ လာထိုင်နေမိတယ်” ဆိုတာမျိုး။

www.burmeseclassic.com

www.burmeseclassic.com



လှိုင်သာ ဒါတွေကို ဖတ်မိရင် ရယ်ချင်မှာပဲဟု ကျွန်တော်တွေးမိသည်။ သူ၏ ရယ်သံတွေသည် လောကကြီးကို ညှို့ငင်ထားဖို့ မဖြစ်နိုင်ဟု ကျွန်တော်ထင်ပါသည်။

ကျွန်တော်တစ်ယောက်တည်း ကျောင်းထဲမှာ လျှောက်သွားနေမိ၏။ ခုံတန်းလျားတွေပေါ်မှာ သူများတွေ လျှောက်ရေးသွားသော စာများကို ဖတ်ကြည့်ရင်း အချိန်တို့ကို ကုန်လွန်ဖို့ ကျွန်တော်ကြိုးစားမိသည်။ ကျွန်တော့်မှတ်ဉာဏ်၌ ဝေဝါးသော လွှမ်းခွတ်မှုတစ်ခုမှအပ တခြားဘာမှ မကျန်ရစ်ချေ။

တိတ်ဆိတ်သော ပတ်ဝန်းကျင်သည် ကျွန်တော့်တစ်ကိုယ်တည်းအတွက် စိုလက်တောက်ပလျက်ရှိသည်။ အဝေးဆီမှ ပိတောက်ရနံ့နှင့် သံချပ်သံများကိုလည်း ကြားရ၏။

ရုတ်တရက် အာရုံထဲတွင် လှိုင်သေးနားမှ မျက်မှန်နှင့် ပုဂ္ဂိုလ်က ပေါ်လာပြန်သည်။ ဘာကိုမှ သေချာမသိသေးဘဲနှင့် စိုးရိမ်စိတ်သည် အုံနှင့်ကျင်းနှင့် ကျွန်တော့်ခန္ဓာကိုယ်ထဲသို့ စီးဝင်နေလေသည်။

သကြင်္ကန်ရေသည် မဖျားတတ်ဟု ဆိုသော်လည်း ထိုညက ကျွန်တော်ဖျားပါသည်။ ကျွန်တော့်အဖျားသွေး၌ လှိုင့်ကို ချစ်သည့် အချစ်သည် လက်ကျန်အမှန်တရား ဖြစ်ခဲ့တော့သည်။

××××××××××××

ဘဝတဲ့ .....
ငါတို့နှစ်ယောက်ရဲ့ ဆုံဆည်းချိန်တွေမှာ
အမှားအယွင်းတွေချည်း ချွန်ထားရစ်၊
ကြည့်လိုက်စမ်း
ငါ့မျက်နှာပေါ်က ဝမ်းနည်းမှုတွေကို .....

www.burmeseclassic.com

www.burmeseclassic.com



(၁၁)

မေလ ...

တစ်လကျော် ဝိတ်ထားသော ကျောင်းတွေ ပြန်ဖွင့်ပြီး ကျွန်တော်နှင့်လှိုင်တို့ ပြန်တွေ့သည့်နေရာမှာ ကုက္ကိုပင်ကြီးကို ထိုင်ကြည့်ကြသည့် အိကို အပေါ်ဘက် လူခြေတိတ်ဆိတ်သည့် လမ်းကလေးတွင် ဖြစ်ပါသည်။

လှိုင်က ကုက္ကိုပင်ကြီး၏ ခန့်ငြားကြီးမားမှုကို ကျွန်တော်ကဲ့သို့ပင် လာကြည့်ဟန်တူသည်။ ကျွန်တော့်ကို မြင်မြင်ချင်း သူက လှစ်ခနဲ ပြုံးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဝေမင်း . . . နင် ဒီအပင်ကြီးကို လာကြည့်တာလား ဟင်"

"အေးပေါ့ဟ . . . နင်ကရော"

"ငါလည်း နင့်လိုပဲပေါ့"

ပြောပြီး လှိုင်က ခပ်ဖွဖွရယ်သည်။ သူ၏ အသံများတွင် ဆည်းလည်းခတ်သံအချို့က ရောစွက်လျက် နားထောင်ရသူ ကျွန်တော့် အဖို့ ဖျားချင်သလိုဖြစ်လာ၏။

"ငါတို့ ဘယ်သွားကြမလဲဟင် လှိုင် . . ."

"အင်းဝကန်တင်းပဲ သွားကြတာပေါ့။ အဲဒီကို ငါ့ညီသည် တစ်ယောက် လာလိမ့်မယ်။ သူ့ကို နင်နဲ့မိတ်ဆက်ပေးမလို့ . . ."

"ဘယ်သူနဲ့ မိတ်ဆက်ပေးမှာလဲ"

"နင်ကလည်း ဝေမင်းရာ. . . မိတ်ဆက်ပေးတော့ သိမှာ ပေါ့။ အခု မသိချင်နဲ့ဦး"

ကျွန်တော်တို့ နှစ်ယောက် ထိုလမ်းကလေးတွင် ခေါက် တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ကုက္ကိုလ်ပင်ကြီးကို တဝကြည့်နေ မိကြသည်။ ဒီတစ်ကြိမ်သည် ထိုကုက္ကိုပင်ကြီးကို နှစ်ယောက် အတူ ကြည့်ရတာ နောက်ဆုံးပဲဟု ကြိုတင်သိနေနှင့် နေခဲ့ကြသလို ဖြစ် သည်။ (တကယ်တမ်းတွင်လည်း ကျွန်တော်တို့အတွက် ထိုကုက္ကိုပင် ကြီးကို နောက်ဆုံး ကြည့်ခဲ့ကြခြင်းဖြစ်နေခဲ့သည်။)

"လှိုင် . . ."



သူက ကျွန်တော့်ခေါ်သံကြောင့် ခေါင်းကို ငုံ့စောင်းလျက် ကြည့်လိုက်ပါသည်။

"နင့်ကို ငါချစ်တယ်။ ဒါကို နင်သိပြီးသား မဟုတ်လား"

လှိုင်က ဘာမှပြန်မပြောဘဲ ခေါင်းကို ညင်သာစွာ ညိတ်ပြ သည်။ ပြီးတော့ သူ၏ဖိနပ်ဦးချွန်ဖြင့် မြေကြီးပေါ်ကို ခပ်ဖွဖွ ထိုးဆွ နေသည်။ အံ့မယ် ဒီကောင်မလေးက ဒီအချိန်မှာတော့ ရှက်ဖို့ နား လည်သေးသားပဲ။

"နင် ငါ့ကို တစ်ခုခုပြောဖို့ အဆင်ပြေမလား လှိုင် . . ."

ကျွန်တော့်မေးခွန်းကြောင့် လှိုင်က ပြုံးပါသည်။

"နင်ကလည်း နောက်မှပေါ့"

ထို့နောက်တွင်တော့ ကျွန်တော်တို့ နှစ်ယောက်သား အင်းဝကန်တင်းသို့ ဦးတည်သွားနေမိကြသည်။ လမ်းတလျှောက်၌ လှိုင်သည် အရင်လိုပင် မဟုတ်ဘဲ အနည်းငယ် ရှက်ကိုး ရှက်ကန်း ဖြစ်နေရှာသည်။

ကျွန်တော်ကတော့ သူ့ကို ရည်းစားစကား ပြောခဲ့တာ ကျွန်တော်မဟုတ်သလို ခပ်တည်တည်နှင့် ဖြစ်ပါသည်။

အင်းဝကန်တင်းသို့ ရောက်ချိန်တွင်တော့ ကျွန်တော့် ဘဝကြီးမှ အားလုံးဖရိုဖရဲဖြစ်စေမည့် လူတစ်ယောက်ကို တွေ့ရပါ သည်။ ထိုပုဂ္ဂိုလ်သည် ကျွန်တော်တို့ နှစ်ယောက်ထိုင်နေကျ စားပွဲ၌ လက်ဖက်ရည်တစ်ခွက်ကို မှာသောက်ရင်း လှိုင့်ကို စောင့်နေ

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ အတူတွဲ၍ ဝင်လာသော ကျွန်တော်တို့နှစ်ယောက်ကို မြင်တော့ သူက တစ်ချက်ပြုံးပြလိုက်၏။

ကျွန်တော် သေချာကြည့်လိုက်သောအခါ ထိုလူသည် သကြ်န်တုန်းက လှိုင့်အနားနှင့် တွေ့ခဲ့ရသူဖြစ်နေလေသည်။ အံ့ဩစွာ ငေးစိုက်ကြည့်နေသော ကျွန်တော့်လက်မောင်းကို လှိုင်က တစ်ချက် ပုတ်လိုက်ရင်း ပြော၏။

"ဝေမင်း . . . ဟော့ကောင်၊ ဒါကိုမင်းလွင်တဲ့ . . . ငါနဲ့ အမေနဲ့ပတ်သက်ပြီး မိသားစုချင်း ခင်မင်သိကျွမ်းနေတာ ကြာပြီ။ ကိုမင်းလွင် . . . ဒါကတော့ ကျွန်မ သူငယ်ချင်း ဝေမင်းတဲ့။ ကျောင်းကပဲ"

ကျွန်တော်က အသိအမှတ်ပြုသည့် သဘောမျိုးဖြင့် ခေါင်း တစ်ချက်ညိတ်ပြလိုက်သည်။ သူကလည်း သိမ်မွေ့စွာ ခေါင်းကို ဖြည်းဖြည်းဆတ်ပြပါသည်။

"တွေ့ရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့ ကိုမင်းလွင်၊ ကျွန်တော်လည်း ဝမ်းသာပါတယ်"

ကျွန်တော်တို့ တစ်ယောက်နှင့် တစ်ယောက် နှုတ်ဆက် ပြုံးကြမိကြသည်။ လှိုင်က . . .

"ဒီမှာ မိတ်ဆက်ပေးတဲ့ လူကျတော့ ဘယ်သူမှ အသိ အမှတ်မပြုတော့ဘူး။ ကဲ - ဘယ်သူ လက်ဖက်ရည်တိုက်မှာလဲ"

"ကျွန်တော်တိုက်ပါ့မယ် လှိုင်ရဲ့ သောက်လေ . . . ။



ကိုဝေမင်းရော ဘာသောက်မှာလဲ"

ထိုစဉ် ကျွန်တော်တို့ဝိုင်းသို့ မျိုးပပ ရောက်လာသည်။ ရောက်ရောက်ချင်းကပင် သူက အသံထွက်၍ ညည်း၏။

"အောင်မလေး ရှာလိုက်ရတာ လှိုင်ရယ် . . . ဒီကန်တင်းကို လည်း ခပ်စောစောက တစ်ခေါက်ရောက်ပြီးပြီ။ မတွေ့လို့ တခြား လျှောက်ရှာကြည့်နေတာ . . . ။ ဘယ်တွေ လျှောက်သွားနေတာလဲ"

"ဟုတ်တယ် မျိုးရဲ့။ ငါတို့အခုပဲ ရောက်တာ . . . ။ ဘယ် လျှောက်သွားနေတာလဲဆိုတော့ ဝေမင်းနဲ့ ကျောင်းထဲမှာ လမ်း လျှောက်နေတာဟ . . . ။ ဒီလိုပဲ။ နင်က ဘယ်လိုဖြစ်ပြီး ငါ့ကို သည်းအသန် လိုက်ရှာနေတာလဲ"

"ဟင် . . . မေ့သွားပြီလား။ နင်ပဲ ဖုန်းထဲမှာ ပြောတော့ ကျောင်းစတက်တဲ့နေ့ R.C (2) ကိုသွားစရာရှိတယ်ဆို . . . ။ နင့် ဦးမဝမ်းကွဲတစ်ယောက်ဆီ သွားတွေ့မယ်ဆို"

"ဩော် . . . အေး ဟုတ်သားပဲ။ ဆောရီး ဆောရီး ငါ မေ့နေတာဟ . . ."

မျိုးပပက နှုတ်ခမ်းကို စူရင်း အခုမှ စားပွဲဝိုင်းမှာဝင်ထိုင် သည်။ လှိုင်က မျိုးပပကိုပါ ကိုမင်းလွင်နဲ့ မိတ်ဆက်ပေး၏။

"ကိုမင်းလွင် ဒါ မျိုးပပ။ မျိုး ဒါက ကိုမင်းလွင်"

"ဟုတ်ကဲ့၊ တစ်ခုခုမှာကြပါလား။ အော် လှိုင် . . . "

မင်းလွင်က လှိုင်ဆီမှ ထောက်ခံချက်ကို ယူရင်း ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့ တစ်ခုခုစားသောက်ဖို့ ထပ်မံတိုက်တွန်းပြန်သည်။ ထိုအခါ ရောက်လာသော စားပွဲထိုးကောင်လေးကို ကျွန်တော်ကပင် လက်ဖက် ရည် သုံးခွက်ဟု မှာလိုက်၏။

မျိုးပပသည် ရောက်လာသော လက်ဖက်ရည်ခွက်ကို မြှော် အမြန်မော့ချလိုက်သည်။ ကြည့်ရတာ R.C (2) ကို လှိုင်နဲ့အတူ သွားဖို့ စိတ်လောနေပုံပေါက်သည်။ ကျွန်တော်က မျိုးကို ပြောရ၏

"မျိုးရယ်··· နင်ကလည်း ဖြည်းဖြည်းသောက်ပါ။ ဘာ R.C (2) ကို သွားချင်လှပြီလား။ လှိုင် ··· နင့်သူငယ်ချင်း ကြည့်ရတာ ရည်းစားတွေ့နေပြီနဲ့ တူတယ်"

ကျွန်တော့်စကားကြောင့် လှိုင်က ရယ်ရင်းပြောသည်။

"အေး ဟုတ်တယ်နော် ဝေမင်း။ ငါ့သိမဆိသွားမယ်ဆို ငါ့စကားကို ခုတုံးလုပ်ပြီး သူက ဘယ်ကောင်လေးနဲ့ တွေ့ချင်နေ မှ မသိတာ ···"

မျိုးပပသည် ကျွန်တော်တို့စကားများကြောင့် မသိမသာ ရယ်လိုက်ရင်း ပြန်ပြော၏။

"မဟုတ်ရပါဘူးကွာ။ ငါတို့ R.C (2) သွားပြီးရင် အတ တက်ရဦးမယ် မဟုတ်လား။ အဲဒါ မြန်မြန်သွားပြီး မြန်မြန်ပြန် ရအောင်လို့ပါ လှိုင်ရဲ့ ···"

"အေးပါ။ ဟုတ်ပါပြီ မျိုးရယ် ··· သွားတာပေါ့။ ကိုမင်းလွင် ရောက်နေလို့ပါ"



ထိုအခါတွင်တော့ မင်းလွင်က ပြာပြာသလဲ ဝင်ပြောပါသည်။

"ဟာ ··· သွားစရာရှိတာ သွားကြပါ။ ကျွန်တော့်ကို အားမနာပါနဲ့။ ကျွန်တော်လည်း (ဂ)မိုင်ဘက်ကို ကိစ္စတစ်ခုနဲ့ သွား ရဦးမယ်"

ထို့နောက် မင်းလွင်က ကျသင့်ငွေကို ရှင်းပြီးနောက် ကျွန်တော်တို့ အားလုံး လူစုခွဲလိုက်ကြသည်။ လှိုင်က သွားခါနီးတွင် ကျွန်တော့်ကို နင်လိုက်ဦးမလားဟု မေးသေးသည်။

ကျွန်တော်လိုက်၍မဖြစ်။ ခဏနေရင် ကျော်ကျော်မင်းတို့နဲ့ ဆုံဖို့ ချိန်းထားကြောင်း ပြောပြရ၏။

"ငါတို့က သိပ်မကြာပါဘူး ဝေမင်းရဲ့ တစ်နာရီလောက်ပဲ ကြာမှာ ···။ ခဏပဲ ···။ မတွေ့ရတာ ကြာလို့ စကားပြောရုံသက် သက်ပဲသွားမှာ။ တခြားကိစ္စ ဘာမှမရှိဘူး။ နင် မလိုက်ချင်လည်းနေ ပါ။ နောက်တစ်နာရီလောက်ဆို ဒီကန်တင်းက ပြန်စောင့်နေလေ ·· နော် ဝေမင်း"

လှိုင်က ထိုသို့ပြောပြီး ထွက်သွားခဲ့၏။ ကျွန်တော်လည်း ကျော်ကျော်မင်းတို့နှင့် ဦးချစ်ဆိုင်တွင် တစ်နာရီခန့် အချိန်သွားဖြုန်း ပစ်လိုက်၏။

လှိုင်ပြန်ရောက်လာလျှင် အဖြေတောင်းမည်ဟု ကြိုတင် တွေးရင်း ကျွန်တော် ပျော်ရွှင်လာသည်။

သို့သော် အင်းဝကန်တင်းသို့ တကယ်တမ်း ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားချိန်တွင် ကျွန်တော့်ကို စောင့်နေသူမှာ လှိုင်မဟုတ်ဘဲ မျိုးပပသာ ဖြစ်နေခဲ့သည်။

"မျိုး ··· လှိုင်ရော ···"

"နှင့်ကို အဲဒါပြောမလို့ ဝေမင်းရဲ့၊ လှိုင် R.C (2) မှာ ကျန်ခဲ့တယ်၊ သူတို့ညီအစ်မ မတွေ့တာကြာလို့ အားရပါးရ စကားတွေပြောနေကြတာ မပြီးတော့ဘူး။ ငါတောင် အတန်းတက်မယ်ဆိုပြီး မနည်းပြန်လာခဲ့ရတာ ···"

"လှိုင်က အတန်းမတက်ဘူးလား"

"အေး ··· တက်မယ်မထင်ဘူး ဝေမင်းရဲ့၊ နှင့်ကိုလည်း မှာလိုက်တာ၊ စောင့်မနေနဲ့တော့တဲ့၊ သူ ကြာဦးမှာတဲ့၊ အဲဒါ ငါထော ပြောတာ ··· ကဲ သွားမယ်သိလား။ ဩော် - ဝေမင်း၊ နှင့်ကို သတင်းတစ်ခု ပေးရဦးမယ်၊ လှိုင့်ညီမက သိပ်ချောတာ ဆရာ ···၊ R.C (2)မှာ နာမည်ကြီးပဲ၊ ငူးက မြသီတာတဲ့၊ လှိုင့်ညီမဆိုပေမယ့် အသက်က (၅)လလောက်ပဲကွာတာ ဆိုတော့ ရွယ်တူပဲပေါ့၊ ကဲ-ကဲ ဒီတစ်ခါ ငါတကယ်သွားပြီ၊ နင် လှိုင့်ကို ကပ်ထားနော် ဝေမင်း ဟဲ ဟဲ ··· ဟဲ ···"

မျိုးပပသည် ဘာမှမသိတတ်စွာ ရွှတ်နောက်နောက် ပြောပြီး ခပ်သွက်သွက်ပင် ထွက်သွားခဲ့သည်။ ကျန်ရစ်ခဲ့သူ ကျွန်တော့်မှာသာ တုန်လှုပ်စွာ အံ့ဩနေခဲ့ပြီး ဘာဆက်လုပ်ရမှန်း မသိတော့အောင် ခေါင်းတွေထူပူလာ၏။



ကြမ္မာနှင့် ကံတရားသည် ကျွန်တော့်ကို ပြုံးတူ စိမ်ခေါ်ကြပြီ ထင်သည်။ ကျွန်တော့်မျက်ဝန်းထဲတွင် လှိုင်နှင့် မြသီတာတို့က တစ်လှည့်စီ ပေါ်နေလေသည်။

လှိုင်ကို ရိုးရိုးသားသား ရှင်းပြလိုက်တဲ့အခါ သူက လွယ်လွယ်ကူကူ လက်ခံနားလည်ပေးနိုင်မှာပါဟု တွေးရင်း ကျွန်တော်စိတ်ထဲ၌ ပေါ့ပါးသွားသည်။ လှိုင် ကျွန်တော့်ကို နားလည်ပေးမှာ သေချာပါသည်။

ကျွန်တော်တို့ ဘတ်(စ်)ကား တွယ်စီးသည့်အခါ ခြေတစ်ဖက်တင်ရန် နေရာရရုံ၊ လက်ကိုင်စရာ တစ်နေရာရရုံဖြင့် လိုချင်သည့်ခရီး ရောက်ပြီဟု သေချာခဲ့သမျှပင် ဖြစ်ပါသည်။

တကယ့် တကယ်တမ်းတွင် ရောက်လိုသည့် ခရီးအဆုံးအထိ တွယ်စီးဖို့ ကိုယ်ခံအား ကိုယ့်မှာရှိသလား၊ မရှိဘူးလား ဆိုသည့် မေးခွန်းက အထက်ပါသေချာမှုထက်ပို အရေးကြီးနေခဲ့သည်။

×××××××××××

www.burmeseclassic.com

www.burmeseclassic.com

•

ဒီအထီးကျန်ခြင်းမှာ

ဘယ်လိုခံနိုင်ရည်မျိုးနဲ့နေရစ်ခဲ့ရမလဲ။

အခုတော့

မှောင်မိုက်မှုတွေသာ အရာရာ...။

www.burmeseclassic.com

www.burmeseclassic.com



(၁၂)

ငွေနှင်းကပ်လာပြီဖြစ်သဖြင့် ရန်ကုန်မိုးသည် မကြာခဏဆိုသလို ခပ်ဖွဲဖွဲ ရောက်ရှိလာလေ့ ရှိသည်။ တက္ကသိုလ်ကျောင်းသူများ၏ ရောင်စုံအဝတ်အစားများအပြင် ရောင်စုံပဲထီးများကိုပါ စုံလင်စွာ တွေ့နေရ၏။

ဒီနေ့သည် လှိုင်ကို ကျွန်တော် ရည်းစားစကားပြောထားသည့် နှစ်ရက်မြောက်နေ့လည်း ဖြစ်သည်။ ကျွန်တော်က စာကြည့်တိုက်ရှေ့ရှိ ကံ့ကော်ပင်အောက်က ခုံတန်းပေါ်တွင် ထိုင်ရင်း R.C အဆောက်အအုံ အပေါ်ဖက်ရှိ သက်တန့်ရောင်စုံများကိုငေးကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေမိ၏။

လှိုင်နှင့် မတွေ့ရတာ နှစ်ရက်တောင်ရှိပြီ။

ဟိုတစ်နေ့က နောက်ဆုံးတွေ့ ပြီးကတည်းက အခုချိန်အထိ လှိုင်နှင့် ထပ်မတွေ့ရတော့ . . . ၊ လှိုင်တစ်ယောက် နေမကောင်းလို့များ ကျောင်းမတက်တာလား။ ဒါမှမဟုတ် ငါ့ကို တွေ့ရမှာစိုးလို့ တမင်ရှောင်နေတာများလား။ ဒါမှမဟုတ် မြသီတာနဲ့ ငါနဲ့ အကြောင်းတွေကိုများ သိသွားပြီလား။ အဲဒီအခါကျရင် လှိုင်ဘယ်လို ဆုံးဖြတ်မှာလဲ။

ကျွန်တော့်အတွေးများသည် အခြေအနေတစ်ခုမှ အခြေအနေတစ်ခုသို့ အလျင်အမြန် ခုန်ပေါက် ရွေ့လျားလျက်ရှိသည်။ ကျွန်တော့်အနီးသို့ ကံ့ကော်ရွက်အချို့ ကြွေကျလာ၏။ အသိတရားသည် နှုန်းထားတစ်မျိုးဖြင့် ကျွန်တော့် ဦးနှောက်ထဲသို့ ရောက်လာကာ လှိုင့်ကို လိုက်လံရှာဖွေဖို့ နှိုးဆော်လျက်ရှိ၏။

ကျွန်တော် ထိုင်ရာမှ ထလိုက်သည်။ ခြေလှမ်းတို့သည် ဦးချစ်ဆိုင်ဘက်သို့ အလိုလို ဦးတည်နေမိသည်။

"လှိုင်ရေ . . ."

နင်ဘယ်မှာလဲဟင်။ ဒီမှာ နင့်ကို ငါ လိုက်ရှာနေတယ်ဆိုတာကိုရော နင်သိရဲ့လား။

သူ့ကို အပြစ်တင်ဖို့ အတွေးများ ရောက်မလာခင် ကျွန်တော် စိတ်ကူးတွေကို ရပ်တန့်ပစ်လိုက်သည်။ ကျွန်တော်သည် လှိုင့်ကို



စိတ်ကူးထဲမှာပင် အပြစ်မတင်ရက်သူ တစ်ယောက် ဖြစ်ပါသည်။

ဒီလိုနဲ့ ဦးချစ်ဆိုင်နားသို့ ကျွန်တော် တပြည်းပြည်းတိုးကပ်ရောက်ရှိလာသည်။ ကျွန်တော့်အသက်ရှူသံတို့မှာ ဘာကြောင့်မှန်းမသိဘဲ မြန်ဆန်နေတော့သည်။ ဦးချစ်ဆိုင်နားသို့ ရောက်ခါနီးတွင် မိုးစက်မှုန်များက ခပ်ဖွဲဖွဲကျလာ၏။ ကျွန်တော်က ခြေလှမ်းကို ပိုမိုသွက်လက်စွာ လှမ်းလိုက်ရင်း ဆိုင်အမိုးအောက်သို့ နိုဝင်လိုက်သည်။ နောက်တော့ ဆံပင်နှင့် မျက်နှာပေါ်တွင် အနည်းငယ်စိုသွားသော မိုးရေများကို လက်ဖြင့် ကျွန်တော် ပွတ်သပ်ခါချလိုက်သည်။

ထိုအချိန်တွင် ကျွန်တော့်ကို တစ်စုံတစ်ယောက်က စိုက်ကြည့်နေသလို ခံစားလိုက်ရ၍ ကျွန်တော် ဝန်းကျင်သို့ ဂရုတစိုက်ကြည့်လိုက်မိ၏။ ရုတ်တရက် ကျွန်တော် မြင်လိုက်ရသည်မှာ စားပွဲဝိုင်းတစ်ခုမှ ကျွန်တော့်ကို ပြုံးတုံ့ကြည့်နေသော ကောင်မလေးနှစ်ယောက် ဖြစ်ပါသည်။

လှိုင် နဲ့ မြသီတာ . . .

တင်းကျပ်လွန်းသည့် ခံစားမှုသည် ကျွန်တော့် ရင်ဘတ်ထဲ၌ ရုန်းကြွနေကြသည်။

ထိုအခြေအနေ၌ ကျွန်တော်တို့ သုံးယောက်တွင် ပထမဦးဆုံး သတိဝင်လာသူမှာ လှိုင်ဖြစ်ပါသည်။ လှိုင်က ကျွန်တော့်ကို သူ့ဝိုင်းမှာ လာထိုင်ဖို့ လက်ယက်ခေါ်လေ၏။ ကျွန်တော်သည် ငြင်းဆန်၍ မရတော့ဘဲ သူတို့ဝိုင်း ဝင်ထိုင်ဖို့ ဆုံးဖြတ်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"လာထိုင် ... ဝေမင်း၊ ဒီမှာ နင်နဲ့မိတ်ဆက်ပေးရဦးမယ်၊ ဟောဒါ ငါ့ညီမ မြသီတာတဲ့၊ ဒါကတော့ ငါ့သူငယ်ချင်းပဲပေါ့"

မြသီတာက နှုတ်ခမ်းကို တစ်ချက်မဲ့ရင်း ကျွန်တော့်ကို ကြည့်လိုက်၏။ သူ၏မျက်ဝန်းထဲတွင် စားမြောင်တစ်လက်၏ အသွား လက်လက်ကို မြင်နေရသည်။

"အခုလို သိခွင့်ရတာ ကျေးဇူးတင်ပါတယ်ရှင် ..."

"ဟုတ်ကဲ့ ..."

သူတို့နှစ်ယောက်ရှေ့တွင် စိတ်ကျဉ်းကျပ်စွာ ကျွန်တော် အနေရခက်လျက် ရှိသည်။ မြသီတာက လှိုင့်ကို ကြည့်လိုက်၊ ကျွန်တော့်ကို ကြည့်လိုက်နှင့်၊ သူ၏လေသံတွေမှာ သရော်လိုမှုများ အရောင်တောက်လျက်ရှိသည်။

"လှိုင် ... မင်းဟိုတစ်နေ့က ပြောပြတဲ့ မင်းကို Propose လုပ်ထားတဲ့ တစ်ယောက်ဆိုတာ သူလား"

မြသီတာ၏ မေးခွန်း၌မာကျောသော ခံစားမှုတို့ဖြင့် ဖွဲ့စည်းထားကြောင်း ကျွန်တော်သိလိုက်ရ၏။ ကျွန်တော့် မျက်လုံးများကို စုံမှိတ်ထားလိုက်သည်။

"ဟုတ်တယ် ...မြသီတာ၊ သူပဲ ..."

လှိုင့်အပြေစကားနှင့်အတူ ကျွန်တော်နှင့်လှိုင်တို့ မျက်လုံးချင်း ဆုံမိကြသည်။

"ဝေမင်း ... ငါနင့်အကြောင်းတွေ သူ့ကို ပြောပြထား



တယ် သိလား"

ကျွန်တော်က ဘာမှပသိသေးသော လှိုင့်ကို ဒေါနားစွာ ကြည့်နေမိ၏၊ လှိုင်သည် ကျွန်တော့်ကို ခပ်ရှုးရှုးပင် ပြန်ကြည့်ကာ ...ပြန်သည်။

မြသီတာက ကျွန်တော်တို့နှစ်ယောက်၏ အမူအရာများကို ...ကဲခတ်လျက် ခေါင်းတဆတ်ဆတ် ညိတ်နေလေသည်။ ထိုအပြု...နေတွေကြောင့် ကျွန်တော်က အနေရခက်စွာ မျက်လုံးကို အဝေး...သို့ လွှဲပစ်လိုက်၏၊ အရာရာသည် ကျွန်တော့်မြင်ကွင်းထဲ၌ သီဝေဝါး...နေကြသည်။

မိုးသည် စောစောတုန်းက ခပ်ဖွဲဖွဲမျှ ရွာနေသော်လည်း ...ခုတော့ လုံးဝ တိတ်ဆိတ်နေပြီ။

"လှိုင် ... ငါ ပြန်တော့မယ်၊ အတန်းတက်စရာရှိလို့ .."

လှိုင်က ခေါင်းညိတ်ပြသည်ကို မြင်ရလျှင် မြသီတာကိုပင် ...ဆက်မနေတော့ဘဲ ကျွန်တော် ထထွက်လာခဲ့သည်။ ကျွန်တော် ...ယောက်တည်းအတွေးပေါင်းစုံဖြင့် အဓိပတိလမ်းမအတိုင်း ...ောက်လာခဲ့၏၊ R C ရှေ့သို့အရောက်တွင် လက်ခုပ်တီး၍ ခေါ်သံ ...ကြောင့် လှည့်ကြည့်လိုက်ရာ နိုင်ဝင်းနှင့် ခကျော်ကျော်မင်းတို့ ...သည်၊ ကျွန်တော်လည်း သူတို့ထိုင်နေသည့် ဆိုင်ထဲသို့ လှမ်းဝင် ...မိ၏။

"လာ ထိုင် ... ဝေမင်း၊ မင်းပုံစံကလည်းကွာ၊ ဘယ်...

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာတာလဲ၊ ဧေးငိုင်ပြီးတော့ သတိလက်လွှတ် လမ်းလျှောက်နေလိုက်တာ . . . ။ မင်းကိုယ်မင်း ဘာများအောက်မေ့နေလို့လဲ"

နိုင်ဝင်း၏ အမေးကို ကျွန်တော် ဘာမှပြန်မဖြေသေးဘဲ မျက်နှာကို လက်ဖြင့် သေသေချာချာ ပွတ်သပ်နေလိုက်သည်။

"ဟော့ကောင် ဝေမင်း၊ စကားလေး ဘာလေး ပြန်ပြောပါဦးကွ . . ."

ကျော်ကျော်မင်းက ဝင်ပြောရင်း ကျွန်တော့်ပခုံးကို လှမ်းပုတ်လိုက်၏။ ကျွန်တော်က အဖြစ်အပျက်အားလုံးကို အတိုချုံး၍ သူတို့ကို ရှင်းပြလိုက်ရသည်။ သို့သော် သူတို့၏ မျက်နှာပေါ်၌ အံ့ဩသော အရိပ်အယောင်တစ်ခုမျှပင် မတွေ့ရဘဲ ကျွန်တော့်ကိုသာ ဆေးခွန်းတွေနှင့် ပြန်ကြည့်နေကြသည်။

ခဏကြာတော့ နိုင်ဝင်းက မှတ်ချက်တစ်ခု ပေးသည်။

"မြသီတာက လှိုင့်ကို မင်းနဲ့သူနဲ့အကြောင်းတွေ ဦးအောင်ပြောပြလိုက်တော့မှာ သေချာတယ်"

ကျော်ကျော်မင်းက . . .

"ဟုတ်တယ် ဝေမင်း၊ ငါလည်း အဲဒီလိုပဲ စဉ်းစားမိတယ်။ မင်းအနေနဲ့ အခုလို ပုံစံနဲ့ သူတို့ဝိုင်းက ထထွက်လာတော့ လှိုင်လည်း ရိပ်မိမှာပဲ၊ လှိုင်က အေးမှ မဟုတ်တာ . . .၊ ဒီတော့ ငါပြောမယ်နော်၊ လှိုင် ဒေါသတကြီး စကားလုံးနဲ့ မင်းကို လာတွေ့တဲ့ အချိန်ကို မင်း ရင်ဆိုင်ဖို့ ပြင်ဆင်ထားပါ၊ ဒီအခက်အခဲက ကျော်လွှား



သွားပြီဆိုရင် ပွဲက ပြီးသလောက် ရှိသွားပြီ"

ကျွန်တော် ကျော်ကျော်မင်းကို ကျေးဇူးတင်စွာ ခေါင်းတစ်ချက်ဆတ်ပြလိုက်ပါသည်။

မေလ၏ မိုးသည် တည်ငြိမ်မှု မရှိဘဲ မျက်နှာများကာ ရွာမလို၊ မရွာမလိုနှင့်ရှိသည်။ ကျွန်တော်၏ လင်းပြာနေသော စိတ်ကူးများကို အချစ်ဟု အမည်ပေးလျှင် ခင်ဗျားတို့ အနေနှင့် သဘောတူချင်မှ တူပေလိမ့်မည်၊ (သို့မဟုတ်) တူရင်လည်း တူပါလိမ့်မည်။

သို့သော် . . . . .

. . . . .   . . . . .

. . . . .   . . . . .   . . . . . ။

တကယ်တော့ ကျွန်တော်တို့အားလုံးသည် ကိုယ့်ကိုယ်ကို သင်ကြားဖို့ မေ့လျော့နေကြသော ဆရာများ ဖြစ်ပါသည်။

×××××××××××××

www.burmeseclassic.com

www.burmeseclassic.com

ဒီအထီးကျန်ခြင်းမှာ
ဘယ်လိုခံနိုင်ရည်မျိုးနဲ့နေရစ်ခဲ့ရမလဲ။
အခုတော့
မှောင်မိုက်မှုတွေသာ အရာရာ...။

www.burmeseclassic.com

www.burmeseclassic.com



(၁၃)

ထိုနေ့သည် ဇွန်လ၏ ပထမဦးဆုံးနေ့ဖြစ်ပြီး ထူးထူးခြားခြား မိုးရွာခြင်း လုံးဝမရှိသော ကြာသပတေးနေ့ တစ်နေ့လည်း ဖြစ်ပါသည်။ ကျွန်တော်က ကျောင်းထဲသို့ ရောက်ရောက်ခြင်းစာကြည့်တိုက်၌ တထိုင်ဖတ်နေခဲ့သေး၏။ ထိုအချိန်သည် မှန်တိုင်းတစ်ခုကို ထိုင်စောင့်နေရသလို ငြိမ်သက်လွန်းလှသည်။

ကာလတရားသည် ဟောင်းနွမ်းသောနေသားကျမှုထဲ၌ တောက်ပနေပြီ၊ ကျွန်တော့်အတွက်တော့ အရာရာမှာ ဝိုးဝိုးဝါးဝါး အိပ်မက်တစ်ခုမျှသာ ဖြစ်သည်။ ဖတ်လက်စ စာမျက်နှာ ကုန်သွား၍

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်မျက်နှာသို့ လှန်ခါနီးတွင် ကျွန်တော်ရင်ထဲ၌ တလှပ်လှပ် ဖြစ်လာ၏။ ဘာကြောင့်မှန်းတော့ ကျွန်တော်ကိုယ်တိုင်လည်း မသိ။ စာကိုလည်း ဆက်ဖတ်၍မရတော့။ စာအုပ်ကိုပိတ်လိုက်ပြီး အနီး တစ်ဝိုက်သို့ ကျွန်တော် ဝေ့ဝဲ၍ကြည့်လိုက်မိပါသည်။

လှိုင် ...။

ဖျတ်ခနဲ ကျွန်တော့်စိတ်ထဲမှာ ထိုနာမည်ကို အလိုလို ရေရွတ်လိုက်မိ၏။ လှိုင်သည် စာကြည့်တိုက်၏ အခြားတစ်နေရာမှာ စာအုပ်ဖတ်နေသလိုနှင့် ကျွန်တော့်အား အကဲခတ်လျက်ရှိလေသည်။

သူသည် ကျွန်တော့်ဆီသို့လည်း ရောက်မလာ၊ နှုတ်ဆက်ခြင်းလည်းမရှိ။ ခပ်လှမ်းလှမ်းအကွာအဝေးတစ်ခုမှသာ ကျွန်တော့်အား မသိမသာ ကြည့်လျက်ရှိ၏။ ကျွန်တော်က ထိုပုံစံနှင့် ထိုအခြေအနေကြောင့် သူနှင့် ကျွန်တော်၏ကြားရှိ နွေးထွေးမှုတစ်စုံတစ်ရာမှာ ပျောက်ဆုံးသွားပြီဟု သိလိုက်ရပါသည်။

ထိုအသိကြောင့် ကျွန်တော် လေးနက်စွာ ဝမ်းနည်းသွားပြီး ကိုယ်မကျူးလွန်ခဲ့သည့် အမှားတစ်ခုအတွက် မခံချင်လည်း ဖြစ်နေမိသည်။ လှိုင့်မျက်လုံးတွေသည် အဝေးမှမြင်ရသလောက်ပင် ကျွန်တော့်ကို လှုပ်လှုပ်ရှားရှား ဖြစ်စေသည်။ ဒီအခြေအနေမျိုးကို လှိုင်နှင့် ပတ်သက်လာလျှင် ကျွန်တော် ခံနိုင်ရည်မရှိပါ။

ကျွန်တော် ဆုံးဖြတ်လိုက်ပါသည်။

လှိုင့်ဆီကို သွားပြီး သူနားလည် လက်ခံလာသည်အထိ



ကျွန်တော်ရှင်းပြမည်။ ထိုအခါမျိုးတွင် လှိုင်သည် ကျွန်တော့်ကို ပစ်ပစ်ခါခါ၊ အေးစက်စက် တုံ့ပြန်လိမ့်မည် မဟုတ်ဟုလည်း ကျွန်တော် ယုံကြည်ပါသည်။

ကျွန်တော် လှိုင့်ကို လှမ်းကြည့်လိုက်၏။ လှိုင်ကလည်း ကျွန်တော့်ကို သေချာပြန်ကြည့်နေသည်၊ ကျွန်တော်က သူ့ကို စာကြည့်တိုက်အပြင်သို့ လိုက်ခဲ့ရန် လက်ဟန်၊ ခြေဟန်ဖြင့် ပြောလိုက်သည်။ လှိုင်သည် အကြည့်စိမ်းစိမ်းများကြားမှ ကျွန်တော့်ကို ခေါင်းတစ်ချက် ညိတ်ပြပါသည်။ လိုက်ခဲ့မယ်ဆိုသည့်သဘော။ ရှုတ်တရက်တော့ ကျွန်တော် ပျော်သွားသေး၏။

လှိုင်က ငါနဲ့နှစ်ယောက်တည်း စကားပြောဖို့ သဘောတူသေးသားပဲ။ ငါတို့နှစ်ယောက်ရဲ့ အခြေအနေက ထင်သလောက်ကြီးတော့ မဆိုးဝါးသေးပါဘူး။

ကျွန်တော် ဖော့၍တွေးလိုက်မိသော်လည်း တကယ်တမ်း ကျွန်တော်တို့ ဆုံတွေ့ကြချိန်တွင် ထိုအတွေးထက် အခြေအနေက အများကြီးပိုဆိုးနေ၏။ စာကြည့်တိုက်မှ သိပ်ဝေးဝေးကို မသွားဖြစ်ဘဲ စာကြည့်တိုက်ရှေ့ရှိ ကျောက်ထိုင်ခုံများ၌ပင် ကျွန်တော်တို့ စကားပြောဖြစ်ကြသည်။

လှိုင့်စကားသံတို့သည် မာတင်းအေးစက်စွာ ကျွန်တော့်ကို အနိုင်ယူရန် စတင်လိုက်သည်။

"နင် ဘာပြောချင်လို့လဲ ဝေမင်း ...။ ငါ တကယ် အံ့ဩ

www.burmeseclassic.com

www.burmeseclassic.com



တယ်သိလား။ နင် ငါ့အပေါ် တလျှောက်လုံး ရိုးသားမှုမရှိခဲ့ဘူး"

"ဒါပေမယ့် နင့်ကို ငါ တကယ်ချစ်တာပါ လှိုင် ..."

ကျွန်တော့်စကားကို ကြားတော့ လှိုင်က ခန္ဓာကိုယ်ကို မသိမသာမျှ လှုပ်လျက်ရယ်သည်။

"ဘာလဲ ဝေမင်းရဲ့ ...၊ အဲဒီစကားက နင် မြသီတာကို လည်း ပြောခဲ့တာပဲ မဟုတ်လား"

ဒုက္ခပါပဲ ... သေလိုက်ပါတော့။ လှိုင်က ဒီကိစ္စအပေါ် မှာ ဘာကြောင့် သဘောထားသေးသိမ်နေရပါသလဲ။ ကျွန်တော် စဉ်းစား၍ မရ ...။

"မဟုတ်သေးဘူးလေ ...လှိုင်ရဲ့၊ ငါ ရည်းစားထားခဲ့ဖူးတာ အပြစ်မှမဟုတ်တာ ...၊ နင် အဲ့ဒီကိစ္စကြီးကို ခေါင်းထဲမှာ သိပ်မထားပါနဲ့။ နင် သိပ်ပင်ပန်းနေလိမ့်မယ်"

"ဟာ ... နင်ပဲအပြောကောင်းတယ်၊ ခေါင်းထဲမထားလို့ ရမလား ဝေမင်းရဲ့၊ မြသီတာက ငါ့ညီမပဲ ...၊ ငါနဲ့ မြသီတာကို ညီအစ်မမှန်း သိသိနဲ့ နင် တမင်လုပ်တာ။ အဲဒါ ဘာသဘောလဲ"

လှိုင့်စကားကြောင့် အခြေအနေသည် လိုအပ်သည်ထက် ပိုမိုရှုပ်ထွေးနေမှန်း ကျွန်တော် သိလိုက်ရသည်။ ကျွန်တော့်ခေါင်းထဲ မှာလည်း မူးဝေထူပူသွားပြီး လှိုင့်ကို အလျင်အမြန် ဖြေရှင်းချက်တစ်ခု ပေးဖို့ စဉ်းစားရသည်။

"မဟုတ်သေးဘူး လှိုင် ... နင် ငါ့ကို အထင်မှားနေပြီ။



နင်နဲ့ မြသီတာနဲ့ ညီအစ်မတွေဆိုတာ ငါ တကယ် ကြိုသိမနေပါဘူး ဟာ ...။ အဲဒါကိုတော့ နင်ယုံပါ"

လှိုင်သည် ကျွန်တော့်စကားကို ခနဲ့သလို ခပ်ထေ့ထေ့ရယ် နေပြန်သည်။

"နင်က နောက်ဆုံးအချိန်အထိ ငါ့ကို လိမ်နေတုန်းပဲနော် ဝေမင်း ..."

"ငါ မလိမ်ပါဘူး လှိုင်ရဲ့ ... တကယ်ပြောတာပါ"

လှိုင်က ကျွန်တော့်ကို အစိမ်းသက်သက်ကြည့်လိုက်ရင်း သရော်ပြုံးပြုံးသည်။

"ဪ ဝေမင်း၊ ဝေမင်း ...၊ ကဲ... နင်က အတင်းငြင်း နေတော့လည်း ငါက သက်သေနဲ့ ပြောရမှာပေါ့။ နေဦး။ နင့်ကို ငါ တစ်ခုမေးဦးမယ်။ ငါနဲ့ မြသီတာဟာ ညီအစ်မတွေဆိုတာ ငါတို့ သုံးယောက် ဟိုတစ်နေ့က မဆုံခင်အထိ နင်မသိသေးဘူးပေါ့။ အဲဒီ လို မှတ်လား"

ကျွန်တော် လှိုင့်အမေးကို အလျင်စလို ခေါင်းညိတ်၍ ပြန်ဖြေလိုက်ပါသည်။ ဒီတော့ လှိုင်မျက်နှာသည် တစ်ချက်တည်သွား ပြီး စကားဆက်ပြော၏။

"အဲဒါ နင်လိမ်တာပေါ့ ဝေမင်းရဲ့၊ နင့်ကို မျိုးပပက ငါနဲ့ မြသီတာ ညီအစ်မတွေဆိုတာ ပြောဖူးတယ်ဆို ...။ အဲဒီတုန်းက နင်က သိနေသလိုလို လုပ်နေတယ်ဆို ... ဘာဖြစ်ချင်သေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ထိုကိစ္စကို ကျွန်တော် မှတ်မိသွားပါသည်။ ခက်ပြီ။ စောစောတုန်းက လှိုင့်မေးခွန်းကို သေသေချာချာ မစဉ်းစားဘဲ ကျွန်တော် ခေါင်းညိတ်ပြခဲ့သည်။ အခုတော့ လှိုင့်ကို ယုံကြည်လာအောင် ကျွန်တော် ဘယ်လို ရှင်းပြရပါမည်နည်း။

"အဲဒါက ဒီလိုပါ လှိုင် … မျိုးပပပြောပြတော့မှ နင်နဲ့ မြသီတာဟာ ညီအစ်မတွေမှန်း ငါသိတာပါ။ ဟုတ်ပါတယ်။ အခုနတုန်းက နင့်မေးခွန်းကို ငါ အမှတ်တမဲ့ ခေါင်းညိတ်ပြလိုက်မိတာပါ။ ဒါပေမယ့် အဲဒီထက် အရင်တော့ နင်တို့နှစ်ယောက်ဟာ ညီအစ်မတွေမှန်း ငါ တကယ်မသိပါဘူး"

ကျွန်တော့်စကားအဆုံးတွင် လှိုင်က ခေါင်းကို ရမ်းရင်း ပြန်ပြော၏။

"လုပ်မနေနဲ့ ဝေမင်း … နင့်စကားကို ငါ လုံးဝမယုံတော့ဘူး"

အေးစက်သော သူ၏မျက်လုံးများကို ကျွန်တော် သေချာကြည့်လိုက်မိသည်။ လှိုက်လှဲနက်ရှိုင်းသော ခံစားမှုတို့ကို လှိုင် ဖုံးကွယ်ထားခဲ့ပြီဟု ကျွန်တော် ထင်ပါသည်။

"လှိုင် … နင်ယုံလာအောင် ငါဘယ်လိုမှ ရှင်းမပြတတ်ဘူး။ အဲဒီအဖြစ်အပျက်ဟာ နင် ထင်နေသလို ငါ သိသိနဲ့ တမင်လုပ်တယ်ပဲ ထားဦး။ ငါတို့နှစ်ယောက်က အဲဒီအခြေအနေတွေကြားထဲမှာ ရှိခဲ့ဖူးတဲ့ သံယောဇဉ်တွေ၊ နားလည်မှုတွေအားလုံး စတေးပစ်



ရမှာလား။ သေချာစဉ်းစားကြည့်စမ်းပါဦး လှိုင် … နင် တကယ် ခံနိုင်ရည်ရှိရဲ့လားဆိုတာကို …"

ကျွန်တော် ပြောလိုက်သော စကားကြောင့် လှိုင်သည် အနည်းငယ် တွေဝေသွားသော်လည်း ချက်ချင်းပင် သူက ခေါင်းကို အတင်းရမ်းပစ်လိုက်၏။

"အဲဒါက ငါ့ကိစ္စပါ။ နင် ဘာမှစိုးရိမ်မနေနဲ့။ နင် မြသီတာအပေါ် လုပ်ခဲ့တာတွေကိုရော ငါက လွယ်လွယ်နဲ့ မေ့ပစ်လိုက်မယ်လို့ နင် ထင်နေသလား ဝေမင်း …"

"ဟာ … ငါက မြသီတာကို ဘာလုပ်ခဲ့လို့လဲ။ မတူညီတဲ့ အခြေအနေ တစ်ခုမှာ ငါတို့ ကိုယ့်လမ်းကိုယ်လျှောက်ခဲ့ကြတာပဲ။ ငါ သူ့နစ်နာအောင် ဘာမှမလုပ်ခဲ့ဘူး လှိုင်…"

လှိုင်သည် သူ့နှုတ်ခမ်းတွေကို မဲ့ပစ်လိုက်ပြန်၏။ ပြီးတော့ စိတ်ထဲက မပါသော်လည်း အသံထွက်၍ ရယ်မောသေးသည်။

"အဲဒီကိစ္စမှာ နင် လုပ်ခဲ့တာ နင်ပိုသိမှာပေါ့ ဝေမင်းရဲ့။ ငါ နင်နဲ့ အတင်းအဓမ္မ အငြင်းမပွားချင်ဘူး။ ကဲ-ထားလိုက်ပါတော့။ နင့်ကို ငါ ခွင့်လွှတ်ပါတယ်။ ဒါပေမယ့် ဒီနေ့ကစပြီး နင်ငါ့ကို ဘယ်တော့မှ မဆက်သွယ်ပါနဲ့။ နင် ငါ့ကို Propose လုပ်ထားတဲ့ ကိစ္စကိုလည်း ငါ အခု အဖြေပေးခဲ့မယ်၊ နင် ကမ်းလှမ်းထားတာကို ငါ ငြင်းတယ်။ နင့်ကို ငါ မချစ်နိုင်ဘူး။ ပြီးတော့ …"

လှိုင့်စကား မဆုံးခင် ကျွန်တော့်မျက်လုံးများကို စုံမှိတ်

www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ပါသည်။ သူသည် ကျွန်တော့်ပုံစံကြောင့် စကားကို ဆက်မပြောတော့ဘဲ ကျွန်တော့်ကို ကြည့်နေ၏။ ခဏမျှကြာတော့ လှိုင်က စကားတစ်ခွန်းကို ခပ်တိုးတိုး ပြောပါသည်။

"ငါ စိတ်မကောင်းပါဘူး ဝေမင်းရယ်… ၊ နင်နဲ့ ဝေးရာမှာ နေဖို့ ဆုံးဖြတ်ရတာလဲ နင့်အတွက်ပါ"

လှိုင့်စကားသံမှာ ခဏရပ်သွားပြီး ပြန်ပေါ်လာပြန်၏။

"နင် ငါ့ကို လိမ်ခဲ့တယ် …"

လှိုင်သည် ပြောပြီးပြီးချင်း ကျွန်တော့်မျက်နှာကို ခပ်စူးစူး တစ်ချက်ကြည့်ကာ လှည့်ထွက်သွားခဲ့သည်။

ကျွန်တော်သည် လှိုင့်ကျောပြင်ပေါ်မှ ပုံမှန်မဟုတ်သည့် အနိမ့်အမြင့်များကို ငေးကြည့်ပြီး ကျန်ရစ်ခဲ့၏။ ဒီအဖြစ်အပျက်တွေ သည် ကျွန်တော်တို့နှစ်ယောက်အတွက် သေချာသော အပြောင်း အလဲတစ်ခုကို စတင်ရန် နိဒါန်းလည်းဖြစ်ခဲ့ပါသည်။

တက္ကသိုလ်စာကြည့်တိုက်ရှေ့၌ ကျွန်တော်တစ်ယောက် တည်း ရပ်ငေးနေရာမှ သတိဝင်လာသည်။ အသိတရားသည် စကားလုံး များ၏ ရှေ့တွင်ရှိသည်။

ကျွန်တော့်အပေါ်၌ လှိုင် ကျေနပ်လာစေရန် နောင်အခါ တွင် ကျွန်တော်က စကားလုံးများကို အသုံးပြုတော့မည် မဟုတ်ပါ။ ကျွန်တော့်အထင်အားဖြင့် ပြောရလျှင် ဘဝဆိုသည်မှာ စကားလုံးထဲ မှ ရုန်းထွက်လာသော အသိဖြင့် တည်ဆောက်ထားခြင်းဖြစ်ပါသည်။

ငါ့အကျယ်လောင်ဆုံး
နေထိုင်ခဲ့တယ်။
အသံတိုးတိုးလေးကို ရှာတွေ့ဖို့ …။ ။

www.burmeseclassic.com

www.burmeseclassic.com



(၁၄)

ဒီလိုနှင့် ငွန်လဲမိုးတွင်းရက်စွဲများကို ကျွန်တော်တို့ ကိုယ်စီ
တ်သန်းခဲ့ကြ၏။ လှိုင်နှင့် သွားခဲ့သည့်နေရာများ ရောက်လျှင်
ျွန်တော့်တစ်ယောက်ထဲ ဆွတ်ဆွတ်ပျံ့ပျံ့ ကြေကွဲနေမိသည်မှလွဲ၍
ျွန်တော် ဘာမှ မတတ်နိုင်ခဲ့။

သူငယ်ချင်းများဖြစ်သော ကျော်ကျော်မင်း၊ နိုင်ဝင်း၊ မျိုးပပ
ို့ကလည်း ဒီအခြေအနေမှာ ဘယ်သူ့ဖက်က ရပ်တည်ရမှန်း မသိ
ဲ့ စိတ်မကောင်းဖြစ်ရုံသာ တတ်နိုင်ကြသည်။ ရံဖန်ရံခါ လှိုင့်ကို
ကျောင်းဝင်းထဲ၌ တစ်ယောက်တည်း လျှောက်သွားနေတာတွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် တစ်ခါတရံတွင်တော့ မင်းလွင်ဆိုသော ပုဂ္ဂိုလ်
နှင့် ကန်တင်းထိုင်နေတာ မြင်ရလေ၏။ စားပွဲထိုးကောင်လေးတွေ
လည်း တစ်ယောက်ထဲ ကန်တင်းထိုင်နေသော ကျွန်တော့်ကို မြင်
လျှင် ဟိုအစ်မကြီး ဘယ်တုန်းက ဒီကို ဘယ်သူနဲ့လာသွားတယ်
စသဖြင့် ကျွန်တော် မမေးဘဲ လာပြောပြတတ်သည်။

ကျော်ဇံနှင့် ခင်ဆွေဝင်းတို့ကလည်း ကျွန်တော်တို့
ယောက်ကို စေ့စပ်ပေးဖို့ ကြိုးစားခဲ့သေး၏။ သို့သော် လှိုင့်ဖက်
တင်းမာလွန်းသည့် အခြေအနေတချို့ကြောင့် မအောင်မြင်ချေ။

ထို့နောက် မိုး၏စိုစွတ်သော ရက်စွဲများကို ကျွန်တော်
တစ်ယောက်တည်း ခြောက်သွေ့စွာဖြတ်သန်းရပါသည်။ လှိုင်နှင့်
ကန်တင်း၌၊ စာကြည့်တိုက်၌၊ R.C ထဲရှိတယ်လီဖုန်းခန်း၌ မတော်
တဆ ဆုံမိချိန်များတွင် နှစ်ယောက်စလုံးက တစ်ယောက်က
တစ်ယောက် မသိသလိုနှင့် ခိုးကြည့်တတ်ကြသည်။

ထိုအခါများတွင် အဝေးကြီးဆီမှ ကြယ်ပွင့်များကို မြင်
သလို လှိုင့်မျက်လုံးတွေကို ကျွန်တော် ခံစားရသည်။

သူ့မျက်လုံးတွေသည် လိမ်ညာ၍မရသော ဘာသာစကား
တစ်မျိုးလည်း ဖြစ်သည်။ ဒီမျက်လုံးတွေက နှုတ်ဆက်ကြဖို့ မဟုတ်
ဘဲ ခမ်းနားသော စိတ်ခံစားချက်တချို့အတွက် အထိမ်းအမှတ်များ
ကျွန်တော် ထင်ပါသည်။

ကျွန်တော်တို့နှစ်ယောက်အတွက် ထိုကာလများသည်



တကယ့်အစစ်တရားကို စမ်းသပ်နေကြသလိုပင် ဖြစ်သည်။

တစ်ယောက်ကို တစ်ယောက်က အကြည့်များ၌ လုပသော
ဖျားယောင်းမှုတို့က တန်ဆာဆင်ကြပြီး လှိုင်သည် ရင်ခုန်သံများ၏
စိမ်ခေါ်မှုကို မောက်မာစွာ အံတုဖို့ကြိုးစားနေခဲ့သည်။ ဒါသည်ကပင်
လှိုင့်အတွက်တို့အတွက် အမှန်တရားတစ်မျိုး ဖြစ်နိုင်ပါသည်။

ကျွန်တော်ကတော့ လှိုင်သာ ကျေနပ်မည်ဆိုလျှင် ဘာကို
လည်း စတေးရဲသည်။ သစ္စာတရားကိုလည်း ရေစုန်မျှောရဲသည်။ လူ
တစ်ယောက်အနေနှင့် နောက်ထပ် မဖြစ်နိုင်တော့သည့် ခံစားမှုမျိုး
ဒါမှမဟုတ် ... အနာဂတ်တစ်ခုလုံးအတွက် သေချာမှု၊ ဒီလိုပင်
လှိုင့်အပေါ်၌ ကျွန်တော့်စိတ်ကိုစွအားလုံးကို ပုံအောမိခဲ့သည်။

ထိုကာလများအတွင်း လူတစ်ယောက်က လူတစ်ယောက်
ကို ဘယ်လောက်ထိအောင် ရူးပြတတ်သလဲဆိုတာ ကျွန်တော်
သိချင်နေမိ၏။

ဇွန်လ၏ နောင်းပိုင်းရက်စွဲတို့သည် မိုးစက်၊ မိုးပေါက်တွေ
နှင့် အချိန်ပြည့် တစ်သားတည်းရှိပြီး ကျွန်တော်တို့၏ ပြောင်းလဲ
သော အခြေအနေကလည်း ထိုမိုးစက်၊ မိုးပေါက်နှင့်အတူ မြဲခဲ့ပါ
သည်။

အဲဒီနေ့သည် ဇွန် (၂၂)ရက်နေ့၊ ကြာသပတေးနေ့။

ထိုနေ့က ကျွန်တော် ကျောင်းထဲကို ပုံမှန်ထက် အများ
ကြီး နောက်ကျကာရောက်လာခဲ့သည်။ ထိုင်နေကျ အင်းဝကန်တင်း

www.burmeseclassic.com

www.burmeseclassic.com



တွင်လည်း ကျွန်တော်နှင့်သိသူဆို၍ တစ်ယောက်မျှ မရှိ …။ ထိုအချိန်၌ ကျွန်တော့်စိတ်ထဲတွင် လှိုင့်ကို ပြင်းပြင်းထန်ထန် သတိရနေမိ၏။ ချက်ချင်းပင် ကျွန်တော်သည် လှိုင့်ကို တွေ့ချင်လာသည်။

အင်းဝကန်တင်းမှ ထ၍ လှိုင်ရှိနိုင်မည့် နေရာများသို့ ကျွန်တော် လိုက်ရှာကြည့်မိသည်။ တစ်ကျောင်းလုံး နေရာလည်းစုံနေပြီ။ ဒါပေမယ့် လှိုင့်ကို ဘယ်မှာမှမတွေ့ …။ ယခင်ကကျောင်းဝင်းထဲပင် နံ့အောင်မရောက်ဘူးသော လှိုင့်ကို ကျွန်တော်အပိုပိုသည်သည် လိုက်ပြခဲ့ရဖူးသည်။

အခုတော့ …။

တစ်နာရီခန့် မရပ်မနား လမ်းလျှောက်ခဲ့ရသောကြောင့် ကျွန်တော် နွမ်းနယ်ပင်ပန်းစွာ အင်းဝကန်တင်းသို့ ပြန်ရောက်လာခဲ့၏။

ဟော … တွေ့ပြီ။ လှိုင် …။ ဒါ ငါ့ရဲ့အချစ်ကို ဖြင်းပစ်ခဲ့တဲ့ ကောင်မလေးပေါ့။

လှိုင်သည် သူ့ခန္ဓာကိုယ်ထက်စာရင် အတော်ပွနေသော ခရမ်းရောင်အကွက်နှင့် ယောက်ျားဝတ် ရှပ်အင်္ကျီ တစ်ထည်ကို အပေါ်ဆုံး ကြယ်သီးအထိ တပ်ကာ ဝတ်ထားသည်။ ဆိုင်ထဲသို့ ဝင်လာသော ကျွန်တော့်ကိုမြင်တော့ သူက ညင်ညင်သာသာပင် ပြုံးပြပါသည်။ ကျွန်တော်က အတင့်ရဲစွာ လှိုင်ထိုင်နေသော စားပွဲ၌ ခွင့်မတောင်းဘဲ ခပ်တည်တည် ဝင်ထိုင်လိုက်၏။ ဒီအထိ လှိုင်ကဘာမှမပြောသေး …။



"ငါ နင့်ကို စကားတွေပြောစရာရှိတယ် လှိုင် …။ နင်နားထောင်ပေးလို့ ဖြစ်မလား။ နာရီဝက်လောက်ဆို အဆင်ပြေမှာပါ။ ဘယ်လိုလဲ … နင် နားထောင်ချင်ရဲ့လား"

ကျွန်တော့် တောင်းဆိုမှုကြောင့် လှိုင်က သက်ပြင်းကို ခပ်မွှမွှချ၍ လိုက်လျောရှာပါသည်။

"ကောင်းပြီလေ … ငါ နားထောင်ကြည့်တာပေါ့။ ဒါပေမယ့် နာရီဝက်ပဲနော်။ အခု (၁၂)နာရီခွဲပြီ။ (၁)နာရီဆို ငါပြန်မယ် … ဟုတ်ပြီလား"

ကျွန်တော့် တစ်ကိုယ်လုံးရှိ သွေးများ ဆူပွက်သွားကာ နာရီဝက်ဆိုသော အချိန်အတွင်း လှိုင့်ကို ဘာတွေပြောရင် ကောင်းမလဲဟု မနည်းစဉ်းစားရသည်။ သို့သော် ကျွန်တော် ဘာတစ်ခုမှ စဉ်းစား၍မရ …။

"ဟဲ့ … ဝေမင်း။ ပြောစရာရှိတယ်ဆို … ပြောလေ.. ဘာ ငိုင်နေတာလဲ"

"ငါ နင့်ကို ချစ်တယ် လှိုင် …"

ထိုစကားသည် ဘယ်လိုက ဘယ်လို လွှတ်ခနဲ ထွက်သွားသည်မသိ။ လှိုင်ကတော့ ကျွန်တော့်ဆီမှ ပထမဆုံးထွက်လာသော ထိုစကားကို လှောင်သလို ရယ်မောလိုက်ပါသည်။

"နင် ငါ့ကို နာရီဝက်စလုံး ဒီစကားတစ်ခွန်းပဲ ထိုင်ပြောမလား ဝေမင်း။ သေချာလည်း စဉ်းစားပါဦးဟာ … နင် တခြား

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေတုန်းက သုံးခဲ့တဲ့နည်းတွေကို နည်းနည်းပါးပါးလေးတောင် မမှတ်မိတော့ဘူးလား။ ဥပမာ - မြသီတာနဲ့တုန်းကပေါ့"

တောက် ··· သေလိုက်ပါတော့။ ဒီမိန်းမ ငါ့ကို ဒါပဲပြောနေတော့မှာပဲ။ ကျွန်တော် လိုင့်ကို တစ်ခုခု ပြန်ပြောဖို့ လိုအပ်ကြောင်း သိလိုက်ပါသည်။

"ဟုတ်တယ် လိုင်ရဲ့ ··· ငါ မမှတ်မိတော့ဘူး"

"ဟင် ··· နင်ကလည်း ညံ့လိုက်တာ ··· ဒါမျိုးက မမေ့ရဘူးဟဲ့"

"အဲဒါ ခက်တာပေါ့လိုင်ရဲ့။ လူတစ်ယောက်ဟာ မှတ်မိမှု မှတ်ဉာဏ်ကောင်းမှ အရည်အချင်း မဟုတ်ဘူးဟ။ တချို့ကိစ္စတွေကျတော့ စနစ်တကျ မေ့ပစ်တတ်ရတယ်။ တချို့ကိစ္စတွေမှာ ဆယ်ရက်ပဲ မှတ်ထားရတယ်။ တချို့ကိစ္စတွေကျတော့ တစ်လပဲ မှတ်ထားရတယ်။ အဲဒီလိုပေါ့။ စနစ်တကျ မေ့ပစ်တတ်တာလည်း အရည်အချင်းပဲ"

ကျွန်တော့်စကားကြောင့် လိုင်က ခိုး၍ပြုံးလိုက်ပါသည်။

"အံမယ် ··· နင်က စကားတွေတယ်တတ်နေပါလား ဝေမင်းရဲ့၊ ဒီလိုလုပ်စမ်းပါ။ ငါ့ကို ချစ်တယ်၊ ချစ်တယ်ဆိုပြီး ထိုင်ပြောနေမယ့်အစား ဒါမျိုးလေးတွေ ပြောစမ်းပါဟ ···"

ကြည့်ပါလား ···။ ဒီကောင်မလေးဟာလေ ·· တစ်ဖက်သားကို စိတ်အနှောင့်အယှက်ပေးမယ်ဆိုရင် ထူးချွန်လှချည်ရဲ့



"လိုင် ··· ငါတို့အရင်လိုပဲ သူငယ်ချင်းတွေ ပြန်ဖြစ်သွားကြပြီနော် ···"

ကျွန်တော်၏ အားတက်သရော ပြောလိုက်သည့်စကားကို လိုင်က အလွယ်တကူပင် ခေါင်းညိတ်ပြလိုက်သည်။ ထိုခဏ၌ ကျွန်တော့်ရင်ထဲတွင် အလင်းတန်းငယ်များ ဖြာဆင်းလင်းလက်သွားပြီး ကျွန်တော့်တစ်ကိုယ်လုံး အပျော်ထဲတွင် သိမ်ငယ်ပျောက်ဆုံးသွား၏။

ကျွန်တော် လိုင့်ကို မွတ်သိပ်စွာကြည့်လိုက်ပါသည်။ လိုင်က ကျွန်တော့်ကို ခပ်လဲ့လဲ့ ပြန်ပြုံးပြ၏။

"နင် ငါ့ကို တကယ်ချစ်တယ်ဆိုတာ ငါ ယုံပါတယ်"

လိုင့်စကားတွင် ကျွန်တော့်ခန္ဓာကိုယ်သည် ဆတ်ခနဲ တုန်လှုပ်သွားလေသည်။ ကျွန်တော်သည် အသက်ရှူရမည်ကို မေ့လျော့စွာ လိုင့်ကို ငေးကြည့်နေမိ၏။ သူက စကားတချို့ကို ဆက်ပြောပြန်သည်။

"ဟဲ့ ··· ဝေမင်း၊ ငါတို့ အင်းလျားဘက်ကို လမ်းလျှောက်ရအောင်လေ ··· နော်"

ထို့နောက် ကျွန်တော်တို့နှစ်ယောက်သား အင်းဝကန်တင်းမှ အင်းလျားသို့ ခပ်ဖြည်းဖြည်း လမ်းလျှောက်လာကြပါသည်။ အင်းလျားသို့ ရောက်သောအခါ ကျွန်တော်က ဆိုင်တစ်ဆိုင်၌ ထိုင်ပြီး စကားပြောဖို့သာ မူလက မျှော်လင့်ထားသော်လည်း တကယ်

www.burmeseclassic.com

www.burmeseclassic.com



တမ်းတွင် လှိုင်က အင်းလျားပန်းခြံဆီသို့ ဦးဆောင်သွားနေ၏။

"လှိုင် ··· နင် ဘယ်သွားမလို့လဲ"

"ငါတို့ ပန်းခြံထဲမှာ သွားစကားပြောကြမယ်လေ ···"

လှိုင်က ပန်းခြံဂိတ်ပေါက်၌ နှစ်ယောက်စာအတွက် ဝင်ကြေးကိုပင် ပေးလိုက်သေးသည်။ ဒီလိုနှင့် ကျွန်တော်တို့နှစ်ယောက် ပန်းခြံထဲကို ရောက်လာကြပြီ။

ပထမတော့ ကျွန်တော်တို့ ပန်းခြံထဲ၌ ဟိုဟိုသည်သည် လျှောက်ကြည့်ဖြစ်ကြ၏။ ထိုအခိုက်တွင် ထုံးစံတစ်ခုလို မိုးစက်များက ခပ်ဖွဲဖွဲ ရွာချလိုက်လေသည်။

ပန်းခြံတွင်း၌ မိုးခိုရလောက်အောင် လုံခြုံသော နေရာဆို၍ အမိုးဝိုင်းဝိုင်းကြီးတွင် ရောင်စုံခြယ်ထားပြီး အောက်ရှိထိုင်ခုံတွင်လည်း ရောင်စုံခြယ်ထားသည့် နေရာကြီးတစ်နေရာသာ ရှိ၏။ နှစ်ယောက်သား ထိုနေရာသို့ အပြေးအလွှား လာပြီး မိုးခိုကြရသည်။ ထိုအချိန်တွင် ပန်းခြံအတွင်း၌ လူဆို၍ အတွဲနှစ်တွဲ၊ သုံးတွဲခန့်သာ ရှိ၏။ ထိုအတွဲများမှာ ထီးကိုယ်စီပါလာကြသည်ဖြစ်ရာ ဒီအမိုးကြီး အောက်တွင် ကျွန်တော်နှင့် လှိုင်သာရှိပါသည်။

ကျွန်တော်က စိတ်လှုပ်ရှားနေပြီး လှိုင့်ကိုသာ အားနာနေမိတော့သည်။ ခဏကြာတော့ ကျွန်တော်၏ တောင့်တင်းနေသော စိတ်ကို ဖြည်းဖြည်းချင်း လျှော့ချလိုက်ပြီး ခန္ဓာကိုယ်ကိုလည်း သက်တောင့်၊ သက်သာ အနေအထား ရောက်အောင် ပြုပြင်ထား



လိုက်ပါသည်။

လှိုင်က ကျွန်တော့်ဘေးမှာ ငြိမ်သက်စွာ ထိုင်နေရင်း မိုးစက်မိုးပေါက်များကို ငေးကြည့်နေလေသည်။ ကျွန်တော် ရင်တွေခုန်လာပြီး လှိုင့်လက်ဖဝါးလေးတစ်ဘက်ကို ဗိုင်စိုးဗိုင်နင်း ဆွဲယူလိုက်မိသည်။ လှိုင်သည် ထိုအဖြစ်ကို သိသိချင်း ဆတ်ခနဲဖြစ်သွားသော်လည်း ချက်ချင်းပင် ကျွန်တော့်ကို လိုက်လျောဖို့ သူက အဆင်သင့်ရှိနေခဲ့၏။ လှိုင်က ကျွန်တော့်ကို ခပ်ဖျော့ဖျော့ ပြုံးပြပါသည်။

ကျွန်တော်သည် သူ့လက်ဖဝါးကို ဟိုအရင်တုန်းကအတိုင်း ဖြည်းညင်းစွာ နှိပ်နယ်ပေးနေမိ၏။ ကျွန်တော့်ကို ကြည့်နေသော လှိုင့်မျက်ဝန်းများသည် တစ်ခုခုအတွက် နာကျင် ဆွေးမြေ့နေဟန်တူသည်။ တစ်ယောက်နှင့် တစ်ယောက်ကြားတွင် အမူအရာနှင့် မျက်လုံးအကြည့်များသာရှိပြီး စကားလုံးတို့သည် မရှိကြ။

တိတ်ဆိတ်မှုက ကျွန်တော်တို့အတွက် နတ်ဘုရားဖြစ်နေသည်။ လှိုင့်ကို ကြည့်ရင်းနှင့် ကျွန်တော် တစ်ကိုယ်လုံး တုန်ယင်လာ၏။

"ဝေမင်း နင် ငါ့ဘေးနားကို ကပ်ထိုင်ပါလား။ နင့်ပခုံးမှာ ငါမှီချင်လို့ ···"

ကျွန်တော်က ဘာမှပြန်မပြောဘဲ လှိုင့်အလိုကျ သူ့ဘေးနားတိုးကပ်ထိုင်ပေးလိုက်သည်။ လှိုင့်ဆီမှ စိုစွတ်မှုရနံ့တစ်မျိုးကို ကျွန်တော် ခံစားရ၏။ ကျွန်တော့်ပခုံးဆီသို့ သူခေါင်းမှီချလိုက်တော့ ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံတို့သည် ထိန်းမရတော့ …။ ကျွန်တော်က လှိုင့်ပခုံးကို အလိုက်သင့် ပြန်ဖက်ထားလိုက်သည်။

ထိုစဉ် လှိုင့်ဆီမှ ရှိုက်သံတစ်ချက်နဲ့အတူ စကားသံ တချို့ ထွက်ကျလာတော့သည်၊

"နင့်ကို ငါချစ်တယ် ဝေမင်းရယ် … နင်သိလားဟင်"

ကျွန်တော်က ခေါင်းရမ်းပြတော့ လှိုင်က "နင်က သိပ် အတာပဲ" ဟု အပြစ်တင်ပါသည်။

"နင် ငါ့ကိုချစ်တယ်ဆိုတာ တကယ်ပြောတာလားဟင် လှိုင်"

"တကယ်ပြောတာပေါ့ ဝေမင်းရဲ့ ငါ တကယ်မချစ်တဲ့ ယောကျ်ားတစ်ယောက်ကို ငါက ဒီလိုပုံစံမျိုးနေပါ့မလား"

ထိုစကားတွင် ကျွန်တော့်ပျော်ရွှင်မှုသည် နှိုင်းစရာမရှိ တော့ …။ တစ်ကိုယ်လုံး လေထဲတွင် လွင့်မြောက်နေသလိုပင် ပေါ့ပါးနေမိသည်။ ဒါဆို လှိုင်က ကျွန်တော့်ကို အစောကြီးကတည်း က ချစ်နေနှင့်ပြီးသားပေါ့။

ကျွန်တော့်အတွေးနှင့် ကျွန်တော် ဝမ်းသာနေမိသည်၊ စောစောတုန်းက ရွာနေသော မိုးသည် အခုတော့ လုံးဝတိတ်နေပြီ၊ လှိုင်သည် ကျွန်တော့်ရင်ခွင်ထဲမှနေ၍ အဝေးမှမြင်ရသော စိန်ပန်းပွင့် များကို ငေးကြည့်နေပြန်သည်။ မိနစ်အနည်းငယ်မျှကြာသောအခါ ကျွန်တော်က တိတ်ဆိတ်မှုကို စတင်ဖြိုခွဲရ၏။



"ဟိုးမှာ ကြည့်စမ်းလှိုင် …"

ကျွန်တော်က လှိုင်ကို တိမ်တိုက်များဆီသို့ လက်ညှိုးဖြင့် ညွှန်ပြလိုက်ပါသည်။

"အင်းနော် … ဝေမင်း၊ မိုးရွာပြီးစမို့လား မသိဘူး၊ တိမ် တွေက သိပ်လှတာပဲ"

မြင်ရသော မြင်ကွင်းသည် အဓိပတိလမ်းထောင့်ပေါ်တွင် တိမ်တို့က အုပ်စုဖွဲ့နေသလို ဖြစ်သည်။ လှိုင့်ဆံပင်သားပျော့ပျော့လေး တွေက ကျွန်တော့်ပါးနှင့် လည်ပင်းတစ်ဝိုက်တွင် ပြေးလွှား ဆော့ကစား နေကြ၏။ လှိုင်သည် ကျွန်တော့်ရင်ခွင်ထဲသို့ ပိုမိုတိုးဝှေ့ကာ မှီတွယ် နေပြီး ကျွန်တော်က သူ့ပခုံးသားလေးကို ခပ်တင်းတင်းပြန်၍ ဖက်ထား မိသည်။

ထိုအချိန်၌ တစ်ယောက်နှင့်တစ်ယောက် အထိအတွေ့ များသည် တကယ့်ကို ညင်သာသိမ်မွေ့နေတော့၏။ အမြဲလိုလို ရှိနေ ခဲ့သော ကျွန်တော်တို့နှစ်ယောက်၏ တောက်ပမှုများသည် ဒီအချိန် တွင် ပိုမိုခန့်ငြားနေတတ်ပါသည်။ လှိုင်က ကျွန်တော့်ရင်ဘတ်တွင် သူ့နားဖြင့်ကပ်၍ ရင်ခုန်သံကို နားထောင်ကာ ကျွန်တော့်ကို အံ့ဩ တကြီး ပြောလိုက်၏။

"ဟဲ့ … နင့်ရင်တွေ ခုန်နေတာ အကျယ်ကြီးပဲ၊ ငါ ကြားရတယ် သိလား"

လှိုင့်စကားကြောင့် ရုတ်တရက် ကျွန်တော် ရှက်သွားပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟုတ်လို့လား ... လှိုင်ရဲ့ ..."

"ဟာ ... ဟုတ်ပါတယ်ဆို ... နင်ကလည်း ..."

ပြော၍ပြီး နှစ်ယောက်သား ပြိုင်တူရယ်မောလိုက်ကြသည်။ သူ့ ပါးပြင်သည် မိန်းမတစ်ယောက်၏ ရက်သွေးများ ကြွတက်နေသည်ဟု ကျွန်တော် ထင်ပါသည်။

ကျွန်တော်၏ ငြိမ်သက်စွာ လှုပ်ရှားနေပုံကြောင့် လှိုင်က စကား တစ်ခွန်းပြောလိုက်၏။

"နင် ဘာဖြစ်လို့ စိတ်ကို အတင်းထိန်းချုပ်ထားရတာလဲ ဟင်"

သူ့စကားကြောင့် ကျွန်တော့်သွေးကြောများ ခုန်ပေါက်နေပြီ။ တစ်စုံတစ်ရာသော အဓိပ္ပါယ်ကို ကျွန်တော့်အသိတရားဖြင့် ရိုးရိုး သားသားပင် လက်ခံလိုက်မိသည်။ ထိုခဏတွင် လေထဲက တစ်စုံ တစ်ရာကို ကျွန်တော် ဖမ်းဆုပ်ရရှိသွားပါသည်။ လှိုင်က ကျွန်တော် နမ်းပြီးသွားသော သူ့ပါးပြင်ကို သူ့ဘာသာ ပြန်ပွတ်သပ်၍ အရက် သည်းနေသေး၏။

နောက်တော့ တစ်ယောက်ကို တစ်ယောက် ကြည့်ကာ အနာဂတ်ဆီသို့ မှန်းဆမိကြသည်။

"ဝေမင်း ... နင်တခြားမိန်းမတစ်ယောက်ကိုပဲ ပြောင်း ချစ်လိုက်ပါလားဟာ ...။ ငါတို့ နှစ်ယောက်စလုံး ဘယ်လောက်



သတ္တိရှိတယ်ပဲပြောပြော တကယ်တမ်းရင်ဆိုင်ရမှာတွေကို တွေး ကြည့်စမ်း ...။ နှစ်ယောက်စလုံးအတွက် ဘာတစ်ခုမှ ကောင်းစရာ မရှိဘူး"

ကျွန်တော်က လှိုင်ပြောနေသော စကားများကို ဘာမှ ပြန်မပြောဘဲ ကျွန်တော့်ရင်ခွင်ထဲမှ လှိုင့်ဆံပင်တွေကိုသာ နမ်းရှိုက် ကြည့်နေခဲ့သည်။ ဒီတော့ လှိုင်က ...

"နင်က သိပ်သွေးအေးတာပဲနော်။ ငါ့ဆံပင်တွေ နမ်းကြည့် တော့ နံစော်နေမှာပေါ့ဟဲ့။ ဒီနေ့ခေါင်းမှ လျှော်မလာတာကို ...။ ဒီမှာကြည့်ပါလား။ ငါ့လက်သည်းတွေဆိုလည်း ရှည်နေပြီ။ ငါက တော်တော်အပျင်းကြီးတာဟ ... ပြီးတော့ ညစ်လည်းညစ်ပတ်သေး တယ်။ နင် ငါ့ကို မလိုချင်စမ်းပါနဲ့ဟာ။ တခြား ချောချောလှလှ ကောင်မလေးတစ်ယောက်ကိုပဲ ချစ်လိုက်ပါတော့လား"

လှိုင့်စကားများတွင် ကျွန်တော် ရယ်ချင်စိတ်သည် ထိန်း သိမ်း မရတော့ ...။

"နင်ကလည်း တကယ့်ပြဇာတ်ပဲ။ ဗမာကြီးတွေ လာလုပ် မနေစမ်းပါနဲ့ လှိုင်ရာ ..."

"အောင်မယ်။ ကောင်စုတ်လေးရဲ့ ... ဒီမှာ ... ငါ ပြော ပြမယ်။ ဗမာကြီးက တစ်ခါတလေ ကောင်းတယ်ဟ ...။ ငါ့လက် သည်းတွေက ရှည်နေပြီဆိုတော့ နင်က နောက်နေ့ကျရင် လက်သည်း ညှပ်လေးယူလာပြီး ညှပ်ပေး ...၊ စဉ်းစားကြည့်စမ်း၊ ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိမန်တစ်ဖြစ်သလဲ"

သူ့စကားကြောင့် ကျွန်တော် ဟက်ဟက်ပက်ပက် ရယ်မော လိုက်မိသည်။ ဒီတော့ လှိုင်ကလည်း အရက်ပြေလိုက်ရယ်သည်။

"နင့်ဟာက ရှိမန်တစ်လည်း မဖြစ်ပါဘူး။ နင့်လက်သည်း ညစ်ညစ်ပတ်ပတ်တွေကို ညှပ်ပေးရတာ ဘယ်လိုလုပ်ပြီး ရှိမန်တစ်ဖြစ်မှာလဲ။ အဓိပ္ပါယ်မရှိ . . ."

လှိုင်က ကျွန်တော့်စကားမဆုံးခင် အတင်းပင် ခန္ဓာကိုယ်ကို တွန်းထိုး၍ ခပ်မြုံးမြုံးရယ်ပြန်သည်။

လှိုင်၏ပျော်ရွှင် ကြည်နူးနေပုံကြောင့် ကျွန်တော် သက်ပြင်းတောင် ခပ်ရဲရဲ မချပုံ့။ လှိုင့်ပျော်ရွှင်မှုတွေ ပျောက်သွားမှာစိုးလှ၏။ တကယ်ပင် ကျွန်တော်သည် လှိုင်အတွက် အရာရာကို အစိုးရိမ်ကြီးစိုးရိမ်နေတတ်ပြီ။ ဒီ အခြေအနေ၏နောက်ကွယ်မှ အန္တရာယ်အငွေ့အသက်များကိုလည်း ကြိုတင်ခံစားနေမိသည်။

"ဟဲ့ ဝေမင်း . . . မင်းလွင်ဆိုတဲ့လူကို နင် သိတယ်မဟုတ်လား"

ကျွန်တော်က လှိုင်ကို ခေါင်းညိတ်ပြလိုက်၏။

"အေး. အဲ့ဒီလူပေါ့ ငါ့ကို Proposeလုပ်ထားတယ်ဟ၊ ဒီလူ ငါ့ကို တော်တော်ချစ်ပုံရတယ်၊ နင် သတိထားမိသလားဟင်"



"သူ့ကိစ္စတွေကို ငါက ဘယ်လိုလုပ်သိပါ့မလား လှိုင်ရယ်၊ ဟုတ်တယ် မဟုတ်လား။ ငါ မခန့်မှန်းတတ်ပါဘူး"

"အေး. ဆောရီးဟာ၊ ဒီအချိန်မှာ ငါတို့ ဒီအကြောင်းတွေ မပြောတာဘဲ ကောင်းပါတယ်"

လှိုင်က ကျွန်တော့်ရင်ထဲမှ သူ့ခန္ဓာကိုယ်ကို တစ်ခြမ်းစောင်း၍ ကျွန်တော့်ပခုံးတစ်ဖက်ဆီသို့ ယှက်သိုင်း၍ ဖက်လိုက်ပါသည်။ နောက် မျက်နှာကို ရင်ဘတ်ထဲမှာ ဝှက်ရင်း လေသံတိုးတိုးဖြင့် စကားတစ်ခွန်းကို ဆိုသည်။

"နင့်ကို သိပ်ချစ်တာပဲ ဝေမင်းရယ် . . ."

ကျွန်တော် အသက်ကို အောင့်ထားမိ၏။ အဝေးကြီးဆီမှ တိတ်ဆိတ်သော တစ်စုံတစ်ရာမှာ လှိုင်ဆိုသော ကောင်မလေးဖြစ်ပါသည်။

"ငါတို့ အစောကြီးထဲက တစ်ယောက်နဲ့တစ်ယောက် မတွေ့ကြရင် သိပ်ကောင်းမှာပဲနော် . . . လှိုင်"

လှိုင့်မျက်နှာသည် ငိုမဲ့မဲ့ဖြစ်လာသည်။ ကျွန်တော်က အဓိပတိလမ်းထောင့်တွင် စုဖွဲ့ရစ်ဝိုင်းနေသော မိုးတိမ်တွေကို ငေးကြည့်နေမိပါသည်။

ရုတ်တရက် ကျွန်တော့်ပါးပြင်၌ နွေးခနဲဖြစ်သွားပြီး ကျွန်တော် အံ့ဩသွားမိ၏။ ကျွန်တော့်ပါးနှင့် သူ့နှုတ်ခမ်းကို ထိခတ်ခဲ့မှာ

www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို အကျယ်ကြီးဖြစ်သည်။

လှိုင်က ကျွန်တော့်မျက်ဝန်းထဲမှ အသံများကို ကြည့်နေပြီး ကျွန်တော်က ရန်ပြယ်ခဲ့ပြီဖြစ်သော နင်းဆီအချို့ကိုသာ စဉ်းစားကြည့်နေမိ၏။

" ငါ ယောက်ျားတစ်ယောက်ကို နမ်းမှုးသွားပြီ သိလား"

ကျွန်တော်က စိတ်ထဲတွင်သာ လှိုင်ကို ပြန်ပြောလိုက်မိသည်။ မင်း တစ်ယောက်တည်းမဟုတ်ပါဘူး လှိုင်ရယ်၊ ငါက ရည်းစားတွေသာ ထားဖူးတာ၊ ဘယ်မိန်းမကိုမှ ငါ့ပါးကို ပေးနမ်းတာ မဟုတ်ဘူး။

လှိုင်သည် တကယ်ပင် ကျွန်တော့်ပါးကို ပထမဆုံး နမ်းခွင့်ရသော သူစိမ်းမိန်းမတစ်ယောက်ဖြစ်ပါသည်။

××××

အမှတ်တရများရဲ့အဆုံး
နောင်တဆိုတာ ဘယ်မှာများပါလိမ့်။ ။

www.burmeseclassic.com

www.burmeseclassic.com



(၁၅)

နောက်တစ်နေ့တွင် ကျွန်တော်တစ်ယောက်ထဲ ကျောင်းဝင်းအတွင်း အဓိပ္ပါယ်မရှိ လျှောက်သွားနေခဲ့၏။ ထိုနေ့က လှိုင်သည် ကျောင်းမတက်…။ မနေ့က လှိုင်နှင့်ထိုင်ခဲ့သော ပန်းခြံထဲရှိခုံပေါ်တွင်လည်း ကျွန်တော်တစ်ယောက်တည်းထိုင်ကာ တစ်စုံတစ်ရာကို စိုးရိမ်နေမိလေသည်။

ရင်ထဲ၌ တိမ်းစောင်းခဲ့သော အမှတ်တရတို့သည် အပြင်းအထန်ခုတ်မောင်းလျက်ရှိကြ၏။ ကျွန်တော် ဘာကြောင့်မှန်းမသိဘဲ မောနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လှိုင်ရယ်… နင့်ကို သတိရတာနဲ့ပဲ ငါ့အချိန်တွေကုန်လိုက်တာ…။ ဒါတွေကို နင်သိမှာ မဟုတ်ဘူးနော်။ ဘာဖြစ်လို့များ ဒီနေ့ နင် ကျောင်းမတက်ရတာလဲ။ အင်း … လှိုင်က မနေ့တုန်းကကိစ္စကို မျက်နှာပူနေလို့ဖြစ်မှာ…။ ငါလည်း မျက်နှာပူတာပါပဲ လှိုင်ရာ ။

ကျွန်တော့်အတွေးများသည် ယက်ဖြာနေသော အလင်းများ လိုပင်ဖြစ်သည်။ တကယ်က အချစ်ဆိုသည်မှာ ဖြစ်လေ့ဖြစ်ထများကြား မှ သစ်လွင်သော ပင်ကိုအရသာတစ်မျိုးဟု ကျွန်တော်ထင်ပါသည်။

ဒီနေ့အဖို့ လှိုင်နှင့်မတွေ့တော့မှာ သေချာသွားသည့်အဆုံး ကျွန်တော် စာကြည့်တိုက်ဆီသို့ ထွက်လာခဲ့၏။ စာကြည့်တိုက်ထဲမှာ လည်း ကျွန်တော် စာဖတ်မရ …။ ဒီတော့ ခံစားချက်များကို ဗလာစာအုပ် တစ်အုပ်ပေါ်တွင် ကြဲသလို လျှောက်ရေးရင်းနှင့် ကဗျာတစ်ပုဒ် ဖြစ်လာသည်။ ထိုကဗျာကို ကျွန်တော်က "ပြီးခဲ့သော ဇာတ်လမ်း အကျဉ်း"ဟု အမည်ပေးလိုက်ပါ၏။



## ပြီးခဲ့သော ဇာတ်လမ်းအကျဉ်း

အဲဒီတုန်းက
စိတ်ရိုင်းတွေနဲ့ ပန်းပွင့်ခဲ့တယ်။
မင်းရဲ့အထိတ်တလန့်ရှိမှုတွေကြား
ငါ့ကိုယ်ငါ သိမ်ငယ်ခဲ့၊
တစ်ယောက်ကို တစ်ယောက်
ရင်ဘတ်တွေနဲ့ မြင်ခဲ့၊
အသိတရားကို ဆန့်ကျင်ပြီး
နှစ်ကိုယ်ကြားဘာသာစကားကို တီထွင်ခဲ့၊
ငါတို့လက်ဖဝါးတွေလည်း
ချွေးစေးတွေနဲ့ ရဲရင့်ခဲ့ကြတယ်။

ကြည့်စမ်း
အဝေးကစိန်ပန်းဝေ့
အဝိပတိလမ်းထောင့်က ငုံးဟိမ်များ

www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ထွက်သက်တွေကို မှတ်သားမိ
ငါတို့အနာဂတ်တွေ လွတ်ကျသွားချိန်ပေါ့။

ဝန်းကျင်တစ်ခုလုံးငြိမ်သက်
သစ်ရွက်ကြွေတွေကို ငေးမော
တစ်ဦးရဲ့ပခုံးစွန်းမှာ တစ်ဦးကမှီတွယ်လို့
ကာလတရားထဲဝပ်တွားရင်း
မုန်တိုင်းကို စိမ်ခေါ်ခဲ့ကြ၊
ဒါပေမယ့်အချိန်တန်တော့
ဝတ်မှုံတွေလို မင်းကနုညံ့နေတတ်မြဲ။

အင်းလေ ...
ဘာကိုမှအစိုးမရတဲ့ခေတ်ကြီးထဲ
တစ်ယောက်မြင်ကွင်းတွေကို တစ်ယောက်
ကြက်ခြေခတ်ခဲ့ကြတာ ငါတို့မလွန်ဘူး။



မိုးလည်းစဲသွားပြီ
လေလည်းငြိမ်သွားပြီ
အခုထိ ခါးသက်နေကြတုန်း။
အလွတ်ရတဲ့မျက်လုံးတွေကိုပဲ
ထပ်တလဲလဲဖတ်နေမိ၊
ရင်ခုန်သံနဲ့စိတ်ကျရောဂါကို အချိုးချကြည့်တော့
အိပ်မက်တွေဝေးတယ်။

မင်းအတွက်
ဂျိုကာဖဲဟာလိုအပ်တယ်။
ငါ့အတွက်
ဆီလ်ဗီယာပလာ့(သ်)ဟာ လိုအပ်တယ်။
မင်းအတွက်
ဘာသာတရားရဲ့အဆုံးမဟာ လိုအပ်တယ်။
ငါ့အတွက်
ဒိုင်ယာဇီပင်ဟာလိုအပ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းလည်းသိမှာပါ
မြို့ ရွာတွေရဲ့ကျန်းမာရေးမှာ
ငါတို့အချစ်ဟာ ဘောင်မဝင်ခဲ့ဘူးဆိုတာ။
လူဟာ ဝိဇကိုငြင်းလို့မရဘူး။
အမှန်တရားကိုချစ်မှာပဲ။
ငါတို့ရဲ့ ညစာတွေမှာရော
ဘယ်စားစရာက အာဟာရလဲ။

ဒီအချိန်မျိုးရောက်မှ
ငါတို့တတွေ
ဒဏ်ရာတွေနဲ့ ခန္ဓာကိုယ်ကိုမီးရှို့ကြ၊
ရိုက်သံချင်းဖလှယ်ကြ၊
ဓားမြှောင်ကိုယ်စီနဲ့
ကိုယ့်ကိုယ်ကိုဆေးကုခဲ့ကြ၊
ငါတို့ရဲ့ပွဲတင်သံတွေကို
သွေးဖောက်စစ်ဆေးခဲ့ကြပြီ။



ကောင်မလေးရေ …
အမြုံတွေကြားထဲကသာ
မင်းဖောက်ထွက်ခဲ့စမ်းပါ၊
ငါတို့အနမ်းမှာ မေ့လျော့သွားတဲ့
စက္ကန့်လေးတွေကို ရေတွက်ကြည့်စမ်းပါ၊
ဘာမှမဟုတ်မှန်းလည်း ငါသိတယ်
ဒါပေမယ့်
မင်းကို ငါချစ်ခဲ့တယ်။ ။

(ဝေမင်း)

ကဗျာ၏အောက်ခြေတွင် ကျွန်တော်က နာမည်ထိုးလိုက်ပြီး၊ မနက်ဖြန်ကျရင် လိုင်ကိုပေးဖတ်ဖို့ စိတ်ကူးလိုက်မိသည်။ သို့သော် နောက်တစ်နေ့ဆိုသည်မှာ ကျွန်တော်၏ မှောင်မဲသော ကောင်းကင်တစ်ခုမှန်း ထိုစဉ်တုန်းကတော့ ကျွန်တော် ဘယ်သိပါလိမ့်ဦးမည်နည်း။

××××××××××××

www.burmeseclassic.com

www.burmeseclassic.com



တရွေ့ရွေ့နှင့် အဝေးကိုရောက်သွားသော တိမ်တိုက်များကို ကြည့်ရင်း ကျွန်တော် လှိုင့်ကို စောင့်နေမိ၏။ တက္ကသိုလ်၏ မိုးရာသီရန့်သည် တပ်မက်ဖွယ်ဖြစ်လျက် ကျွန်တော့်အား ဖျားယောင်းနေကြသည်။ အခုတော့ မာကျောကျစ်လစ်သော ကျွန်တော်တို့၏ စိတ်တတ်များမှာ ခံနိုင်ရည်အားတစ်ခုတွင် အစမ်းသပ်ခံရချိန်၌ အမှတ်မထင် ပျော်ကျသွားခဲ့ပြီဖြစ်သည်။ ဒီကိစ္စတွင် နှစ်ယောက်စလုံးမှာ တာဝန်ရှိသည်ဆိုဦးတော့ လှိုင်သည် ပို၍ တာဝန်ရှိသူဖြစ်ပါသည်။

ကျွန်တော်က လှိုင့်ကို ထုံးစံအတိုင်း အင်းဝကန်တင်းမှ ထိုင်စောင့်နေခဲ့၏။ သိပ်မကြာခင် လှိုင်သည် နွမ်းလျနေသော မျက်နှာထားဖြင့် ကျွန်တော့်ဆီရောက်လာခဲ့သည်။ သူ့အကြည့်တွေသည် ကျွန်တော့်ကို အပြီးတိုင် နှုတ်ဆက်နေသလိုပင် ဖြစ်သည်။ မိုးစက်တို့လည်း နေရောင်နှင့်တွဲလျက် ခပ်ဖွဲဖွဲကျနေလေသည်။ ကျွန်တော်တို့နှစ်ယောက်စလုံးသည် တစ်ယောက်ကို တစ်ယောက် ဘာစပြောရမည်ကို မသိဘဲရှိကြ၏။ အဝေးတွင် စိမ်းစိုနေသော ကံ့ကော်ပင်ကြီးက တစ်ချက်, တစ်ချက်တွင် လှုပ်ရမ်းယိမ်းထိုးနေသည်။

ကျွန်တော်က တိတ်ဆိတ်မှုကို စတင်ဖြိုခွဲဖို့ ကြိုးစားကြည့်သော်လည်း လှိုင်၏အကြည့်နက်နက်များကိုတော့ လန့်မိပါသည်။

လှိုင်ရယ် ... နင်ငါ့ကို တစ်ခုခုပြောလိုက်ပါတော့လားဟာ ...။

စားပွဲပေါ်တွင် တင်ထားသော လှိုင့်လက်များမှာ လက်တစ်



ဖက်ကို တစ်ဖက်က ခပ်ဖွဖွ ပွတ်သပ်လျက်ရှိသည်။

အို - ဒါဆို နင့်စိတ်တွေလှုပ်ရှားနေတာပေါ့။ နင် ငါ့ကို ဘာစကားတွေ ပြောမှာမို့ ဒီလောက်တောင် ဖြစ်နေတာလဲလှိုင်ရယ်၊

"ဝေမင်း ..."

တုန်ယင်နေသော ထိုအသံသည် ကျွန်တော့်အဖျားသွေးများကို ပို၍သေချာစေပါသည်။ ကျွန်တော်က ဘာမှပြန်မပြောဘဲ လှိုင့်ကို မျက်လုံးများဖြင့်သာ ပြောချင်တာပြောလေဟု အချိပ်ပြယ်ပေးလိုက်သည်။

"အခု နင်နဲ့ငါ ဘာမှမဟုတ်ကြတော့ဘူးနော်၊ နင် အဲဒါကို သဘောတူတယ် မဟုတ်လား"

ရုတ်တရက် ထိုစကားကြောင့် ကျွန်တော် ဝမ်းနည်းသွားပါသည်။

ရပါတယ် လှိုင်ရယ် ... နင့်ဆန္ဒဟာ ငါ့ဆန္ဒပဲ ဖြစ်ရမှာပေါ့။

ကျွန်တော် လှိုင့်ကို သေသပ်စွာ ခေါင်းညိတ်ပြလိုက်မိ၏။ လှိုင်က သူ့စကားကို ဆက်ပြောသည်။

"နင့်ကို ငါမချစ်ခဲ့ဘူး ဝေမင်း ...အဲဒါကိုရော နင်သိလား။ ဟိုတစ်နေ့တုန်းက အဖြစ်အပျက်ကလေ ဟို ဘယ်လိုပြောမလဲ။ နင့်ကို ငါမျှော်လင့်ချက်ပေးသလို ဖြစ်ခဲ့တာတွေအတွက် ပြီးတော့ နင်ငါ့အပေါ် ကောင်းခဲ့၊ အနစ်နာခံခဲ့တာတွေအတွက် ကျေးဇူးပေးတာ ..."

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာပြောလိုက်တယ် လှိုင် ..."

"နင် ကြားတဲ့အတိုင်းပဲ ဝေမင်း၊ ငါ့ဘက်က တစ်ရွေးသားမှ ပြောင်းလဲတော့မှာ မဟုတ်ဘူး။ ဒြော်- နင့်ကို ငါတစ်ခါတည်း အသိ ပေးခဲ့ရဦးမယ်။ အခု ငါတကယ်ချစ်ရမယ့်သူကို တွေ့ထားပြီးပြီ၊ အဲဒီ လူက ကိုမင်းလွင်ပဲ။ နင် ငါတို့နှစ်ယောက်ကို မနှောင့်ယှက်ပါဘူးလို့ ငါ့ကို ကတိပေးပါ။ ဘယ်လိုလဲ ဝေမင်း ... နင် ငါ့ကိုချစ်တယ်ဆို"

ကျွန်တော့်အသိတရားတို့ကို ခန္ဓာကိုယ်မှ လွတ်ထွက်မသွား အောင် ကျွန်တော် မနည်းတားဆီးထားရသည်။ ဒါ အမှန်တရားဟု ကျွန်တော် မယုံပါ။

"နင် အဲဒီကတိကို ပေးတယ်မဟုတ်လား ဝေမင်း ..."

ဒီကြားထဲ လှိုင်က ကျွန်တော့်လက်ဖမိုးကိုတစ်ချက် ပုတ်လိုက်သေးသည်။ ကျွန်တော့်ရင်ထဲမှ တိမ်ပြာပြာတွေသည် ရုတ်ချည်းပျောက်ကွယ်ကုန်ကြပြီ။

"နင် ဒီဆုံးဖြတ်ချက်ကြောင့် တကယ်ရော စိတ်ချမ်းသာရဲ့ လား လှိုင်"

ကျွန်တော့်မေးခွန်း၏အဆုံးတွင် ဟန်လုပ်ထားသော ပျော် ရွှင်မှုနှင့် လှိုင့်အသံက ချက်ချင်းပင် ထွက်လာသည်။

"သိပ်စိတ်ချမ်းသာတာပေါ့ ဝေမင်းရယ် ... တကယ် ပြောတာပါ"

"ကောင်းပြီလေ ... နင်တောင်းတဲ့ကတိကို ငါ ပေးပါတယ်"



"နင်က သိပ်လိမ္မာတာပဲ။ နင်နဲ့ငါက အမြဲတမ်း သူငယ်ချင်း တွေပဲဥစ္စာ ... မဟုတ်ဘူးလား။ ကဲ-ငါသွားတော့မယ်"

လှိုင်က ထိုင်ရာမှထရင်း ကျွန်တော့်ခေါင်းကို ခပ်ဖွဖွ ပုတ်လိုက်ပါသည်။

"လှိုင် - ခဏ ..."

"ပြောလေ ... ဝေမင်း"

ကျွန်တော်က လွယ်အိတ်ထဲမှ ကဗျာကို ထုတ်ရင်း ပြော လိုက်၏။

"နောက်ဆုံးအနေနဲ့ နင့်ကို ငါ ကဗျာတစ်ပုဒ်ပေးလိုက်ချင် လို့ ..."

လှိုင်က ကျွန်တော့်ကို ဘာမှပြန်မပြောဘဲ ကျွန်တော် ပေးလိုက်သော ကဗျာတစ်ရွက်ကို လှမ်းယူလိုက်သည်။ သူသည် ထို ခဏမှာပင် ကျွန်တော့်မျက်ဝန်းများထဲမှ နာကျင်မှုများကို ရှာတွေ့ သွားခဲ့သေးသည်။

ဝန်းကျင်၌ မိုးသည် လုံးဝမရှိတော့ ...။ လှိုင့်နှုတ်ခမ်း ထောင့်၌ တွန့်ကွေးရုံမျှ မဲ့သွားတာ ကျွန်တော် သေချာမြင်လိုက်ရ ၏။ လှိုင်ခံစားမှုကို ကျွန်တော် သိသွားပြီး စိုးရိမ်မိသော်လည်း သူက ကျွန်တော်မြင်မည်စိုး၍ တစ်ဘက်သို့ ချာခနဲလှည့်ပစ်လိုက်ပါသည်။ နောက်တော့ လှိုင်သည် ခပ်ဖြည်းဖြည်းပင် ကျွန်တော့်ကို ကျောခိုင်း လျက် ထွက်ခွာသွားခဲ့သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်တစ်ယောက်တည်း ပြုံးလိုက်မိ၏။ ဒီအဖြစ်အပျက်နှင့် ကျွန်တော်တို့နှစ်ယောက်စလုံးက တကယ့်အမှန်တရားကို ဖုံးကွယ်ထားခဲ့ကြပြီး လွယ်ကူသော မလုံခြုံသည့် မျက်နှာဖုံးကိုယ်စီတပ်မိခဲ့ကြသည်။

အဝေးသို့ တရွေ့ရွေ့ ထွက်ခွာသွားခဲ့သော လိုင်၏ ကျောပြင်ကိုသာ ပျောက်ကွယ်သွားသည်အထိ ကျွန်တော် ထိုင်ကြည့်နေမိတော့သည်။ လူတစ်ယောက်က လူတစ်ယောက်ကို ဒီနည်းဖြင့် အနိုင်ပေးခဲ့သည်ဆိုလျှင် ထိုအနိုင်ကို ကျွန်တော်ငြင်းပယ်ချင်ပါသည်။

ကျွန်တော်သည် သေးငယ်သော်လည်း ထိုသေးငယ်မှုပေါ်၌ ကြီးကျယ်စွာ ရင်ခုန်ယုံကြည်ခဲ့သူ။ လိုင်ကတော့ တစ်ခုခုပေါ်၌ သိက္ခာကြီးစွာ အောင်မြင်ချင်သူ၊ ခံစားမှုနှင့် ဉာဏ်ကို ပြိုင်တူ အသုံးချတတ်သူ။

ထိုကွာခြားမှုထဲမှ ဘာကိုမှမလိုချင်တော့လောက်အောင် တပ်မက်မှုသည် ကျွန်တော့်အတွက် ထူးဆန်းနေခဲ့၏။

မြင်ရသောအရာရာမှာ ကျွန်တော်တို့၏ အနာတရများဖြစ်နေသည်။ ဘာပဲဖြစ်ဖြစ် တကယ့်အမှန်ကို သိမြင်ခဲ့ရခြင်းဖြင့် ကျွန်သည့်အခြေအနေများကို ကျေနပ်ရခဲ့သူသည် ကျွန်တော်ဖြစ်၏။

တကယ်တော့ ခံစားမှုဆိုတာ ဘဝရဲ့သေးငယ်တဲ့ အစိတ်အပိုင်းတစ်ခုပါပဲဟု တစ်စုံတစ်ယောက်က ဆိုလာလျှင် ကျွန်တော်ငြိမ်သက်စွာ နေလိုက်ပါတော့မည်။ သို့သော် ထိုအစိတ်အပိုင်းဖြင့်သာ



ဘဝကို ပုံအောတည်ဆောက်ထားသူ တစ်ယောက် ရှိခဲ့ဖူးကြောင်း လိုင့်ကို ကျွန်တော် ပြောပြချင်ပါသေးသည်။ ဖြစ်နိုင်ခြေများအားလုံးကို ကျွန်တော် လက်လျှော့ထားသော်လည်း ရယ်မောသံတချို့ကိုတော့ ကျွန်တော်က ခွင့်ပြုလိမ့်မည် မဟုတ်ပါ။ အဝေးမှဆိုသော်လည်း လိုင့်ကို ကျွန်တော် ကာကွယ်ပေးထားရဦးမှာ ဖြစ်သည်။

အမှန်တရားဆိုသည်မှာလူကြိုက်များစရာမလိုဟု ကျွန်တော် ယုံကြည်လက်ခံထားနှင့်ပြီးလည်း ဖြစ်ပါသည်။

ဝေမှူးသွင်

www.burmeseclassic.com